
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

# ရှင်သန်ပါ

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၄၆၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၃၄၀၅၁၀

၂၀၀၆ ခုနှစ်၊ မတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ

အမှတ်-၄၃/တ၊ မယိခလမ်း၊ ၇-မိုင်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

## နို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — နို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — နို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# အခန်း ၁

"ဂျီးရေ ... ဂျီး၊ ကိုကိုက ဘယ်အခန်းမှာ နေရမှာလဲ"

"ဂျီးရေ ... ညီညီကကော ဘယ်အခန်းလဲဟင်"

သူ့ကို မွေးလဖွားစ်မြစ်ကတော့ 'မကြီး'ဆိုတဲ့စကား
ကို အသံထွက်အတိုင်း 'မတ်ဂျီး'လို့ မောင်တွေက ခေါ်ကြတာ
ဒါပေမဲ့ နောင်ကြာတော့ ရှေ့က 'မတ်'စကားသံ ပျောက်
'ဂျီး'လို့ ချစ်စနိုး ချွဲနွဲ့ခေါ်ကြသည်။ အဲဒီ 'ဂျီး'က သူ့ကို
ည်အမည်တစ်ခုလို တွင်စေကာ နောက်တော့ ဒက်ဒီကလည်း
အဲပေါင်းအသင်းတွေကလည်း 'ဂျီး'။ ဆွေမျိုးတွေကလည်း
ချစ်သူကလည်း 'ဂျီး'ပဲ ဖြစ်နေပါသည်။

www.burmeseclassic.com



တကယ်တော့ သူ့နာမည်အရင်းက 'ရည်ရွယ်' ဒက်ဒီနာမည်နှင့် ပေါင်းကာ 'ရည်ရွယ်ရန်ရှင်း'။ ဤလုတ အမည်လေးဟာ လူသိနည်းပြီး ပျောက်သလောက်နီးနီးတော ဖြစ်နေပါပြီ။

'ဂျိုး'သည် မောဟိုက်ပင်ပန်း ချွေးတွေ ရွှဲကာ တ ကိုယ်လုံး ဖုန်တွေ ချေးတွေ တသဲသဲနှင့် ရုပ်ဆင်းပျက်မတ ဖြစ်နေတဲ့ကြားက မောင်အမြွာနှစ်ယောက်ကို လေချိုလေးနှင့်

"ကိုကို ... ညီညီ၊ လာဦး၊ ဂျိုးဆီ လာကြဦး"

"ဟုတ်ကဲ့"

"အိမ်ပေါ်မတက်ကြရသေးဘူး ကြားလား၊ အိမ်ပေါ်မှာ ပစ္စည်းတွေ နေရာချတုန်းနော်၊ မင်းတို့ အပေါ်တက်ရ ရုပ်ယုက်ခတ် ပွစာတက်နေတဲ့အထဲ နေစရာလည်း မရှိဘူး ခြံထဲမှာပဲ ခဏစောင့်နေဦး။ ဂျိုး ပြောတာ ကြားသလား"

"ဟုတ်ကဲ့"

"အေး ... လိမ္မာတယ်၊ သွားကြ"

အိမ်ထောင်စုကြီး တစ်ခုလုံး ပြောင်းရွှေ့တဲ့ကိစ္စမှာ ဒက်ဒီ မပါချေ။ ဒက်ဒီက ထုံးစံအတိုင်း အလုပ်များလှပါသည်။





နေ့လည်း နေ့ကောင်းရက်သာ ဈေးကာ ပြောင်းတော့ ရုံးဖွင့်ရက် ဖြစ်နေသည်။ ဒက်ဒီ တပည့်နှစ်ဦးတော့ ဒက်ဒီ လွှတ်ထားသည်။ အပြင်ကတော့ ဂျိုးရဲ့ ချစ်သူ 'လေး'နှင့် အပေါင်းအသင်းများ အခွဲ့ပင်။

"ဂျိုး အခန်းသော့တွေပေး"

"အခန်းတွေက ဖွင့်ထားတယ်လေ"

"မဟုတ်ဘူး၊ တစ်ခန်းစီ ပစ္စည်းတွေ နေရာချပြီးရင် အားလုံး ပြီးတဲ့အခန်းတွေ သော့ခတ်လိုက်မယ်၊ လိုအပ် ရင် ပြန်ဖွင့်ဖို့ သော့ပေးထား၊ ပရိဘောဂတွေကတော့ ဂျိုး ပြောထားတဲ့အတိုင်း ဘယ်အခန်း၊ ဘယ်ပရိဘောဂ၊ ဘယ် ဒေါင့်ကပ်၊ ဘယ်နေရာချဆိုတာ ပုံနဲ့တကွ ဆွဲပြထားလို့ ကိုယ် အကုန်သိတယ်လေ၊ အဝတ်အိတ်တွေ တိုလီမိုလီတွေ တော့ ကြိုသလို ထည့်ထားပြီး ပြီးမှ သော့ဖွင့်ယူပြီး သက် ဆိုင်ရာကို ရွှေ့တော့"

"အင်း ... အင်း"

"ဂျိုး ဒီမှာထိုင်နေခဲ့၊ မင်း နားလိုက်ဦး ဂျိုး၊ ဟိုကနေ ပစ္စည်းတွေ တင်ကတည်းက မင်း ပင်ပန်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဂျီးက ချစ်သူ'လေး'ကို ပြုံး၍ ကြည့်လိုက်ပါသည်။ လေးရဲ့ အမည်က ထွန်းမြတ်လေး။ ဂျီက 'လေး'ရယ်လို့ ခေါ်ပါသည်။ ဆယ်တန်းတည်းက သူငယ်ချင်းလို့လည်း ပြောနိုင်ကာ၊ တက္ကသိုလ် ဒုတိယနှစ်လောက်မှာ ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ အခု သူရော၊ လေးရော အသက်နှစ်ဆယ့်သုံး။

နှစ်ဖက်မိဘ ကြည်ဖြူသဘောတူပြီးဖြစ်ကာ အထူးသဖြင့် လေးရဲ့ မေမေနှင့် အစ်မအပျိုကြီးနှစ်ယောက်က ဂျီးတို့ကို လက်ထပ်စေချင်ပေပြီ။ သို့သော် ဂျီက ကိုယ့်အကြောင်းနှင့်ကိုယ် လက်မထပ်နိုင်သေး၍ အချိန်ဆွဲထားရဆဲတည်း။

"ဒေါ်ဖွားပုံရေ၊ ကိုလေးနဲ့ အိမ်ပေါ် လိုက်သွားလိုက်ပါ"

ဂျီးက ဂျီးတို့အိမ်က ထမင်းချက် အဝတ်လျှော် အဘွားကြီးကို လှမ်းအော်ပြောလိုက်ပါသည်။ ထွန်းမြတ်လေးက ပြုံးလှည့်ကြည့်ကာ ...

"သူ မပါရင်များ ပိုအလုပ်တွင်မလားလို့ ဂျီးရေ"

"လေးရယ်၊ လက်တိုလက်တောင်းတော့ ရပါတယ်ကွယ့်၊ ဟိုဟာယူပေး၊ ဒီဟာယူပေးပေါ့"





ဒေါ်ဖွားပုံသည် အသက်ကသာ ငါးဆယ့်နှစ်။ …ဆယ့်ရှစ်နှစ်ရှိသော ဒက်ဒီထက် လေးနှစ်ကြီးတယ် မထင်ရဘဲ …လေးဆယ်လောက်ကြီးတယ် ထင်ရလောက်သည်။ အနည်းဆုံး …ဘော့ ဒက်ဒီ့အမေရွယ်လောက်ပြောလျှင် ယုံရမည်။ တောအနေ …သာအစားမို့ ရုပ်ရည် ကြီးရင့်ကြမ်းထော်သည်။ အိုစာသည်။ …တို့မှာ အဘွားအိုကြီးကို ခိုင်းစေနေရသလိုတောင် ခံစားရသည်။

လုပ်နိုင် ကိုင်နိုင်ပေမဲ့ ရုပ်ရည်အနေအထားကြောင့် …ပ်ပင်ပန်း ဝန်လေးစရာ မခိုင်းဝံ့ဘဲရှိသည်။ လုပ်ချင်စိတ် ရှိသော် …ည်း ထိုင်းလှ ထုံလှ၍ ပြောတာကို တော်ရုံနှင့် သဘောမပေါက် …းမလည် အချိန်ကုန် ခရီးဖင့်လှတဲ့သူပင်။

ဤလို အဘွားကြီးကို အိမ်အကူ ခေါ်ထားတဲ့ ဂျီးကို 'လေး'က အမြဲဝေဖန်သည်။

"အိမ်အလုပ်လုပ်ဖို့ ခေါ်တာ၊ လုပ်နိုင် ကိုင်နိုင် ထိုင်လွယ်ထလွယ်၊ ဉာဏ်လေးလည်း နည်းနည်း သုံးတတ်တဲ့ သူမျိုး ခေါ်ရောပေါ့ ဂျီးရာ"

"ဟင့်အင်း ... အဲလိုဟာတွေက အိမ်ရောက်လို့ လေးငါးလ ရှိရင် ဘာအလုပ်မှ မလုပ်တော့ဘူး၊ ဒက်ဒီ့နားပဲ ကပ်၊ ကပ် နေကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ၊ ဂျီးရာ၊ သူများကြားရင် ကိုယ့်အဖေကို တစ်မျိုးထင်စရာ ဖြစ်ဦးမယ်၊ ပြောပုံက"

"ဒက်ဒီက သူ့ဟာသူ ဘာမှတောင် သိတာမဟုတ်ဘူး ဟောဒီက ဂျီးက ဘေးက မြင်နေ ရိပ်မိနေတာ၊ ဒက်ဒီက ချောတယ်၊ နုတယ်၊ သန့်တယ်၊ ခန့်တယ်လေ လေးရဲ့၊ ဒက်ဒီ့ အသားအရေကို ကြည့်ပါဦး၊ ဘယ်ငါးဆယ်နားနီး လူတစ်ယောက်မှာ ဒီလို အသားအရေရှိလဲ၊ ဒက်ဒီက ချောနုနေတော့ ဟိုဟာမတွေက ဒက်ဒီ ထမင်းစားရင် ယပ်ခတ်ပေးသလိုနဲ့ ငေးကြည့်နေလိုက်တာ၊ ယပ်တောင်က ရေဘူးကို တိုက်ပြီး မှောက်ရင်မှောက်၊ ယပ်တောင်ထိပ်ချွန်က ကိုကို့မျက်စိ ထိုးလိုထိုး၊ ညီညီ့ပါးကို ရိုက်လိုရိုက်၊ ဒက်ဒီ့ကိုများ ငေးကြည့်ကြရင် မေးရိုးတွေတောင် ပြုတ်ကျတော့မယ်၊ ပါးစပ်အဟောင်းသား ..."

ဒက်ဒီက ပြောဆိုတာလည်း သိပ်ချိုသာနူးညံ့တော့ သူတို့တွေမှာ ဒက်ဒီ့နားပဲ ကပ်မော့နေကြတယ်၊ ဒက်ဒီ့အင်္ကျီတွေကို လျှော်ခါနီး ယူရင် မွှေးကြည့်နေတဲ့ သူက တစ်မျိုး၊ မွှေးနေတာကိုး၊ ဒက်ဒီ့ ရှူးများ တိုက်ပေးထားတာ





လက်လက်ထ,နေတာ၊ ကိုကို ညီညီ ကျောင်းဝတ်တဲ့ ရှူးတွေကျ ချေးအထပ်ထပ် ဖုန်အထပ်ထပ် ...

သူတို့တင်မကဘူးလေ၊ ဘယ်မိန်းမ,မဆို ဒက်ဒီ့မြင်ရင် ငေးပြီး စိုက်သွားတာပဲ၊ ဣန္ဒြေပျက်ကြတာပဲ၊ ဒက်ဒီက ချောတာကိုး"

"ဩော် ... သူ့အဖေကို အရိပ်တကြည့်ကြည့်နဲ့ တိုလိုက်ထွာလိုက်ရတာပါလား ဂျီးရယ်၊ အန်ကယ်ကလည်း ဟုတ်ပါတယ်၊ တအားချောသန့်တာကိုး၊ ဒါပေမဲ့ တော်ရုံစိတ်မပူပေါ့ ဂျီးရယ်"

"အိမ်မှာ အသက်နှစ်ဆယ် အစိတ် မိန်းကလေးတွေခေါ်ထားလို့ကတော့ တကယ်ပဲ ဒက်ဒီ့ အလုပ်လုပ်ပေးဖို့ကလွဲရင် ဘာလုပ်ဖို့မှ စေတနာ မပါတော့ဘူး ဖြစ်ကုန်တာလေးရဲ့၊ ဒက်ဒီ့ကို 'ဦး'လို့ ခေါ်တာတောင်မှ နွဲ့အီအီ 'အူ' ဆိုတဲ့အသံ ထွက်တာ၊ ဒက်ဒီက တစ်ခုခုခိုင်းရင် ပြောရင် သဘောတွေကျပြီး အဟီ ခစ်ခစ်တွေ ဘာတွေ ဖြစ်ကုန်ရော"

"ဟား ... ဟား ... ဂျီးရယ်၊ ကိုယ့် ဂျီးရယ်၊ မင်းကိုတော့ ကိုယ် ဘာမှ မပြောချင်တော့ပါဘူးကွယ် နော်၊ ဒီဒက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပဲ ကိုယ့်ကိုလည်း ယူပါမယ်ဆို မယူသေးဘူး အချိန်ဆွဲနေတာပဲလေ”

“အို ... ဂျီးတို့လည်း ငယ်သေးတာပဲ”

“သိပ်လည်း မငယ်တော့ပါဘူးကွာ၊ နောက်လည်း ယူကြမှာပဲဟာ၊ မေမေက လောလုပြီ ဂျီးလေးရဲ့”

နောက်ဆုံးတော့ မိသားစုကို မျက်လုံးပြူးထွက်နေအောင် ပူပင်စိတ်မချတဲ့၊ သူ့အဖေကိုလည်း တိုထွာတဲ့ ရည်ရွယ်ကို ထွန်းမြတ်လေးက အလျှော့ပေးထားရပါသည်။ ဂျီးရဲ့ လက်မထပ်ဖြစ်နိုင်သေးတဲ့ အကြောင်းကို ကောင်းကောင်းသဘောပေါက်တဲ့ ထွန်းမြတ်လေးရဲ့ မေမေကတော့ ဂျီး ဒက်ဒီ ဦးရန်ရှင်းအတွက် အိမ်ထောင်ထိန်းသိမ်းဖို့နှင့် ရှစ်နှစ်ခွဲအရွယ်ပဲ ရှိသေးတဲ့ အမြွာနှစ်ယောက်ကိုလည်း မိခင်မေတ္တာပေးကာ ဝေယျာဝစ္စ စီမံနိုင်မည့် မိန်းမမျိုးကို သူနှင့် မဆီမဆိုင် ရှာလားရှာဖွေရဲ့၊ စပ်လားစပ်ဟပ်ရဲ့။

“မေမေ ... မေမေလည်း ချစ်တဲ့ ချွေးမလောင်းနဲ့ ရေရှည်အဆင်ပြေချင်ရင် သူ့အဖေကို စပ်တဲ့ဟပ်တဲ့ ကိစ္စ လက်လျှော့လိုက်ပါဗျာနော်၊ ဂျီး တစ်ယောက်က သူ့အဖေကို





တိုလွန်းလို့ နောက်မိန်းမ ယူမှာ စိုးလွန်းလို့ကို အဖေရောမောင်အမြွာနှစ်ယောက် တာဝန်ရော ဖတ်သီဖတ်သီနဲ့ မိန်းမကြီး တစ်ယောက်လို အပင်ပန်းခံ အနစ်နာခံနေတာဗျာ”

ဂျီးဟာ ‘ဒီတာဝန်တွေ ငါ့သမီးလေး မနိုင်ပါဘူးကွယ်’ဆိုတဲ့ လေသံမျိုး သူ့ဒက်ဒီဆီက ထွက်မလာနိုင်အောင် မနိုင်နိုင်အောင် ကြိုးထမ်းဆောင်တာပင်။ မောင်အမြွာကို မွေးပြီး ဂျီးရဲ့ မာမီ ဆုံးတော့ ဂျီးရဲ့ အသက်က ဆယ့်လေးနှစ်သာသာရယ်။ အဲဒီကတည်းက ဂျီးဟာ မျက်ကလဲဆန်ပြာနှင့် ဖခင်ရဲ့ ဝေယျာဝစ္စတာဝန်တွေကို ချို့ယွင်းချက် မရှိရလေအောင်၊ ဟာကွက်မရှိရလေအောင် သူကိုယ်တိုင် ထမ်းရွက်တော့တာပင်။

• ဒါကို ဂျီးရဲ့ ဒက်ဒီ ဦးရန်ရှင်းကလည်း သိရှိစွာ သူ့သမီး စိတ်မဆင်းရဲရလေအောင် တစ်ကိုယ်တည်း နေလာရှာတာပါ။ ခုဆိုရင် ရှစ်နှစ်ခွဲပဲရှိပြီပေါ့။ ဆွေမျိုးထဲက ဦးရန်ရှင်းကို မိန်းမစပ်၊ ယူစေချင်သူတွေ စပ်ဟပ်သူတွေ ရှိခဲ့တာတွေကို ဂျီးက ဒိုင်ခံရန်ဖြစ်။ မုဆိုးဖိုဖြစ်တော့ ဂျီးဒက်ဒီ ဦးရန်ရှင်းက အသက်လေးဆယ်ပင် ကောင်းကောင်းမပြည့်သေးတာပါ။ ကြာတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဂျိုးရှန်ကို ကြောက်ရွံ့စွာ ဆွေမျိုးတွေက လက်လျှော့ထားလိုက်ပါတော့သည်။

အမြွှာနှစ်ကောင်ကိုဆို ဂျိုးဟာ သူ့ရဲ့ သားတွေ အလား အမေတစ်ယောက်လို ဂရုစိုက်တာဖြစ်သည်။ တစ်မိသားစု လုံးမှာ လိုအပ်ချက်မရှိအောင် မျက်စိလျှင်လျှင်နှင့် ဂရုစိုက်စောင့် ရှောက်ရင်း တဖြည်းဖြည်း ပြည့်ဝလာတဲ့ ထိုအရည်အချင်းက ဦးရန်ရှင်းတို့သားအဖသုံးယောက်ကို လွှမ်းခြုံထားလိုက်ပြီလေ။

အပျိုပေါက်အရွယ်ကပင် ဂျိုးဟာ အိမ်ထောင်ရှင်မ တစ်ယောက်ရဲ့ အရည်အချင်းမျိုးတွေ အစစ ပြည့်နေခဲ့သည်။ အသက်အရွယ် ရှိရင်းစွဲထက်လည်း ရင့်ကျက်တည်ငြိမ် ဣန္ဒြေရ သည်။ ဒါကြောင့်လည်း ဂျိုး ပုံစံဟာ သားရှင်တွေအကြိုက်။ ထွင့်မြတ်လေးရဲ့ အမေ အစ်မတွေ အားလုံး ဂျိုးကို ချစ်ခင်နှစ် သက်ကြသည်။ အစ်မတွေကလည်း အပျိုကြီးတွေမို့ မေမေက သားငယ်ကို အိမ်ထောင်ပြုစေချင်ပေပြီ။

လေးက စီးပွားရေးလုပ်ငန်းလည်း လုပ်ကိုင်နေပြီ။ ပြီးတော့ လေး မေမေက ဂျိုးရဲ့ ဒက်ဒီလို နပျိုတော့တာမဟုတ်။ လေးရဲ့ အကြီးဆုံးအစ်မပင် အသက်သုံးဆယ်ကျော်ပြီမို့ လေး





အမေက အသက်ခြောက်ဆယ်တွင်းထဲ ဝင်လုပြီ။ ငါးဆယ့်ခုနစ် ရှစ် ဖြစ်နေပြီ။ ဒါကြောင့် သားကို အိမ်ထောင်ပြုစေချင်နေတာကို ဂျိုး နားလည်သော်လည်း ဒက်ဒီနှင့် ကိုကို ညီညီတို့ကို ဂျိုးက စိတ်မချ။ ဒက်ဒီကို မိန်းမ မယူစေချင်ပေ။

✻ ✻ ✻

"ဟိုဘက်တိုက်သစ်ကို ပြောင်းလာကြပြီဟော့၊ ဆူညံနေတာ ပဲ၊ ကလေးတွေလည်း ပါတယ် သန့်ရေ"

'သန့်လေးဆွေ'က ဒရင်းမ်ဘက်ဒ်မှာ ထိုင်ကာ ခေါင်းထိုးနှင့် သိုးမွေးအနွေးထည်တစ်ထည် ထိုးနေရင်း အန်တီ ချစ် စကားကို နားစွင့်လိုက်ပါသည်။ ဒါကြောင့် ကားကြီးသံ၊ လူသံ၊ ပစ္စည်းသံတွေ ဆူညံနေတာ။

ဟိုဘက်မြေကွက်လွတ်ကို ဝယ်ထားတာတော့ ကြာ ပြီထင်ပါသည်။ မနှစ်က မိုးမကုန်ခင်လောက်မှာ တိုက်သစ် စ ဆောက်သည်။ မြန်ဆန်စွာပင် ထိုတိုက်သစ်က ပြီးစီးသွားခဲ့သည်။ အခုဆို သကြိန်ပြီးစပင် ရှိသေးတာ။ ပြောင်းလာကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



“လူများပုံရလား အန်တီချစ်”

“လူများတယ် ထင်တယ်ဟဲ့၊ ယောကျ်ားလေးတွေ အများ ကြီး တွေ့တယ်၊ တချို့ကတော့ အလုပ်သမားပုံ၊ တချို့က သန့်သန့်ပြန့်ပြန့်တွေပဲဆိုတော့ အိမ်ရှင်တွေများလားပဲ”

“ယောကျ်ားလေး တပြုံကြီး ဂြောင်းလာရင်တော့ စိတ်ညစ် စရာပဲ၊ ကလေးတွေ ပါတယ်ဆိုတော့ လူကြီးသူမရော”

“အဘွားကြီးတစ်ယောက်ကတော့ အိမ်အလုပ်သမား ဖြ မယ်ထင်တယ်၊ မိန်းကလေးကတစ်ယောက်”

သန့်သည် ကိုယ့်အိမ်နီးချင်းသစ် ဘယ်လိုပုံစံရှိ လဲတော့ ရှုံးစမ်းချင်သေး၍ ထိုးလက်စ သိုးမွှေးလုံးကို ချ အန့်တီချစ် ရပ်နေတဲ့ ထမင်းစားခန်း ပြတင်းပေါက်ကို လာရပ်ပြ လှမ်းအကဲခတ်မိသည်။

ယောကျ်ားရွယ်တစ်ယောက်နှင့် မိန်းမရွယ်တစ် ယောက် စကားရပ်ပြောနေကာ ယောကျ်ားရွယ်က မိန်းမရွယ်ရဲ့ ခေါင်းပေါ်က ဖုန်စ, အမှိုက်စကို ဖယ်သပ်ပေးလိုက်တာ မြင် သည်။ စုံတွဲထင်တယ်။ ဟိုဘက်က ကလေးရွယ်တူနှစ်ယောက်ရဲ့ မိဘများလား။ ဒါပေမဲ့ ထိုကလေးတွေရဲ့ မိခင်ဖြစ်ဖို့ကျတော့





နုပြန်သလိုလို။ ကလေးတွေကို ရှစ်နှစ်ထား။ ခပ်လှမ်းလှမ်းက ရတဲ့ အရွယ်အရ စုံတွဲဟာ အစိတ်လောက်များ ရှိမလား။ ဆိုရင်တော့ မိဘ မဖြစ်နိုင်။

ဆံပင်တွေ ကပိုကရို ခေါက်တင်ကာ ကျားပါးစပ် ညှပ်ထားသည့် အမျိုးသမီးက ပိုင်ပိုင်နိုင်နိုင် ရင့်ရင့်ကျက်ကျက် ၍ အသက်သုံးဆယ်လောက်လည်း ဖြစ်ရင်ဖြစ်မှာပေါ့။ ဆိုရင်တော့ ကလေးတွေအမေ ဖြစ်နိုင်သည်။

လူကြီးသူမတော့ မတွေ့ရ။ လူရွယ်လေးရဲ့ အရွယ် ယောက် ပတ်ဝန်းကျင် ယောကျ်ားပျိုတွေတော့ ခြောက်ယောက်၊ စ်ယောက်တောင်မှပင်။ မိန်းမရွယ်က ဟိုပစ္စည်းချ၊ ဒီပစ္စည်း ယ် ညွှန်ကြားနေ၍ အိမ်ရှင်ဖြစ်တာ သေချာသည်။

“ခွမ်း”

“ဘုရားရေ ဘုရား ... ဘုရား”

မြင်ကွင်းကို အာရုံစိုက်ကြည့်နေဆဲ ဒေါ်အေးချစ်နှင့် သန့်လေးဆွေတို့ရဲ့ နီးနီးနားနား တစ်နေရာမှ ခွမ်းခနဲ ကွဲရှသံ တရက် ပေါ်လာရာ တူဝရီးနှစ်ယောက် အလန့်တကြား ဖြစ် သွားရသည်။ အသံလာရာ သူတို့ ရပ်နေတဲ့ ပြတင်း မဟုတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အခြားပြတင်းပေါက် တစ်ခုကို ပြိုင်တူ လှည့်ကြည့်လိုက်
ကာ...

"ဟယ် ... ကွဲပြီ"

သူတို့ရဲ့ ပြတင်းတစ်ချပ်မှ မှန်တစ်ကွက်ဟာ
အပေါက်ဖြစ်ကာ အိမ်ထဲဘက်ကို မှန်ကွဲတွေရော၊ ကျောက်
ခဲတစ်လုံးပါ ကျနေတာ မြင်လျှင် သန့်သည် မျက်မှောင်
သွားရပြီး တစ်ဖက်ခြံထဲက ကလေးတွေဆီ တန်းခနဲ ကြည့်
ပါသည်။

ကလေးနှစ်ယောက်ဟာ သူတို့ကြောင့် မှန်ကွဲသွား
တာကို သိရှိထိတ်လန့်ကာ ပါးစပ်လေးတွေဟ၊ ကုပ်ကို
လှုရိပ်လှုခြည် ကြည့်နေကြသည်။

"သွားပြောဦးမှပဲ"

"သန့်ရေ ကောင်းကောင်းပြောဦး"

သန့်လေးဆွေသည် အင်္ကျီကို သပ်ရပ်အောင် ဆွဲ
ရင်း ခြံထဲဆင်းလာခဲ့ပါသည်။ ခြံနှစ်ခြံကြား စည်းရိုးဟာ
ချိန်းလင့်ခ်ခေါ်တဲ့ သံဆန်ကာ ဆန္ဒင်းမကွင်းကွက်ပဲ ခြား
တာမို့ တစ်ဖက်နှင့်တစ်ဖက် အထင်းသား မြင်နေရပါသ





သန့် ဆင်းလာတာ မြင်လျှင် ကလေးနှစ်ယောက်သည် အမျိုး
သမီးရွယ်ထံ ပြေးသွားကြသည်။

သန့်က ချိန်းလင့်ခ် တစ်ဖက်မှာ ရပ်ရင်း ...

"ဟိတ် ... ကလေးတို့"

ကျောင်းဆရာမတစ်ယောက်ဖြစ်သော သန့်သည်
အသံ အဟန့်ကိုက နည်းနည်းတင်းတတ်သည်။ အသံဗလံတွေ
နှင့် ဘယ်သူမှ ကြားပုံမရ။

"ဟိတ် ... ဒီမှာ ...၊ ဟိုကလေးတွေ"

ဒီတစ်ခါ သန့်အသံက အတန်ကျယ်သွား၍ အမျိုး
သမီးက ဖျတ်ခနဲ လှည့်ကြည့်လာသည်။ ဂျီးသည် ကျစ်ဆံမြီးကို
နှောထားတဲ့ ဆံထုံးနှင့် အသက်လေးဆယ်လောက် မိန်းမတစ်ယောက်
ကို မြင်လျှင် လူကို သတိဆွဲလိုက်သလို ဖြစ်သွားရပါသည်။

အိမ်နီးချင်း ကပ်ရက်အိမ်မှာနေသော မိန်းမတစ်
ယောက်ဟာ အသက်လေးဆယ်အရွယ်လောက် ဖြစ်နေပြီး အင်မ
တန် ကျက်သရေရှိရှိ လှပချောမွေ့သော ရုပ်ရည်ကို ပိုင်ဆိုင်ထား
သည်မှာ တကယ့်အံ့ဩ ရာယ်ပါတကား။ ထိုအင်မတန် လှပတဲ့မိန်းမ
ဟာ အိမ်ထောင်သည် ကလေးအမေတစ်ယောက် ဖြစ်ပါစေသား။



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာတဲ့ ဂျီးရဲ့ မျက်နှာပေါ်မှာ လူသစ်
ရယ်လို့ ခုမှ ကြုံရမည့် အိမ်နီးချင်းသစ်အပေါ် ဖော်ရွေမိတ်ဖွဲ့
ဟန် ကင်း၍ တစ်မျိုးသော အရိပ်ယောင်ကို မြင်ရလျှင် သန်
လည်း ခပ်တည်တည်ပဲ ဆီးကြိုလိုက်ပြီးလျှင် ...

"လူသစ်တွေ ထင်တယ်"

"ဟုတ်ကဲ့ အန်တီ၊ ဘာကိစ္စများ ရှိပါသလဲ"

သန့်သည် အပျိုကြီးပီပီ ကိုယ့်ကိုယ်ကိုယ် နုပျို
ဖြစ်ရကား၊ ဤမိန်းမရွယ်က အန်တီခေါ်လိုက်တာကို မနှစ်
တွန့်သွားရပါသည်။ သူ့အသက်အရွယ်ကိုလည်း နီးကပ်လာ
အကဲခတ်ခန့်မှန်းလေ။ ကပိုကရိုပုံစံမို့ သူ့အသက်ကိုလည်း
ရခက်နေသည်။

"ဟိုကလေးတွေ"

"ဟုတ်ကဲ့၊ ကိုကိုနဲ့ ညီညီ ဘာဖြစ်လို့လဲ အန်တီ"

အန်တီချည်း ဖိခေါ်နေတော့တာပဲ။ တကယ်
သူဟာ ဒီအရွယ်ကလေးနှစ်ယောက် အမေဆိုရင် ဘယ်လောက်
နုနု၊ သန့်လို အပျို(ကြီး)တစ်ယောက်ကို အန်တီ မခေါ်သင့်ပါ

"ဒီက ညီမရဲ့ ကလေးတွေလား"





"မောင်လေးတွေပါ အန်တီ"

ဟောတော်။ ကိုယ်က 'ညီမ' လို့ လမ်းကြောင်းပေး
သူက 'အန်တီ'မှ တစ်ပြားမလျှော့တာ သူက အမေတစ်
ယောက် မဟုတ်ဘဲ အစ်မတစ်ယောက် ဖြစ်နေလို့ကိုး။

"ဪ ... ညီမရဲ့ ကလေးတွေလားလို့၊ Sorry နော်"

အစ်မပေမဲ့ အသက်ကတော့ ကြီးနိုင်သေးတာပဲမို့
က 'ညီမ'လို့ပဲ ထပ်မံညွှန်းဆိုပြန်သည်။

"ဂျီးက အစ်မပါ၊ သူတို့က ရှစ်နှစ်ခွဲရှိပြီ အန်တီ၊ ဂျီး
အသက်က နှစ်ဆယ့်သုံးနှစ်ပဲ ရှိပါသေးတယ်"

"ဟင် ... နှစ်ဆယ့်သုံးနှစ် ... !!"

သန့်ကလည်း ဒီထက်ပိုမှန်းထားမိ၍ တအံ့တသြ
မိသည်။ ဒီတော့ ကိုယ်နဲ့က ဆယ့်ခုနစ်နှစ်တောင် ကွာနေပြီ။
အန်တီခေါ်တာကို အောင့်သက်သက်နှင့် လက်ခံရတော့မှာ
ဒါက သန့်ရဲ့ အတွေးဖြစ်၍၊ ဂျီးအတွေးကတော့ သူ့ကို
ဆယ့်သုံးနှစ်လို့ မယုံချင်ဘဲ သုံးဆယ်လောက် မှန်းချင်ပုံရတဲ့
မျိုးသမီးလုလုကို ကျွမြီးတိုသွားရပါသည်။ သူလည်း အောင့်သက်
က်နှင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အန်တီက ဂျီးကို ဒီထက်ကြီးမယ်မှန်းထာ
တာပေါ့နော်၊ အဟင်း ဟင်း၊ ဂျီးကလည်း မနုဘူးလေ
အန်တီကတော့ နုတယ်နော်၊ လေးဆယ်ပြည့်ပါပြီလား
အန်တီ"

သန့် နှုတ်ခမ်းမှာ ဆတ်ခနဲ တွန့်သွားရပါသည်။
သူက နုတယ်ပြောပြီး လေးဆယ်လား ဆိုတော့ ကိုယ်ကပဲ လေး
ဆယ့်ငါးလောက် ရှိပါလျက် လေးဆယ်ထင်ရသလိုလို။

"အင်း ... လေးဆယ်ဆိုပါတော့"

"အန်တီရော ကလေးတွေ ဘာတွေ ရှိလားဟင်၊ ကိုကိုတို့
ညီညီတို့ထက်တော့ ကြီးရောပေါ့"

သန့်သည် မျက်စိပျက် မျက်နှာပျက်နှင့် ...

"အို ... တို့က အိမ်ထောင်မရှိပါဘူး၊ အပျိုပါ"

လေးဆယ်ရွယ်လည်းဖြစ်၊ သူ့ကိုယ်သူ 'အပျိုကြီး'
လို့ မသုံးပဲ 'အပျို'လို့ သုံးသူလည်းဖြစ်၍ ဂျီးမှာ အတော်စိတ်
ညစ်လက်ညစ် ဖြစ်သွားရပါသည်။ လုလိုက်တာကလည်း စက်စက်
ယို။ ကိုယ်လုံးကိုယ်ပေါက်က ဂျီးတို့လို မော်ဒယ်ကိုယ်လုံး
သွယ်သွယ်မဟုတ်။ 'မယ်'လို ရှိုက်ဟိုက်ဝန်းကောနေသည်။
အင်း ... အန္တရာယ်ပဲ ... ဒုက္ခပဲ။





"ဩော် ... ဟုတ်၊ ဟို ... ကိုကိုတို့ ဘာများ"

"ဩော် ... ကလေးတွေ ခဲနဲ့ပစ်လိုက်တာလေ ဟိုမှာ တို့
အိမ်က ပြတင်းမှန် ကွဲသွားတယ်၊ ဒီမှာ ခဲလုံး"

"ဟင် ..."

ဂျီးသည် သူ့ စိတ်အနှောင့်အယှက် ဝင်ရတဲ့ အမျိုး
...အိမ်ကို ပြဿနာသွားရှာသည့် ကိုကို ညီညီကို ဒေါသတကြီး
...ည့်ကာ ...

"ကိုကို ... ညီညီ"

လေသံမာကြီးနှင့် အကျယ်ကြီး ဆောင့်အော်လိုက်၍
...ဝင် လန့်သွားရသည်။

"ဗျာ"

"လာဦး"

ကိုကို ညီညီက နောက်နားကပ်ရက်လေးမှာ ရောက်
...ဘြပါပြီ။

"ဟုတ်"

"မင်းတို့ ဟိုဘက်အိမ်ကို ဒီခဲနဲ့ ပစ်တယ်ဆို"

"ဟုတ်"

"ဟင် ...၊ ဟိုမှာကြည့်စမ်း၊ မှန်ကွဲသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုတို့ ဟိုမာလကာသီးကို ပစ်ချတာပါ ဂျီးရယ်"

"ညီညီလည်း စားချင်လို့ပါ ဂျီးရဲ့"

"ဟဲ့ ... စားချင်စရာလား၊ သူများအိမ်က အပင်ကို အေး... မင်းတို့နှစ်ကောင် ပြီးမှ ရိုက်ခံရမယ်"

"အို ... ရိုက်ဖို့မလိုပါဘူး၊ မာလကာသီးကို ပစ်တာလို့ လည်း တို့က ထင်ပြီးသားပါ၊ တို့ဘက်မှာကလည်း မာလကာပင်တွေရော၊ သရက်ပင်တွေရော အများကြီး သရက်သီးတွေလည်း တအားသီးနေပြီမို့လို့ နောင် ထပ်ပစ်ရင် မှန်ထပ်ထိမှာစိုးလို့သာ လာပြောတာပါ၊ ကလေးတွေဆိုတော့ အပင်မှာ သီးနေတာမြင်ရင် ဒီလိုပဲ ပစ်ချင် စားချင်တာပေါ့၊ အိမ်မှာလည်း နွားစားမဲ့ကလေး ရှိတာ မဟုတ်ပါဘူး၊ ကိုကိုနဲ့ ညီညီတို့ နောင် အသီးနှ ချင့်ရင် အန်တီက တံချူပေးမယ်၊ တံချူနဲ့ နွားစားပေါ့ ခဲနဲ့မပစ်နဲ့ပေါ့၊ သားတို့ နားလည်လား"

"ဟုတ်ကဲ့"

ဘယ်လက်တစ်ဖက် ခါးနောက်ပစ်ပြီး ညာဖက်လက် ညှိုး ထောင်ကာ ထောင်ကာ ပြောနေပုံကို ဂျီးက အကဲခတ်ရင်း...





"အန်တီက ဆရာမများလားဟင်၊ ဟို ကျောင်းဆရာမပုံစံ နဲ့ တူလို့ပါ"

"ဟုတ်ပါတယ်၊ တို့က ကျောင်းဆရာမပါ"

"အန်တီ၊ ဒီဘက်မှာ နည်းနည်းအလုပ်ရှင်းသွားရင် ပြတင်း ပေါက်မှန်ကို အသစ်လာလဲတပ်ပေးပါ့မယ်"

"အို ... အလျော်ပေးဖို့လည်း မလိုပါဘူး"

"ဘယ်ဟုတ်မလဲ အန်တီ၊ ခုပဲရောက်၊ ခုပဲ ဘေးအိမ်မှန်ကို ခွဲဆိုတော့ မကောင်းပါဘူး၊ ဂျီး ပြန်တပ်ပေးပါ့မယ်"

"ရပါတယ်၊ ရတယ်၊ မှန်တွေက အိမ်မှာ အပိုအချပ်တွေရှိတာ၊ အစားလဲဖို့ အသင့်ရှိပြီးသားမို့ ပြောတာ"

ဂျီးက အမျိုးသမီးကို ရင်လေးလေးမောမောနှင့် အကဲနာနာခတ်ရင်း ...

"အန်တီ နာမည် ဘယ်လိုခေါ်ပါလဲ"

"သန့်လေးဆွေပါ၊ အဒေါ်တစ်ယောက်နဲ့ နှစ်ယောက်တည်း နေကြတယ်၊ အဒေါ်နာမည်က ဒေါ်အေးချစ်တဲ့၊ အိမ်ပြောင်း လာကာစဆိုတော့ အစစ ဘာပဲလိုလို ပြောနိုင်ပါတယ်၊ လူခံတွေဆိုတော့ ကူညီရမှာပေါ့"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"မိသားစု ဘယ်နှယောက်ပါလာသလဲ"

"ဟို ... ဟို ... ငါး ယောက်ပါပဲ"

ဂျီးက အဖေကို မုဆိုးဖိုလို့ အသိမခံလိုပဲ အမေပါ ပါသလိုလို ရောချ၍ ခပ်ဝါးဝါး ဖြေလိုက်ပါသည်။ တကယ်က တော့ ဒေါ်ဖွားပုံနှင့် ပေါင်းမှ ငါးယောက်။

"သြော် ... မိဘတွေကကော၊ မတွေ့ဘူးနော်"

"ရုံးမအားလို့ပါ"

"သြော် ... သြော်၊ ဒါနဲ့ နာမည်က ဘာဆိုလား"

"ဂျီးပါ"

"ဂျီး ... !"

"အဟင်း ... အစ်မကြီးဆိုပြီး 'ဂျီး'လို့ပဲ ဝိုင်းခေါ်ကြတော့ လို့ ဒီလိုပဲ တွင်နေတာပါ အန်တီ၊ နာမည်ရင်းက ရည်မွှယ်ပါ"

'ရှန်ရှင်း'ဆိုတာကို နောက်က ထည့်ပြောဖို့ရာကိုပင် ဂျီးက တိုထွာပေသည်။

"သြော် ... နာမည်က ချစ်စရာလေးပဲ၊ ကဲ ... ကဲ ... တို့ အိမ်ပေါ်ပြန်တက်တော့မယ်၊ လိုတာရှိရင်ပြောပါ"





"ဟုတ်ကဲ့"

ဂျီးသည် လှည့်ထွက်သွားသော ဒေါ်သန့်လေးဆွေရဲ့ ကိုယ်လုံးလှလှလေးကို မျက်လုံးပြူးကာ ကြည့်ရင်း အောက်နှုတ် ခမ်းလေးကိုက်ကာ ကျန်ရစ်ခဲ့ပါသည်။ အတော့်ကို လှပတဲ့ မိန်းမ ချောပဲ။ လူပုံက အိညက်ညက် မဟုတ်ဘဲ ဆရာမပီပီ ဆံတင်းတင်းကလေးမို့ တော်ပေသေးသည်။

ဒီဘက်ခြံကို ဒက်ဒီ သိပ်ဂရုမပြုမိအောင် လုပ်ရမှာပဲ။ အားချင်းယှဉ်နေတဲ့ နေရာက အောက်ထပ်မှာ ဧည့်ခန်းဆိုတော့ ဧည့်ခန်းကို ခန်းဆီးပါးပါးမတပ်ဘဲ ခန်းဆီးထူတွေ တပ်ပစ်မည်။ ဟိုဘက်ခြမ်းကို ခန်းဆီးဘယ်တော့မှ မဖွင့်ဘဲ အိမ်ရှေ့ဘက်ကို ခန်းဆီးနှင့် ပြတင်း ဖွင့်၍ အလင်းရောင် နည်းနည်းဝင်အောင် လုပ်ရမည်။ အပေါ်ထပ်က တစ်ဖက်ခြံဘက်ကျတဲ့ အခန်းကို ဒက်ဒီ့အခန်း လုပ်ဖို့လျာထားတာကို ဖျက်ပြီး ကိုကိုနဲ့ ညီညီကို ဒီအခန်းမှာ ထားရမည်။

ဒက်ဒီ့ကိုတော့ ဒီဘက်ချောင်ထဲ ထားရပေလိမ့်မည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဒက်ဒီက ထိပ်ထောင့်က အခန်းမရဘူးလား ဂျီးရဲ့"

ဒက်ဒီက ညစာထမင်းဝိုင်းတွင် ဂျီးကို ပူဆာသလို မေးပါသည်။

"အို ... ဒက်ဒီ့ကို တမင် ကွန်ပျူတာခန်းရဲ့ ဆောင်ပဲ ထားလိုက်တယ်၊ ဟိုနှစ်ယောက်ကို ကွန်ပျူတာဆောင်ထားရင် အိမ်ရာထဲက ထထွက်ပြီး ခိုးဆော့နေကြမှာစိုးရတယ်၊ ဂျီးက အလယ်ခန်းကနေပြီး ဟိုဘက်က ဒက်ဒီရယ်၊ ဒီဘက်က ကိုကိုနဲ့ ညီညီကို ခွဲချက်လုပ်ထားတာ"





"သြော ... သြော ... ရပါတယ်၊ ဒက်ဒီ ဘယ်အခန်းနေနေ အဆင်ပြေပါတယ်၊ ဒီအခန်းက ပိုကျယ်နေလို့ သားနှစ်ကောင် ထားမလားလို့ပါ"

"ဒက်ဒီပဲ ကျယ်ကျယ်လွှင့်လွှင့်နေပါ"

ဂျီးက ထမင်းကို ရယ်ချင်ချင်နှင့် ငုံ့စားနေလိုက်ပါသည်။

"ငါ့သမီးကြီးလည်း ပင်ပန်းလိုက်တာ၊ အားကိုးရတယ်ကွ၊ ဒက်ဒီ တကယ်ချီးကျူးပါတယ်"

"အာ ... ဒက်ဒီကလည်း၊ ကိုလေးနဲ့ သူ့သူငယ်ချင်းတွေပဲ သယ်ပိုးကြ နေရာချကြတာပါ၊ ကိုကိုတောင် ဝင်သယ်ရသေးတယ်၊ ဒက်ဒီ့ ဂျီးက ပါးစပ်နဲ့ပဲ မောနေတာ"

"ဟဲ့ကောင် ကိုကို"

"အဟဲဟဲ ... ဂျီးကလည်း ဟုတ်ဘူးလားလို့"

"အိမ်နားနီးချင်းတွေ ဘာတွေရော သိကျွမ်းမြင်တွေ့ပြီးပြီလား"

"ဟိုဘက်ခြံကိုတော့ တွေ့ဖူးပြီးပါပြီ"

ညီညီက ခါတိုင်းလို အတိုင်အဖော မထူလိုက်တဲ့ ဂျီးကို မျက်လုံးပေကလတ်နှင့် ကြည့်ရင်း ...

www.burmeseclassic.com



"ညီညီတို့ မတော်တဆ ဖြစ်တာပါနော် ဂျီး"

"ဟဲ့ ... ဩော် ... နင်တို့ကို ဘယ်သူက ရိုက်စစ်နေလို့လဲ"

ဂျီးက စိတ်တိုတိုနှင့် မျက်စောင်းထိုးလိုက်သေးသည်။

"ညီညီတို့ ဘာမတော်တဆ ဖြစ်ပြန်လဲဟေ့"

"အလကားပါ ဒက်ဒီ"

ဂျီးသည် ဟိုဘက်ခြံနှင့် ပတ်သက်၍ စကားကို မစပ်ချင်။ ခုကျကာမှပဲ ကိုကိုနှင့် ညီညီတို့ကလည်း အပြစ်ကို အလွှန်ဝန်ခံတော်မူချင်နေကြကာ ...

"ဒက်ဒီ ကိုကိုတို့ကြောင့် ဟိုဘက်အိမ်ရဲ့ ပြတင်းပေါက်မှန်တစ်ကွက် ကွဲသွားလို့ပါ"

"မတော်တဆပါ ဒက်ဒီ"

"ဟုတ်တယ် ဒက်ဒီ၊ တကယ်တော့ မာလကာသီးကို ခဲနဲ့ ပစ်တာပါ"

"လွဲသွားလို့ မှန်ကို ထိမိတာ ဒက်ဒီ"

တစ်ယောက်တစ်ခွန်း ပြောကြလေသည်။

"အဲဒီတော့ ဟိုဘက်က ဘာပြောသေးလဲ ဂျီး"





"အမျိုးသမီးတစ်ယောက် ထွက်လာတယ်၊ အကျိုးအကြောင်းတော့ လာပြောတယ် ဒက်ဒီ၊ ဂျီးက မှန်ပြန်တပ်ပေးမယ် ပြောပေမဲ့ အလျော်တော့ မယူပါဘူး"

"ညီညီတို့ကိုလည်း ပြောတယ်၊ တံချူပေးမယ်၊ တံချူနဲ့ ခူးစားတဲ့"

"ဟုတ်လား၊ သဘောကောင်းတာပေါ့"

"ကောင်းတယ် ဒက်ဒီ၊ ကောင်းတယ်"

ဂျီးက ဒီလောက်ကဖြင့် ဘာမှ အရေးပါပါ မဟုတ်လှသလို မျက်နှာပေးနှင့် ...

"ဒီလိုပဲ ပြောရတာပေါ့ဟဲ့"

"ဟိုဘက်အိမ်က လူဘယ်နှယောက် ရှိသတဲ့လဲ"

ဂျီးသည် ဒက်ဒီ စကားစပ်စရာ ဖြစ်သွားပြီကို စိတ်မသက်မသာနှင့် ...

"နှစ်ယောက်"

"လင်မယားလား"

"တူဝရီးနှစ်ယောက်ပါ"

"အဒေါ်ရယ် တူရယ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီကလည်းနော်၊ ဘာတွေ စိတ်ဝင်တစား မေးနေပါလိမ့်။ ထမင်းစားရင်း ပြောစရာစကား မရှိ၍ ရှာကြံပြောနေရသည်။

"အဒေါ်နဲ့ တူမပါ"

"ဘယ်အရွယ်တွေလဲ"

ဂျီးသည် ကျွဲမြီးတိုလာကာ ...

"တူမက လေးဆယ် ဒက်ဒီရေ၊ အဘွားကြီးတော့ မဖြစ်လိုက်လို့ မသိဘူး"

"ကျောင်းဆရာမတဲ့ ဒက်ဒီ"

ကိုကို စကားဝင်ရှည်ပြန်၍ ခပ်ထန်ထန်နှင့် ...

"ကိုကို ထမင်းမြန်မြန်ပြီးအောင်စား"

"ကျောင်းဆရာမလား၊ ဘယ်ကျောင်းကတဲ့လဲ"

"မသိဘူး ဒက်ဒီ"

"ဒီနားတစ်ဝိုက်က ကျောင်းတွေကပဲလားလို့၊ ဒက်ဒီက ဒီနှစ်ကောင် ကျောင်းပြောင်းရင် ကောင်းမလား စဉ်းစားနေတာ၊ အရင်ကျောင်းက သိပ်ဝေးသွားပြီလေ၊ ဒီကနေ သိပ်မဝေးတဲ့ ကျောင်းကားနဲ့ ထည့်လည်း အဝေးကြီး





တစ်ပတ်ကြီး စီးဖို့မလိုတဲ့၊ နေရာတစ်နေရာက ကျောင်းမျိုးကို ပြောင်းရရင် ကောင်းမယ်လေ"

"ကျောင်းမပြောင်းချင်ပါဘူး"

ကိုကိုနှင့်ညီညီက သူငယ်ချင်းဟောင်း ကျောင်းဟောင်းနှင့် မခွဲခွာချင်တဲ့သဘောရှိသည်။

"ဆရာမရယ် သူ့အဒေါ်ရယ်ပဲလား၊ ဆရာမက အသက်လေးဆယ် ဆိုတော့ အိမ်ထောင် မရှိဘူးလား"

"ဒက်ဒီကလည်းနော်၊ စိတ်ဝင်တစားကို မေးမြန်းနေလိုက်တာ၊ သူ့ယောက်ျားက နိုင်ငံခြားတွေ ဘာတွေ သွားရင် သွားနေမှာပေါ့"

"ဟင် ... အဲဒီဆရာမက အပျိုလေ၊ အိမ်ထောင်မရှိဘူးတဲ့ ပြောတယ်လေ၊ ညီညီတို့က ဂျီးရဲ့ နောက်နားကပ်ပြီး ရောက်နေတာ၊ သူ ပြောတာ ကြားသားပဲ"

ဂျီးက ညီညီ့ကို မျက်စောင်းထိုးလိုက်ပါသည်။ သူတို့ရဲ့ ဒက်ဒီ ဦးရန်ရှင်းဟာ ဂျီးကို ရယ်ချင်သွားပါသည်။ ကြီးမှန်းသိသိနှင့် ဖြီးဖြန်းလှည့်စားမည့် ဂျီးရဲ့ သဘောကိုလည်း နှစ်ခွဲမျှ ကြုံတွေ့လာခဲ့တဲ့ အတွေ့အကြုံအရ ရိပ်မိသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ ပြုံးစိ ပြုံးစိ ဖြစ်နေတာကို မြင်နေရပြီဆိုရင်တော့ ဂျီး
ဆက်လက်ဟန်ဆောင်ဖုံးကွယ်ထားဖို့ စိတ်မကူးပေ။ ဒက်
ဂျီး တိုထွာတာကိုလည်း ဘယ်တုန်းကမှ ဂျီးက ဒက်ဒီ မသိအော
ဖုံးဖိခဲ့တာ မဟုတ်ပါ။

"ဒက်ဒီနော်"

"ဂျီးနော်"

"အဲဒီအပျိုကြီးက ချောလိုက်လှလိုက်တာ တအားပဲ၊ ဒ
ဟိုဘက်ခြံနဲ့ အရောမဝင်မိပါစေနဲ့"

"သြော် ... ဟား ဟား၊ ဒါကြောင့် အစက ထောင့်ဘ
အခန်း ဒက်ဒီအတွက်လို့ ပြောပြီးမှ မရွှေဂျီးတို့ ပြန်ပြေ
ပစ်တဲ့အထိ ဖြစ်ရတာကိုး၊ ဟုတ်လား ဂျီး"

"ဟုတ်တယ်"

"ဟား ဟား ဟား၊ သြော် ... ငါ့ သမီးရယ်"

"ဒက်ဒီက ဂျီးကို ပိုလိုက်တာလို့ မတွေးပါနဲ့၊ ဂျီး ဒ
စိုးရိမ်ကာကွယ်ခဲ့လို့ ဒက်ဒီ ခုထိ ခုလို ကျန်တာ၊ ဒ
က ဒီလောက်ချောသန့်နေတာ၊ နို့မို့ဆိုရင် ခုလော
အိမ်ထောင်ထပ်ပြုပြီးလောက်နေပြီ"





"အိမ်ထောင်ပြုတယ်ဆိုတာလည်း ဂျီးရယ်၊ ဖူးစာလည်းပါမှ၊ ကိုယ်လည်း ကြိုက်မှပေါ့၊ အလကားနေရင်းတော့ ဘယ်သူ က အိမ်ထောင်ကောက်ပြုနေမှာလဲ၊ ဂျီး တိုတာလည်းတိုပါ၊ ဒါပေမဲ့ ဘာမှလဲ မဟုတ်သေးဘဲ ဘာဖြစ်လို့များ နေရင်းထိုင် ရင်း ပူပန်သောကတွေ ပွားနေသလဲ ဂျီး"

"ဒက်ဒီဖြင့် အဲဒီဆရာမကို မမြင်ဖူးသေးဘဲနဲ့၊ နာမည်က ဆါသန့်လေးဆွေတဲ့ သိလား၊ ချောလိုက်သန့်လိုက်တာ ကလည်း ရွှေမှုန်စားထားတဲ့ နတ်သမီးလိုပဲ"

"ဟား ... တယ်လည်း ညွှန်းပါလား ဂျီးရယ်"

"အဲဒါ ဒက်ဒီ ခပ်ကင်းကင်းရှောင်ရှောင်လေးနေနော်၊ ကိုကိုနဲ့ ညီညီလည်း ငါ တစ်ခါတည်း ပြောထားမယ်၊ အလကားနေ ဟိုဘက်အိမ်ကို သွားမပတ်သက်ပါနဲ့ မာလကာသီး သရက်သီး စားချင်ရင် ဈေးထဲမှာ လိုချင် သလောက် ဝယ်လို့ရတယ်၊ ပေါလွန်းလို့၊ ဘာမှ တန်ဖိုး မရှိတဲ့ သရက်သီး၊ မာလကာသီးနဲ့ ကိုယ့်ဒက်ဒီကို နင်တို့ လဲရအောင် မလုပ်နဲ့"

"ဘာလို့ ဒက်ဒီနဲ့ မာလကာသီးနဲ့ လဲရမှာလဲ ဂျီး"



www.burmeseclassic.com

www.burmeseclassic.com



"မမေးနဲ့၊ နင်တို့ ဟိုဘက်ခြံက မာလကာသီး သရက်

သွားခူးစားရင် တစ်နေ့ကျရင် ဒက်ဒီကို ဟိုဘ

ပေးနေရမယ် မှတ်ထား၊ ကိုယ်က ယူထားတ

ကိုယ်ကလည်း ပြန်ပေးရစမြဲပဲ"

"ဒက်ဒီက အသီးမှ မဟုတ်ဘဲနဲ့"

"အသီးမဟုတ်လို့ ပြောနေတာပေါ့၊ အသီးသာ

ပေးပစ်လိုက်မှာပေါ့"

"ကဲ ... ကဲ ... တော်ပါ ဂျီးရယ်၊ တော်ပါ၊ ကလေး

အဟုတ်မှတ်ပြီး ပေါက်ကရ လျှောက်ပြောနေဦးမေ

ဂျီးက နှုတ်ခမ်းကို စူ၍ ဒက်ဒီကို သတိပေ

ကြည့်ပြီး နှုတ်ကို ပိတ်ထားလိုက်ပါတော့သည်။

❋ ❋ ❋





လောကကြီးမှာ မဖြစ်စေချင်ပါဘူးဆိုမှ ပိုဖြစ်တတ်တာ ရှိလေသလားမသိ။ ထိုနေ့က ဂျီးသည် ရေချိုးခန်းထဲ ချော်လဲထား၍ ထော့နဲ့ဖြစ်နေ၍ ဈေးမသွားနိုင်တာ ၂ ရက် ဒေါ်ဖွားပုံကြီးတစ်ယောက်ကတော့ မနက်ဆိုရင် ဖြုတ်စဗျင်းနှင့် ဈေးသွားနိုင်လောက်ရန် မအားလပ်ပါ။

"ဂျီး ဒက်ဒီ ဈေးသွားလိုက်မယ်၊ မြန်မှာပါ၊ ကားနဲ့ပဲ"

"သွားမနေပါနဲ့တော့ ဒက်ဒီ၊ ဒက်ဒီ ရုံးသွားရဦးမှာဟာ၊ လေးကိုပဲ ဖုန်းဆက်ပြီး ညနေဈေးဝယ်ပြီး လာပို့ဖို့ မှာလိုက်မှပဲ"

"ကိုယ် မဆောင်ရွက်နိုင်တာမျိုး မဟုတ်ဘဲနဲ့ သူများ အကူအညီ အလွယ်မယူပါနဲ့ ဂျီးရဲ့၊ ကဲ ... ကဲ ... ဒေါ်ဖွားပုံ ခြင်းပေးဗျာ"

"ခြင်းကြီး ကိုင်တော့ ဒက်ဒီ ရုက်စရာကြီး၊ ကြွပ်ကြွပ်အိတ် ပဲ ယူသွားပါ"

"ခြင်းကိုင်တာ ဘာမှ ရှက်စရာမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီဟာ ကျန်းမာဖျတ်လတ်ပေါ့ပါးသူပီပီ ကို ဖြတ်ခနဲ ဆွဲကာ အိမ်ရှေ့က ကားပေါ်တက်သွားလို့ နံနက်ကိုလည်း ဒက်ဒီက ခြောက်နာရီခွဲလောက်ဆို နိုးတယ် ဂျီးကို ကြောက်၍ ဒက်ဒီ့ခမျာ ခြံထဲ ဆင်းပြီး သိပ်လမ်းမသော ရဲ။ ရုံးသွားချိန် ကိုးနာရီကျော်အထိ စာဖတ်လိုက် သားနှစ်ယော နှင့် ကစားလိုက် အချိန်ဖြုန်းနေရသည်။

"ချက်ရမြန်အောင် ပုစွန် ဝယ်ခဲ့မယ်ဟေ့"

ဒက်ဒီက ကားမောင်းထွက်ရင်း အော်သွားပါသ ဈေးဟာ လမ်းတဆုံးရဲ့ ဘယ်ဘက်အချိုးကိုက်တစ်ရာလော မို့ နီးပါသည်။ ဒက်ဒီက ကားနှင့် သွားတာမို့ ပိုတောင်နီးနေ ဂျီးက ဒေါ်ဖွားပုံကို ငရုတ်သီး တစ်ဆုံ ထောင်းထားခိုင်း ထော့နဲ့ ထော့နဲ့နှင့် ခြံထဲက မရှိမဲ့ရှိမဲ့ ပန်းအိုးလေး ဆယ် ဆယ့်ငါးအိုးကို ရေလောင်းနေလိုက်ပါသည်။

ဦးရန်ရှင်းသည် ဈေးတန်းရဲ့ တစ်ဖက်ခြမ်း ရပ်လို့ရတဲ့ နေရာမှာ ကားကို ရပ်ပြီး ခြင်းဆွဲ၍ ကားပေါ် ဆင်းခဲ့သည်ဆိုလျှင် ဘေးပတ်ဝန်းကျင်ရှိ မျက်လုံးအတော်များ က ထူးထူးဆန်းဆန်း ငေးခနဲ၊ မေ့ခနဲ ဝိုင်းကြည့်ကြသည်မှာ တိုထွာမယ်ဆိုလည်း တိုထွာချင်စရာတည်း။





လေးဆယ့်ရှစ်ဆိုသော်လည်း ဝခြင်း၊ ဗိုက်ရွှဲခြင်း၊ ချက်ခြင်း လုံးဝဆို လုံးဝ မရှိသေးတဲ့ ဦးရန်ရှင်းမှာ ကျစ်လစ်ဖြောင့် သော ခန္ဓာကိုယ်နှင့် အသားအရေက ပြောစမှတ်ပြုရအောင် ဖြစ်ရာ၊ လူမြင်ကွင်း အမြဲထင်းကာ လင်းကာ ဝင်းနေမြဲပင်။ ဆင်ကို တိုတိုညှပ်ထားတာကိုက အဘိုးကြီးပုံ မဟုတ်ဘဲ လူရွယ် သည်။ အိမ်နေရင်း ဝတ်ထားတဲ့ အသားရောင် တီရှပ်နွမ်းနွမ်း ကချင်ကွက် ပုဆိုးမှောင်မှောင် အထဲထည့်ဝတ်ကာ နောက်ဘက် ကြားထဲ လယ်သာဝေါလက် အညိုလေး ခေါက်ညှပ်ထားပုံက တော့ လူငယ်ဒီဇိုင်း ဆန်လှပါတော့သည်။

ဈေးဝယ်ခဲ့တဲ့ ယောက်ျားမို့ ဈေးသည်တို့ကို မျက်နှာ ခပ်သွေးသွေး ပြုံးရင်း ကြည့်ရင်း လျှောက်လာတဲ့ ဟန်ကလည်း သဘောကောင်းသူကြီးတစ်ယောက်လို ဈေးသည်တို့ရဲ့ ခင်မင်မှု ကို အလွယ်ချူယူနိုင်သည်သာမက ဈေးသွား ဈေးဝယ်မိန်းမတို့ရဲ့ လိုစွာ စူးစမ်းမှုကိုလည်း အပိုင်သိမ်းအုပ်လိုက်ပြန်သေး၏။

ဦးရန်ရှင်းသည် ဈေးသည်တွေကို တောက်လျှောက် ကြည့်ပြီး လာခဲ့ကာ သူ ရှာဖွေတဲ့ ပုစွန်ဆိုင် တွေ့သည်နှင့် ပုဆိုး ဆွဲ၍ ဒူးကြားညှပ်ကာ ရပ်လိုက်ပါသည်။ ကတ္တီပါဖိနပ်နက်ကိုပ်



www.burmeseclassic.com

www.burmeseclassic.com



စီးလာတဲ့ သူ့ရဲ့ ခြေခုံ ခြေသလုံး ဖြူဖွေးသန့်တွေဟာ မွေးညင်းတို့နှင့် ပနာရကြည့်ကောင်းသည်။ ရွှံ့စပ်စပ်ရှိတဲ့ ဈေးတန်းက ဆိုင်ခုံရှေ့တွေမှာ ခင်းထားတဲ့ အုတ်ခဲနှစ်လုံးပူး တစ်ခုပေါ် တက်ရပ်ပြီး ခြေငြိမ်အောင် လုပ်နေပုံက ပုစွန်သည်ရဲ့ သွားသုံး ဆယ့်နှစ်ချောင်းကို ပေါ်စေလျက် ...

"အစ်ကိုကြီး ဘာယူမလဲ၊ ယူရှင့်"

"ပုစွန် ... ပုစွန်"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ဘော့ဂျိတ်လား၊ ကျားလား အတုပ်လား"

"ဟို ... ပုစွန်တုပ်ကြီးတွေက ဘယ်ဈေးလဲ"

"ခုနစ်ထောင်ဈေးပါ အစ်ကိုကြီး၊ တို့အစ်ကိုကြီး ယူရင်တော့ ခြောက်ထောင်ငါးရာပဲပေး၊ တစ်ပိဿာလား အစ်ကိုကြီး၊ ချိန်လိုက်မနော်"

"အား ... ဈေးကြီးလိုက်တာ၊ မစားနိုင်ဘူး ထင်တယ်"

"အိုး ... ဘာလို့ မစားနိုင်ရမှာလဲ၊ တို့အစ်ကိုကြီးမှ မစားရင် ဘယ်သူစားနိုင်မှာလဲ၊ ခါးကြားက အိတ်မှာ ထောင်တန်အထပ်လိုက်နဲ့၊ ကဲ ... တစ်ပိဿာယူရင်





ခြောက်ထောင်ပဲပေးတော့၊ ခြောက်ရွက်တည်းရယ် ယေးရှော၊ စားနိုင်တယ်၊ စားနိုင်တယ်"

ဦးရန်ရှင်းသည် အာဝဇ္ဇန်းရွှင်လှတဲ့ ပုစွန်သည်ကို ဘော်ရယ်ချင်လှပါသည်။

"မစားနိုင်ဘူး၊ ဒီဘက်က ဘယ်ဈေးလဲ"

"အသေးတွေ ဘာတွေ လုပ်မနေနဲ့၊ ဒီအသေးတောင် သုံးထောင့်ငါးရာဈေး၊ ဘယ်စားတော့မလဲ၊ ဒါပဲ စားမှာပေါ့ နော့"

ဦးရန်ရှင်း ခေါင်းကုတ်ရသည်။ အသေးနဲ့ အကြီး ကြီးပဲ စားမှာကတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ဈေးက ရှိသေး အား ဂျီးတစ်ယောက် တစ်နေ့ ဈေးဖိုးဘယ်လောက် သုံးပါလိမ့်။ ရှ မသိပေ။

"ကုတ်မနေပါနဲ့၊ အစ်ကိုကြီးကလည်း"

"ဗျာ"

"ခေါင်းတွေ ကုတ်မနေပါနဲ့လို့၊ ချိန်လိုက်မယ်"

"ကဲ ... ကဲ ... ချိန်ဗျား၊ ငါးဆယ်သားပဲထည့်၊ သုံးထောင်ဖိုး"



www.burmeseclassic.com

www.burmeseclassic.com



"ငါးဆယ်သား ဘာသွားလုပ်မှာလဲ"

"ငါးဆယ်သား စားမှာပေါ့ဗျာ၊ ထည့် ... ထည့် ... ငါးဆယ်သားပဲ"

ပုစွန်သည်က ရွေးကောက်ထည့်နေရင်းတောင်မှပင် —

"ဘယ်ဝမလဲ"

"အာ ... ဝတယ်၊ ဝတယ်၊ ရတယ်"

ပုစွန်သည်သည် ယောကျ်ားကြီးတစ်ယောက် မလည်မဝယ် ဈေးလာပုံပေါက်နေသော်လည်း ဦးရန်ရှင်း မျက်နှာက ချစ်မွေးပါလှလေရာ ကလိမ်ကကျစ် မလုပ်ဘဲ လတ်ဖွေ့ ဝဖွေ့တွေကို ကောင်းကောင်းကြီး ရွေးယူထည့်ပေးပါသည်။

"ဒီမှာ ခေါက်ထိုးကြီး၊ အသာကြီး ချိန်ပေးလိုက်တယ်နော်"

"အဆစ်ပေးဦးဗျာ"

"တို့အစ်ကိုကြီးက အဆစ်လည်း တောင်းတတ်သားပဲ၊ ဟဲ ... ဟဲ ... ရော့"

ဦးရန်ရှင်းက သူ့ခါးနောက်ဘက်က ဝေါလက်လေးကို လက်နောက်ပြန်နှင့် ထုတ်ယူသည်တွင် သူ့တံတောင်ဆစ်





တစ်ဖက်သည် တစ်စုံတစ်ယောက်သော သူကို ဂွပ်ခနဲ တွက်လိုက်မိတော့ရာ ...

"အမယ်လေး"

အလန့်တကြား မိန်းမသံတစ်ခုကြောင့် ဦးရန်ရှင်းက လန့်လန့်ဖျပ်ဖျပ် ယောင်ယောင်မှားမှားနှင့် လက်ကားယားခြေကားယား ချာခနဲ လှည့်လိုက်တော့မှ ခုနက ကျောပြင်ကို တံတောင်နဲ့ တွက်ထားမိလို့ နာကျင်နေတဲ့ အမျိုးသမီးကို နောက်ပြန် ခြေထောက်တက်နင်းမိ၊ ဝင်လည်း ဆောင့်မိနှင့် ဝရုန်းသုန်းကားနိုင်စွာ အဆုံးမတော့ အမျိုးသမီးခမျာ ရွှံ့စပ်စပ် ဈေးလမ်းမပေါ် ဖင်ထိုင်ရက်လေး ချော်လဲပြုတ်ကျသွားလေတော့သည်။

"ဟာ ... ဟာ ... ဆောရီးဗျာ၊ ဆောရီးပါ၊ ဒုက္ခပါပဲဗျာ၊ အားနာလိုက်တာ"

တစ်ခါမှ မဖြစ်ဖူးသော အဲဖြစ်မျိုးမို့ နှုတ်မှ ကပေါက်တိကပေါက်ချာ တောင်းပန်မိကာ ခြေမကိုင်မိ လက်မကိုင်မိလည်း ဖြစ်နေရသည်။ အားနာလိုက်တာလည်း ပြောဖွယ်မရှိ။ မြေပေါ် ကျုံ့ကျုံ့ခွေလဲနေတဲ့ အမျိုးသမီးကို လက်ကမ်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လက် ... လက် ... တွဲပြီး ထလိုက်ပါလားဗျာ၊ ကျွတ် ... ကျွတ်၊ အားနာလိုက်တာဗျာ"

သန့်သည် နာတာထက် မိန်းမပီပီ ရှက်တာနှင့် ပေပေရေရေကို ရွံတာက ပိုနေသည်။ အမြန်လူးလဲထဖို့ ကမ်းတဲ့ လက်ကို ဆွဲယူအားအပြု မော်ကြည့်လိုက်မိတဲ့ သန့် မျက်လုံးတို့သည် ဝင်းသန့်နေတဲ့ မျက်နှာချောချောခန့်ခန့်တစ်ခုတွင် အငိုက်မိငေးစိုက်သွားသကဲ့သို့ လဲကျသူနှင့် လက်ချင်းဆုပ်ယူ အားပြုမိပြီးကာမှ လဲနေသူ ကို ကြည့်လိုက်မြင်လိုက်ရတဲ့ ဦးရန်ရှင်း မျက်ဝန်းတို့ဟာလည်း ကြည်လင်ကျက်သရေရှိလှတဲ့ လှတစ်မျက်နှာတွင် ကြောင်အတွေငေးသွားပါသည်။

တစ်ယောက်က မတ်တတ်၊ တစ်ယောက်က မြေပေါ် ခွေလဲ၊ လက်ချင်းဆုပ်ယူမိပြီးမှ စက္ကန့်ပိုင်းမျှ ကြက်သေသေ အငိုက်မိငြိမ်သက်သွားကြတဲ့ သူတို့နှစ်ယောက်ဟာ ရှက်ရှက်နှင့် မျက်လုံးချင်း လွှဲပစ်လိုက်မိကြကာ ...

"ရလား ... ထ,ထ၊ ကျွတ် ကျွတ် ... ပေကုန်ပြီဗျာ၊ သိုပ်အားနာတာပဲဗျာ"

"အင်း ... အင်း၊ ရ ... ရပါတယ်၊ မတော်တဆ ဖြစ်ရတာပဲ"

"နာသွားသေးလား ခင်ဗျာ"





"နာတာက မနာပါဘူး၊ ပေကုန်တာတစ်ခုပါပဲ"

"ကျွန်တော် အိမ်ပြန်ပို့ပေးပါရစေ၊ ဝယ်တာပြီးပြီလား"

"ဟုတ်ကဲ့ ပြီးပါပြီ၊ ဟိုဘက် ဟင်းရွက်တန်းက လူများ နေလို့ ဒီဘက်က ထွက်ကာမှ"

"ဝယ်ပြီးပြီဆိုရင် ကျွန်တော် အိမ်ပြန်ပို့ပါရစေ၊ ပေရေကုန် တာ ကြည့်မကောင်းပါဘူး"

"နေပါစေရှင်"

"ဘယ်နေပါစေလို့ ရမလဲ ခင်ဗျာ၊ လာပါ၊ ပို့ပေးပါရစေ"

"ဒီကကော ဈေးဝယ်တာ ပြီးလို့လား"

"ပြီးပါပြီ၊ ပြီးပါပြီ၊ လာ ... လာ ... အုတ်ခဲတွေကိုနင်း"

ဦးရန်ရှင်းက သူ့ခြင်းကို ဆွဲကောက်ကာ လှည့်ထွက် လျှင် ...

"ဟာ ... အစ်ကိုကြီး ... အဟီးဟီး၊ ပိုက်ဆံသုံးထော မပေးရသေးဘူးရှင့်၊ မေ့ကုန်ပြီ ထင်တယ်"

"ဟာ ... ဟုတ်ပါရဲ့၊ ဆောရီးဗျာ၊ ရော့ ... ရော့"

ဦးရန်ရှင်းက ငွေသုံးထောင် ထုတ်ပေးရသည် ပေပေရေရေမို့ ခပ်သွက်သွက် လျှောက်သွားတဲ့ အမျိုးသမီး နောက်မှ ထက်ကြပ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကား ဒီဘက်မှာခင်ဗျ"

"ရပါတယ်၊ အားနာပြီးတော့တော့ တကူးတက မပို့ပါနဲ့၊ ကျွန်မအိမ်က ရှေ့က လမ်းတင်ပါ၊ နီးပါတယ်၊ ဟိုရှေ့ လမ်းမှာ ညာဘက်ချိုးလိုက်ရင် ရောက်နေပါပြီ"

"သြော် ... ကျွန်တော်လည်း အဲဒီလမ်းထဲပဲ နေတယ်ဗျ"

"ဒါဖြင့် ... ရှင်က"

"ကျွန်တော်တို့ ပြောင်းလာတာ သိပ်မကြာသေးပါဘူး၊ ခြံနံပါတ် ဆယ်နှစ်ပါ"

"ဟင် ... ကျွန်မက ဆယ့်လေးလေ၊ သြော် ... ဒါဖြင့်ဒီက ဟိုဘက်အိမ်က ဂျီးဆိုတဲ့ မိန်းကလေးရဲ့ အဖေပေါ့နော်"

"ဟာ ... ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဂျီးရဲ့ ဒက်ဒီပါ"

"ကျွန်မ ဟိုဘက်ခြံက ဒေါ်သန့်လေးဆွေပါ၊ ဦး ... ဟို"

"ရန်ရှင်းပါခင်ဗျာ"

"ကပ်ရက်ဆိုတော့လည်း ဦးရန်ရှင်းလိုက်ပို့မှာကို အားနာစရာမရှိတော့ပါဘူး"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ တက်ပါ၊ တက်ပါ ဆရာမ၊ ဆရာမနော်၊ ဂျီး ပြောပြဖူးပါတယ်"

"ဟုတ်ကဲ့ပါ"





နှစ်ယောက်သား ဦးရန်ရှင်းရဲ့ ကားထဲ ရှေ့ခန်းမှာ ...ဒွဲတွဲထိုင်ဖြစ်ကြလျှင် တစ်ယောက်ကိုတစ်ယောက် ဖော်ရွေစွာ ...ကြည့်မိကြပါသေးသည်။ နည်းနည်းပြောင်းလဲသွားရတာကတော့ ...န့်ပင်။ သန့် စိတ်ထဲတွင် ဒီလူဟာ ဂျီးတို့ ကိုကို ညီညီတို့ရဲ့ ...ဖေ၊ အိမ်ထောင်သည်လို့ သိလိုက်သည်နှင့် ခုနက တဒင်္ဂ ...ိုက်မိခဲ့ရတဲ့ ကိုယ့်အဖြစ်ကို ကိုယ် ရှက်ရွံ့မိတော့ကာ မျက်နှာ ...လေးပင် နီမြန်းရှုံ့မဲ့နေမိပါသည်။

ဒီလိုလည်း တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးတဲ့ သန့်ပါ။ သန့်ဟာ ဣန္ဒြေရရလည်း နေခဲ့ပြီး ရင့်ရင့်ကျက်ကျက်လည်း ...ဖြစ်နေပြီဖြစ်တဲ့ မိန်းမတစ်ယောက်ပါ။

ဦးရန်ရှင်းကတော့ ကိုယ့်ဘေး ထိုင်နေတဲ့ သန့်လေး ဆွေကို အံ့အားသင့်သော၊ အားနာသော၊ စိတ်ဝင်စားသော အပြုံး ...မျိုးတွေနဲ့ တစ်ခဏ ငြိမ်ကြည့်နေမိရင်း ဂျီးရဲ့ အသံ နားထဲ ဝင်လာသည်။ ရွှေမှုန့်ဖျားထားတဲ့ နှုတ်သမီး ဆိုလား။ အင်း ... ...ဂျီး စိတ်ပူဟာမှ မလွန်ပေတာပဲ။ ဒီအသက်ဒီအရွယ်တွင်းတွေထဲမှာ တော့ ဒီမိန်းမ အလှဆုံးပဲလို့ ဆိုရမည်။

ဘယ်လိုကလေးမှန်းကိုမသိ လှနေတာ။ တံတောင် ဆစ်ကလေး ဧရာမွှတ်လုံးကွေးပုံကလေးမျိုးကအစ။ ကျားကွဲစပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ညှပ်တင်ထားတဲ့ ဆံပင်လေးတွေကိုက အိအိသက်သက်လေးတေ
ပန်းလေးလည်းလှ။ လက်သည်းလေးတွေကိုလည်း ဆရာမမို့ထ
အရှည်ကြီးမထားဘဲ ထိပ်လွန်ရုံလေး ညှပ်ထားသည်မှာ ကြည်
သန့်နေသည်။

"အဟမ်း ... ဟို ... ဆရာမနော်၊ ကျောင်းဆရာမ
ကြီးက ပြောပြပါတယ်"

"ဟုတ်ပါတယ်ရှင်"

"ဘယ်ကျောင်းကများပါလိမ့်ခင်ဗျာ"

"(...)ကျောင်းပါ၊ အိမ်ကနေလည်း သိပ်မဝေးလှဘူးလေ"

"ဆရာမ ဘယ်လိုသွားလဲ"

"ကျွန်မ ကျောင်းကားနဲ့"

"ကျွန်တော့သားနှစ်ယောက် ကျောင်းပြောင်းရင် ကော
မလားလို့ စဉ်းစားနေလို့ပါ။ အရင်ကျောင်းက သိပ်ဝေ
တော့ ကျောင်းကားနဲ့ဆိုရင် သူတို့တွေ အိမ်ကနေ တစ်နာရီ
လောက် ကြိုထွက်ပြီး ပတ်စီးနေရမှာ"

စကားပြောပုံ ရိုးရိုးသားသားနှင့် သားသမီးကို
ရှေ့တန်းတင်ကာ ပြောဆိုတဲ့ ဦးရန်ရှင်းကို သန့်က သဘောကျနှစ်
စွာ ငဲ့ကြည့်ရင်း ...





"အကယ်၍များ ဦးရန်ရှင်း သားတွေ ကျောင်းပြောင်းချင်
ရင် ကျွန်မ ကူညီပေးလို့ရပါတယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကျွန်တော် အဲဒါလေး စဉ်းစားနေ
တာ ဆရာမရယ်"

"စဉ်းစားပါဦး၊ ကလေးတွေ အမေနဲ့လည်း တိုင်ပင်ပြီး
ပြောင်းမှာသေချာရင် ကျွန်မ ကူညီပါ့မယ်"

ဦးရန်ရှင်း မျက်နှာက တစ်မျိုးလေး ဖြစ်သွားရပြီး

၃

"ကလေးတို့အမေက ဆုံးသွားပါပြီ ဆရာမ၊ အမြှာတို့
တစ်သက်ပေါ့"

"ဟင်"

သန့်မှာ အလန့်တကြား အံ့အားသင့်သွားပါသည်။

"ကျွန်မ မသိလို့ပါရှင်၊ စိတ်မကောင်းစရာပဲ"

"ဟုတ်ကဲ့၊ အမြှာတွေ ကိုယ်ဝန်နဲ့မှာ သူ အတော်ချူချာ
ပါတယ်၊ ဒီကလေးနှစ်ယောက်ကိုလည်း ခွဲပြီး မွေးထုတ်
လိုက်ရပါတယ်၊ အမိမဲ့သားလေးတွေဆိုတော့ ကျွန်တော်ရော
ကြီးရော အလိုလိုက်ထားတော့ ကလေးတွေက နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆိုးသလား မသိဘူး၊ ဆရာမတို့အိမ် မှန်ကွဲသွား တာလည်း သူတို့ ပြောပြလို့ သိရပါတယ်၊ တစ်လက်စတည်း ပဲ ဆရာမကို တောင်းပန်ပါတယ်”

“အို ... မလိုပါဘူးရှင်၊ ကလေးတွေဆိုတာ ဒီအတိုင်းပါပဲ ဆိုးတယ်လည်း ဘယ်ဟုတ်မလဲ၊ ဆော့တယ်ပေါ့၊ ဆော့ တဲ့ ကဲတဲ့ကလေးတွေဟာ ကျန်းမာရေးလည်းကောင်း ဉာဏ်လည်းကောင်းတဲ့သူတွေ ဖြစ်တတ်ပါတယ်”

“ဆရာမ ဘယ်နှတန်း သင်တာပါလဲ”

“ကျွန်မက သေးတန်းသင်ပါတယ်၊ မူလတန်းပြပါ”

“ဟာ ... ဒါဆို အတော်ပဲပေါ့ဗျာ၊ ကိုကို ညီညီက လေးတန်း တက်မှာဆိုတော့ ဆရာမကို အများကြီး အားကိုးရတော့မှာပဲ”

“ဟုတ်ကဲ့၊ ရပါတယ်၊ ကျွန်မက လုပ်သက်လည်း ရနေပြီ ဂျေလည်း အောင်ပြီးပြီဆိုတော့ အလယ်တန်းပြလုပ်လို့လည်း ရပါတယ်၊ ဒါပေမဲ့ ကျွန်မက မူလတန်းအရွယ်ကလေးတွေ ကို ပိုစိတ်ဝင်စားတယ်၊ ဒါကြောင့် မူလတန်းပြကနေ မပြောင်းဘဲ မူလတန်းပဲ ဆက်သင်နေပါတယ်”





“ဆရာမက စိတ်ရှည်တဲ့သူ ထင်တယ်”

“ကျွန်မ စိတ်တော့ မရှည်တတ်ဘူးရှင့်၊ ဒါပေမဲ့ ကလေး တွေကို နားလည်တတ်ပါတယ်၊ ကလေးတွေကို စည်းကမ်း တကျ ပုံသွင်းပြုစုပျိုးထောင်ခြင်းကို စိတ်ဝင်စားတာပါ”

ဦးရန်ရှင်းက သန့်ကို ပြုံးကာ နှစ်လိုစွာ ကြည့်၍ ဆောင်နေပါသည်။ ခရီးက အတိုလေးမို့ ကားက သန့်လေး တို့ ခြံရှေ့မှာ ရပ်ပြီးနေပါပြီ။ မဆင်းဖြစ်ကြသေးဘဲ မပြတ် သေးတဲ့ စကားကို ဆက်ပြောနေဖြစ်ကြတာပင်။

“ကျွန်မ သွားတော့မယ၊ အိမ်ထဲ ဝင်ပါဦးလို့ မဖိတ်တော့ ပါဘူး၊ ဦးရန်ရှင်း ရုံးတက်ရဦးမှာပေါ့၊ နောက်မှပဲ အေးအေး ဆေးဆေး ဖိတ်ပါ့မယ်၊ လိုက်ပို့တာ ကျေးဇူးပါပဲ”

“ကျေးဇူးတင်ဖို့ မလိုပါဘူး ဆရာမ၊ ကျွန်တော်သာ ဆရာမ ချော်လဲရတာကို အားနာနေတာ”

“ကိစ္စမရှိပါဘူးရှင်၊ ကဲ ... သွားပြီ ဦးရန်ရှင်း”

“ဟုတ်ကဲ့”

သန့် ဆင်းသွားလျှင် ဦးရန်ရှင်းက ကားကို ရှေ့ ဆက်မောင်းလာကာ ခြံထဲ ကွေ့ဝင်လာခဲ့ပါသည်။ ခြင်းတွဲ၏



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲဝင်လာလျှင် မီးဖိုဘက်မှ ပြေးထွက်လာသော ကြီး
ဦးရန်ရှင်းကို မျက်လုံးပြူးနှင့် ကြည့်ရင်း ...

"ဒက်ဒီ ကြာလှချည်လား၊ ဟင် ... ဒီမှာ ခြင်းထဲ ပု
တုပ်ကလေး ငုတ်တုတ်နဲ့ တခြားဘာမှလဲ မပါဘူး"

"ပုစွန်လည်း ဝယ်ပြီးရော ပြဿနာတစ်ခုဖြစ်တာနဲ့ ဘာ
ဆက်မဝယ်ဖြစ်ရတော့ဘူး ကြီးရဲ့"

ကြီးသည် ခေါ်ဖွားပုံကို ပုစွန်တုပ်ပေးလိုက်ရင်း ...

"ဘာလဲ ... ဘာပြဿနာလဲ၊ ဟိုဘက်က ဆရာမနဲ့မို့လား"

"ဟင် ... ငါ့သမီးက ဘယ်လိုလုပ်သိလဲ"

"သိတာပေါ့ ဒက်ဒီရဲ့၊ ဒက်ဒီ သူ့ကို ကားပေါ် ခေါ်တင်လ
ပြီး သူ့ခြံရှေ့ရပ်တော့ ကြီးက ခြံထဲမှာ ရှိနေတာ၊ ကြီ
အံ့ဩပြီး ကြည့်နေတာ သိလား၊ မဆင်းသေးဘဲ စကားပြေ
တောင် အကြာကြီး ပြောနေသေးတယ်၊ ဒက်ဒီကား ခြံ
ထဲဝင်မှ ကြီးနောက်ဖေးပေါက်က တက်လာတာ။ ဘာလဲ
ဒက်ဒီတို့က အစကတည်းက သိကြတာလား"

"မသိပါဘူး၊ မြင်ရက်သားနဲ့များ ကြာလှချည်လားတေ
ဘာတွေ လုပ်နေသေးတယ်"





"ဒက်ဒီ ညာပြောမလားလို့ပေါ့"

"ဒက်ဒီက ဘာလို့ ညာရမှာလဲ ကြီးရယ်"

"ကြီး ကြိုက်မှာ မဟုတ်ဘူးဆိုပြီး ညာမလားလို့ပေါ့"

"ကြီးကလည်း အခြောက်တိုက် သက်သက် မကြိုက်ဘူး
ဆိုတဲ့ စိတ်မျိုး မထားနဲ့လေ၊ ကြီးက အဲသလို ဖြစ်နေမယ်
ဆိုရင် ဒက်ဒီမှာ သက်သက်မဲ့ စိတ်ကျဉ်းကျပ် ကိုယ်ကျဉ်း
ကျပ် ဖြစ်နေမှာပေါ့၊ ဒက်ဒီကလည်း ဘယ်တော့မှ ညာမှာ
မဟုတ်ပါဘူး"

ကြီးသည် ဒက်ဒီကို အားနာ ကရုဏာသက်သွားကာ ...

"ဒက်ဒီတို့ ဘာတွေ ပြောနေတာလဲဟင်"

"ကိုကို ညီညီတို့ ကျောင်းကိစ္စနဲ့ စကားစပ်ပြီး ပြောနေတာ"

"ဘယ်လိုလုပ်ပြီးတော့ကော သိကြတာလဲ"

ဦးရန်ရှင်းက ဈေးထဲက ဖြစ်ပျက်ပုံကို သမီးဖြစ်သူ
ကြီးကို ပြုံးတုံ့တုံ့နှင့် ဇာတ်ကြောင်း ပြန်ပြရပါသည်။ ကြီးသည်
ခဲမဲ့ဖြစ်မလို ရှုံ့မဲ့ကာ ...

"ပ င် ... ဒက်ဒီကလည်း လက်တောင် ဆွဲထုလိုက်သေး
တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ၊ ကိုယ့်ကြောင့် လဲကျနေပြီလေ ဂျိုးရဲ့၊ အ
လိုလူမျိုးကိုမဆို လက်ကမ်းဆွဲထူရတော့မှာပဲ"

"သူ့ကို လှတယ်လို့ ဒက်ဒီ မထင်ဘူးလား"

ဦးရန်ရှင်းက အိပ်ခန်းထဲ တက်လာရာ ဂျိုးကလ
နောက်က ပါလာပါသည်။ ရေချိုးဖို့ ပြင်တာကို မျက်နှာသ
ပဝါတွေ ဘာတွေ ယူပေးပြန်သေးကာ ...

"ဟင်လို့ ... ဒက်ဒီ ဖြေလေ"

"မလှပါဘူး ဂျိုးရာ"

"အမယ် ... ဒါ ... ဒက်ဒီ ညာတာ"

"တကယ်ပါ၊ ငါ့သမီး ဂျိုးကမှ သူ့ထက်စာရင် ပိုတေ
လှပါသေးတယ်"

မဟုတ်မှန်း သိ၍ ဂျိုးက စူပွပွနှင့် ဒက်ဒီ့ကျေ
မျက်စောင်းထိုးမိသည်။

❋ ❋ ❋





## ၃

"ဂျိုး"

"ဘာလဲ"

"ဟိုမှာ ကြည့်လိုက်"

"ဘာကိုလဲ"

"ဟိုလင်မယားလေ"

ဂျိုးက ထွင့်မြတ်လေး ညွှန်ပြရာကို လှည့်ကြည့်လျှင် ရေကူးကန်ရဲ့ ကန်ပေါင်နံဘေး နေရိပ်လေးမှာ သူတို့ ကလေးတွေ ရေကူးတာ စောင့်ပေးနေပုံရတဲ့ လင်မယားတစ်စုံတွဲမှာ ခနိုး လုပ်သူက ယောကျ်ားကို ဇက်ကြောဆွဲပေးနေတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျီးက လေးကို မျက်စောင်းရွယ်ရင်း ...

"ဟွန်း ... တော်တော်အားကျ"

"အားကျသင့်ရင်ကျမှာပေါ့"

"တော်တော်စိတ်ကူးယဉ်"

"စိတ်ကူးပဲယဉ်လို့ရတာကိုး လို့"

"အောင်မာ၊ ဇော်ကြောတက်တာလောက်နဲ့တော့ စိတ်ကူ တွေ သိပ်ယဉ်နေဖို့ မလိုပါဘူးနော်၊ နှိပ်ပေးဆို အခု နှိ ပေးပါတယ်"

"ဇော်ကြောတက်လို့မှ မဟုတ်တာကွာ"

လေးက ရှုံ့မဲ့၍ မကျေမချမ်း ဆိုသည်။ ဂျီးသည် ရေကူးကန်ငယ်ထဲမှာ လေမှုတ်သောကွင်းကို လုနေကြသော ကိုကိုနှင့် ညီညီထံ ...

"ဟိတ် ... ကိုကို ညီညီ၊ ရန်မဖြစ်နဲ့စမ်း"

ကိုကိုနှင့် ညီညီမှာ ဘောကွင်းကို ဆက်လုယက် နေဆဲ။

"လုပ်ပါဦး လေးရာ၊ ဟိုမှာ"





ထွင့်မြတ်လေးက ထိုင်ရာမှ ထကာ ကိုကိုနှင့်ညီညီ ူးနေရာ ကန်စပ်၌ ရပ်၍ ခါးကိုင်းပြီး လေမှုတ်ဘောကွင်း ထ်ဖူးစိမ်းရောင် အပွင့်ကျားကို လှမ်းဆွဲယူလိုက်ကာ နဂို ထိုင် ာက်စ နေရိပ်ထဲက ဒရင်းမ်ဘက်ဒ် အဖြူရှည်ကြီးဆီ ပြန်လာ ထိုင်လိုက်ပါသည်။

ဒီညနေ ဂျီးတို့ မောင်နှမသုံးယောက်ကို လေးက ာခေါ်ပြီး လှိုင်သာယာ နဝဒေးဥယျာဉ်အိမ်ယာထဲက ရေကူးကန် ကို ကလေးတွေ ရေကူးရအောင် ခေါ်လာခြင်း ဖြစ်ပါသည်။ ဤ အိမ်ယာထဲမှာ လေး ဝယ်ထားသည့် တိုက်လေးတစ်လုံးလည်း ၍ လေးရဲ့ ကုမ္ပဏီမှာလည်း ဒီက တိုက်အိမ်နှစ်လုံးလောက်ကို ခင်တီးရီးယား ဒက်ကရေးရှင်း လာလုပ်ပေးနေတာရှိသည်။ ာလေးတွေကို လေးက ဒီရေကူးကန်ဆီ မကြာခဏ ခေါ်လာပို့ း:တတ်လေ့ ရှိပါသည်။

"ကိုလေး ပေးပါ၊ ပေးပါ၊ ကိုကိုတို့ဟာကို"

"မပေးဘူးဟေ့ကောင်တွေ"

"ပေးပါ ကိုလေး၊ ပြန်ပေးပါ"

"မင်းတို့ အတူတူမဆော့ဘဲ လုနေတာ၊ တစ်ကွင်းတည်း ရှိတဲ့ဟာ၊ ဘယ်သူမှ မဆော့နဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ညီညီတို့ တူတူဆော့ပါမယ် ကိုလေး"

"ဘာ ... ဟား ဟား၊ မင်းတို့လား တူတူဆော့မှာ"

"တကယ်ပါ၊ ကိုကိုလည်း မလုတော့ပါဘူး"

"တကယ်လား"

"ဟုတ်ကဲ့"

"ရော့"

လေးက ဆောက္ကင်းကြီးကို ရေထဲ လှမ်းပစ်ပေးလိုက်ပါသည်။ ကိုကိုနှင့် ညီညီမှာ မလုယက်ရဲတော့ပေ။ တစ်ယောက်တစ်လှည့် ဆော့ကစားနေပါတော့သည်။

"ယောက်ဖလောင်းတွေကို တော်တော်သြဇာရှိပေါ့၊ ဟုတ်လား ... ဟွန်း"

"အမယ်လေး၊ မရှိရဲပါဘူးဗျာ၊ ကံစွပ်ပြီး ဒီကောင်ရေခဏနဲ့ ပြောလို့ရသွားတာပါ၊ ကိုယ့်မှာ ယောက္ခမလောင်းရော ယောက်ဖလောင်းတွေရော ကိုယ့်ကို လိုလားအောင် မနည်းကြိုးစားနေရတာပါ"

"လိုလားပါတယ် လေးရယ်၊ လေးကို သူတို့အားလုံး လိုလားပြီးသားပဲဟာ"





"မလိုလားတာ ဂျီးပဲလေ၊ ဒါကြောင့် အန်ကယ်များ အန်ကယ့်အာဏာနဲ့ မြန်မြန်ပေးစားမလားလို့ မျှော်လင့်နေရတာ"

"လေးကလည်း အမြဲ ဒါပဲ၊ လေးတို့ ဂျီးတို့ ငယ်ပါသေးတယ်"

"လုံး၀ မငယ်ဘူးကွာ"

"လေး စဉ်းစားကြည့်စမ်း၊ အခါခါလည်း ပြောပြီးပြီ၊ ဂျီးမရှိတော့ရင် ဒက်ဒီနဲ့ ဒီနှစ်ယောက် ပြောင်းဆန်နေမှာပေါ့၊ ဒက်ဒီ ဘယ်လိုမှ မနိုင်နင်းတာ အကြောင်းပြုပြီး အိမ်ထောင်ပြုဖို့ ဖြစ်လာလိမ့်မယ်"

"ဂျီးက သေသွားမှာမှ မဟုတ်ဘဲ၊ ယုတ်စွအဆုံး ဒီအိမ်မှာပဲ ဆက်နေလည်းရတယ်"

"အဲဒီကျတော့ရော မိသားစုနဲ့ လေးကို အချိန်ခွဲဝေပေးနေရမှာ၊ ကြာရင် လေးက ကြည်ဖြူမှာလား"

"ဒီလိုပဲ ညှိပြီး မျှတပြီး နေနေကြတာချည်းပါပဲ ဂျီး၊ ဂျီးကျမှ အပူလွန်နေတာ"

"ပူရတယ်လေ၊ ပြောရဦးမယ်၊ ဒက်ဒီဟာလေ ခုတလော ပန်းပင်လည်း ဆင်းရေလောင်း၊ ခြံထဲ ဆင်းလျှောက်"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုလေးလည်း နေပါစေဦး ဂျီးရဲ့၊ တော်ကြာ ကို ဒက်ဒီ ချည့်သွားပါ့မယ်၊ သမီးကို အုပ်ထိန်းသလို အဒေ တစ်ယောက်ကို အုပ်ထိန်းချင်နေလို့ ဖြစ်မလား၊ အရင်တိုင်း ခန်းတုန်းကလည်း ဒီလိုပဲ၊ မျက်နှာချင်းဆိုင်တိုက်က ညီအစ် တစ်စုကြောင့် အန်ကယ့်ကို ဝရန်တာမှာတောင် စာဖတ်ခွင့် မပြုဘူး၊ ဂျီးအိမ်တွင်းပုန်းခိုင်းလွန်းလို့ ဂျီး ဒက်ဒီ အသားတွေ နေမထိဘဲ နည့်နေတာဖြစ်မယ်"

ထွဋ်မြတ်လေးက ခပ်ပိုပိုလေး ပြောလိုက်၍ ဂျီးက တဟင်းဟင်း ရယ်မောနေပါသည်။

"အခုတစ်ခါကတော့ တကယ်ကို ထူးခြားလာမယ်လို့ ထင်နေတယ်"

"ဩော် ... ဂျီး ပြောတဲ့ အဲဒီ ဒေါ်သန့်လေးဆွေဆိုတာကို မမလတ် သိတယ် သိလား"

"ဟုတ်လား"

"အင်း ... ကိုယ်က ဘာရယ်မဟုတ် စကားစပ်ပြောမိတာပါ၊ မမလတ်ကလည်း ဆရာမဆိုတော့ မမျှော်လင့်ဘဲ သိနေ တယ်၊ လွန်ခဲ့တဲ့ ငါးနှစ် ခြောက်နှစ်လောက်က မမလတ် နဲ့ တစ်ကျောင်းတည်း လုပ်ခဲ့ဖူးတယ်"





"သူ့အကြောင်းက ဘာတွေ ထူးခြားသေးလဲ"

"ဘာမှ မထူးခြားပါဘူး၊ သူက တော်တော်လှတဲ့ အမျိုး သမီးတစ်ယောက်ဆိုတာတော့ ပြောတယ်၊ ကျောင်းမှာလဲ စာအသင်အပြ၊ အတန်းအထိန်းအကွပ် ကောင်းတယ်ဆိုတဲ့ နာမည်ရတယ်တဲ့၊ မမလတ်နဲ့လည်း နည်းနည်းပါးပါးတော့ ရင်းနှီးတယ်"

"ဒက်ဒီက ကိုကိုနဲ့ညီညီကို အခု သူ့ကျောင်းပြောင်းမလို့ တဲ့ ပြောနေတယ်"

"ကောင်းတာပဲ၊ ပြောင်းပစေပေါ့၊ ကျောင်းကလည်း နာမည် ကြီးကျောင်းပဲ၊ ကိုယ့်အိမ်နဲ့လည်း မဝေးဘူး၊ သူလည်း ရှိတော့ ကောင်းတာပေါ့"

"သူ ရှိတာက ဘာကောင်းလို့လဲ"

"ဩော် ... ကောင်းပါပြီလား ဂျီးရယ်၊ ခွင့်တွေ ဘာတွေ တိုင်ချင်ဘာကအစ ဘာပဲဖြစ်ဖြစ် အားကိုးရတာပဲလေ၊ ကျောင်းက ဆရာမတစ်ယောက် ကိုယ့်အားအိမ်မှာ နေတယ် ဆိုတာ နည်းတဲ့ အားကိုးရမှုလား ဂျီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဂျိုးက သက်ပြင်းလေးတစ်ချက် ချမိသည်။ ဟိုးအရင်ကတည်းက ဒက်ဒီ့ကို တိုသည် ဆိုပေမဲ့ တိုမည့်သာ တိုနေတာ ဒက်ဒီ့ထံ ဘယ်မိန်းမကမှ ပတ်ပတ်သက်သက် ရင်းနှီးတိုးကပ်မလာခဲ့။ အခုတစ်ခါကျမှ အဲသလို ဖြစ်လာစရာ အခင်းအကျင်းလေးတွေ မြင်နေရပြီ။

ဒက်ဒီကလည်း ဒီဘက်ခြံထဲ ...။ ဒေါ်သန့်လေးဆွေတို့ တူဝရီးကလည်း ဟိုဘက်ခြံထဲ အသီးသီးဆင်းကာ ပေါင်းသင်မြက်နုတ်သလိုလို၊ သစ်ပင်ပန်းဆင် ကြည့်သလိုလိုနဲ့ ပြုံးနှုတ်ဆက်ကြတာမျိုးလည်း မြင်ရရဲ့။ ဒေါ်သန့်လေးဆွေတို့ကိုတော့ ခုမှ သက်သက်မဲ့ ခြံထဲ ဆင်းပြနေသည်လို့ ဘယ်လိုမှ ပြောလို့မရပါ။

ဂျိုးတို့ ပြောင်းလာတဲ့နေ့ကစပြီး သူတို့ တူဝရီးကို ခြံထဲမှာပဲ တွေ့ရတာက များနေတာပါ။ နွေရာသီ ကျောင်းပိတ်ရက်မို့ ဒေါ်သန့်လေးဆွေဟာ အမြဲပဲ အိမ်မှာ ရှိနေပါသည်။ ဒက်ဒီ အိမ်မှာ မရှိတဲ့ အချိန်တွေလည်း သူတို့ တူဝရီးကတော့ ခြံထဲမှာ ရှိနေတတ်တာပဲမို့ပင်။

ဒက်ဒီကိုလည်းပဲ ဂျိုးက အပြစ်မတင်ရက်ပါ။ ခြံနဲ့ဝင်းနဲ့ နေမှတော့ ခြံထဲဆင်းကာ လမ်းလေးဘာလေး လျှောက်ချင်ဦး





...ပေါ့၊ ကိုကို ညီညီနှစ်ကောင်တောင်မှ ခြံထဲ ရောက်ကတည်းက ...လိုလို အိမ်ပေါ်မှာနေတယ်လို့မှ မရှိတာ။

"ဂျိုးတစ်ယောက်ဟာ ပူစရာမလိုတာတွေကို ပူနေတာပဲ၊ အန်ကယ့်လည်း သူ့ စိတ်လှုပ်ရှားတဲ့၊ ထပ်ပြီးမြတ်နိုးရတဲ့ မိန်းမ မတွေ့သေးလို့သာပေါ့၊ တွေ့လာရင် ဂျိုး တားနိုင်မလား၊ တားကော တားသင့်သလား စဉ်းစားပေါ့ ...

ဖြစ်သင့်တာက ကိုယ်တို့လည်း ကိုယ်တို့ဟာကိုယ်တို့ လက်ထပ်သင့်တဲ့အချိန်လက်ထပ်၊ ဒီအိမ်က မခွဲဘူးဆိုလည်း နေချင်နေပေါ့၊ အန်ကယ်လည်း သူ မြတ်နိုးတာ ထပ်တွေ့ရင် လက်တွဲခွင့်ပြု"

"မြတ်နိုးစရာလား၊ မြတ်နိုးစရာလားလို့၊ တစ်ခါတည်း၊ အသက်ပဲကြီးနေပြီ"

"ဂျိုးအဖေ ငယ်ငယ်လေးရှိသေးတာပဲ၊ ခုခေတ်မှာ အသက်ခြောက်ဆယ် အဘိုးကြီးလည်း အိမ်ထောင်ထပ်ပြုတာပဲ"

"အဲသလို ပြုဖို့ လိုအပ်သွားမှာစိုးတာပေါ့"

"ဘာမှ မဆိုင်ဘူး၊ လိုအပ်တာတွေ မလိုအပ်တာတွေနဲ့ လုံးဝမပတ်သက်ဘူး၊ ပုထုဇဉ် ဂျိုးရဲ့၊ ပြီးတော့ ယောကျာ်းတစ်ယောက်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ၊ အဲဒီတော့ ဂျီးက ကိုကိုနဲ့ညီညီကို ဒေါ်သန့်လေးဆွေ ကျောင်းပြောင်းဖို့ သဘောတူရမှာပေါ့ ဟုတ်လား"

"ဒါပေါ့၊ သဘောတူရမှာပေါ့"

"ဒက်ဒီက ဂျီးသဘောထားကို မေးထားတယ်"

"သဘောတူတယ်ပဲ ပြောရမှာပဲ၊ အဆင်ပြေဆုံး ကျောင်း ဟာ"

တကယ်ဆို အဆင်ပြေမှန်းတော့ ဂျီးလည်း သိပါ သည်။ ဝန်မခံလိုရင်သာ ရှိရမည်။ ဒေါ်သန့်လေးဆွေ နေရာမှာ ကျောင်းဆရာတစ်ယောက် ဆိုရင်တော့ ဂျီး ကိုယ်တိုင်တောင် လိုလိုလားလား သွားအကူအညီ တောင်းနေမိမှာပါ။ ခုဟာက အမျိုးသမီးတစ်ယောက် ဖြစ်နေလို့။ အဲဒီကတည်းက ဂျီးရဲ့သဘော ထားက မျှတမှု မရှိဘူးလို့ ဆိုနိုင်ပါပြီ။

အဲဒီကျောင်းဟာလည်း နာမည်ကြီး ကျောင်းကောင်း မောင်ငယ်နှစ်ယောက်ကို ထားဖို့ နှစ်ခြိုက်သည့်ကျောင်းပါဝင်၊ ဒေါ်သန့်ကို ထည့်မတွက်ရင်ပေါ့။ ဘာမှ သေသေချာချာ ရေရေ ရာရာ ခြေခြေမြစ်မြစ် မဟုတ်တဲ့ ကိစ္စတစ်ခုအတွက်နဲ့ ပတ်သက် ပြီးတော့ကော ဂျီးက အဖြစ်သည်းနေဖို့ သင့်ပါသလား။





အင်း ... နောက်ဆုံးတော့ ဂျီးဟာ ဂျီးရဲ့ သဘောထား အတွက် ဒက်ဒီကို ခေါင်းသာညိတ်ပြရမှာပါပဲ။

❋ ❋ ❋

"နေ့လယ်ကတောင် ဖေဖေ့ဆီက ဖုန်းလာတယ်"

"ဟုတ်လား မေမေ၊ ဘာထူးသေးလဲ"

"ဖွန်လဆန်းရက်လောက် ဖေဖေ ပြန်လာမယ်တဲ့၊ ဖေဖေ ရယ်၊ ဖေဖေတို့ သင်္ဘောက ဖေဖေ့စက္ကန်းမိတ် ဖော်ဦးဆွေ ဆိုတာရယ်၊ နောက်ထပ် နှစ်ယောက်၊ လေးယောက် အတူပြန်လာကြမယ်"

"ဒါကြောင့် မေမေ့ မျက်နှာကြီး ပြုံးနေတာကိုး"

"ဟွန်း ... ကျုပ်ကို စဖို့ စိတ်ကူးမနေနဲ့၊ ဖေဖေက နှစ်ကုန်ဒီဇင်ဘာလောက် သို့မဟုတ် ဇန်နဝါရီလောက် ပြန်ထွက်မယ်၊ ခြောက်လတော့ နေဦးမယ်လို့ ပြောတယ်၊ အဲဒါ အဲဒီအချိန်ကာလအတွင်းမှာ မင်္ဂလာပွဲလေး ဘာလေး အစီအစဉ် မဖြစ်နိုင်ဘူးလား လေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ထွင့်မြတ်လေးသည် စားလက်စ ထမင်းပင် နင်သွားသလို ဖြစ်သွားရပါသည်။

"သိတင်းကျွတ်အပြီးလေ၊ အတော်ပဲဟဲ့"

မမကြီးကလည်း ဝင်တိုက်တွန်းပြန်သည်။ ထွင့်မြတ်လေးဟာ အစ်မသုံးယောက် အောက်က မောင်ငယ်။ အငယ်ဆုံး အစ်မ မမငယ်ဟာ လေးထက် ရှစ်နှစ်ကြီးသည်။ မမလတ်က ဆယ်နှစ်ကြီးကာ မမကြီးက ဆယ့်နှစ်,နှစ် ကြီးပါသည်။ အစ်မသုံးယောက်စလုံးဟာ အပျိုကြီးပေါက်စ အပျိုလတ်တွေ။ ဘယ်လို အထုံပါရမီပါလာလို့မှန်း မသိဘဲ တစ်ယောက်မှ ရည်းစားမထားချစ်သူမရှာ။ အိမ်ထောင်မပြုချင်သူတွေပင်။

သူတို့အိမ်ထောင်ရေး စိတ်မဝင်စားသော်လည်း လေးရဲ့ အိမ်ထောင်ရေးကိုတော့ စိတ်ဝင်စားကြလှပေရာ လေး ဆယ့်ရှစ်နှစ်ရွယ်လောက်က ဂျီးနှင့် စကြိုက်ကြကတည်းက သဘောတွေလည်းတူ၊ ဂျီးကိုလည်း လိုလိုလားလား ဝိုင်းချင်ကြကာ ဘွဲ့ရကြပြီး နောက်ပိုင်းမှာတော့ အိမ်ထောင်ပြုဖို့ကို သူတို့ကိုက လိုလိုချင်ချင် တိုက်တွန်းတောင်းဆိုနေကြတော့သည်။





တစ်သက်မှာ ဒီရည်းစားတစ်ယောက်တည်းထားခဲ့တဲ့ ထွင့်မြတ်လေးအဖို့လည်း ချစ်သူ ဂျီးကို လက်ထပ်ချင်တာပေါ့။ ဒါပေမဲ့လို့ သူ ချစ်ရတဲ့၊ သူ မလွန်ဆန်နိုင်တဲ့ သူ စိတ်ချစ်စေလိုတဲ့ ချစ်သူဂျီးကမှ လက်ထပ်ဖို့ သဘောမတူသေးဘဲ။

ဒီတော့ မေမေတို့ အစ်မတို့ ဒီစကားမျိုးပြောလျှင် ထွင့်မြတ်လေးမှာ စိတ်ကျဉ်းကျပ် ကိုယ်ကျဉ်းကျပ် ဖြစ်လှသည်။

"မမကြီးမောင်က တိတ်သွားပြီလေ၊ အဲဒီအတိုင်းပဲ"

"ဟဲ့ ... ပါးစပ်ကြီး ပိတ်မနေနဲ့၊ ပြောဦး ဆိုဦး"

"ဟာ ... မေမေတို့ မမတို့ကဗျာ၊ ထမင်းကောင်းကောင်း မစားရဘူး"

"နင်ဟာလေ၊ ပြောလိုက်ရင် ဒီလိုချည်းပဲ"

အမေရော အစ်မတွေပါ လက်မထပ်ဖြစ်နိုင်သေးခြင်းအတွင် ဂျီးသဘော အဓိကဆိုတာလည်း အားလုံး အကြောင်းသိနေကြပါသည်။

"ငါတော့ ဒီတစ်ခါ မင်းအဖေ ပြန်လာရင် မင်းအဖေပါခေါ်ပြီး ဦးရန်ရှင်းကိုပဲ တိုက်ရိုက် တက်စကားပြောပြီးတောင်းတော့မယ်၊ အဲဒီ ဂျီးဆိုတဲ့ ကောင်မလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



အခိပ္ပာယ် မရှိတာနဲ့ ဆံချိန်ဆွဲနေတာပဲ၊ ဒီတစ်ကြိ
လက်မထပ်ဖြစ်ရင် မင်းအဖေက သဘော်ပြန်တက်သွားေ
နောက်ထပ် နှစ်,နှစ်လောက် သွားပြန်ရော၊ တစ်သက်တာ
မင်္ဂလာဆောင်တယ် ဆိုမှတော့ ကိုယ့်အဖေပါ ပွဲထုတ်
နေရာ လမ်းလျှောက်လိုက်ပါနိုင်မှ ကောင်းတာပေါ့”

“မဆိုင်ပါဘူး မေမေရာ၊ ဂျီးဆို အမေ မရှိဘူး၊ အမေနေ
လျှောက်မဲ့သူမှ မရှိဘဲ”

“ဟဲ့ ... ဆင်ခြေမတက်နဲ့ တိတ်”

တူ့မြတ်လေးကလည်း တမင် ကိုးလိုးကန့်လ
ခွတိုက်ပြောတာဖြစ်သည်။ မေမေ အော်လိုက်တော့ ပါးစပ်ပိ
ထားရ၏။

“အမေ မရှိလို့၊ အဖေမရှိလို့ မလျှောက်နိုင်တာတော့
ဘယ်တတ်နိုင်မလဲ၊ မင်းမှာ မိစုံ ဘစုံနဲ့ပဲ၊ ကိုယ့်မိဘနှစ်ပါး
လုံးရှိရက်နဲ့ ပါဝင်မှ ကျက်သရေမင်္ဂလာ ပိုရှိတာပေါ့
ကဲ... မင်းက ဒီလို ဆင်ခြေတက်တော့ မင်း အဖေ
သဘော်ပြန်တက်သွားပြီးရင်ကော ဘယ်နှလလောက်နေရင်
တော့ မင်္ဂလာဆောင်ဖို့ ဖြစ်နိုင်ပါလိမ့်မယ် စသဖြင့် ဂျီး
က ပြောထားလို့လား”





“ဟင့်အင်း”

“မေမေ့ သားက သူ့ရည်းစားမှ သူ မပိုင်ဘဲနဲ့”

“ဟုတ်ပါတယ်၊ ဝန်ခံပါတယ်၊ မပိုင်ပါဘူးဗျာ၊ သူ့ကို
နိုင်အောင်လည်း မပြောနိုင်ပါဘူး၊ မေမေတို့ မမတို့ ပြော
နိုင်ရင် ပြောကြပေါ့”

“ဟဲ့ ... ငါတို့က In-Lawsတွေ၊ အတင်းအကျပ် ပြောလို့
ကောင်းမလား၊ နင် ရအောင်ပြောရမှာ”

“အင်းလေ၊ သူများတကာတွေမှာ သဘောမတူလို့ ပြဿနာ
ဖြစ်ရတာပဲ ကြားဖူးတယ်၊ သူတို့ကျမှ သဘောတူလို့ပဲ
ပြဿနာ ဖြစ်ရတော့မလိုလို”

“ဟာ ... တစ်ယောက်တစ်ပေါက်နဲ့ဗျာ၊ မမကြီးတို့ကလည်း
နားညည်းလိုက်တာ၊ ကျွန်တော်လည်း မင်္ဂလာဆောင်ချင်
တာပေါ့၊ ဂျီးကမှ ... ...”

“ကဲ ... နင့်ဂျီးက နင့်ကို ဘယ်လိုပြောထားလဲ၊ ရှင်းရှင်း
ပြော၊ သူ့အဖေ မသေမချင်း သူက ယောကျာ်းမယူတော့
ဘူးလား ... ကဲ ...”

“အဲလိုတော့ မပြောဘူးပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်တော့လဲ"

"သူ့အဖေ ငါးဆယ်ကျော်မှတဲ့၊ ငါးဆယ်ကျော် ဆို
သူ့အဖေလည်း အဘိုးကြီးဖြစ်"

"ဘာမှ မဆိုင်ဘူး၊ ငါးဆယ်ကျော်တာနဲ့လည်း အဘိုး
မဖြစ်သေးဘူး၊ နှင့် ယောက္ခမလောင်းကြီးက ပိုတော
အဘိုးကြီး မဖြစ်သေး၊ ဒီလောက် ချောနေတာ၊ အိမ်ထော
ထပ်ပြုမပြုကတော့ ငါးဆယ်ကျော်တာနဲ့ စိတ်ချရပြီ
နေတာပဲ၊ ခြောက်ဆယ်လည်း သူ့ဖူးစာရှိသေးရင် ဖြ
ပြုသွားမှာ"

"အဲဒီထိ နှင် ထိုင်စောင့်နေရတော့ သေရောပေါ့"

ထွေ့မြတ်လေးက ဖွန်း၊ ခက်ရင်း ပစ်ချ၍ ခေါင်း
ကုတ်ဖွကာ ...

"ကဲ ... ဒီတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ၊ ကျွန်တော
လည်း တွေ့တိုင်း ပူဆာတာပဲ၊ အပ်ကြောင်းထပ်နေ
ရက်ဖို့တောင် ကောင်းနေပြီ"

"နှင့်ဂျီးက စိတ္တဇလို ဖြစ်နေပြီ"





"ဟုတ်တယ်၊ အန်ကယ်ဦးရန်ရှင်းက သူ့ဟာသူ ယူချင်စိတ်
မရှိလို့ ထပ်မယူဘဲ နေတာကို သူ စောင့်ရှောက်ထိန်းသိမ်း
ထားနိုင်လို့လို့ ဂျီး ထင်နေတာဟဲ့၊ ဦးရန်ရှင်း မိန်းမယူဖို့
အရွယ်မကုန်မချင်းသာ စောင့်နေရရင် ဖြစ်မလား၊ အဲဒီတော့
နောက်တစ်နည်းက ဦးရန်ရှင်း စောစောစီးစီး မိန်းမယူ
သွားရင် အကောင်းဆုံးပဲ"

"အဲ ... အဲ ... မမလတ်နဲ့ ဒေါ်သန့်လေးဆွေ ရင်းနှီးတယ်ဆို"

"အရမ်း အရင်းအချာကြီးလိုမျိုးတော့ ရင်းနှီးတာ မဟုတ်
ဘူးဟဲ့"

"အခုက ခြံချင်းကလည်း ကပ်ရက်၊ ကလေးတွေကိုလည်း
သူ့ကျောင်း ပြောင်းဖို့ရှိတယ်၊ အဘိုးကြီးနဲ့ အဲဒီအမျိုးသမီး
နဲ့က ဆက်ဆံပတ်သက်စရာလေးတွေ ခပ်ကျဲကျဲရှိတယ်၊
သူတို့ချင်း ကြည်သွားရင်လည်း ကောင်းသား"

"အဲဒီ မသန့်က တော်တယ်ဟဲ့၊ ဉာဏ်ရွေလည်းရှိတယ်၊
မိန်းမကောင်းတစ်ယောက်ပဲ၊ ဖြစ်သွားရင်လည်း ခပ်ကောင်း
ကောင်းပေါ့၊ ဒါပေမဲ့ အဲသလောက် စွက်စွက်ဖက်ဖက်
ပြောရလောက်အောင် ငါနဲ့ မခင်ပါဘူး၊ သူကလည်း



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလား မောင်လား လူပျိုကြီးတစ်ယောက် ရှိသေးတယ် မိဘတွေ မရှိတော့ဘူး၊ ဒါပေမဲ့ အပျိုကြီးမို့ စစ်စစ်စီစီသာ နေတတ်တာ၊ ပိုက်ဆံရှိတယ်ဟဲ့"

"ဟား ... ဟား၊ ကျွန်တော်တို့မိသားစုလည်း ဂျီးကွယ်ရာ မှာ သူတို့အိမ်တွင်းရေးကို စဉ်းစား စီစဉ်နေလိုက်ကြတာ အန်ကယ်နဲ့ ဒေါ်သန့်လေးဆွေကပဲ ကိုယ့်သားသမီးတွေ ကျနေတာပဲ"

မိသားစုတစ်သိုက် တဟားဟား၊ ရယ်ရင်း မောရင်း စကားပြတ်သွားရပါသည်။ စကားသာ ပြတ်သွားပေမဲ့ ထွင့်မြတ် လေး စိတ်ကူးထဲမတော့ အတွေးက ပြတ်မသွား။ သူနဲ့ ဂျီးကိစ္စက အားလုံး ပြောလည်းပြောစရာ။ ဒီအတိုင်း အီးလေးဆွဲပြီး ရေစုန် မျောနေလို့တော့မဖြစ်။

ဒီတော့ ဦးရန်ရှင်းကို အဖော်ရှာပေးဖို့ကိစ္စကို နောက် သလို ပြောင်သလို ပြောရုံမကဘဲ တကယ်အတည် အလေးအနက် ကြိုးပမ်းအားထုတ်ရင်များကောင်းမလား။ တကယ် အတည်လုပ် မယ် ဆိုရင်တော့ ဂျီး သိသွားလျှင် အန္တရာယ်ပင်။ ဘယ်သူမှ မသိအောင် ကျိတ်ကြံမှ ဖြစ်လိမ့်မည်။





ဂျီးရဲ့ ဒက်ဒီကော၊ ဂျီးမောင်နှစ်ယောက်စလုံးရော ထွင့်မြတ်လေးကို ခင်မင်စွာ လိုလိုလားလား ရှိကြသည်။ ခုချက် ချင်း လက်ထပ်လည်းပဲ ကန့်ကွက်မည့် မဲမရှိ။ ဂျီးကသာ သူ ရှိရင် သူ့ဒက်ဒီ မိန်းမ ယူမယ်တွက်နေတာ။ ဂျီး ရှိရှိနဲ့လည်းပဲ နေ့စာပါတော့ မိန်းမ ယူဖြစ်သွားရောပေါ့ ဆိုရင်တော့ ဂျီးတစ် ယောက် သူ့ကို အကန့်အသတ်မဲ့ အချိန်ဆွဲဖို့ ဘာအကြောင်းပြချက် မှ မရှိတော့ပါဘူး။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၄

"ကျောင်းသစ်အပ်ဖို့ လျှောက်လွှာတွေ ပေးတာတင်တာတော့ သကြိန်ပြီးကတည်းကပေါ့နော်၊ အခု ကိုကို ညီညီတို့က နောက်ဆက်တွဲတွေအနေနဲ့ တင်ရမှာပေါ့နော်၊ ကျွန်မလည်း အခု ကျောင်းကို နေ့တိုင်းမဟုတ်ပေမဲ့ ကိုယ့်ဂျူတီကျတဲ့နေ့တွေတော့ သွားနေရတယ်၊ ကျွန်မ ဖြစ်တဲ့နည်းနဲ့ရအောင် ကြိုးစားအပ်ပေးပါ့မယ်၊ စိတ်ချပါ၊ အဲဒီတော့ ဦးရန်ရှင်းတို့ အရင်ဆုံး လုပ်ရမှာက ကလေးတွေကို အရင် ကျောင်းကနေ ကျောင်းထွက်လက်မှတ် အရင်သွားယူခဲ့ဖို့ပါ"

"ဆရာမ သေချာတယ်ဆိုရင်တော့ ကျွန်တော် ကျောင်းထွက်လက်မှတ် ယူလိုက်တော့မယ်လေ"





ဂျီးသည် ခပ်လှမ်းလှမ်းမှ တစ်ယောက်ထိုင်ဆိုဖာပေါ် ထိုင်ရင်း ဒက်ဒီနှင့် ဒေါ်သန့်လေးဆွေ စကားပြောနေတာကို ခေါင်းထောက်၍ နားထောင်နေကာ ဘာမှ ဝင်မစွက်။ ဒက်ဒီက ကျောင်းထွက်လက်မှတ် ယူလိုက်တော့မယ်လို့ ပြောပေမဲ့ ဂျီးပဲ သွားယူရမှာပါ။ ဒက်ဒီမှ မအားဘဲနဲ့။ ကျောင်းသွားအပ်တော့လည်း ဂျီးပဲ လိုက်ရမှာပါ။

ဒက်ဒီက ဒေါ်သန့်လေးဆွေ အိမ်ကို စကားပြောတဲ့ ဒီအကြိမ်မှာပဲ လိုက်လာမှာဖြစ်သည်။ ပြီးရင် ဒက်ဒီ ဘာမှ ဆက်လုပ်နိုင်တော့မှာ မဟုတ်။ အခုလို စကားလာပြောတာကျတော့ ဂျီးတစ်ယောက်ပဲ သွားလျှင် မလေးစားရာကျမည်လို့ ဒက်ဒီက ဆိုသည်။ ဒက်ဒီက ဖခင်မို့ တလေးတစား လိုက်ပြောသင့်သည်ဟု ဆိုသည်။

ဒါကို ယေဘုယျသဘော ဂျီး လက်ခံပါသည်။ ဂျီးက 'အစ်မ'မျှသာဖြစ်သည်။ ဒက်ဒီက မိဘကိုး။ ဒါပေမဲ့ ဂျီးဟာ ဒက်ဒီနှင့် ဒေါ်သန့်လေးဆွေ စကားပြောဆိုနေတာကို အမှုအရာကစပြီး လိုက်အကဲခတ်ကာ အသေးစိတ် လေ့လာနေရပါသည်။ အိုက်တင်ထုတ်သလား၊ ပဲနဲ့ပြောသလား စသဖြင့်ပေါ့။ ကလေးဆန်တယ်ဆိုချင်ဆို။



www.burmeseclassic.com

www.burmeseclassic.com



ဂျီးက နည်းနည်းလှမ်းတဲ့ နေရာမှာ ထိုင်နေကာ ဒေါ်သန့်လေးဆွေနှင့် အန်တီချစ်ဆိုတဲ့ အဒေါ်က နှစ်ယောက်ထိုင်ဆိုဖာမှာ ဒက်ဒီနှင့် မျက်နှာချင်းဆိုင်ကာ ထိုင်နေကြသည်။ ဂျီး နေရာကနေ သူတို့အားလုံး ဘယ်ညာ အကဲခတ်လေ့လာလို့ ရနိုင်နေပါသည်။

ကိုကိုနဲ့ ညီညီက ရှိုးကေ့စ်ထဲ ထည့်ပိတ်ထားတဲ့ အရုပ်တွေကို မှန်ချပ်အပြင်မှ သွားရေယိုကာ မှန်ကိုသာ ထိတို့ ပွတ်သပ်ကြည့်နေကြသည်။ ကျောင်းကိစ္စပြောပြီးသော်လည်း ဒက်ဒီနှင့် ဒေါ်သန့်တို့ တူဝရီးက ရောက်တတ်ရာရာ ဆက်လက်ပြောဆိုလေပေးဖြောင့်နေကြတာပါ။

အန်တီချစ်ရဲ့ ညီမတော်သူ ဒေါ်ညွန့်ညွန့်မူ ဆိုတာက ဒက်ဒီတို့ ဌာနမှာပဲ အရာရှိတစ်ယောက် ဖြစ်နေပြန်သည်။ ဒါနဲ့ပဲ ပြောစရာအကြောင်းအရာတွေက ရနေသည်။ ကြည့်ရတာ ဒက်ဒီ့နာမည်နှင့်တကွ ဒက်ဒီနှင့် ပတ်သက်တဲ့ အကြောင်းအရာ သတင်းပလင်း တစ်စွန်းတစ်စတွေကို အဲဒီ ဒေါ်ညွန့်ညွန့်မူထံမှ သူတို့ မေးမြန်းကြားသိပြီးထားကြပုံပင်။ တချို့ဟာတွေကို သိနေတာ တွေ့ရသည်။





ဒေါ်သန့်လေးဆွေဟာ အိမ်နေရင်း စပန့်သား အဖြူ နက်ပြာပွင့် ဘလောက်စ်ပွပွတစ်ထည်ကို လုံချည်နက်ပြာ ရောင်နှင့် ဝတ်ဆင်ထားကာ သူ့အသားနှင့် ဝင်းပပ်ပြီး ရှိုးရှိုး ယဉ်ယဉ် ကပိုကရို လှနေပါသည်။

အိမ်နေရင်း ဆံပင်ကို ကလစ်နှင့် ညှပ်စည်းထားရုံ နုနယ်သလို ဖြစ်နေကာ သနပ်ခါးစင်းလေးတွေက ဂျီးလို ခြင်း အဖို့တောင် မြတ်နိုးချင်စရာ ကောင်းနေပါသည်။ ပြောပုံ ဆိုပုံ ကြွေရှ်ရရ၊ ပိုလွန်းတဲ့ အလှုပ်အရှား အမူအရာမရှိ၊ ရယ်လျှင်လည်း အသားသေ အချိုးကျနေတဲ့ သင့်တင့်လျော်ကန် သော အပြုံးအရယ်မျိုးနှင့် သူ့ပုံစံဟာ အပြစ်ဆိုစရာ မရှိပေ။

ဒက်ဒီကို အကဲခတ်တော့လည်း ဒက်ဒီလည်း အိုက် င်တွေ တမင်တကာများနေတာ ပိုနေတာ မရှိပါ။ ရိုးရိုးသားသား ရှင်းလင်းလင်း ရယ်မောပြောဆိုဟန်မျှသာ။

သို့ပေမဲ့ ...

သို့ပေမဲ့ ပြောရခက်သည်။ နှစ်ယောက်စလုံးရဲ့ မျက်နှာသွင်ပြင်ပေါ်မှာ ဘာကိုတွေ့နေသလဲဆိုရင် တောက်ပကြည် သော မျက်လုံးများရဲ့ ဟိုအတွင်းနက်ရှိုင်းရှိုင်းမှ စိမ့်သွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လွင်နေတဲ့ မဖုံးဖိနိုင်တဲ့ ဆန်းကြယ်တဲ့ ရောင်ခြည်တစ်မျိုး
ဆိုကြပါစို့။

ဤစကားဝိုင်း၌ နှစ်သိမ့်ကြည်နူးရှင်လန်းနေခြင်း
ဘာမှ မထူးဆန်းတဲ့ ပြောဆိုနေတဲ့ စကားတို့နှင့် မဆိုင်၊ ခု
ပြောဆိုနေရခြင်း၌ ပီတိသုခတွေ မြူးဖူးစိမ့်ပျံ့နေခြင်း။ လိုက်
ပြင်းထန်သော အရှိန်အဟုန် တစ်ခုဟာ နှလုံးသားမှ ရန်
တွန်းကန်ကာ သူတို့ရဲ့ စိတ်မနောကို သာယာ ချမ်းမြေ့နေ
ခြင်း။

စိတ်ကူးယဉ်လွှမ်းတယ်၊ လုပ်ကြံလွန်းတယ် ထင်ရ
လည်း ထင်ကြပါတော့။ ဂျီးကတော့ ဒက်ဒီရော ဒေါ်သန့်လေး
ရောဟာ ဤသို့ စကားပြောဆိုနေဖြစ်ကြခြင်း အပေါ်၌ သူ
ပင် သတိပြုမိချင်မှ ပြုမိမည်ဖြစ်တဲ့ မသိစိတ်တွင် ပျော်ရွှင်ကျေ
ခြင်းအတိ ပြီးနေတယ်လို့ပင် ဆိုချင်ပါတော့သည်။

အန်တီချစ်ကတော့ တစ်မျိုး။ သူဟာလည်း ဂျီးလို
ဒက်ဒီနှင့် သူ့တူမကို မသိမသာ တစ်လှည့်စီ အကဲခတ်လေ့လာ
သည်။ သို့ပေမဲ့ သူက ဂျီးလို မလိုဘမာခြင်းနှင့် မဟုတ်
လိုလားနှစ်သက်ခြင်းမျိုးနှင့် အကဲခတ်နေတာ။





စကားကောင်းနေရာမှ ဒေါ်သန့်လေးခွေသည်
မိန်လုံး တိတ်နေသော ဂျီးထံ လှည့်ကြည့်လိုက်ပါသည်။
လက်ထောက်၊ လက်ပေါ် မေးပြန်ထောက်ကာ စူးစိုက်
နေသော ဂျီးကို မြင်လျှင် ဒက်ဒီထံသာ ပြန်လှည့်ကာ ...
"ဦးရန်ရှင်းရဲ့ သမီးကြီး ပျင်းနေပြီထင်တယ်"

ဒက်ဒီက ဂျီးကို ပြုံးတုံ့တုံ့ လှည့်ကြည့်သည်။
ပြုံးတုံ့တုံ့ဟာ ဂျီး သိပ်စိတ်မကြည်သာတာကို အတတ်သိ၍
မှာသည့် အပြုံးမျိုးဖြစ်သည်။

"ပျင်းနေလား ဂျီး"

"မပျင်းပါဘူး ဒက်ဒီ၊ ဒက်ဒီနဲ့ အန်တီ စကားပြောတာ
နားထောင်လို့လည်း ကောင်းတယ်၊ စိတ်ဝင်စားစရာလည်း
ကောင်းပါတယ်"

ဂျီးက ခပ်အေးအေးသက်သာပင် ပြန်ပြောလိုက်ပါ
ဂျီးကို လှည့်ကြည့်ပြီးကာမှ ဂျီး ပျင်းနေသလား တိုက်
မေးဘဲ ဒက်ဒီကို လှမ်းပြောလိုက်တဲ့ အပြုအမူက ဂျီးကို
အရာ မသွင်းသလို ခံစားရသည်။ ဒါကြောင့်လည်း တမင်
ရှိုးရှိုးလို့ယူလည်းရ၊ ရိတိတိလို့ ယူလည်းရသည့် မသိမသာ
ကို တုံ့ပြန်လိုက်တာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်သမီးက တော်တယ်ခင်ဗျ၊ အင်မတန် တော်
ပါတယ်၊ သူ့အမေ ကွယ်လွန်တော့ သူ ဆယ့်လေးနှစ်
ရှိပါသေးတယ်၊ အဲဒီတစ်ချိန်ကစပြီး မိသားစုကို သူ
အိမ်ရှင်မကြီးတစ်ယောက်လို စောင့်ရှောက်ခဲ့ရတယ်"

"ဪ ... တော်ရှာတယ်နော်"

အန်တီချစ်က ပြုံး၍ ချီးမွမ်းသော်လည်း ဒေါ်သန့်လေး ဆွေကတော့ ပြုံးရုံသာ ပြုံးနေပါသည်။ သန့်စိတ်တွင် ဒီမိန်းကလေးဟာ အကြော့မာမာလေးလို့ အလိုလို သိနေသည်။ သူ့မျက်နှာလေး တည်ကြည်နေတာဟာ နဂိုအပြုံးအရယ်နည်းသူ ဖြစ်လို့ မဟုတ်ဘဲ တမင်တကာ သူ အရေးပါကြောင်း သိသာစေခြင်း အလို့ငှာ ဖမ်းထားတဲ့ရုပ်ဆိုတာ သန့် သိနေသည်။

"ခုလည်း တစ်အိမ်လုံးက သူ့ရဲ့ စီမံခန့်ခွဲအုပ်ချုပ်မှု အောက်မှာပါပဲ၊ နော် ဂျီး"

"ဂျီးက ဒက်ဒီ့အုပ်ချုပ်မှုအောက်မှာ ထပ်ဆင့်အုပ်ချုပ်တာ"

"ဒက်ဒီလည်း ဂျီးကို ကြောက်ရပါတယ်ဗျာ"

"သူ့စိမ်းကြားရင် အလကားအဟုတ်ထင်နေဦးမယ် ဒက် ရာ"





ဒါ သူက သန့်တို့ကို 'သူ့စိမ်း'ပေါ့လေ။ သူ့စိမ်းနဲ့ စကားကုန်မပြောရဘူးဆိုတဲ့ သဘောမျိုးပေါ့။ သူတို့သားအဖကို အကဲခတ်ရတာ အဖေလုပ်သူက ချစ်လည်းချစ်၊ သနားလည်း သနား၊ အားလည်းကိုးရ၍ မြှောက်စားစားလေး ထားထားရာမှာ သမီးလုပ်သူက နေရာချဲ့ထွင်လာပြီး အရေးပါပါ ရောင့်တက်တက် ဖြစ်လာပုံပဲလို့ သန့်လေးဆွေ မြင်သည်။

ဦးရန်ရှင်း ကိုယ်တိုင်ကလည်း သဘောကောင်း အေးချမ်းလှတာပါသည်။ ဦးရန်ရှင်းသည် လူတစ်ဖက်သားကို ယဉ်ကျေးညှိစွာ ပြုံး၍ စကားဆိုတတ်သည်။ သူ့သမီးကိုဆို ပြောမနေနဲ့တော့။ ဂျီးကို လှမ်းကြည့်နေတဲ့ အကြည့်မှာ ချစ်စနိုး ရိပ်အယောင် အပြည့်အဝ ပါဝင်နေပါသည်။

"ဒါဖြင့် သူတို့ကျောင်းက ကျောင်းထွက်လက်မှတ် ထုတ်လို့ရပြီဆိုတဲ့နေ့မှာ ဂျီး ထုတ်လိုက်တော့မယ်နော် အန်တီ"

"အင်း ... ထုတ်လိုက်တော့လေ"

"ဒီဘက်ကျောင်းကို အပ်ရင်လည်း ဂျီးပဲ လိုက်အပ်ရမှာပါ အန်တီ၊ ဒက်ဒီက မအားဘူးလေ၊ သန်းခေါင်စာရင်း၊ မွေးစာရင်းတွေ လိုသေးလား အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းထွက်လက်မှတ်မှာ မွေးနေ့တို့ ဘာတို့က ... သားဆိုတော့ မလိုတော့ပါဘူး၊ အန်တီတို့ ကျော... ကျောင်းအပ်လက်ခံတာတော့ နောက်တစ်ပတ်ဆိုရင် ... ပြီ၊ ဂျီးဘက်က အသင့်ဖြစ်ရင် အန်တီကို အကြောင်း... လေ"

"ဟုတ်ကဲ့ ... အန်တီ ဖုန်းနံပါတ် ဂျီး ယူထားမယ်..."

ဒေါ်သန့်လေးဆွေက ဖုန်းနံပါတ်ကို စာရွက်... မှာ ရေးပေးလိုက်၍ ဂျီးက လှမ်းယူကာ သူ ဝတ်ထား... ရှပ်အင်္ကျီလေးရဲ့ အိတ်ထဲ ထည့်ထားလိုက်သည်။

* * *

သင်္ကြန်ပြီးတော့ တစ်ကြိမ်နှစ်ကြိမ် ရွာလိုက်... မိုးသည် ဒီကြားထဲ ရက်တွေ၌ ပြန်လည်တိတ်ဆိတ်ခြေရာ... နေတာမို့ သန့်တို့ ထီးယူဖို့ လစ်ဟင်း သတိမေ့ခဲ့ကြတာဖြစ်... သန့်ရော သန့်ရဲ့ အဖော် ဆရာမ ဒေါ်မိမိရော နှစ်ယော... ထီးမပါကြပါ။





ရုတ်တရက် မိုးက ဝေါခနဲ ရွာချလိုက်တဲ့အခါ နှစ်... ...ကော်သား၊ နီးရာအဆောက်အအုံရဲ့ အစွန်းအစပ်ဆီ ပြေးကပ် ...လိုက်ရပါသည်။

"သန့်ရေ ... ရှင့်အင်္ကျီမှာ အပေါက်လည်း သိပ်မများဘဲ အပွင့်ထိုးတွေများတဲ့ ပိတ်ဖောက်ဇာမို့ ရေစိုရင် သိပ်မကပ်ဘူး၊ ကျုပ်အင်္ကျီက ပါးပါးဆိုတော့ ရေစိုထဲ မဖြစ်ဘူး"

"ရပါတယ် မမိရဲ့၊ စောင့်ကြတာပေါ့"

"တော်ကြာ ရှင့် အန်တီချစ်က စိတ်ပူနေမလား၊ ခုကိုပဲ ခါတိုင်းပြန်ချိန်ထက် နောက်ကျနေပြီ"

"ရပါတယ်၊ မပူပါဘူး"

ဆရာမနှစ်ယောက်သား ကျောင်းစိမ်းဝတ်စုံကိုယ်စီ ...း မိုးခိုနေကြပါသည်။ မိုးကလည်း အတော်နှင့် တိတ်မည့်ပုံ ...ါ လောက်အောင် အငြိုးတကြီး ရွာနေတော့တာဖြစ်သည်။ ...နေ ငါးနာရီလောက်ပေမဲ့ မိုးကြောင့် အလင်းရောင် နည်းပြီး ...မှောင်သွားသည်။

ထိုစဉ် သူတို့ ခိုနေတဲ့ အဆောက်အအုံရှေ့ ပလက် ...ောင်းစပ်မှာ မာဇဒါဂျစ် စိမ်းစိမ်းတစ်စီး လျှောခနဲရပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ … ဆရာမ၊ မသန့်လေးဆွေ"

သန့်က မိုးပေါက်များကို ဖြတ်ကာ ခေါ်သံကြ
ကားဆီ စူးစိုက်ကြည့်လိုက်ပါသည်။ ကားတံခါးပွင့်လာကာ
အနက်အကြီးကြီး ဖျတ်ခနဲ ဖွင့်ဆောင်းလိုက်ပြီးမှ ဆင်းလာ
ဦးရန်ရှင်း။ သန့်သည် ပါးစပ်လေးဟကာ အံ့အားသင့်နေ

ဦးရန်ရှင်းက အနားရောက်လာကာ …

"ဆရာမတို့ မိုးခိုနေကြတာလား၊ ထီးမပါဘူး ထင်
ဘယ်သွားကြမလို့လဲ၊ လာလေ၊ ကျွန်တော် ပို့ပေး

"ဟုတ်ကဲ့၊ ထီးမပါလို့ ဦးရန်ရှင်းရယ်"

"အခု အိမ်ပြန်မှာလား"

"ဟုတ်ကဲ့"

"ဦးရန်ရှင်း အားလို့လား"

"ကျွန်တော်လည်း အိမ်ပြန်မှာ၊ ဒီနေ့ အစည်းအဝေး
အလုပ်လည်း နည်းနည်းပါးတော့ အိမ်ပြန်တာစော

ဒေါ်မိမိသည် ဌာနဆိုင်ရာ ယူနီဖောင်း အဖြ
အထက်အောက်နှင့် အင်မတန် ကြည့်ကောင်းတဲ့ လူကြီးလူ
ကိုတစ်လှည့်၊ သန့်ကို တစ်လှည့် စိတ်ဝင်တစား အကဲခတ်





ခုံးပေါ်က ဘားနှင့် အပွင့်တွေအရ ရာထူးကြီး အရာရှိ
လည်း သိနိုင်နေသည်။ ထူးခြားတာက ဒီအသက်အရွယ်
တစ်ဦး ဒီလောက် ချောသန့်ခန့်ညားနေခြင်းပင်။

"ဦးရန်ရှင်းကို အားနာစရာများ …"

"ခြော် … ဆရာမကလည်း၊ တစ်လမ်းတည်း ခြံချင်းကပ်
ရောက်ကို ပြန်မဲ့ဟာ၊ အားနာစရာလား၊ ဒီဘက်က ဆရာမကိုပါ
ပို့ပေးပါ့မယ်၊ ကဲ … လာ … လာ၊ မိုးတွေပက်တယ်၊
တစ်ယောက်စီ ကားဆီကို ထီးနဲ့ ပို့ပေးမယ်"

သန့်က ရှိုးတိုးရှန့်တန့်လေးကို ကြွေ့ဆည်ရင်းပင် …

"ဟုတ်ကဲ့ … ဟုတ်ကဲ့၊ ကဲ … မမိ အရင်လိုက်သွား"

ဒေါ်မိမိက သူတော့ အရင်မလိုက်ဘူးဆိုတဲ့ အချက်
နှင့် သန့်ကို တံတောင်နှင့် တစ်ချက်တွက်ပြီးမှ ဦးရန်ရှင်း
နောက် ခိုဝင်လိုက်ကာ …

"ကျေးဇူးတင်ပါတယ်ရှင်"

မမိ မာဇဒါဂျစ်နောက်ခန်းပေါ်တက်ပြီးလျှင် သန့်ကို
ခေါ်က် ပြန်လာခေါ်ပြီးမှ ဦးရန်ရှင်းက ရှေ့ခန်းက သူ့ဒရိုင်
ဘာ ပြန်ဝင်ထိုင်ကာ ထီးပိတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဦးရန်ရှင်းပါ စိုကုန်ပြီ၊ အားနာလိုက်တာ”

“ဩော် ... ဒီဆရာမကလည်း အတော်အားနာတတ်တာ
ဒီဘက်က ဆရာမကို ဘယ်ပို့ပေးရမလဲခင်ဗျာ”

“ကျွန်မက မြေနီကုန်းမှာ နေတာပါ၊ အားနာပါတယ်
မြေနီကုန်းထောင့်မှာပဲ ချပေးခဲ့ပါ”

“အို ... ပို့မှပို့ အိမ်ရောက်အောင် ပို့မှာပေါ့ဗျာ၊ မြေနီ
ရောက်မှ လမ်းညွှန်ပေါ့၊ ကဲ ... ဦးအောင်ရေ မြေနီကု

“ဟုတ်ကဲ့ ဆရာ”

“ဆရာမတို့ ဒီဘက် ဘာလာလုပ်ကြတာလဲ၊ အထုပ်
တွေလည်းပါရဲ့၊ ကျောင်းကိစ္စပဲ ထင်တယ်”

“ဟုတ်ကဲ့ ဦးရန်ရှင်း၊ ကျောင်းဝတ်စုံ ရင်ပတ်မှာ ထ
တံဆိပ်တွေပါ၊ နောက်ရက်တွေ ဝေရတော့မှာမို့ လာရွေး
အဝတ်တံဆိပ်တွေမို့ ဝန်ပေါ့လို့ တော်ပါသေးတယ်၊
အပ်လက်ခံနေတော့ ညနေဘက်မှပဲ ထွက်လာဖြစ်
နောက်ကျနေတာ”

“ဆရာမတို့လည်း သင်ကြားရေးသာမက တာဝန်
များတယ်နော်၊ ဆရာမအလုပ် ဆိုတာတော့ ကုသိုလ်
ပါတယ်ဗျာ”





“ဟုတ်ကဲ့၊ ဒါကြောင့်ပဲ ကျွန်မတို့ ဒီအလုပ်ကို မက်မက်
မောမော ဖက်တွယ်ထားကြတာပါ”

“ဆရာမတို့ အိမ်မှာ ကားတွေ့ပါတယ်၊ ဆရာမ မမောင်း
ဘူးလား”

“တစ်ခါတစ်ရံ မောင်းပါတယ်၊ ကျောင်းသွားရင်တော့
တစ်နေကုန် ပါကင်ထိုးရမှာစိုးလို့ ကားမယူဘူး၊ ကျောင်း
ကားပဲ စီးတယ်၊ ကျွန်မက ကားကို မောင်းရုံမောင်းတတ်
တာ၊ ဘာမှ နားမလည်ဘူးလေ၊ ခုတလော ကားက
သိပ်မကောင်းချင်ဘူး၊ လမ်းထိုးရပ်သွားရင် ကျွန်မ ဒုက္ခ
ရောက်မှာစိုးလို့ ဒီနေ့လည်း ယူမလာတာပါ”

“ကားမကောင်းရင် ပြင်ရမှာပေါ့ ဆရာမရဲ့”

“ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်မကလည်း ဝပ်ရှော့သွား
ပြီး အေးအေးဆေးဆေး ပြင်မနေနိုင်ဘူး ဦးရန်ရှင်းရယ်၊
ဒီလကုန်ပြီး လဆန်းရင်တော့ ကျွန်မရဲ့မောင်လည်း ပြန်
လာမယ်ဆိုတော့ သူလာမှာပဲ ကားပြင်ခိုင်းတော့မယ်လို့
ထားထားလိုက်တယ်”

“ဆရာမရဲ့ မောင်ဆိုတာက ... !”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမောင် အရင်းပါ၊ ဖော်ဦးဆွေတဲ့၊ သဘော
ပြန်လာမှာပါ၊ ကျွန်မနဲ့ နှစ်နှစ်ကြီး နှစ်နှစ်ငယ် မောင်နှမ
ဒီနှစ်ယောက်ပဲ ရှိပါတယ်"

"ဪ ... သူလည်း လူပျိုပဲလား"

"ဟုတ်ကဲ့"

"ဆရာမရယ် ... ကားပြင်ဖို့ကို လဆန်းအောင် စောင့်
ရမယ်လို့ပဲ၊ အရေးအကြောင်းရှိရင် ဘယ့်နှယ်လုပ်
ကားဆိုတာ ပျက်ချင်ချင်ရှိတာနဲ့ စောစောပြင်မှ၊ ကျွန်တော်
တပည့်တစ်ယောက်ကို ကားယူပြီး ဝပ်ရှော့သွားပြင်ပေးခိုင်း
ပါ့မယ်"

"အို ... မဟုတ်တာ၊ ရပါတယ်၊ အားနာပါတယ်"

"ဆရာမကလည်း တဆိတ်ရှိ အားနာနေတော့တာချည်း
ကိုး"

"ရပါတယ်၊ နောက်မှ ပြင်ပါ့မယ်"

"ဘယ်ဟုတ်မလဲ၊ နောက်ရက်ကို ကျွန်တော့်တပည့်
လွှတ်ယူခိုင်းပြီး ပြင်ခိုင်းလိုက်မယ်၊ ဆရာမ ဘာမှ အားနာ
မနေနဲ့"





ဒေါ်မိမိက ရက်အားနာရိပ်နှင့် အနေခက်နေတဲ့
ကို ဦးရန်ရှင်း မမြင်အောင် ပြုံးတုံ့တုံ့ ကြည့်သည်။ နှုတ်ခမ်း
ထားပုံက နေနှင့်ဦး၊ နောက်မှ ဖုန်းဆက်မေးမယ် (သို့မဟုတ်)
ပြန်ကျောင်းမှာတွေ့မှ မေးမယ်လို့ ကြိမ်းဝါးတေးမှတ်တဲ့ပုံ
။

သန့်သည် မမိကို မျက်လုံးချင်း ဆိုင်လိုက်လျှင်
ပြုံးပြုံးပြနေမှာ စိုးရတဲ့အတွက် ခေါင်းလေးကို စောင်းစောင်း
ကာ ထိုင်နေသည်။ ကိုယ့်ကိုယ်ကိုယ် လည်း စိတ်အနှောင့်
ယှက် ဖြစ်နေပါသည်။ သူဟာ ဘယ်တုန်းကမှ ဒီလို စိတ်လှုပ်
ရှား တွန့်ခြင်း မရှိခဲ့ဖူးပါပဲ၊ အခု ကလေးသုံးယောက်အဖေ
ဆိုးဖိုလို့ သိထားပြီးသား ဦးရန်ရှင်းနှင့်ကျမှ ဘာကြောင့်
အားနာတာ ရှက်တာ၊ ရွံ့တာ အနေခက်တာမျိုးတွေ ဖြစ်နေရပါ
သနည်း။

သူ့အသက်ဟာလည်း ငယ်ငယ်ရွယ်ရွယ် ဆယ်ကျော်
သက်လေးလည်း မဟုတ်တော့ပါဘဲနှင့်။

မြေနီကုန်း ရောက်တော့ ဒေါ်မိမိ လမ်းညွှန်တဲ့အတိုင်း
ဒေါ်မိမိ အိမ်ရှေ့အထိ ဦးရန်ရှင်းက လိုက်ပို့ပေးပါသည်။ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



စကား အထပ်ထပ်ဆိုပြီး ဒေါ်မိမိ ဆင်းသွားတဲ့အခါ နောက်ခန်းတွင် သန့်တစ်ယောက်ပဲ ကျန်ပါသည်။ ဦးရန်ရှင်းက တစ်လမ်းလုံးရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေ စကားတွေ ဖောင်ဖွဲ့လာသည်။

ဒေါ်မိမိ ဆင်းသွားပြီမို့ သန့်ကလည်း အနည်းငယ်စိတ်လွတ်လပ် ပေါ့ပါးရဲတင်းလာပါသည်။ ပြောဆိုဖြစ်ကြတာအကြောင်း အရာကို စုံနေသည်။

“ဦးအောင်ရေ၊ ဒီဘက်ခြံထဲ အရင့်ဝင်လိုက်ပါ”

ဦးရန်ရှင်း သူ့ဒရိုင်ဘာကို ပြောလိုက်သံကြားမှပင် အိမ်ပြန်ရောက်လာပြီဆိုတာကို သန့် သတိပြုမိပါတော့သည်။ ကားကို ပေါ်တီကို အောက် ထိုးရပ်ပြီးတဲ့အခါ ဦးရန်ရှင်းက သန့် ဆင်းဖို့ နောက်တံခါးကို လာဖွင့်ပေးပါသည်။ ဒရိုင်ဘာကြီးကလည်း ဆင်း၍ ဖွင့်ပေးနေပြီဖြစ်တဲ့တိုင် ဦးရန်ရှင်းက ချက်ဖြုတ်ပြီးတဲ့ တံခါးကို သူ့လက်နှင့် ဆွဲဟ,ပေးရင်း ခါးကိုင်းငုံ့ကာ ဆင်းလာတဲ့ သန့်လက်ထဲက အထုပ်ကို အောက်က လှမ်းယူလိုက်ပါသေးသည်။

“ရပါတယ် ဦးရန်ရှင်း”

“ပေးပါ ဆရာမရဲ့”





သန့် ကားထဲက လွတ်လွတ်ကျွတ်ကျွတ် အောက်ရောက်သည့် အချိန်မှာပင် ပေါ်တီကို တံခါးဝဆီ ရောက်လာတဲ့ရုပ်ကို နှစ်ယောက်သား လှည့်ကြည့်လိုက်မိပါသည်။ အိမ်ရဲ့တံခါးဝမှာတော့ ဂျိုး။ ဂျိုးရဲ့ မျက်လုံးတွေက မယုံနိုင်သလိုအံ့အားသင့် အငိုက်မိနေသည်။ မျက်နှာကလေးဟာ နီနီကလေးဖြစ်နေ၍ မနည်းကလွှဲဆောင်ထားတာမှန်း သိသာလှသည်။

“ဟော ... ဂျိုးက ဒီရောက်နေတာလား”

ဦးရန်ရှင်းက စမေးလိုက်တာဖြစ်သည်။ ဂျိုး မဖြေခင်ပင် ဂျိုးရဲ့နောက်မှာ ရပ်နေသည့် အန်တီချစ်က ဝင်ကာ ...

“ခုနကပဲလေ၊ ဒီအချိန်လောက်ဆို သန့် ရောက်လောက်ပြီမှန်းပြီး ဂျိုးက လာတာ၊ အန်တီချစ်ကလည်း ခါတိုင်းဒီအချိန် ရောက်နေကျပဲလို့၊ ဒီနေ့မှ နောက်ကျနေတာဆိုပြီးခဏထိုင်စောင့်ခိုင်းထားတာ”

“သန့်တို့က ဒီနေ့ ကျောင်းအကျီတံဆိပ်တွေ သွားရွေးနေရလို့ နောက်ကျတာ အန်တီချစ်၊ မိုးမိလို့ မိုးခိုနေတုန်းဦးရန်ရှင်းကားက ဖြတ်သွားရင်း တွေ့ပြီး တင်ခေါ်လာတာနဲ့မိုးမရွဲတာ၊ နို့မို့ ထီးက မပါဘူး၊ ရပ်ပျက်မှာ”



www.burmeseclassic.com

www.burmeseclassic.com



သန့်က ဂျီးပါ သိစေကြောင်း စုံစုံစေ့စေ့ ရှင်းပြော လိုက်ရင်း အိမ်ထဲ လှမ်းဝင်ကာ ...

"လာလေ ဂျီး၊ ထိုင်လေ၊ တို့နဲ့ တွေ့ဖို့ရှိတာလား"

ဂျီးရဲ့ ဒက်ဒီခများလည်း ဂျီးကို အရိပ်အကဲကြည့် ကာ ...

"ဂျီးကိစ္စရှိရင် နေခဲ့လေ၊ ဒက်ဒီ ပြန်နှင့်မယ်"

ဂျီးက ခေါင်းသာ ညိတ်ပြလိုက်ပါသည်။ ရင်ထဲမှာ ဒေါသတစ်ဝက်၊ ငိုချင်တာတစ်ဝက် ဖြစ်နေသည်။ ဒက်ဒီ ရုံးကား ပေါ်မှာ မိန်းမတစ်ယောက် ပါလာပြီး၊ ထိုမိန်းမကို အိမ်ပြန်လိုက်ပို့ တာ ဒီတစ်ကြိမ်ပဲ မျက်စိနဲ့ တပ်အပ်မြင်ဖူးတဲ့အတွက် ကတုန် ကယင်ပင် ဖြစ်နေပါသည်။

ဝမ်းနည်းစိတ်က တသိမ့်သိမ့်။ ကလေးလိုတောင် ငိုချပစ်ချင်သည်။ ရှေ့က အမျိုးသမီးကို အားနာနေရ၍သာ။ ဒက်ဒီက ကားရပ်ပြီး ကားကြုံခေါ်လို့ ပါလာရတဲ့အတွက် ဒေါ်သန့်လေးဆွေကိုလည်း အပြစ်တွေ တင်လို့ကမရ။

သန့်သည် ငူငူကြီးဖြစ်နေတဲ့ ဂျီးကို စိတ်ပျက်ပျက် နှင့်ပင် ...





"ကိုကို ညီညီတို့တွေလည်း ကျောင်းရုပ်အင်္ကျီရင်ပတ်မှာ ဒီတံဆိပ် ကပ်ချုပ်ရမယ်လေ၊ ဒါတွေ သွားရွေးရတာ၊ နက်ဖြန်ကစပြီး ကျောင်းမှာ ဒါတွေ ထုတ်ပေးမယ်၊ စာအုပ်တွေနဲ့ တူတူထုတ်ပေးမှာဆိုတော့ ဂျီး ကျောင်းကိုပဲ လာထုတ်လိုက်နော်"

ဂျီးက ခေါင်းညိတ်ပြလိုက်ပါသည်။ ခုန အန်တီချစ် နှင့် နှစ်ယောက်သား ထိုင်ပြီး စကားတွေ ပြောနေတုန်းက အကောင်း၊ ချိုချိုသာသာ ရွှင်ရွှင်ပျပျ ရှိပါလျက် ခုမှ ငူငူငိုင်ငိုင် ဖြစ်သွားတဲ့ ဂျီးကို အန်တီချစ်ကလည်း ရိပ်မိစွာ အကဲခတ်မိ သည်။

"ဂျီး တခြားကိစ္စ အထူးရှိသေးလို့လား"

"အန်ကီ့ကို ကျေးဇူးတင်လို့ ကန်တော့ချင်လို့ပါ"

ဂျီးက စားပွဲပေါ် တင်ထားတဲ့ အထုပ်ကို သန့်ဘက် နည်းနည်းတွန်းရင်း ပြောသည်။

"အို ... ဘာလဲ"

"အန်တီ့ ဂျီး ပါတိတ်ဝယ်လာတာ၊ အန်တီ ဒါးကြီး ပါတိတ်တွေ ဝတ်တာတွေ့ဖူးလို့ ခါးကြီးပါတိတ်ပဲ ဝယ် လာလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ၊ ဘာဖြစ်လို့ ဝယ်လာတာလဲ၊ ဘာအတွက်လဲ"

သန့်က ခေါင်းလေး ယမ်းခါသည်။

"ဘာအတွက်လို့ ဂျီးက ခေါင်းစဉ်တပ်ပြောရင် ဂျီး တန်ဖိုးဖြတ်ရာကျ၊ ရိုင်းရာကျမှာပေါ့ အန်တီ၊ ဂျီးတို့ အန်တီ ကူညီတာတွေ ရှိလို့၊ ဂျီးတို့ကလည်း ကျေးဇူးတင် လို့၊ အန်တီ့ကို လက်ဆောင်ပေးတာပါ"

"သဘောကတော့ ကိုကို ညီညီတို့ကို ကျောင်းအပ်ပေး အတွက်ဆိုတဲ့ သဘောပဲ သက်ရောက်နေပါတယ်၊ တို မလိုချင်ပါဘူး ဂျီးရယ်၊ ပြန်ယူသွားပါ၊ ကိုယ့်အိမ်နီးနာ ချင်း လူသစ်မို့ ကိုယ်က ကူညီဖို့ ဝတ္တရားလည်း ရှိတယ်

ပြီးတော့ ကိုကို ညီညီတို့ကလည်း ကျောင်းအတွ သင့်တင့်တဲ့ အလျှငွေ ထည့်ဝင်ပြီး ကျောင်းအပ်တာ ဒီမြို့နယ်ထဲ ပြောင်းလာလို့ ဒီမြို့နယ်ထဲက ကျောင်းကို ပြောင်းချင်တာဟာလည်း စည်းကမ်းဥပဒေဘောင်ထဲ အကျုံး ဝင်ပါတယ်၊ တို့ ကြီးကြီးမားမား ပင်ပင်ပန်းပန်း ကူညီပြော ဆိုလုပ်ကိုင်ပေးရတာမျိုး ဘာမှ မရှိပါဘူး၊ ဒါကြောင့်"

"ဒါပေမဲ့ ဂျီးတို့က ကျေးဇူးတင်တယ်လေ"

"ဂျီးတို့ ကျေးဇူးတင်တာကို သိပါတယ်"





"ကျေးဇူးတင်လို့ လက်ဆောင်ပစ္စည်း ကန်တော့တာဟာ ဂျီးက အန်တီ့ကို လာဘ်ပေးသလိုများ ဖြစ်သွားလို့လား"

"လာဘ်ပေးရာတော့ မကျပါဘူး၊ ဒါပေမဲ့ တို့ စေတနာနဲ့ လုပ်ဆောင်ကူညီပေးမှုအပေါ် တို့ ဂုဏ်ယူလို့ မရတော့ဘူး ပေါ့"

ဂျီးသည် ကျွဲမြီးတိုလာကာ ...

"ဒါ ဘာမှလဲ ထူးဆန်းတဲ့ကိစ္စမျိုး မဟုတ်ပါဘူး အန်တီ ရယ်"

"မှန်ပါတယ်၊ ဒါပေမဲ့ တို့ချင်းက အိမ်နီးနားချင်းတွေပါ"

"အိမ်နီးချင်းမို့ ဒီလို လက်ဆောင်မပေးရတော့ဘူးလား"

"ကဲ ... ဒီနေ့ဆိုရင် ဂျီး ဒက်ဒီ ကူညီလို့ ထီးမပါဘဲ မိုးရေရွဲပြီး ကြမ်းပြုက်ရမဲ့ အခြေအနေက လွတ်ရတယ်၊ တို့ ကျေးဇူးသိပ်တင်ပါတယ်၊ အဲဒီအတွက် ဦးရန်ရှင်းကို တို့က လက်ဆောင်ပေးရမလား"

ဂျီး မျက်နှာမှာ ပုပ်သွားရပါသည်။ အတော်ခွတိုက်တဲ့ အမျိုးသမီးလို့ သန့်ကို မျက်စောင်းတောင် ကောက်ထိုးလိုက်ချင် သည်။



www.burmeseclassic.com

"ဒက်ဒီ အပန်းကြီးတာမှ မဟုတ်တာ၊ သူ့ကားက … နေလို့ကိုး"

"တို့လည်း အပန်းကြီးတာမှ မဟုတ်တာ၊ အဲဒါ … တာဝန်ထမ်းဆောင်တဲ့ ကျောင်းလေ၊ ဂျီး ဒက်ဒီ ဒီ… တို့ကို လိုက်ပို့ပေးတဲ့ကိစ္စအတွက် တို့က သူ့ကို လက်ဆော… ပေးခွင့် ရှိတယ်လို့ ဂျီး လက်ခံရင် ဒီပါတိတ်ကိုလည်း ယူလိုက်မယ်"

"ဒါ အန်တီ ကတ်သီးကတ်သတ် ပြောတာပါ"

"ဂျီးလည်း ကတ်သီးကတ်သတ်ပဲလေ၊ နေပါစေ၊ စေတနာ… ကူညီဆောင်ရွက်ပေးတာပါ ဆိုနေမှ ခွတ်ရှေ့တိုးပြော… တာပဲ"

ဂျီးသည် သိသိသာသာ နှုတ်ခမ်းစူထားလိုက်ပါသည်… ဒက်ဒီ့ကို အတော်ပဲ လက်ဆောင်ပေးချင်နေသလားမှ မသိတာ… ဟွန်း …။ အခြေအနေကို ပျော့ပျောင်းနူးညံ့စေခြင်းငှာ အန်တီ… က တဟင်းဟင်း ဝင်ပြီး ရယ်မောနေပါသည်။

"ဂျီးက အန်တီ့ဖို့ ရည်ရွယ်ဝယ်ခဲ့ပြီးနေပြီ၊ ဂျီးလည်း… ပါတိတ် မဝတ်ဘူး၊ တကယ်တော့ လက်ခံထားလိုက်… အန်တီ အပန်းကြီးလှတာလည်း မဟုတ်ပါဘူး၊ ဂျီး…





တန်ဖိုးဖြတ်တာလည်း မဟုတ်ဘူး၊ ကျေးဇူးတင်တဲ့ စိတ်သက်သက်နဲ့ ဝယ်လာတာ၊ ဒက်ဒီတောင် မသိသေးပါဘူး"

"အပန်းကြီးတယ် မကြီးဘူးက ကာယကံရှင်ကပဲ ဆုံးဖြတ်သင့်တဲ့ကိစ္စပါ၊ ဒီလို ကိစ္စမျိုး အကူအညီအတွက် အန်တီက လက်ဆောင်ယူတတ်တဲ့သူ မဟုတ်ဘူး၊ အဲဒါ တို့ရဲ့ မူကို မဖျက်ပါရစေနဲ့၊ ပြန်ယူသွားလိုက်ပါ"

"အန်တီ အားနာပါးနာနဲ့တောင် လက်မခံဘူးပေါ့"

"ဟင့်အင်း၊ ဟိုဘက်အိမ် မိသားစုကို တို့ သန့်သန့်ရှင်းရှင်း ကူညီဆောင်ရွက်ပေးလိုက်ဖူးတယ်ဆိုတဲ့ အသိကိုပဲ ပီတိဖြစ် ဂုဏ်ယူနေပါရစေ၊ အဲဒါကို တွေးပြီး ကျေနပ်စိတ်ချမ်းသာနေရတာက တို့အတွက် ပိုတန်ဖိုးကြီးပါတယ်"

အဲဒါကို မလိုချင်တာ။ ကျေတွေနပ်၊ ပီတိတွေဖြစ်၊ …တွေ ချမ်းသာကာ ဦးရန်ရှင်းသားတွေကို သူ ကျောင်းအပ်…ခဲ့ရတယ်လို့ တွေးတစိမ့်စိမ့် ကြည်နူးနေမှာကိုပဲ ဂျီးက …တိုနေတာပေါ့။ ဘာပဲဖြစ်ဖြစ် ဂျီးသည် ကျောင်းဆရာမကို …နိုင်မရဘဲ အရှုံးပေးလက်လျှော့ကာ ပါတိတ်အိတ် ပြန်မ၍ …က ပြန်ခဲ့ရသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# ၁

ဇွန်လ တစ်ရက်နေ့က လေဆိပ်မှာ မောင်ဖြ
ဖော်ဦးဆွေကို သွားကြိုရာ ဦးရန်ရှင်း ကောင်းမှုနှင့် က
ပြင်ပြီးသားဖြစ်နေ၍ အဆင်ပြေသွားရပါသည်။ ဦးရန်ရှင်း
ပြင်နေကျ လူရင်းဝပ်ရှော့ပ်မှာမို့ ဈေးနှုန်း ချိုသာမှန်ကန်စွာနှင့်
ပြင်ခွင့်ရကာ ကားလေးက မောင်းရချောညက်နေသည်။

ဖော်ဦးဆွေနှင့် အတူပြန်လာကြတဲ့ သူတို့သ
က အုပ်စုတွင် သဘော်ချိဖ်ပါ ပါလာပြီး ဖော်ဦးဆွေ မိတ်ဆ
ပေး၍ နှစ်ဖက်မိသားစုတွေ နှုတ်ဆက်ဖြစ်ကြတဲ့အခါ ချိ
သားဖြစ်သူ ကောင်လေးဟာ လိုအပ်တာထက် ပိုမို အံ့ဩဝမ်း
ဖြစ်နေလျက် သန့်ကို နှုတ်ဆက်သည်။





သန့်စိတ်ထဲတွင် ဒီလူရွယ်လေးကို မြင်ဖူးသလိုလို
ည်းရှိကာ ဘယ်မှာ မြင်ဖူးတာလဲလည်း မမှတ်မိ။

"အန်တီ ကျွန်တော့်ကို သေချာမသိဘူးထင်တယ်၊ ကျွန်တော်ကတော့ အန်တီ့ကို သိပါတယ်"

"ဟုတ်လား၊ ဘယ်တုန်းက သိတာလဲ"

"ကျွန်တော်က ဟိုဘက်ခြံက ဂျိုး ရဲ့ သူငယ်ချင်းပါ"

"ဂျိုး"

"ဟုတ်ကဲ့၊ ဦးရန်ရှင်းရဲ့သမီး ရည်ရွယ်ဆိုတာ"

"သြော် ... သိပါတယ်၊ သိပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်က ဟိုဘက်ခြံကို မကြာမကြာ ရောက်ပါတယ်"

"သြော် ... ဂျိုးရဲ့ သူငယ်ချင်းကိုး၊ မှတ်မိလာပြီ၊ အိမ်ပြောင်းတုန်းကတည်းက ပါတယ်နော်"

"ဟုတ်ကဲ့"

"နောက်ပိုင်းလည်း မကြာမကြာလေးတော့ တွေ့ဖူးနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



သန့်သည် တိုလူရွယ်ကို တစ်ဖက်ခြမ်းမှာ မကြာမကြာ လေး မြင်ဖူးနေသလို လမ်းမှာလည်း ကားပေါ် ဖြတ်သွား ရိုးခနဲ ရိပ်ခနဲ နှစ်ကြိမ်တွေ့ဖူးသည်။ တွေ့တိုင်း ထိုလူရွယ် မောင်းတဲ့ကားပေါ် ကောင်မလေးနှစ်ယောက်လောက် ပါနေ ဖြစ်တာကိုလည်း မှတ်မိသည်။

သန့်က ဟိုဘက်အိမ်ရဲ့ အမျိုးများလား ထင်နေ လှမ်းတွေ့ရတာက အမြဲတမ်း ခပ်လှမ်းလှမ်း အဝေးမှမို့ ခု အနီးကပ် ကြုံကြိုက်ရတော့မှ မှတ်မိသလို ဖြစ်နေတာ။ အနီးကပ် လူရွယ်လေးရဲ့ရုပ်က ပျော်ရွှင်တတ်၍ ဘဏ်ကောင်းမည့်ရုပ် လေးပင်။

“အနီးကပ် တွေ့လိုက်တော့ မြင်ဖူးထားတဲ့ အဝေး ရုပ်နဲ့ မဟပ်မိလို့ ရုတ်တရက် မမှတ်မိတာ”

“ဟုတ်ကဲ့”

“ကိုးသူငယ်ချင်းပေါ့”

“ဟုတ်ကဲ့၊ ဆယ်တန်းတုန်းကတည်းက သူငယ်ချင်း ပါ”





လေးသည် ဖော်ဦးဆွေရဲ့ အစ်မက ဒေါ်သန့်လေးဆွေ နေတာကို အံ့အားသင့်လို့မဆုံး။ မဆီမဆိုင် ဝမ်းသာသလိုလို ည်း ဖြစ်မိပါသည်။ ဖေဖေဟာ သူ့စက္ကင်းမိတ် ဖော်ဦးဆွေနှင့် နီးခင်မင်တာ ဖေဖေ ဖုန်းဆက်စာရေးတိုင်း ပါတတ်၍ ဒေါ်သန့်လေးဆွေနှင့် လမ်းကြောင်းတစ်ခု ပွင့်သွားသလို ဝမ်းသာ ရ ဖြစ်မိသည်။

အဲဒီရဲ့နောက်တွင်တော့ ဖော်ဦးဆွေသည် ချိ(ဖ်)ရဲ့ ား ထွဋ်မြတ်လေးဆိုတဲ့ လူငယ်လေးရဲ့ ရင်းနှီးကျွမ်းဝင် င်မင်ရောဝင်မှုကို မမျှော်လင့်ဘဲ တအံ့တဩ လက်ခံရပါတော့ ည်။ ချိ(ဖ်)နှင့် သူက သင်္ဘောမှာ အတော်ခင်မင်ပါသည်။ သမဲ့ ချိ(ဖ်)ရဲ့သားကတော့ ဘယ်တုန်းကမှ အဆက်အစပ်မရှိ ါဘဲ ခုမှ သိရပြီး သူ့ကို ဖုန်းတွေဆက်၊ ဟိုခေါ် ဒီခေါ်၊ မုန့် ါကျွေး၊ လက်ဖက်ရည်သိုက်တိုက်။

ထွဋ်မြတ်လေးတို့က သူငယ်ချင်းသုံးယောက် ပေါင်း ာ အင်တီးရီးယားဒက်ကိုရေးရှင်းလုပ်ငန်း တည်ထောင်ထားတာ ်သည်။ သူ့သူငယ်ချင်းတွေနှင့်လည်း မိတ်ဆက်ပေး၊ ရှုံးခန်းကို ဖွင်းပြေ လာလည်ဖို့ခေါ်၊ သူတို့ လုပ်ငန်းခွင်တွေ ရှိတဲ့နေရာ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ခေါ်သွားလိုခေါ်သွား။

သဘောသားဆိုသည်မှာ ကုန်းပေါ် ပြန်နားနေ အခိုက် တတွဲတွဲလုပ်ဖို့ သူငယ်ချင်း အရင်းအချာ မရှိ ယောင်ချာချာ ပျင်းခြောက်ခြောက် ဖြစ်စရာကောင်းလှပါသည်။ ဇော်ဦးဆွေသည် သဘောလိုက်ခဲ့တာ ကြာလှပြီမို့ ဟိုးငယ်ငယ် သူငယ်ချင်း အပေါင်းအသင်းတွေနှင့် အဆက်ပြတ် ဝေးကွာနေ ပြီ။

အဲဒါကြောင့်လည်း ကိုယ်တိုင် ပျင်းပျင်းရှိတာ ထွန်းမြတ်လေးရဲ့ ဖိတ်မှု ခေါ်မှုကို လက်ခံကာ သူတို့က ကျွေး လိုက်၊ ကိုယ်က ကျွေးလိုက်နှင့် အပြန်အလှန်တွေ အတွဲမိနေကြ သည်။ သူတို့ မကြာမကြာ ဆုံတွေ့နေကြတာကို မမကာ သတိပေးသလိုလိုဆိုသည်။

“ကိုဇော်နော်၊ ကလေးတွေနဲ့ ပေါင်းပြီး ဘာတွေ ဇရ ကျနေသလဲ၊သက်တူရွယ်တူတွေလည်း မဟုတ်ဘဲနဲ့၊ သူ က နှစ်ဆယ်ကျော်လေးတွေ၊ သိက္ခာကျစရာရှိ ကိုယ် ရှေ့ဆုံးကကျမယ်”

“အာ … မမကလည်း၊ ဘာမှ ဇရုတ်မကျပါဘူး၊ ဒီကောင်လေးတွေ လုပ်ငန်းခွင်ထဲ လိုက်လေ့လာ၊ သူတို့နဲ့ စားသောက် ဒါလောက်ပါပဲ၊ ဒီကောင်လေးတွေက အရက်တွေဘာတွေ လည်း သောက်တတ်ကြတာ မဟုတ်ဘူး၊ လက်ဖက်ရည် ဆိုင် မုန့်ဆိုင်ထိုင် ရုံလောက်ပါပဲ၊ ဘာမှ သိက္ခာကျစရာ မလုပ်ပါဘူး”





“အဲဒီ ထွန်းမြတ်လေးဆိုတဲ့ ကောင်လေးက ကောင်းရဲ့လား”

“ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ၊ အဲဒါ ချိ(ဖ်)ရဲ့သားလေ”

“ချိ(ဖ်)ရဲ့သားမှန်း သိပါတယ်၊ သူက ခပ်ရှုပ်ရှုပ်မွှေမွှေ ထဲကလားလို့ပါ”

“မရှုပ်ပါဘူး၊ ကျွန်တော်နဲ့က သိတာ ဘာမှ မကြာသေး တော့ ကိုယ့်မျက်စိရှေ့တော့ ဘာမှ ရှုပ်ရှုပ် မတွေ့ဖူးပေါ့ နော်၊ ကွယ်ရာမှာတော့ ဘယ်သိမလဲ၊ ဒါပေမဲ့ ဆိုးဆိုးဝါးဝါး ပုံ တစ်စက်မှ မရှိပါဘူး မမရဲ့၊ လူကောင်းလေးတွေပုံပါ၊ မမက ဘာဖြစ်လို့ ဘယ်လို ထင်နေလို့လဲ”

“ကောင်မလေးတွေ ကားပေါ်တင်တင်ပြီး တွေ့တွေ့နေဖူး လို့”

“ဒါများ မမကလည်း၊ လူပျိုပဲ၊ ဒီလောက်တော့ ရှိမှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာသူ ကားပေါ် ကောင်မလေးတွေ တင်သွား
ဘာဖြစ်လို့လဲ"

"သူက ဟိုဘက်အိမ်ကိုလည်း ဝင်ထွက်တယ်ဟဲ့၊ ဟိုအ
အိမ်မှာလည်း ကောင်မလေးတစ်ယောက်ရှိတယ်၊ သူ့သူ
ချင်းလို့တော့ ပြောတာပဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့ မမကလည်း၊ မမနဲ့ ဘာဆိုင်လို့
သန့်မှာ ကိုယ့်ဟာကိုယ်ပင် ရှက်တက်တက် ဖြ
မလို ဖြစ်သွားပါသည်။ ဟုတ်သားပဲ။ ကိုယ်နဲ့ ဘာဆိုင်လို့
ဒီလိုပဲ ပြောကြမှာပေါ့။ ဆိုင်လို့တော့ မဟုတ်ဘူးပေါ့။ ဒါ
ဘာပဲဖြစ်ဖြစ် အိမ်နီးချင်းမိသားစုကလည်းဖြစ်၊ ဦးရန်ရှင်းနှင့်
လည်း မထင်မှတ်ဘဲ ရင်းနှီးမှုတိုးလာ၊ ကလေးငယ်နှစ်ယော
က ကိုယ့်တပည့်တွေဖြစ်လာ၊ ကြီးဆိုတဲ့ မိန်းမပျိုက မိခင်ရှိ
မဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းစောင့်ရှောက်နေရသည့်
သမီးချင်း စာနာတွေးလို့လို့ ပြောရအောင်ကလည်း
ကိုယ်က သမီးတော့ ရှိတာ မဟုတ်ဘူးပေါ့။ ကြီးက အယ်
သဘောထားရှိရှိ သန့်ကတော့ သူတို့မိသားစုလေးကို ခင်မင်
ဏာပိုလျက် ရှိပါသည်။





ကိုယ်ကပဲ ဝိုင်းဝန်းစောင့်ရှောက်သင့်သလိုလို ခံစား
နေရတာပါ။ သနားကရုဏာ ဖြစ်ရအောင်ကလည်း သူတို့မိသားစု
ဟာ သူတို့ဟာနှင့်သူတို့ အဆင်ပြေပြေပြေပင်။ ဦးရန်ရှင်း အမွေရတဲ့
ခြံနဲ့တိုက်ဟာ ရန်ကုန်မြို့ရဲ့ လမ်းမကောင်းကြီးပေါ်မှာ တည်ရှိကာ
နိုင်ငံခြားကုမ္ပဏီတစ်ခုကို ငှားရမ်းထားတာပါ။ ထိုငှားရမ်းငွေနှင့်
ဝင် ခြံကလေး ငွေစုဝယ်လိုက်၊ တိုက်လာဆောက်လိုက်နှင့် ခုလို
မှောက်တစ်ခြံ နောက်တစ်တိုက် ဖြစ်လာတာ။

သူတို့ နဂိုနေခဲ့တဲ့ တိုက်ခန်းကျယ်ကိုလည်း
ကွန်ပျူတာသင်တန်းတစ်ခုကို ငှားခဲ့ပြီလို့ သိရသည်။ ဝင်ငွေတွေ
အလျှံပယ်နှင့် ချို့ချို့ငဲ့ငဲ့လည်းမရှိ၊ ဘာပြဿနာမှလဲ မရှိတဲ့
မိသားစုတစ်ခုကို ဘာများ ကရုဏာသက်စရာရှိလို့လဲ။

သို့သော်လည်း သန့်ကတော့ အထူးသဖြင့် ကိုကို
ညီညီ အမြွှာနှစ်ယောက်ကိုလည်း သနားကြင်နာမိသည်။ ကလေး
တွေဟာ ဆိုးချင်သလိုလိုနှင့် လိမ္မာကြပါသည်။ ခုဆိုရင် ကျောင်း
က ပြန်ရောက်ပြီး ရေမိုးချိုး၊ ထမင်းစားပြီးတဲ့အခါ ညီအစ်ကို
နှစ်ယောက်သား ကျောပိုးအိတ်ကိုယ်စီနှင့် သူတို့ အိမ်ဘက်
ကူးလာပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျူရှင်မပေးတတ်ခဲ့တဲ့ သန့်ဟာ ဒီအမြွာညီအစ်ကို ကိုတော့ဖြင့် ငြင်းမရပြုမရ စာအပိုသင်ပေးနေရပါသည်။ ခပ်ကဲကဲ လေးတွေနှင့် ချစ်စဖွယ်ကောင်းတဲ့ အမြွာညီအစ်ကိုကို တဟဲ့ဟဲ့နှင့် မာန်ရင်းမဲရင်း၊ ကြိမ်မောင်းရင်းကပင် သန့် သံယောဇဉ်တွယ်ကာ ချစ်သနားလာခဲ့တာ။

ပြောရရင် ဝန်ခံရရင် ဦးရန်ရှင်းကိုလည်းပဲ သန့်က ကရုဏာသက်တာပင်။ လူဖြောင့်လူအေး ဦးရန်ရှင်းဟာ တစ်နေ့ တစ်နေ့ ရုံးနဲ့အိမ်ကလွဲပြီး ဘယ်မှ လည်ပတ်သွားလာတာ မရှိ။ အိမ်အပြန်လည်း အချိန်မှန်တတ်သည်။ တနင်္ဂနွေတစ်ရက်ပဲ ငြင်းမရတဲ့ ဗွာနမိတ်ဆွေတို့ရဲ့ ဖိတ်ခေါ်ချက်ဖြင့် မနက်တိုင်း ဂေါက်ကွင်းကို ဂေါက်သီးရိုက် ပါသွားတတ်သော်လည်း ခဏနှင့်ပဲ ပြန်လာတတ်သည်။

လည်လည်ပတ်ပတ် သွားသွားလာလာ မရှိဘဲ အိမ်ထဲ၌သာ တပုံ့ပုံ့ နေရင်း အိမ်ရှင်မ ဇနီးသည်အဖော်သဟဲလည်း မရှိတဲ့ ဦးရန်ရှင်းကို ကရုဏာသက်မိပါသည်ဆိုလျှင် လွန်ရာများကျ မလား မသိပါ။ သူ့သမီး ဂျီး သိရင်လည်း သိပ်နှစ်သက်မယ် မထင်ပါ။ ဒါပေမဲ့ သန့်ကတော့ တစ်ဖက်အိမ်မိသားစုကို မဆိုင်





သလို တွေးမထားမိပေ။ ဒါတော့ သန့်လိုပဲ အန်တီချစ်လည်း တွေတူပါပင်။

အန်တီချစ်ဟာလည်း အမြွာညီအစ်ကိုကို အတော်ချစ် ခင်သံယောဇဉ် ဖြစ်နေပါသည်။ ဦးရန်ရှင်းနှင့် ဂျီးကိုလည်း အန်တီချစ်က ခင်မင်တာပင်။ သန့်ကတော့ ဂျီးကို တစ်ခါတစ်ရံ အောင့်သက်သက် ဖြစ်ရတတ်လွန်း၍ အပိုစကားတွေ သိပ်မဆိုဖြစ်။ အန်တီချစ်နဲ့ ဂျီးနဲ့ကျတော့ သန့်နဲ့ထက် ပိုဆုံတွေ့ဖြစ်ကြသည်။ ဒါကြောင့် အန်တီချစ်ကတော့ ဂျီးကို သံယောဇဉ် ရှိသည်။

ဖော်ဦးဆွေကတော့ သူ့အစ်မနဲ့ စကားပြောပြီးမှပင် ဟိုဘက်အိမ်က ကောင်မလေးဆိုသည်ကို အမှတ်မထင် သတိပြု မိလာသည်။ မလုပ်တလှုပ် မထုံတက်ဘေး ရုပ်တည်လေးနှင့် ဆူတပတ ကောင်မလေးဟာ သူ့အဖေရုံးကားပေါ် ခြင်းတွေဘာ တွေ တင်ပေးရင်း ဒီဘက်ခြံကို ခပ်မှုန်မှုန်လေး အရိပ်အကဲ လှမ်း လှမ်းကြည့်တတ်သည်။

တစ်ညနေတော့ ဖော်ဦးဆွေ ခြံထဲ ရှိနေတုန်း ဟိုဘက်ခြံထဲ ထွင့်မြတ်လေးရဲ့ကား ဝင်လာပြီး ထွင့်မြတ်လေး ဆင်းလာတာမြင်လျှင် ဖော်ဦးဆွေက လက်လှမ်းပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လေးက သူ့ကို ထွက်ကြိုတဲ့ ဂျီးရဲ့လက်ကို ဆွဲခေါ်လာခဲ့
ခြံစည်းရိုးနား လျှောက်လာရင်း ...

"အစ်ကိုဇော်၊ ဘယ်မှ မသွားဘူးလား"

"အေးကွ၊ မင်းကော ဘာလာလုပ်လဲ ကိုလေး"

"လာလည်တာ၊ ဒါလေ ဂျီးတဲ့၊ နာမည်ရင်းက ရည်ရွှေ ရန်ရှင်းပေါ့၊ ကျွန်တော့် Sweet heart ပေါ့"

"သြော် ... ဒီလိုလား"

"ဟဲ ... ဟဲ"

"ဒါကြောင့် မင်း ဟိုဘက်ကို ခဏခဏ ရောက်တယ်လို့ မမက ပြောတာကိုး"

"ဂျီး ... ဒါ ကိုဇော်ဦးဆွေတဲ့၊ ဒေါ်သန့်လေးဆွေရဲ့ မောင်လေး၊ ဟိုတလောကမှ ပြန်လာတာ၊ ဖေဖေနဲ့ တစ်သဘောတည်း"

"သြော် ..."

ဂျီးသည် သူ့တူအငယ် သဘောမှ ပြန်ရောက်လာသည်ဟု အန်တီချစ် စကားထဲပါ၍ သိရပြီးဖြစ်သော်လည်း သေသေချာချာ တစ်ကြိမ်မှ မကြုံကြိုက်၊ မတွေ့ဆုံဖူးသေးပါ။





သည် အနည်းငယ် ပြည့်ဖြိုးချင်တာလွဲပြီး ချောချောဖြောင့်ဖြောင့်နှင့် ဒေါ်သန့်လေးဆွေလိုပင် ကြည့်ကောင်းလှသော ကိုဇော်ဦးကို နှုတ်ဆက်ပြီးပြုလိုက်ပါသည်။

"အန်တီနဲ့တော့ ဂျီးတို့ ရင်းနှီးပါတယ်"

ဂျီးက စကားမရှိ စကားရှာ ပြောလိုက်ပါသည်။

"အင်း ... သိပါတယ်၊ ပြောကြပါတယ်၊ အခုလည်း ဒီဘက်ရောက်နေတဲ့ ချာတိတ်တွေ ဒီအိမ်က မဟုတ်လား"

"ဟုတ်ကဲ့၊ ဂျီးရဲ့ မောင်လေးတွေပါ"

"အထဲမှာ စာသင်နေကြတယ်၊ တွေ့ခဲ့တယ်"

"ဟုတ်ကဲ့၊ အန်တီက ဂျီးတို့ကို အတော်အကူအညီပေးပါတယ်"

"ဒီလိုပဲပေါ့၊ အိမ်နီးချင်းနားချင်းတွေပဲ၊ အပြန်အလှန် ဒီလိုပဲ ကူညီရမှာပေါ့၊ ဒီဘက်က ဦးရန်ရှင်းကဆိုရင်လည်း ကားတွေ ဘာတွေ ပျက်တာ ယူပြင်ပေးဖူးတာပဲ မဟုတ်လား၊ အန်တီချစ်တို့ မမတို့ ပြောဆိုတာ ကြားပါတယ်၊ ခင်မင်ရာ ခင်မင်ကြောင်း မိတ်ဆွေတွေဆိုတာ ဒီလိုပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဂျီးသည် စကားကို နားထောင်ရင်း မျက်ခုံး
လိမ်တွန့်၍ မျက်နှာပျက်သွားရပါသည်။ ဖေဖေက ဒေါသန့်
ဆွေတို့ ကားကို ဘယ်တုန်းကများ ပြင်ပေးဖူးပါလိမ့်။ ဂျီး
မသိလိုက်ရပါလား၊ ဂျီးကို ဖေဖေ အရေးလုပ်၍တောင် ပြော
ပါလား။

ဒီပြင်ကော ဖေဖေနှင့်သူဟာ ဘယ်လောက်တော
ရင်းရင်းနှီးနှီး ပတ်ပတ်သက်သက် ရှိနေပြီလဲ။ ဂျီး တစ်ယော
မပြုံးနိုင်တော့ဘဲရှိသည်။

"အစ်ကိုဇော် အားနေတာ ဂေါက်သီးရိုက်ပါလားဗျ"

"ဘာဖြစ်လို့လဲ ကိုလေးရဲ့ မင်းတို့ ရိုက်လို့လား"

"ကျွန်တော် မရိုက်ပါဘူး၊ ဖေဖေ ပြောသံကြားတဲ့အထဲ
အစ်ကိုဇော်က ဟိုးအရင်ငယ်ငယ်က တက္ကသိုလ်ကျောင်
သားလောက်တုန်းက ဂေါက်သီးရိုက်တယ်၊ ရေးကူးတယ်
ကြားလို့"

"အေးကွ၊ အဲဒီတုန်းကတော့ လုပ်တယ်၊ ဂေါက်သီးကတော
ကိုယ့်အဖေရိုက်တဲ့ဆီ အဖော်လိုက်သွားရင်း နီးစပ်မှုရှိတော
ရိုက်ဖြစ်ခဲ့တာပေါ့၊ နောက်ပိုင်း မရိုက်ဖြစ်တာ ကြာပါပြ
ရေကူးတာတော့ နောက်ပိုင်းလည်း ရံဖန်ရံခါ ကူးဖြစ်တယ်"





"ရေကူးချင်လည်းဖြစ်တယ်၊ နဝဒေးက ရေကူးကန်ဆီ
ခေါ်သွားပေးမယ်၊ ဂျီးမောင်လေးတွေကို ပို့ပို့ပေးရင်း
အနည်းဆုံး နှစ်ပတ်တစ်ခါတော့ ရောက်နေတာပဲ၊ ရက်ခြား
သွားချင်လည်း ရတယ်"

"ဘယ်သူ သွားကူးကူးရလား"

"ရဘယ်၊ ကျွန်တော်ကတော့ အဲဒီထဲ လုံးချင်းလေးတစ်လုံး
လည်း ဝယ်ထား၊ တခြားတိုက်တွေ ဒက်ကိုရေးရှင်း လုပ်
ပေးနေတာလည်း ရှိတော့ အမြဲ ဝင်ထွက်နေ၊ ရောက်နေ
တာကိုး၊ ကိုဇော့်တောင် ကျွန်တော် တစ်ခါခေါ်သွားဖူးတဲ့
တိုက်လေ၊ အဲဒီက ရေကူးကန်က လူလည်း နည်းတယ်၊
သန့်လည်းသန့်တယ်"

"ဟုတ်လား၊ ကြုံရင် ကူးတာပေါ့"

"ရတယ် အစ်ကိုဇော်၊ အစ်ကိုဇော့်ကို ခေါ်မယ်"

"အေး … အေး၊ နောက်ပိုင်း ဘာမှ သိပ်မလုပ်ဖြစ်တော့
လူက ဝိတ်တက်လာတယ်ကွာ၊ ဝလာတယ်၊ ကိုယ်လက်
လှုပ်ရှား တစ်ခုခုရှိတာ ကောင်းတယ်"

"အဲဒါကြောင့် ဂေါက်သီးသွားရိုက်ပါလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဂေါက်သီးရိုက်တာက အဖော်လိုတယ်ကွ"

"အဲဒါကို ပြောတာလေ၊ ကျီး ဒက်ဒီနဲ့ လိုက်ရိုက်ဖေ ရင်းနှီးနေတာပဲ၊ ကျွန်တော် ပြောလိုက်ရင် ရတာပဲ"

"ကိုယ်နဲ့မှ မရင်းနှီးတာ"

"အာ ... အစ်ကိုဇော်ကလည်း၊ အစ်ကိုဇော့် အဒေါ်နဲ့ အစ်မနဲ့လည်း သူက ခင်နေတာပဲဟာ၊ စကားမပြောဖူးသေး လို့ပါ၊ ခင်သွားရင် အန်ကယ်က ခင်ဖို့ကောင်းတယ်ဗျ တအားအေးချမ်းတာ၊ သူ့သမီးထက်တောင် သဘောကောင်း သေးတယ်"

"မင်းကလည်း ကိုလေးရာ၊ ရည်းစားထက် ယောက္ခမ ပိုညွှန်းနေပါလား"

"တကယ်ဗျ၊ တစ်ရက်လောက် အစ်ကိုဇော့်ကို အန်ကယ်နဲ့ မိတ်ဆက်ပေးထားဦးမယ်၊ အန်ကယ်က စနေ တနင်္ဂနွေ မနက်ဆိုရင် ဂေါ့ဖ်သွားရိုက်တယ်၊ တခြား ဘယ်မှ သွား တာမဟုတ်ဘူး၊ အိမ်မှာ ချက်စ်သွားထိုးလို့လည်း ရတယ် ကျွန်တော်နဲ့လည်း တစ်ခါတစ်ခါ ချက်စ် ထိုးဖြစ်တယ်"

"မင်းက ယောက္ခမနဲ့ တယ်ကြည်ပါလား ကိုလေးရ"





"ကြည်တယ်၊ ကြည်တယ်၊ အဘိုးကြီးလည်း အိမ်မှာဆိုရင် ပျင်းနေတာဆိုတော့ ကျွန်တော်က လေလေးဘာလေးပစ်၊ ချက်စ်လေးဘာလေး ထိုးပေးရတာပေါ့ဗျာ၊ အစ်ကိုဇော်နဲ့က အိမ်နီးချင်းဆိုတော့ ပိုအဆင်ပြေတာပေါ့"

ဒီလိုနှင့် စနေ တစ်ညနေ ထွင့်မြတ်လေး ကျီးတို့အိမ် တဲ့တစ်ကြိမ်မှာ ထွင့်မြတ်လေးက ဇော်ဦးဆွေကိုပါ ဘေးအိမ်မှာ ခေါ်လာခဲ့ပါသည်။ တိုက်နံဘေး နေရိပ်မှာ ကြိမ်ကုလားထိုင် တွေချလျက် (အန်ကယ်က ဘီယာအရက် မသောက်တဲ့သူမို့) ဘွဲ့ကြမ်းနှင့် ငါးခြောက်ဖုတ်တို့ လက်ဖက်သုပ်တို့ ချကာ ဝိုင်းဖွဲ့ဖြစ်သည်။

တွေ့တွေ့ချင်း မိတ်ဆက်အပေးတွင် ကိုယ်စီ လိုက် လိုလို လက်ဆွဲနှုတ်ဆက်ကြကာ ဇော်ဦးဆွေကလည်း ဦပရိပ် ကင်းလှတဲ့ ဦးရန်ရှင်းကို နှစ်လိုစိတ် ချက်ချင်းဖြစ်ထွန်းသကဲ့သို့ ရှင်းကလည်း အေးအေးဆေးဆေး တည်တည်ကြည်ကြည် ဦးဆွေရဲ့ သဘောကောင်းတဲ့ပုံစံကို သဘောကျကာ ဒေါ်သန့် ဆွေ မောင် ဖြစ်နေတဲ့အတွက်လည်း ဦးစားတပေးနှင့် အလှန် ခင်မင်မှု မြန်ဆန်စွာ ဖြစ်ထွန်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စနေ၊ တနင်္ဂနွေ အဖေဖြစ်သူ အိမ်မှာ ရှိတုန်း သွားချင်တာရှိလျှင်၊ ဝယ်ချင်တာရှိလျှင် သူငယ်ချင်းတွေနှင့် ချက်ကာ ကိုယ့်ဘာသာ ကားမောင်းသွားလေ့ရှိသော ကြီး ထိုနေ့က အိမ်မှာ မရှိ။

စကားဝိုင်း ကောင်းကာ ချက်စ်ဝိုင်း စတင်ကာစ ကြီးက ကားကို မောင်းကာ ပြန်ရောက်လာသည်။ တိုက်နံ ခြံထဲက ဝိုင်းကို မြင်လျှင် ကြီးသည် မျက်လုံးပြူးကာနေသည် ဦးရန်ရှင်းနှင့် ဇော်ဦးဆွေကို နှုတ်ဆက်ပြီးလျှင် ကြီးသည် ထွင် လေးကို မျက်စောင်းရွယ်ကာ လှည့်ထွက်သွားပါသည်။

ထိုသို့ မျက်စောင်းရွယ်သွားခြင်းသည် ဝန်း ပုတ်ကာ 'လိုက်ခဲ့'လို့ ခေါ်လိုက်သလောက်နီးနီး အာဏာပြင်း လေ့ရာ လေးက ကောက်ခနဲ ထ,လိုက်သွားခဲ့သည်။

"ရှင် ဘယ်လိုဖြစ်နေလဲ လေး"

"ဘာဖြစ်လို့လဲ ကြီးရဲ့"

"ဒီလူကြီးကို ဖေဖေ့ဆီ ခေါ်လာပြီး မိတ်ဆက်ပေး ဘာအလုပ်လဲ၊ လုပ်စရာလား"





"အာ ... ကြီးကလည်း၊ စနေ၊ တနင်္ဂနွေဆိုရင် အန်ကယ် လည်း ပျင်းနေတာ မဟုတ်လား၊ အစ်ကိုဇော်ကလည်း အားနေတာပြီးတော့ ချက်စ်သမား၊ ဂေါ့ဖ်သမားချင်းလည်း ဖြစ်တော့အဖော် ... ..."

"ဘာ ... ဂေါ့ဖ်လဲ၊ လိုက်ရိုက်ဦးမှာလား"

"ရိုက်မရိုက်တော့ ကိုယ်လည်း မသိဘူး၊ စကားစပ်မိတာကို ပြောပြတာ၊ အန်ကယ်နဲ့ စကားစပ်သွားရင်တော့"

"လေးနော်၊ ရှင့်ကို စိတ်တိုလာပြီနော်"

"ဘာလဲ ကြီးရဲ့၊ ကိုယ်ဘာ လုပ်မိလို့လဲ၊ ကြီး ဒက်ဒီကဖြင့် သဘောတွေကျနေတာ"

"ဒက်ဒီကတော့ သဘောတွေကျနေမှာပေါ့၊ မပြောလိုက်ချင် ဘူး၊ တစ်ခါတည်း ရေနွေးကြမ်း ငါးခြောက်ဖုတ်နဲ့ လက်ဖက်နဲ့ ဘာနဲ့ ဝိုင်းကောင်းနေလိုက်ကြတာ"

"အဲဒါက အန်ကယ် ခိုင်းလို့ ဒေါ်ဖွားပုံက ..."

"တော်ပါတော့၊ စားတာကို ရည်ရွယ်ပြောနေတာ မဟုတ်ဘူး၊ အဖွဲ့တွေကျနေတာကို ပြောနေတာ၊ ရှင် တော်တော် ဉာဏ်နည်းနေသလားဟင် ... လေး"

"ဘာလဲ ကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကြီးက ဟိုဆရာမရဲ့မောင်လေ၊ မောင်လေ"

ကျီးသည် ထွင့်မြတ်လေး လက်မောင်းကို လိမ်ဆွဲလို[illegible]၍ ထွင့်မြတ်လေးက ရှုံ့မဲ့ကာ ...

"အဲ ... အဲဒါ ဘာဖြစ်လဲ ကျီးရဲ့"

"ဘာဖြစ်ရမလဲ၊ ရှင်က ဒက်ဒီ့ကို ယောက်ဖရအော[illegible] လုပ်နေတာပေါ့လေ၊ ဟုတ်လား လေး"

လေးသည် စိတ်ထဲက ကျိတ်ရယ်ချင်ကာ 'ဟဲ ဟဲ[illegible] ဟုတ်တယ်၊ ဟုတ်တယ်'လို့ ခေါင်းညိတ်နေသော်လည်း အပြင်[illegible] တော့ မျက်လုံးမျက်ဆန်ပြူးပြဲကာ ...

"ဘာဖြစ်လို့လဲ၊ ဘာလို့ ဒီလို ထင်ရတာလဲ ကျီးရဲ့၊ [illegible] ပါပဲကွာ၊ မထင်ကောင်း မထင်အပ်တွေ၊ ကိုယ်က ကို[illegible] ယောက္ခမလောင်းကို ရှုတ်တီးရှုတ်တောက် အလုပ်[illegible] လုပ်ပါ့မလား ကျီးရယ်၊ မဟုတ်တာကွာ"

"ရှင့်ကို စွပ်စွဲနေတာ မဟုတ်ဘူး၊ လေး လုပ်နေတာ[illegible] အဲဒီလိုအရာမျိုး ရောက်နေပြီလို့ ပြောပြတာ"

တကယ်က အဲဒီအရာ ရောက်နေတာ မဟုတ်[illegible] တကယ်ကို လုပ်နေတာ။ လေးက ပြုံးစိစိ ဖြစ်လာမိပါသည်[illegible]

"ပြုံးစိစိ လုပ်မနေနဲ့"





"ကျီး ဒက်ဒီလည်း အပျင်းပြေပြီး ပျော်နေတာပဲ ကျီးရယ်"

"တခြားလူနဲ့ဆိုရင် ဘာအရေးလဲ"

"အစ်ကိုဖော်က လူကြီးလူကောင်းတစ်ယောက်ပါ"

"သူ့ဟာသူ ဘာဖြစ်ဖြစ်၊ ဒေါ်သန့်လေးဆွေ မောင်ဖြစ်နေတဲ့ဟာ၊ အဲဒီ ဒေါ်သန့်လေးဆွေနဲ့ နီးစပ်သွားမှာ စိုးရိမ်နေပါတယ်လို့ ပြောထားရက်သားနဲ့"

"သြော် ... အစိုးရိမ်ကြီးရန်ကော ကျီးရယ်၊ ဟဲ ဟဲ"

လေးမှာ ရယ်ချင်လို့သာနေရင်း မအောင့်နိုင်ဘဲ[illegible]သံက ထွက်သွားရပါသေးသည်။ ကျီးတစ်ယောက်မှာ သူ့ ဗျစ်[illegible]ောက်ဗျစ်တောက်နှင့်သူ အာရုံများနေကာ မကြားလိုက်၍ တော်[illegible]ေးသည်။

ချက်စ်ပွဲသိမ်းတော့ ဦးရန်ရှင်းနှင့် ဖော်ဦးဆွေက[illegible]တို့ဟာသူတို့ ပြောဆိုချိန်းချက်ပြီးကြပေပြီ။ ဖော်ဦးဆွေထံမှာ[illegible]ည်း ချောင်ထဲ သိမ်းထားသည့် ဂေါ့ဖ်ဆက်ထ်က အသင့်။ [illegible]က်နေ့ကစပြီး ဦးရန်ရှင်း ဂေါ့ဖ် ရိုက်ရာကို ဖော်ဦးဆွေက [illegible]က်ပါဖို့ သဘောတူကျေနပ် ပြောဆိုပြီးကြပြီ။

ကျီးရဲ့ မျက်နှာကတော့ မှုန်တေလို့ နေပေတော့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



# ၆

"လာ အစ်ကိုကြီး၊ အိမ်ပေါ် ခဏဝင်ပါဦး"

"နေပစေတော့လေ ကိုဇော်၊ နောက်မှ လာမယ်"

"လာပါဦး၊ ခဏထိုင်ပါဦး အစ်ကိုကြီးရဲ့၊ မော်ရ... အတ္တုပ္ပတ္တိစာအုပ် ဖတ်ချင်တယ်ဆို၊ ကျွန်တော် ရထား... ဗျ၊ အစ်ကိုကြီး အရင်ယူဖတ်လိုက်၊ လာ ... လာ ... ခဏထိုင်၊ ကျွန်တော် ယူလိုက်ဦးမယ်"

"ဟုတ်လား၊ ဒီစာအုပ်တော့ သိပ်ဖတ်ချင်တယ်ဗျာ၊ Tha... You ... Thank you"

ဦးရန်ရှင်းက ကားပေါ်မှ ဆင်းကာ အိမ်ပေါ်တက်... ပါသည်။ သူတို့နှစ်ယောက် ဂေါက်ကွင်းက ပြန်လာကြ...





...ပါသည်။ ကားနှစ်စီး ယူမသွားတော့ဘဲ တစ်ယောက်ယောက်ရဲ့ ...ကားနှင့်သာ တစ်စီးတည်း အတူသွားနေကျ။ သူတို့နှစ်ယောက် ...တူ ဂေါက်ကွင်းသွားခဲ့တဲ့ တနင်္ဂနွေပတ်တွေလည်း မနည်းတော့ ...ဖြစ်သည်။

ဒီနေ့က ဦးရန်ရှင်း ကားနှင့် သွားတာဖြစ်၍ ...ဦးရန်ရှင်းက ဇော်ဦးဆွေကို အရင်ဝင်ပို့တာဖြစ်သည်။ ပုံစံချင်း၊ ...ရိုက်ချင်း၊ အကြိုက်ချင်း၊ ဝါသနာချင်း အတော်နီးစပ်စွာ တူနေ ...ကြတဲ့ သူတို့နှစ်ဦးဟာ မမျှော်လင့်ဘဲ တစ်ယောက်ကိုတစ်ယောက် ...အတော်ရင်းနှီးခင်မင်သွားကြပါသည်။

ဇော်ဦးဆွေက ဦးရန်ရှင်းကို 'အစ်ကိုကြီး' ဦးရန်ရှင်းက ...ဇော်ဦးဆွေကို 'ကိုဇော်'နှင့် အပေးအယူတွေ တည့်နေကြပါသည်။

"ထိုင်လေ ဦးရန်ရှင်း၊ မတ်တတ်ကြီး"

"ဪ ... ဟုတ်ကဲ့ ဆရာမ၊ ကိုဇော်က အထဲဝင်သွား တော့ ကျွန်တော်လည်း လှုသံမကြားတာနဲ့"

"လှုသံမကြားလည်း ဝင်ထိုင်ပါ ဦးရန်ရှင်းရယ်၊ ရပါတယ်"

ဦးရန်ရှင်းက ဧည့်ခန်းက ဆက်တီတစ်ခုမှာ ဝင်ထိုင် ...လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလ ကလေးတွေ စာမေးပွဲရှိတယ် ထင်တယ်
ဆရာမ"

"ဟုတ်ကဲ့၊ ဒီလ ရှိပါတယ်"

"ဂျီး ပြောနေသံ ကြားလို့"

ဇော်ဦးဆွေက အခန်းထဲမှ ပြန်ထွက်လာကာ

"ဒီမှာလေ အစ်ကိုကြီးရ ... စာအုပ်က အကောင်း
ဂျက်ကက်ဖုံးနဲ့ စာအုပ်ကိုရတာ၊ သူငယ်ချင်းတစ်ယော
အပြန်ယူလာပေးတာလေ၊ အစ်ကိုကြီး ဟိုတစ်နေ့က ပြော
သံ ကြားလို့လေ၊ မော်ရင်ဟိုစာအုပ်ကတော့ ဟိုမှာ
တာ သိပ်မကြာလှသေးဘူးပေါ့"

"ဟုတ်တယ်ဗျ၊ ကျွန်တော် အတော်ဖတ်ချင်နေတာ၊
တလောက အာဆင်းဝင်ဂါ စာအုပ်ရတယ်၊ ရုံးက မိတ်
တစ်ယောက်ဆီကရတာ၊ ကိုဇော် အရင်ဖတ်ဦးလေ တာ

"ကျွန်တော်က ဒီလောက်ကြီးလည်း မဟုတ်ပါဘူး၊ သူငယ်
ချင်း ယူလာပေးလို့သာ၊ ဖတ်ပါ အစ်ကိုကြီး ယူထား
ကြာကြာဖတ်နေလည်း ရတယ်၊ အေးအေးဆေးဆေးသာ
ဖတ်"





"Thank you ဗျာ"

"ရတယ် အစ်ကိုကြီး"

"ကိုဇော်လည်း နားချင် ရေချိုးချင်မယ်၊ ကျွန်တော် ပြန်လိုက်တော့မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ဦးရန်ရှင်း"

"ခင်ဗျာ"

"ဦးရန်ရှင်း ခဏနေနိုင်သေးတယ်ဆိုရင် ကျွန်မ စကားလေး နည်းနည်းပြောချင်တာရှိလို့"

"သြော် ... နေနိုင်ပါတယ် ဆရာမ၊ ဘာမှ လုပ်စရာ အရေးတကြီးမှ မရှိဘဲ၊ ဆရာမ ဘာများ"

"ညီညီ့ အကြောင်းပါ ဦးရန်ရှင်း"

ဦးရန်ရှင်းက သန့်ကို အံ့အားတသင့် စေ့စေ့ကြည့်
...

"ညီညီ ဘာများလုပ်လို့လဲ ဆရာမ"

"ဘာမှ မလုပ်ပါဘူး ဦးရန်ရှင်းရယ်၊ ကလေးတွေက ဦးရန်ရှင်း ပြောဖူးသလိုပဲ အဆိုးလေးတွေလည်း မဟုတ်ပါဘူး၊ စည်းကမ်းတကျ သွန်သင်တော့ စကားနားထောင်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ကျွန်မ အတန်းထဲပဲ ဖြစ်နေတော့လည်း သူ... ကျွန်မကို ကြောက်တယ်၊ ဒီမှာ စာလာသင်လည်း စကား... ထောင်ကြပါတယ်၊ လိမ္မာပါတယ်၊ စာလည်း သေချာ... ကြပါတယ်"

"ဟုတ်ကဲ့၊ ဒါဆိုရင်"

"ညီညီ့ မျက်စိတစ်ဖက် တော့်တော်ဆိုးဆိုးဝါးဝါး မှုန်... တယ်လို့ ကျွန်မ ထင်မိတယ်"

"ဗျာ"

ဦးရန်ရှင်းသည် အလန့်တကြား အံ့အားသင့်သွားမိ... သည်။

"ဟုတ်ကဲ့၊ သူ ကူးရေးတာ မှားတာမျိုးတွေ သိပ်ဖြစ်... ကျွန်မ နည်းနည်းဂရုပြုမိတာ၊ သူ့ကို မေးလိုက်ရင် သူ... မြင်တယ်ပဲ ဖြေတာပဲ၊ ပထမတော့ မြင်ရက်နဲ့ ရှမ်းတာ... နေမှာပေါ့လို့ ယူဆတာပေါ့နော်"

"ဟုတ်ကဲ့ ခင်ဗျာ"

"နောက်တဖြည်းဖြည်း စိတ်မသိုးမသန့် ဖြစ်လာလို့ ကျွန်... ချော့မော့လှည့်ပတ် မေးကြည့်ပါတယ်"

"ဟုတ်ကဲ့"





"ဟိုအရင်က ဂျီးက သူတို့ကို အိမ်မှာ စာပြပေး စာမေးပေး လုပ်ခဲ့တယ်ပေါ့နော်၊ တချို့မရှင်းတာ၊ မရတာဆိုလည်း အိမ်မှာ ပိုက်ဘုတ်ပေါ်ရေးပြီး သင်ပေးပြပေး လုပ်တယ်လို့ ပြောတယ်"

"ဟုတ်ပါတယ် ဆရာမ၊ အခု ဒီနှစ် ဆရာမနဲ့ အိမ်ချင်း ကပ်မို့သာ ဂျီး စာမပြတော့တာ၊ အရင်က ဂျီးက သူတို့ ကို စာအမြဲသင်ပါတယ်"

ဒါဟာ ကလေးတွေအတွက် ကျူရှင်ဆရာမ အိမ်ကို ခလာစေချင်တဲ့ ဂျီးရဲ့ သဘောထားကြောင့်ပင်ဖြစ်သည်။ ဂျီးဟာ ကိုယ်တိုင် အပင်ပန်းခံ၍ မောင်ငယ်တွေကို စာသင်သည်။

"အဲလို စာသင်တဲ့ အခါမှာ ညီညီက မျက်စိမှုန်ပြီး မှားတာ ရှန်းတာတွေ ရှိတယ်၊ ကျောင်းက စာအုပ်ထဲမှာလည်း ပါလာတတ်တယ်တဲ့၊ ဒါက ကျွန်မ လှည့်ပတ်မေးရင်း သိလာရတာတွေပါ"

"ဟုတ်ကဲ့"

"တစ်ခါတလေတော့ ကျောင်းမှာ ကျောက်သင်ပုန်းက မကူးဘဲ ဘေးက ကိုကို့စာအုပ်ထဲက ကြည့်လိုက်တာမျိုး ကျတော့လည်း အမှန်ကူးလာတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အမှားတွေ ပါလာတဲ့အခါ ဂျီးက ဆူတော့ ကလေး မမြင်ရလို့ပါလို့ ပြောဖူးပါတယ်၊ အဲဒီတော့ ဂျီးက ကိုကို ညီညီ တူတူထိုင်ပြီး ကိုကိုတော့ မြင်တယ်၊ ညီညီ ဘာဖြစ်လို့ မမြင်ရမှာလဲပေါ့၊ စကားတွေ များနေ ရှန်းတာ၊ မမြင်တာ မဖြစ်နိုင်ဘူးဆိုပြီး ညီညီ့ကို ဆူ ငေါက်ခဲ့အာမျိုး ရှိဘယ်ပေါ့နော် ...

အဲသလို ဖြေတိုင်း ဂျီးက ညာပြောတယ် ထင် စိတ်တိုပြီး ဆူတာ၊ တစ်ခါတလေ လက်ဆစ်ခေါက်တာမျိုး လေးတွေ ရှိတော့ ကြာတော့ ညီညီက ကြောက်တော မမြင်ဘူးဆိုတာ သိပ်ထပ်မပြောဖြစ်ဘူးပေါ့နော်"

ဦးရန်ရှင်းသည် သန့် မျက်နှာကို တစ်မျိုးသော ခံစားချက်နှင့် လေးစားအားကိုးနှစ်လိုစွာ ငေးကြည့်နေမိသည် သူ လုံး၀ မသိတဲ့ အကြောင်းအရာ အဖြစ်အပျက်တွေပါလား

"မမှားအောင်လည်း သူ့သဘောထိုင်တဲ့ ကိုကို့ဆီက စောင့်ကူးတာမျိုး လုပ်လာတော့ နည်းနည်းအမှားနည်း လာတာပေါ့"





"ဟုတ်ကဲ့၊ ဒါဖြင့်"

"ကျွန်မ ကျောင်းမှာရော အိမ်မှာရော အဲဒါကို နှစ်စ ကတည်းက သတိပြုမိခဲ့တယ်၊ ဒါပေမဲ့ ညီညီက မမြင်ရဘူး ပြောရင် ညာတယ်ဆိုပြီး အဆူခံရဦးမလားလို့ ကျွန်မ မေးတိုင်း မြင်တယ်ချည်းချတာပဲ၊ အမှန်ပြောတာ ညာတယ် ထင်ခံရပြီး အဆူခံရတော့ ညာပြောလာတဲ့သဘောပေါ့"

"သြော် ... ဖြစ်ရလေဗျာ"

"ကျွန်မ ချော့မော့မေးကြည့်ပြီးတဲ့ အမျိုးမျိုး စမ်းသပ်ကြည့် ပြီးပြီ ဦးရန်ရှင်း၊ အခုတော့ သေချာသလောက်ပဲ၊ ညီညီဟာ အဝေးမှုန်နေတယ်လို့ ကျွန်မ ယူဆတယ်၊ ညာဘက်က ပိုဆိုးတယ်လို့ ထင်တယ်၊ ဘယ်ဘက်ကို ပိတ်ထားရင် ညာဘက်မျက်လုံးက ခြောက်ပေကွာလောက်က ကွမ်းသီး လုံးလောက် စာလုံးကိုတောင် ဝါးနေတာ တွေ့ရတယ်"

"ဗျာ ... ဒါဖြင့် အတော်ဆိုးနေတာပေါ့ ဆရာမ"

"စာလုံးတင်မကပဲ ရုပ်ပုံတွေ ဘာတွေလဲ သူ မသဲကွဲ ပါဘူး၊ တစ်ခါတစ်ခါ နှစ်ထပ်တောင် ဖြစ်နေတတ်တယ်၊ သေချာသလောက် ရှိတော့ ကျွန်မ စိတ်ပူလာတယ်၊ သိပ်



www.burmeseclassic.com

ဝေးဝေးဆို သူ့ ဘာမှကို သိပ်မမြင်ရတာ၊ ကျောင်းစာအုပ်တော
ခုတည်းဝင် မကဘူးလေ၊ အဝေးသိပ်မှုန်နေတဲ့ ကလေး
တစ်ယောက်ဟာ တခြားအကြောင်းကိစ္စအမျိုးမျိုးနဲ့ ဝေး
သက်ပြီးတော့လည်း အန္တရာယ်ရှိလာနိုင်တာမို့လို့”

“ဗျူး … ကျွန်တော်ရော၊ ကြီးရော ရှက်စရာကောင်းလော
အောင် ပေါ့လျော့နေကြတာပါလား ဆရာမရယ်၊ ကျွန်တော်
လုံးဝ မသိသေးပါဘူး”

“ကြီးကလည်း သူ့ မောင်လေး ငယ်ငယ်လေးမို့လို့ မျက်စိမှုန်
တဲ့ ဝေဒနာမျိုး မဖြစ်လောက်ဘူးပဲ ယူဆထားတာ ဖြစ်ပါလိမ့်
မယ်၊ ဦးရန်ရှင်းရော သူကိုယ်တိုင်ရော မျက်မှန်သမားတွေ
မဟုတ်ဘဲ မျက်စိလည်း ကောင်းကြတာကိုး၊ ကလေးငယ်
က ဖြစ်တယ်ဆိုတော့ မယုံသလို ဖြစ်နေမှာပေါ့”

“ဘာပဲဖြစ်ဖြစ်၊ ပေါ့လျော့ပါတယ် ဆရာမ၊ ကျွန်တော်ရော
ကြီးရောပေါ့၊ ဘာပဲဖြစ်ဖြစ် အဖေတို့ အစ်မတို့ တစ်အိမ်တည်း
နေမိသားစုဟာ အရင်ဦးဆုံး သိသင့်တဲ့သူတွေပါ၊ ဆရာမကို
ကျွန်တော် ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး”

“သိပ်လည်း စိတ်မကောင်း မဖြစ်ပါနဲ့ ဦးရန်ရှင်းရယ်”





“ဆရာမကို ကျွန်တော် လေးလည်းလေးစား၊ ချီးလည်းချီး
ကျူးပါတယ်ဗျာ၊ ကျွန်တော့်ကလေးတွေအပေါ် အတော်
ဂရုတစိုက် အာရုံစိုက်လို့သာ သိနိုင်တာမျိုးပါ၊ ဂရုစိုက်မှု
အတွက် ကျေးဇူးတင်ပါတယ်၊ ကျေးဇူးမမေ့တော့ပါဘူး
ဆရာမရယ်”

သန့်သည် ဦးရန်ရှင်းရဲ့ လှိုက်လှဲလှတဲ့ လေသံကြောင့်
ပါးပြင်ကလေးတွေပင် နီမြန်းလာရင်း …

“ကျွန်မကိုက စူးစူးစမ်းစမ်း စပ်စပ်စုစု သိပ်လုပ်တတ်တာ
ကြောင့်လည်း ပါပါတယ်”

“ဒါ စပ်စုတာ မဟုတ်ပါဘူး၊ ဂရုစိုက်မှုသက်သက်ပါ၊
ကျွန်တော် ညီညီကို ချက်ချင်း မျက်စိအထူးကုနဲ့ ပြပြီး
မျက်စိစစ်ဖို့ လုပ်ပါ့မယ်၊ ကျွန်တော်တို့လည်းမသိ၊ ဆရာမ
လည်း ခုလို ဂရုမစိုက်မိရင် ဘယ်နနှစ်လောက် ဆက်ကြာ
ပြီး ဘယ်လောက်ဆိုးဝါးမှ ကျွန်တော်တို့ ရိပ်မိကြမယ်
မသိဘူး …

စောစောစီးစီး လိုအပ်တာလေး မလုပ်မိဘဲ သိပ်ဆိုးမှ
ဆိုရင် တွေးတောင်မတွေးရဲပါဘူး၊ ငယ်ငယ်က ကျွန်တော့်

www.burmeseclassic.com



သူငယ်ချင်းတစ်ယောက်မှာ မျက်စိတအားမှုန်တာ တွေ့ရ ပါတယ်၊ ခုလိုပဲ မိဘက စောစောမသိခဲ့ဘူး ...

အခု ကျွန်တော့်သူငယ်ချင်းဟာ မျက်မှန်မပါရင် အကန်းမှ အကန်းပါပဲ၊ ဘာဆိုဘာမှ မမြင်တာ၊ လူဖြစ်ရှုံး တာပေါ့ဗျာ"

ငိုင်၍ ငြိမ်သွားသော ဦးရန်ရှင်းကို ဖော်ဦးဆွေက ဒူးတစ်ဖက်ကို ကိုင်ပြီး ...

"သိပ်လည်း စိတ်မကောင်းမဖြစ်ပါနဲ့ အစ်ကိုကြီး၊ သိပ်ကြာ သေးပုံ မရပါဘူး၊ သိပ်ဆိုးဦးမှာလည်း မဟုတ်ပါဘူး"

"ကျွန်တော် စိတ်မကောင်းတာက ကလေးတွေမှာ အမေ ဆိုတာ မရှိတော့ သူတို့ခမျာ အနီးကပ် အသေးစိတ် ဂရု စိုက်ကြည့်ရှုသူ မရှိကြရှာဘူး၊ ကျီးခများလည်း ငယ်ငယ်က တည်းက အရွယ်နဲ့ မလိုက် မိသားစုဝန်ကို ဖြည့်ဆည်းရှာ ပါတယ်၊ ဒါပေမဲ့ ဂျက်မစိဘူးပေါ့ဗျာ ...

သူကိုယ်တိုင်လည်း လူငယ်ပဲဆိုတော့ တချို့ဟာတွေ ကျ သူ ကိုယ်တိုင်ပဲ ဗဟုသုတမရှိ ဘာမှန်းညာမှန်းမသိတာ မျိုးလည်း ရှိတယ်"





"ကျီးလည်း တော်ရှာပါတယ် ဦးရန်ရှင်း၊ ကျီးဟာ ဒီမိသားစု ကို သူ တတ်နိုင်သလောက် ပြုစုစောင့်ရှောက်ဖြည့်ဆည်း ပေးနိုင်ဖို့အရေးပဲ အသက်ရှူမှားအောင် ပျာယာခတ်နေတာ ပါပဲ"

"ကျွန်တော် သိတယ် ဆရာမ၊ ကျီးလည်း သူ့တာဝန်ကျေ တာထက်တောင် ပိုရှာပါတယ်၊ ကျွန်တော့်အဖို့လည်း ဒီထက်ပိုပြီး ကလေးတွေကို စောင့်ရှောက်နိုင်သင့်တယ်၊ ကျွန်တော်လည်း ကျွန်တော့်တာဝန်ဝတ္တရားနဲ့ အလုပ်ခွင်ထဲ ပဲ စိတ်ကို ပိုနှစ်ထားမိတယ်၊ ကျီးကို လွှဲအပ်စိတ်ချထားမိ တာလည်း ပါတယ်၊ သူတို့မှာ အမေရှိရင် ဒီလို လစ်ဟင်းမှု မျိုး ဖြစ်မှာ မဟုတ်ဘူး၊ ကျွန်တော့်သား ညီညီ ခုလောက် မဆိုးခင်ပဲ သူ့အမေရှိရင် သတိပြုမိနိုင်မယ် ...

ဒါကိုတွေးပြီး အတော်စိတ်မကောင်းဖြစ်တာပါ"

ဦးရန်ရှင်း စကားကြောင့် အားလုံး စိတ်မကောင်း ခြင်း ကူးစက်ကာ တစ်ခဏ ငြိမ်သက်သွားကြရပါသည်။

"ကျီး မယုံမိတာလည်း မဆန်းပါဘူး၊ ကျွန်မလည်း ပထမ တော့ ကလေး ဒီလောက်ငယ်ငယ်လေး အဝေးမှုန်နေမယ်



www.burmeseclassic.com

www.burmeseclassic.com



မထင်မိဘူးပေါ့နော်၊ သူတို့ကို တစ်ချိန်လုံး စာသင်နေရ
လည်း သတိပြုမိတာပါ”

“ကျေးဇူးသိပ်တင်ပါတယ် ဆရာမရယ်”

“ကျေးဇူးတင်ဖို့ မလိုပါဘူး ဦးရန်ရှင်းရယ်၊ သတိပြ
တာလေး သက်သက်ပါပဲ”

“အဲဒါလည်း နည်းတဲ့ဂရုစိုက်မှုလား ဆရာမရယ်”

ဦးရန်ရှင်းသည် နားလည်တတ်သိတဲ့ မိခင်
ယောက် မရှိရှာသည့် သည်ကလေးငယ်တို့အတွက် အတော်
နည်း ထိခိုက်နေမိပါသည်။ ဂျီးတစ်ယောက်ကတော့ အရွယ်ရော
ပြီမို့ ထားပါတော့။ ကိုကိုညီညီဟာ တကယ်ဆို မိခင်ရင်ခွင်ထဲ
မိခင်ရဲ့ မျက်စိဒေါက်ထောက်ကြည့်ရှုဂရုစိုက်မှုကို ခံယူပြီး
အချိန်မျိုးပါ။

ဒေါ်သန့်လေးဆွေရဲ့ သတိပြုမိမှုအပေါ်လည်း
အတော်အံ့ဩကျေးဇူးတင်ရတာပင်။ မေတ္တာစေတနာရှိတိုင်းလည်း
အသေးစိတ် ဂရုစိုက်သိရှိနိုင်တာ မဟုတ်ပါ။ ဤအတွေး၊ ဤအ
ဤကျေးဇူးတင်မိခြင်းတို့ကပင် သူ့ရင်ကို လှိုက်ခတ်သော ဝေဒ
တစ်ခု ပေါက်ဖွားစေလာခဲ့ပါသည်။





မနက်ကျောင်းသွားကတည်းက အတူတူစီးတဲ့
ောင်းကားပေါ် ကိုကိုနှင့် ညီညီကို စောင့်ရှောက်ခေါ်ယူသွား
တဲ့ ဒေါ်သန့်လေးဆွေဟာ ကျောင်းမှာလည်း သားတို့ရဲ့
တန်းပိုင်ဆရာမအဖြစ် သားတို့ကို အနီးကပ် ဂရုစိုက်ရကာ
ကျောင်းကနေ ပြန်လာတော့လည်း ကျောင်းကားပေါ်က အတူတူ
င်းလာကြရတာ။ တစ်ခါတစ်ရံ သန့်လက်ထဲ ကလေးတွေရဲ့
ကို ကူညီဆွဲလာရတာ သားတို့ စကားထဲက ကြားဖူးသည်။

အိမ်ရောက်ပြီး ခဏနေပြန်တော့ ကလေးတွေဟာ
ထံကိုပဲ အိမ်ကူးကာ စာသင်ရပြန်တာ။ ရေသောက်မယ်၊
ဆာတယ်နှင့် အားမနာပါးမနာ အဖြောင့်တိုက်ဆန်သော
လေးတို့ရဲ့ ပူဆာချက် လိုလားချက်တွေကို ဖြည့်ဆည်းရင်း
လည်းသင်၊ ပွဲပြင်ဆုံးမခြင်းလည်း ပြုရတဲ့ သန့်။

ကလေးတွေက ဒေါ်သန့်လေးဆွေနှင့် တွေ့ပြီးနောက်
မှာရေးခြား သိပ်ရှိလာတာတော့ ကိုယ် အသိပင်။ ညအိပ်ရာ
ဆွင် အမေကို အမြွာနှစ်ယောက်သား ဖင်ဘူးတောင်း ထောင်
ာ လာဦးချရင်း 'ဒက်ဒီ နေကောင်းပါစေ' သုံးကြိမ် ရွတ်ဆိုကြ
ဟာလည်း ဆရာမ သင်ပေးတာပဲမို့ သိခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင်၊ ဟင်းချေးမများရဘူးနော်၊ ဆရာမ ဘာ

လဲ”

“ဟော့ကောင် မင်း လိမ်ပြောတယ်လို့ ဆရာမနဲ့ ပြော

ပြောလိုက်မယ်နော်”

စသဖြင့် တစ်ယောက်ကိုတစ်ယောက် ပြောဆို စကားတွေ ကြားထဲကလည်း သန့်ရဲ့ သွန်သင်ဆုံးမထားမှု ကြားသိနေရသည်။

‘ဒက်ဒီကို နင်းနှိပ်ပေးရမယ်၊ ပြုစုရမယ်’၊ ‘ဒေါ် ကို ကိုယ် တတ်နိုင်တာလေးတွေ ကူလုပ်ရမယ်’၊ ‘ဂျိုးပြေ စကားတစ်ခွန်းဆို တစ်ခွန်းတည်းနဲ့ နားထောင်ပြီး ဂျိုးကို စိတ် အောင် မလုပ်ရဘူး’ စသဖြင့် ကလေးတွေရဲ့ ခေါင်းထဲ သိ နားလည်မှုလေးတွေ ရိုက်သွင်းပေးနေခဲ့တာကြောင့်လည်း ထ တွေဟာ သိတတ်မှု ပိုလာကြတာ လက်တွေ့အမြင်ပင်။

စေတနာ မေတ္တာလည်းရှိ၊ သွန်သင်ဆုံးမရာမှာ တော်၊ မျက်စိအောက်မှာ ဂရုတစိုက် ကြည့်ရှုစောင့်ရှောက်မှု မလစ်ဟင်းတဲ့ ဆရာမသာ ကလေးတို့အမေအဖြစ် အခုလို သက်လုံး ဂရုစိုက်သွားနိုင်ရင် သူတို့ မိသားစုအဖို့ လစ်ဟင်း ဆိုတာ ရှိမယ်မထင်တော့။





ဤသို့ တွေးမိတဲ့တခိုက်မှာပဲ သူ့နှလုံးသားတို့ဟာ ရာမ ခေါ်သန့်လေးဆွေကြောင့် ပူနွေးနိုးကြား လှုပ်ရှားတုန်ခါ ပြီဆိုတာကိုပါ တစ်ပြိုင်နက် ဆန်းစစ်သိရှိ တွေ့မြင်လိုက်ရ ခဲ့ပါတော့သည်။

ဦးရန်ရှင်းသည် သန့်ကို တစ်ချက်ကလေး ခိုးဝှက်၍ မှာ ကြည့်လိုက်မိပြီး မျက်လွှာပြန်ချကာ ...

“ကျွန်တော့်ကို ခွင့်ပြုပါဦး ဆရာမ၊ ကျွန်တော် ညီညီ့ကို ဒီညနေပဲ မျက်စိအထူးကုဆေးခန်းမှာ သွားပြလိုက်ပါ့မယ်၊ ဆရာမရဲ့ ဂရုစိုက်မှုကို ကျွန်တော် ဘယ်တော့မှ မမေ့ပါ ဘူး”

ဦးရန်ရှင်း ထိုင်ရာမှ ထရပ်လိုက်လျှင် သန့်ကတော့ လွှာချကာ ဆက်ထိုင်ကျန်ခဲ့မြဲ။ ဦးရန်ရှင်းရဲ့ တုန်ယင်လှိုက် သော ကျေးဇူးစကားက သန့်ရင်ကို လှုပ်ရှားခုန်ပေါက်စေပါ ၊ နွေးဖိုလှိုက်ဖြာစေပါသည်။ ဝမ်းနည်းဝမ်းသာ ဖြစ်စေပါ ၊ ကြည်နူးပီတိ ဖြစ်စေပါသည်။

“ကိုဖော် ကျွန်တော် ပြန်ဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"လိုတာရှိရင် ပြောပါ အစ်ကိုကြီးရဲ့၊ ကျွန်တော်က
နေတာပဲ၊ အစ်ကိုကြီးက ရုံးတစ်ဖက်ဆိုတော့ ကျွန်
လုပ်ပေးနိုင်တာရှိရင် အားမနာပါနဲ့"

"ဟုတ်ကဲ့ ကိုဇော်၊ ကျေးဇူးပါပဲဗျာ"

ဦးရန်ရှင်း ပြန်သွားတာကို သန့်နှင့်ဇော်ဦး
အတွေးတစ်မျိုးစီနှင့် ငေးကြည့်ကျန်ရစ်ကြသည်။

* * *

ညီညီ့ မျက်စိကို စစ်ဆေးလိုက်တော့ တစ်ဖက်
ဆိုးဆိုးဝါးဝါး မှုန်နေတာကို တကယ်ပဲ တွေ့ရသည်။ ပထ
အပ်ထားတဲ့ မျက်မှန်လေးရလာပြီး ညီညီ တပ်ကြည့်တဲ့
ပါဝါထူထူ မျက်မှန်လေးနဲ့ ညီညီ့ကို ကြည့်ရင်း ဂျီးမှာ မျက်
တွေ လည်တက်လာသည်။

သူ ချစ်လှတဲ့ မောင်ကလေးငယ်ငယ်လေး
ဒီအရွယ်နဲ့ မျက်စိမှုန်နေလိမ့်မယ်လို့ ဂျီး ဘယ်ထင်မိပါ





ကို မသိခဲ့တာ။ ပြန်စဉ်းစားလိုက်တော့ သူဟာ တီဗီမှာ
ကတွန်းကားတွေ ကြည့်ရင်ကို တီဗီရှေ့ တိုးပြီး ကပ်ကြည့်လွန်း
ကို 'ညီညီ နောက်ဆုတ်ကြည့်စမ်း၊ နင့်ခေါင်းကြီး တီဗီထဲ ဝင်
တော့မယ်' လို့ လှမ်းလှမ်းပြောရတာ။

ပြောတုန်း နောက်ဆုတ်လိုက်ပြီးလည်း ခဏသာပဲ။
ခြင်ရွှေ့ဖင်ရွှေ့နှင့် ရှေ့ပြန်တိုးကပ်သွားပြန်ရော။ ကွန်ပျူတာ
ဆော့ကစားရင်လည်း ကွန်ပျူတာနား မျက်နှာပြေးကပ်တော့
သလောက်။ ပစ္စည်းတွေ တိုက်မိတာ၊ ပြုတ်ကျကွဲတာမျိုး ညီညီ
အဖြစ်များတဲ့အခါ ကိုကိုနှင့် နှိုင်းယှဉ်ပြီး နမော်နမဲ့နိုင်ရကောင်း
လားလို့ ကြိမ်းခဲ့မောင်းခဲ့ရတာတွေ။

တစ်ခုခု ယူမယ်ဆို ညီညီဟာ အသေအချာ အနီးကပ်
ပြီးမှ ကောက်ကိုင် မျက်စိနားကပ်ကြည့်ပြီးမှ ယူတတ်တာကိုလည်း ...

"တွေ့လား၊ အဲဒါ အစ်မကို သူက နောက်တာ
ပြောင်တာ၊ နမော်နမဲ့မနိုင်ရအောင် ဂရုစိုက်ပါတယ်ဆိုပြီး ရွဲ့လုပ်
ပြတာ မဟုတ်လား ကောင်လေး ... ဟွန်း" ရယ်လို့။ ချော်တော
ပေါ် ထင်မြင်ခဲ့မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လုံးလုံးမထင်တဲ့အတွက် မဖြစ်နိုင်ဘူး ထင်ခဲ့တာ ခုတော့ ကလေးကိုယ်တိုင်က မမြင်လို့ပါ၊ မမြင်လို့ပါလို့ အကြိမ်ကြိမ် ပြောတာကို ညာပြောတာထင်ပြီး ပေတံနဲ့တောင် လက်ဆစ်ကိုခေါက်၊ လက်ဝါးလေးကို ရိုက်နှင့် ဆုံးမပစ်ခဲ့မိသေးတဲ့ ကိုယ့်ကိုယ်ကိုယ် ဒေါ်သန့်နှင့် စိတ်မကောင်းဖြစ်ကာ ဂျီးဟာ ဝမ်းပန်းတနည်း မျက်ရည်ကျရတဲ့အထိပင်။

ဂျီး ဘာကြောင့် ဂရုမပြုမိလဲ။ ဒေါ်သန့်လေးဆွေ ဘာကြောင့် ဂရုပြုမိလဲ။ သိပ်အံ့သြဖို့ကောင်းတာပဲ။ သူ့ ဂရုပြုမှုကာ သူ့ အရင်ဆုံး သိရှိရိပ်မိသူဖြစ်ခဲ့တာကို ဂျီးတစ်ယောက် မနာလိုခြင်းကြီးစွာနှင့် မကျေမချမ်း ဖြစ်မိပြန်သည်။

သူက ဘာကြောင့် ညီညီတို့ကို ဂရုတစိုက် အသေးစိတ်ကြည့်ရှုဆုံးဖြတ်နေရတာလဲ။ သူ့သားတွေများကျနေတာပဲ။ ဒက်ဒီဟာ ဒေါ်သန့်လေးဆွေ ဂရုတစိုက် ရှိလို့သာ သိခွင့်ရတာ ဆိုတဲ့စကားကို ထပ်ခါထပ်ခါ တဖွဖွ ပြောလို့ မပြီးတော့ချေ။ အဲဒီအတွက်လည်း ဒေါ်သန့်လေးဆွေအပေါ် အရင်ကထက် လေးစားစိတ်၊ အားထားစိတ်၊ ကြည်ညိုစိတ်၊ နှစ်လိုစိတ်တွေ တိုးသွားတာ ထင်းထင်းကြီးကို သိသာနေပါတော့သည်။





"ဂျီး ... ကိုကိုက ညီညီ့ကို အဘိုးကြီးလို့ခေါ်တယ်"

"ကိုကို ... ညီညီ့ကို မစရဘူးနော်၊ ဒါမျိုးစတာ ဂျီး မကြိုက်ဘူး၊ ရိုက်ခံထိမယ်နော်"

ညီညီဟာ မျက်မှန်တပ်ရတာကို ရှက်တက်တက် ...၍ ဖြုတ်ပစ်ဖို့ပဲ ကြိုးစား ကြိုးစားနေသည်။ ကျောင်းကို တပ် ...သွားချင်ဘူးလို့လည်း ငိုယိုသည်။ မျက်မှန် စ,ရတာက စနေ ...နွေပိတ်ရက်ထဲမှာမို့ တပ်ကျင့်ရအောင် အိမ်မှာလည်း ပေးတပ် ...ရသည်။ ညီညီ့ မျက်မှန်ကလည်း အမြဲတပ်ထားရမည့် ...ကြည့်ပါဝါဖြစ်သည်။

ဟိုဘက်အိမ်ကိုတောင် စာသင်လွှတ်လို့မရ။ သူ ...နေသည်။ ကလေးတွေ မလာတော့ ဒေါ်သန့်လေးဆွေက ...ဆက်ပါသည်။

"အန်တီ ... ညီညီ မျက်မှန်တစ်လက်နဲ့ စိတ်ညစ်နေလို့ အန်တီ့ဆီလည်း မလာချင်ဘူး လုပ်နေလို့ မလွှတ်တော့ဘူးနော်၊ ကိုကိုပါ မလွှတ်တော့ဘူး၊ ချော့လိုက်ချောက်လိုက်နဲ့ မျက်မှန်တပ်ဖို့ လုပ်နေရတယ်"

ဂျီး ရှင်းပြလျှင် ...

"တို့ လာခဲ့ရမလား ဂျီး"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ရပါတယ်၊ ပြီးသွားမှာပါ အန်တီ၊ မလာပါနဲ့၊ ကြည့်ပြောထားပါတယ်"

ဂျီးသည် အတော်အရေးပါချင်တဲ့ ဆရာမ မလိုတမာပင် ဖြစ်နေပါသည်။ နှစ်ရက်လုံး ညီညီ့ကို ချော့တစ်ခေါက်တစ်လှည့်။ ကျောင်းကို မျက်မှန်တပ်ကို တပ်ရမည် မငြင်းရဲအောင် လုပ်နေရပါသည်။

ညီညီကတော့ မျက်မှန်ကို လိုကိုမလိုလား။ မျက်မှန်လေး တပ်ထားတာကို ယှူကြူးမရတဲ့ ရုပ်နှင့် သနားကြင် ပြီး ကြည့်နေတဲ့ ဂျီးအကြည့်တွေကိုက သူ့စိတ်ကို အားငယ်စေ ဂျီး တစ်ယောက်မသိပေ။

ညီညီ့စိတ်တွင် မျက်မှန်တပ်ရတာဟာ သနားစရာ ကောင်းတဲ့ အဖြစ်တစ်ခုလို့ထင်ကာ မတပ်ချင်ဘဲ ရှိတော့သည်။ ဒီနှစ်ရက်လုံးလုံးအတွင်း သူ့ရဲ့ မမကြီး ဂျီးဟာ သူ့ကို စိတ် မကောင်းသလိုချည်းပဲ ကြည့်နေတာကို မြင်ရ၍ သူပါရော ဤအဖြစ်ကို မလိုမလား ဝမ်းနည်းနေတာပင်။

ဒက်ဒီလည်းချော့၊ ဂျီးလည်းချော့။ ဒက်ဒီနှင့်အတူ ဂေါ့ဖ်က ပြန်လာတဲ့ ဖော်ဦးဆွေကတောင် ချော့ချော့မော့မော့ ဝင်ပြောပါသေးသည်။





နောက်တစ်နေ့ ကျောင်းသွားခါနီးတွင် ဂျီးသည် ညီညီ့ကို ကိုယ်တိုင် မျက်မှန်တပ်ပေးကာ မချွတ်ရဘူးလို့ ဂရုတစိုက် တတွတ်တွတ် မှာနေသည်။ ကိုကို့ကိုလည်း မစရဘူးလို့ ကြိမ်း ဆောင်းရသည်။ ခါတိုင်း ကျောင်းကားလာချိန်ထက် ဆယ်မိနစ် ဆောက်စောကာ အိမ်တံခါးဝကို ဒေါ်သန့်လေးဆွေ ရောက်လာ တာမြင်လျှင် ဂျီး မျက်မှောင်ကုတ်သွားရပါသည်။

သူဟာ အိမ်ကို လာလေ့မရှိပါ။ ခါတိုင်း ကျောင်းကား ကိုလည်း ခြံဝထိပ်ထွက်၍ စောင့်စီးကြမြဲဖြစ်သည်။ နည်းနည်း စောသေး၍ ကိုကိုနှင့် ညီညီကိုတောင် ခြံဝမလွှတ်သေးပါ။

ဒက်ဒီ ရုံးမသွားသေးချိန်မို့ ဒက်ဒီဟာ 'ဆရာမ ထိုင်ပါ၊ ပြုပါ' တွေနှင့် ပျာယာခတ်နေသည်။ ဂျီးကတော့ ဒေါ်သန့်လေးဆွေ မျက်နှာပေါ်က ကြည်လင်တဲ့ မျက်မှန်ပါးပါး အသစ်လေးတစ်စုံကို မျက်မှောင်ကုတ်ကုတ်နှင့် ကြည့်နေမိလျက် သား။

လှပတဲ့ သူများဟာ မျက်မှန်တပ်လိုက်တော့လည်း တစ်မျိုးလေး ပိုမိုကျက်သရေရှိကာ တိုးလို့တောင် ကြည့်ကောင်း သွားသေးပြန်တာပါကလားလို့လည်း မလိုတမာ တွေးနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆရာမ လာသကြား၍ ကိုကိုနှင့် ညီညီ ထမင်းစားပွဲမှာ မုန့်စားနေရာက အပြေးထ,လာကြသည်။ ညီညီက တွန့်ဆုတ်ဆုတ် နောက်ချန်လျက် ...။

"ဟယ် ..."

..သန့်ထံမှ အံ့သြတကြီး အာမေဍိတ်သံကြောင့် ကိုးဘာများဖြစ်ပါလိမ့်လို့ အလန့်တကြား ဖြစ်သွားရပါသည်။ သန့်ရဲ့ မျက်လုံးတွေဟာ ညီညီ့ကို အထင်တကြီး ဝမ်းသာအားရ သဘောတကျ ပုံစံနဲ့ လေးလေးနက်နက် စူးစိုက်ကြည့်လျက်သား ...။

"ဟယ် ... ညီညီ၊ သားရယ် ရုပ်လေးတောင် ခန့်ပြီး ပြောင်းသွားတယ်၊ ဆရာဝန်ပေါက်စလေးကျနေတာပဲ"

သန့်စကားကြောင့် ညီညီသည် တစ်မျိုးလေး ရှက်ကိုးရှက်ကန်း ပြုံးစိသဘောကျသွားပါသည်။

"ညီညီ ဒီနေ့ ကျောင်းကို မျက်မှန်တပ်လာတော့မှာပဲ ဆိုပြီး ဆရာမကလည်း အားကျမခံ တပ်လာတာ၊ ဆရာမ က မျက်မှန်တပ်ထားတော့ ရုပ်ဆိုးသွားပြီ ထင်တယ် ညီညီ"

"ဟင့်အင်း ... ဆရာမက လှတယ်"





"ဆရာမနဲ့ ပိုတူသွားတာပေါ့နော် ... ညီညီနော်၊ မျက်မှန်တပ်တယ်ဆိုတာ စာဖတ်တဲ့သူတွေ၊ စာတတ်တဲ့သူတွေက ပိုတပ်ရတာ ညီညီရဲ့၊ ညီညီက မျက်မှန်လေးနဲ့ဆိုတော့ စာကြိုးစားတဲ့ ကလေးလေးနဲ့ တူသွားပြီ"

"မျက်မှန်ကြီးက ရုပ်တယ်"

"သား စ,တပ်ကာစဆိုတော့ အထာမကျသေးတော့ ရုပ်နေတာပေါ့၊ နောက်တော့ မျက်မှန်တပ်မထားရင် ညီညီ နေတတ်တော့မှာတောင် မဟုတ်ဘူး၊ ညီညီ တွေ့တယ်မဟုတ်လား၊ ကျောင်းဆုပ်ဆရာမကြီးလည်း မျက်မှန်တပ်တယ်၊ ဆရာ ... ဆရာမတွေထဲမှာလည်း မျက်မှန်တပ်တာ အများကြီးပဲ၊ ဆရာဝန်ကြီးတွေ၊ ကျောင်းဆရာကြီးတွေ တော်တဲ့သူကြီးတွေက မျက်မှန်ပိုတပ်ကြရတာ ညီညီ သိတယ်မဟုတ်လား၊ ဈေးထဲက ဈေးသည်ကြီးတွေတို့၊ ကူလီ ထမ်းတဲ့ လူကြီးတွေတို့၊ ဆိုက်ကားသမားကြီးတွေတို့ မျက်မှန်တပ်ထားတာ ညီညီ တွေ့ဖူးလား၊ မတွေ့ဖူး သလောက် နည်းတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ညီညီက ဆရာဝန်ကြီး လုပ်မယ်၊ ဆေးတက္ကသိုလ်တက်မယ် ပြောဖူးတယ်လေ၊ ဆေးတက္ကသိုလ်က ဆေးကျောင်းသား ဆေးကျောင်းသူလေးတွေဆိုရင် မျက်မှန်လေးတွေနဲ့ အများကြီးပဲ၊ စာအရမ်းကြိုးစားပြီး စာတော်ကြတာကိုး ညီညီရဲ့၊ လာ ညီညီ၊ ဆရာမနဲ့အတူတူ မှန်ထဲမှာ ဘယ်သူ ပိုလှလဲ ကြည့်ရအောင်"

သန့်သည် ညှော်ခန်းရဲ့ နံရံတစ်ဖက်မှာ ချိတ်ဆွဲထားတဲ့ နံရံကပ်ဘဲဥပုံ ကျွန်းကနုတ်ဆောင်ကွပ်သော မှန်လှလှကြီးရဲ့ ရှေ့ကို ညီညီ့ကို ဆွဲခေါ်သွားပါသည်။ ညီညီ့ကို ခွေးခြေပေါ်တင်စေကာ သူက ဘေးကရပ်၍ မျက်နှာနှစ်ခုယှဉ်ပြီး မှန်ထဲသို့ စေ့စေ့စပ်စပ် စိတ်ပါဝင်စားစွာ ကြည့်နေပါသည်။

"ညီညီ့ မျက်မှန်လေးက လေးထောင့်ပုံလေးနော်၊ ဆရာမက ဘေးကို ဘဲဥပုံလေး ရှည်ရှည်လုပ်ထားတာ၊ ညီညီ့ မျက်မှန်ကိုင်းလေးက ပိုလှတယ်တော့။ ဆရာမလည်း အဲဒီပုံ ပြောင်းပြီးလုပ်လိုက်မယ်၊ ပြီးတော့ ညီညီ့ မျက်မှန်ကိုင်းလေးက အရောင်လေးတွေ ပြေးနေတယ်၊ အဲဒါ





အကောင်းစားမို့လို့ ညီညီရဲ့၊ ဆရာမ မျက်မှန်က ဈေးပေါတယ်"

"ဘယ်လောက် ပေးရလဲ ဆရာမ"

"ဆရာမ မျက်မှန်က နှစ်ထောင်ပဲ ပေးရတယ်"

"ညီညီ့ဟာက ကိုးထောင်ဘဲ့၊ ဂျီး ပြောတယ်"

"ညီညီ့ဟာက အကောင်းစားကိုး၊ အို ... အဲဒီလို မကိုင်နဲ့၊ မှန်မှာ လက်ရာထင်သွားရင် ကြည့်ရတာ မှုန်သွားရော့ပေါ့၊ ညီညီ အခုကြည့်ရတာ ဝါးတားတား မနေတော့ဘူးနော်၊ ကျောင်းကျရင် ပို့က်ဘုတ်ကြီးကို ကြည့်ရအောင်၊ ကြည်လင်ပြီး မြင်ရမှာ ပျော်စရာကြီး၊ ကိုကို ကူးပြီးမှ ကိုကို့ဆီက ညီညီက ကြည့်ကူးနေတော့ ညီညီ အရင်က နောက်ကျမှာပြီးတယ်၊ ဒီနေ့တော့ ကိုကို ရှုံးတော့မယ်၊ ကိုကို့ဆီက ညီညီ မကြည့်နဲ့နော်"

"ဟုတ်ကဲ့"

"သူငယ်ချင်းတွေကိုလည်း ပေးမကိုင်နဲ့သိလား၊ ညီညီ့ မျက်မှန်က အကောင်းစားကြီး၊ ပျက်သွားကျိုးသွားဦးမယ်"

"သူတို့က တောင်းရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့တောင်းလည်း မပေးဘူးပေါ့ကွ၊ သူတို့ ညီညီ
တပ်ချင်ရင် ကိုယ့်ဟာကိုယ် ဝယ်ကြပေါ့၊ အတန်းထဲ
ဆရာမနဲ့ ညီညီပဲ မျက်မှန်ရှိတာ၊ ကျန်တဲ့လူတွေ မရှိ
သူတို့ ညီညီ့ကို အားကျပြီး တအံ့တသြ ဝိုင်းကြည့်
လိမ့်မယ် သိလား"

ညီညီသည် မှန်ထဲကြည့်ကာ သူ့ဟာသူ မျက်မှန်
နေရာတကျ ပုံစံချနေသည်။

"အခု အဆိုတော်လေးတွေ မော်ဒယ်လေးတွေလည်း ညီ
လိုပဲ မျက်မှန်လေးထောင့် ကြည်ကြည်လေးတွေ အလှ
ကြတာ မဂ္ဂဇင်းထဲမှာ ညီညီ တွေ့တယ်မဟုတ်လား"

"ဟုတ်ကဲ့ ... တွေ့တယ်"

"တချို့က ပါဝါလည်း မရှိဘဲနဲ့ လှအောင် တမင်တ
တပ်ကြရတာ၊ ညီညီက ပါဝါလည်းရှိတယ်၊ တကယ်အ
တပ်ရတာ သိလား၊ အတုမဟုတ်ဘူး"

"ဆရာမကော အတုလား အစစ်လား"

"ဒီဟာက အတု ညီညီရဲ့၊ ဟင်း ဟင်း"

"ဟား ဟား ဟား"





"အမယ် ... ဆရာမမှာ မျက်မှန်အစစ်လည်း ရှိပါတယ်
ညီညီရဲ့၊ စာကြည့်မျက်မှန်ဆိုတော့ စာဖတ်မှ တပ်ရတာ၊
အမြဲမတပ်ရဘူး၊ ဆရာမက ညီညီ့လို အမြဲလိုက်တပ်ချင်လို့
ဒီအတုကို ဝယ်လိုက်တာ၊ ဒါပေမဲ့ ဆရာမကတော့ တစ်
ရက် နှစ်ရက်ပဲ တပ်မယ်၊ မျက်မှန်နှစ်မျိုး ပြောင်းတပ်ရင်
ရှုပ်နေမယ်၊ ညီညီကတော့ ဒီတစ်မျိုးပဲဆိုတော့ အမြဲတမ်း
တပ်ပေါ့"

သန့် မျက်လုံးထဲက တလက်လက်နေသော ညီညီ
ကို သဘောကျတဲ့ အရိပ်သည် ညီညီ့ကို ကိုယ့်ကိုယ်ကိုယ်
ကြည်မှု တိုးစေပါသည်။ ညီညီသည် သူ့ဆရာမရဲ့ မျက်မှန်ကို
ည်း ဂရုတစိုက် ကြည့်ရသေးသည်။ သူ့မျက်မှန်နှင့်လည်း
တဝင်တစား နှိုင်းယှဉ်ရသေးသည်။

သန့်က ကိုကို့ကိုလှည့်ကြည့်ရင်း ...

"ကိုကိုနဲ့ ညီညီက အစက ရုပ်ဆင်တူလေး ဖြစ်နေတာ၊
အခုတော့ ညီညီက ဆရာဝန်လေးနဲ့ တူသွားပြီ"

ကိုကိုမှာ တချိုးတည်း စူပုပ်သွားကာ ...

"ကိုကိုကျတော့ရော"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက လေယာဉ်မောင်းချင်တဲ့သူပဲ၊ လေယာဉ်
တူတာပေါ့ ကိုကိုရဲ့"

တတ်လည်း တတ်နိုင်တဲ့ ဆရာမလို့ ဂျိုးက
တည်တည် လက်ပိုက်ကြည့်ရင်း တွေးနေမိပါသည်။

"ဂျိုးရေ ... ညီညီ့ကို လည်ပင်းချိတ်ဆွဲတဲ့ ကြိုးလေး
ဝယ်ပေးပါဦး၊ ကြိုးတပ်ထားတော့ ပြုတ်ကျပြီးလည်း
တော့ဘူး၊ ညီညီလည်း ပိုပြီး ဟော့ရှော့ဖြစ်သွားမယ်"

ဂျိုးသည် သူ့လို လေသံသာသာနှင့် ကလေးပြ
အောင် "ဟယ် ... ဟုတ်တယ်နော်၊ ဘာနော် ... ညာနော်"
မလုပ်တတ်။ ညေ့ခန်းထဲမှာပဲ ပွဲကြည့်သလို ထိုင်နေတဲ့
ကို စွေကာကြည့်လိုက်ပါသည်။ သန့်ကို သဘောကျ နှစ်
ငေးမောကြည့်နေတဲ့ ဒက်ဒီဟာ ဂျိုးအကြည့်ကြောင့် အနေ
လှုပ်ရှားသွားရင်း ...

"ဟုတ်တယ် ဂျိုး၊ ကြိုးလေး တပ်ထားပေးမှ၊ ဒါမှ ပြု
ကျမကျဲမှာ"

ညီညီသည် ဒက်ဒီ့ထံပြေးကပ်ကာ ...





"ဒက်ဒီလည်း စာအုပ်ဖတ်ရင် မျက်မှန်တပ်တယ်နော်"

"အေးလေ ... စာကြည့်မျက်မှန် ခေါ်တယ် ညီညီရဲ့"

"ဆရာမလိုပဲပေါ့နော်၊ ဆရာမနဲ့ တူတူပဲ"

ညီညီ့ပုံစံက ရွှင်ရွှင်လန်းလန်း ဖြစ်နေပါပြီ။

"ဟာ ... ဟိုမှာ ကျောင်းကားလာပြီ"

"ကဲ ... ကြည့်စမ်း၊ ကျောင်းကားတောင် ဘယ်သူမှမတွေ့
သေးဘူး၊ ညီညီ အရင်ဆုံးတွေ့သွားပြီ၊ ညီညီတော့ ဒီနေ့
အတန်းထဲမှာ စာအရင်ဆုံးပြီးမှာ သေချာနေပြီ"

ကိုကို ညီညီတို့ ကျောပိုးအိတ်တွေ ကောက်လွယ်၊
ခြင်းကိုယ်စီဆွဲကာ သန့်လက်ကို တစ်ဖက်တစ်ချက်တွဲလျက်
ကျောင်းကားဆီ ခပ်သုတ်သုတ် လျှောက်ထွက်သွားကြပါသည်။
ခါတိုင်းလို ဂျိုးလည်း ခြံဝလိုက်မပို့ဖြစ်။ သူတို့ဆရာမ ပါနေပြီ
လေ။

ဂျိုးသည် မကျေချမ်းတာလား၊ မနာလိုတာလား၊
ဘာလား ဘာမှန်းမသိတော့သော ခံစားချက်နှင့် နှုတ်ခမ်းကို
တင်းတင်းစေ့ကာ ခြံဝကို မျှော်ကြည့်နေသည်။ ဘာဖြစ်လို့ သူ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဂျီးတို့မိသားစုထဲမှာ အရေးပါလာတာလဲ။ ဘာဖြစ်လို့ ဝ

စွမ်းတွေ လာပြရတာလဲ။ ဘာဖြစ်လို့ စေတနာတွေကော ထာ

နေရတာလဲ။ ဂျီးသည် အံကိုကြိတ်၍ ချာခနဲ မျက်စိလွှဲလို

သည်။

"ဂျီး"

ဂျီးက ဒက်ဒီ့ကို လှည့်ကြည့်လိုက်ပါသည်။

"သူ တကယ် ကိုကိုတို့ ညီညီတို့ အပေါ် စေတနာမေတ္တာ

ထားတာပါ ဂျီး၊ ပညာပြသွားတာမျိုး မတွေးပါနဲ့"

"ဒက်ဒီက ဘာဖြစ်လို့ ဂျီး အတွေးကို သိရတာလဲ"

"ဂျီး မျက်နှာပေါ်မှာ အကုန်ပေါ်နေတယ်၊ ဂျီး မခံချင်ဖြ

နေတယ်၊ ဂျီး နားလည်ပါ၊ ဆားနဲ့ပဲချက်ချက်၊ ငံပြာရည်

နဲ့ပဲချက်ချက်၊ ဟင်းအရသာ ကောင်းဖို့က အဓိကပါ

အဓိက,က ဘာလဲဆိုတာ ဂျီး သဘောပေါက်ပါ၊ ဂျီးလု

ပေးမှ ဖြစ်သွားတာမျိုးကိုပဲ လိုချင်နေရင် ငါ့သမီးလည်း

ပင်ပန်းပါတယ်"

ဂျီးသည် မျက်ရည်လည်လာကာ ...





"ဂျီး တစ်သက်လုံး အပင်ပန်းခံလာတာပါ ဒက်ဒီ၊ အခု

တော့ ဒက်ဒီက ဂျီးရဲ့ အပင်ပန်းခံ ပြုစုစောင့်ရှောက်မှုကို

မလိုလားတော့ဘူးလား"

ဂျီးသည် မျက်ရည်ပေါက်တွေ ပြုတ်ကျ၍ အသံပင်

ယင်လာသည်။

"ဒီလို ဘယ်ဟုတ်ပါ့မလဲ သမီး၊ သမီးလည်း ပင်ပန်းလှ

တာ ဒက်ဒီ အသိပါ၊ ဒါပေမဲ့ ဂျီး စဉ်းစားဖို့က ဂျီး

အတွက် မလိုအပ်တဲ့ ကိစ္စတချို့ဟာ ကိုကို ညီညီတို့အဖို့

လိုအပ်နေနိုင်တယ် ဆိုတာပါ၊ ဂျီးက တာဝန်ကျေတာထက်

ပိုတယ်၊ စေတနာတွေ မေတ္တာတွေလည်း အပြည့်အဝထက်

ပိုရှိပါတယ်၊ ကိုကိုနဲ့ ညီညီဟာ ကလေးလေးတွေပဲ

ရှိသေးတယ် ဂျီး၊ ဂျီး မပေးတတ်တဲ့ အရာတချို့ကို လို

အပ်နေတုန်းပဲ ရှိသေးတယ်"

"ဒက်ဒီ သူ့ကို သိပ်အထင်ကြီး သဘောကျနေပြီပေါ့နော်၊

ဒက်ဒီ မိန်းမယူချင်လာပြီလား"

ဦးရန်ရှင်း မျက်နှာက နီမြန်းသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ မိန်းမယူချင်လာတာ မဟုတ်ဘူး ဂျီး၊ မိန်းမရ ချင်လာတယ်ဆိုတဲ့ ပေါ့သွမ်းတဲ့ စကားမျိုး ဒက်ဒီ မစွပ်စွဲပါနဲ့၊ ဒါပေမဲ့ ဒေါ်သန့်လေးဆွေကို ဒက်ဒီ ယုံကြည် လာတယ်၊ မြတ်နိုးလာတယ်၊ အားထားလာတယ်၊ လိုအပ် လာတယ်ဆိုတာတော့ ဝန်ခံတယ်"

ဂျီးသည် အသက်ရှူရပ်သွားမိမတတ် ဖြစ်ခဲ့ရသည်။

❋ ❋ ❋





## ခန်း ၇ ခန်း

"ဒက်ဒီက အခုဆိုရင် ဟိုဘက်အိမ်ကို ကူးကူးပြီး ခဏ ခဏ သွားလည်တယ်၊ ဒေါ်သန့်ချည်းပဲဆိုရင် ဒက်ဒီ ဒီ လောက် ရဲရဲတင်းတင်း လည်ပတ်ဝင်ထွက်မှာ မဟုတ်ဘူး၊ ကိုဇော်ဦးဆွေနဲ့ တအားခင်သွားတာက သွားလည်ဖြစ်ဖို့ ပိုအဆင်ပြေသွားတာ"

လေးက ဂျီးကို ကြည့်ကာ ဂျီးစကားကို နားထောင် သည်။

"အဲဒါ ... လေးကြောင့်"

"ဟောဗျာ"



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးဝေါက်ခနဲထိုးကာ ခပ်ပြင်းပြင်း စွပ်စွဲလိုက်

လေးက လန့်သွားရပါသည်။

"ကိုဖော်ဦးဆွေနဲ့ ခင်အောင် လေး လုပ်ပေးခဲ့တာ

"ဒါကတော့ ဂျီးရယ်၊ အိမ်နီးနားချင်းလည်းဖြစ်၊ ဂျီး

အဖေဟာ အင်မတန် Lonely ဖြစ်ရှာပါတယ်။ သူ့

အဖော်အပေါင်းအသင်းလည်း လိုအပ်ပါသေးတယ် ဂျီး

"ခပ်ဝေးဝေးက အစ်မတွေ ညီမတွေ အပျိုကြီးမရှိတဲ့

မျိုးနဲ့ မိတ်ဆက်ပေးပါလား"

"ဟာ ... ဂျီးက ပြဿနာပဲ"

"ပြဿနာပေါ့၊ ပြဿနာဖြစ်အောင် လေးလုပ်တာ"

"ကဲ ... အခု သွားလည်တယ်ကွာ၊ အဲဒါ ဘာဖြစ်လဲ"

"ဒက်ဒီက ဒေါ်သန့်ကို ကြိုက်နေပြီ"

"ဟင် ... တကယ် ..."

ဆိုဖာမှာ မှီထိုင်နေရာမှ လေးက ရှေ့ကို ခုန်ကြွငိုက်

လာကာ စိတ်ဝင်တစားရှိလှ၍ ...

"ဘယ်လိုဖြစ်တာလဲ၊ ဒါက ဘယ်လိုဖြစ်တာလဲ"





"ဂျီးကလည်း ဒေါချည်းပဲ၊ မယုံနိုင်သလို ဖြစ်သွားတာပါ၊

ဂျီး စိတ်ထင်တွေ ပြောနေတာ မဟုတ်လား"

ဂျီးက တွေတွေငေးငေးလေးနှင့် မျက်ရည်ရစ်ဝိုင်းလာ

င်း ...

"ဒက်ဒီကိုယ်တိုင် သူ့ကို ယုံကြည်မြတ်နိုး အားကိုးလိုအပ်

လာပြီလို့ ပြောတာပဲ လေး၊ ဂျီး အရမ်းခံစားရတယ်"

သူ့ချစ်သူ စိတ်ခံစားချက်ကို သေချာသိတဲ့သူမို့

လေးသည် ဂျီးကို သနားတောင် သနားသွားမိပါသည်။

"ဒက်ဒီက ပြောတယ်၊ ဂျီးက မပေးနိုင်တဲ့ မပေးတတ်တဲ့

အရာတချို့ကို ကလေးတွေအဖို့ လိုအပ်တာရှိတယ်တဲ့၊

ဂျီးလည်း ဟိုးငယ်ငယ်ကတည်းက ဒက်ဒီကိုရော ကိုကိုတို့

ညီညီတို့ကိုပါ ဂျီး တတ်နိုင်သမျှ အစွမ်းကုန် ကြိုးစားပမ်း

စား ဖြည့်ဆည်းပြုစု စောင့်ရှောက်ခဲ့တာပါပဲ လေးရယ်"

ဂျီးသည် ပြောရင်း အတော်ဝမ်းနည်းရှာကာ လေသံ

မောနိုင်ဘဲ လေသံပျော့ပျော့ကလေး တိမ်ဝင်လျက် မျက်ရည်များ

နှင့် ကြေကွဲလာရှာသည်။ လေးက သူထိုင်နေရာမှ ထ,လာကာ

ခစ်ယောက်ထိုင် ဆိုဖာပေါ်မှ ဂျီးရဲ့အနား လာထိုင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျီးရဲ့ လက်ဖဝါးလေးတစ်ဖက်ကို သူ့လက်ဖဝါးနှစ်ဖက်ထဲထည့်၍ ဆုပ်ကိုင်ဖိညှစ်ကာ အားပေးတဲ့ အပြုအမူ ပြုမိသည်။

"အဟမ်း … အဟမ်း"

အိမ်တံခါးဝမှ ချောင်းဆိုးသံကြောင့် နှစ်ယောက်သား အလန့်တကြား ဖြစ်ကာ ပြူးတူးပြဲတဲ လှည့်ကြည့်မိကြ သည်။

"ဟင်"

တံခါးဝမှာ ဒေါ်သန့်လေးဆွေတည်း။

"ဘာလဲ အန်တီ၊ နေမကောင်းလို့လား"

မနက်က ကျောင်းကားလာတော့ ဒေါ်သန့်လေးဆွေ က ကျောင်းမတက်ပါ။ သူ့ရဲ့ခွင့်စာကတ်ကို ကိုကို ညီညီတို့ထံ ထွက်ပေး၍ …

"သားတို့ ဒေါ်တင်တင်မြင့်ကို ဒီခွင့်စာကတ်ပေးလိုက်နော် ဆရာမ ဖျားနေလို့ ဒီနေ့ ကျောင်းမတက်တော့ဘူး"

ထို့ကြောင့် သူ နေမကောင်းတာကို ဂျီး သိရသည်။ ခုလို ရုတ်တရက် အိမ်တံခါးဝရောက်လာတော့ လန့်သွားမိတာ ပင်။





ဒေါ်သန့်လေးဆွေသည် နှစ်ယောက်ထိုင် ဆိုဖာပေါ် ူးကပ်ကပ် ရှိနေသော ဂျီးနှင့် ထွန်းမြတ်လေးကို မြင်လျှင် ောက်ရင်ပူသွားပါသည်။ ထင်တယ်လေ …။ ဒီလိုထင်ကာ န်မကောင်း ရှိလို့ပဲ ဒီဘက်ကို ကူးလာတာ။ ဦးရန်ရှင်းလည်း သွား၊ ကလေးနှစ်ယောက်လည်း ကျောင်းသွား။ ခုနကတော့ ါဖွားပုံ ခြင်းတစ်လုံးနှင့် ထီးလေးဆောင်းကာ လမ်းလျှောက် ွက်သွားတာကို ပြတင်းပေါက်မှ အမှတ်မထင် မြင်နေမိတုန်း ွန်းမြတ်လေးရဲ့ကားက ခြံထဲ ဝင်သွားတာ တွေ့လိုက်ရတော့တာ။

အိမ်မှာ ဘယ်သူမှ မရှိဘဲ မိန်းကလေးပျို တစ် ယောက်ပဲရှိတုန်း၊ ယောက်ျားပျိုတစ်ယောက်တည်း ရောက်လာတာ ီ ဂုဏ်သိက္ခာနှင့် စည်းကမ်းအစဉ်အလာ ကြီးမားတဲ့ သန့်ကတော့ ိးရိမ်မကောင်း ဖြစ်မိပါသည်။ ဒါဟာ ဘယ်သူ့ကိုမှလဲ အထင်သေး ို့တော့ မဟုတ်။ ဖြစ်တတ်တဲ့ သဘောသဘာဝတွေက ရှိသည်။

ပြီတော့ ထွန်းမြတ်လေးကသာ သန့်ကို သူနှင့်ဂျီး ာ သူငယ်ချင်းတွေပါလို့ ပြောထားဖူးပေမဲ့ ဇော်ဦးဆွေထံမှ ာစ်ဆင့် သူတို့ချင်း ချစ်သူတွေလို့ သန့် သိထားရပါသည်။ ပြီး ော့ ဒီလူငယ်လေးကိုလည်း သူဟာ ကောင်မလေးတွေ ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



တင်ပြီး တွေ့တွေ့ထားဖူးတာ။ ဒီသူငယ်လေးကို ဘယ်လောက် ယုံရတာမို့လဲ။

ခေတ်ကြီးက ဖြစ်ချင်သလို ဖြစ်နေကြတာ။ လူငယ် တွေဟာ တန်ဖိုးထားရမည့် အရာကို တန်ဖိုးမထားကြဘဲ၊ အယူ အဆ အကောက်လွဲ နေကြတဲ့သူ အများသား။ ရဲတင်းတာ လွတ်လပ်တာတွေကို စည်းနဲ့ဘောင်နဲ့ ဆင်ဆင်ခြင်ခြင် အသုံးချကြ စိတ်မကူးဘဲ အခွင့်အရေး ယူချင်ကြတာတွေလည်း သာခေ အများသား။

"အန်တီချစ်ရေ ... ဟိုမှာ ဂျီးတစ်ယောက်တည်းရှိတုန်း ဟိုကောင်လေး ရောက်နေပြီ။ အိမ်မှာ လူလည်းမရှိဘူး"

သန့်က အန်တီချစ်ကို ပွပွပန်ပန် ပြောမိတော့ ...

"ဘယ်တတ်နိုင်မလဲဟယ်၊ အရိပ်အကဲလေး ကြည့်နေပေါ့၊ ဂျီး ကြည့်ရတာ ဆိုးဆိုးကဲကဲ ဟောဟောရမ်းရမ်းထဲက မဟုတ်ပါဘူး သိန့်ရယ်"

"မဟုတ်လို့ စိတ်ပူတာပေါ့၊ သူက မဟုတ်ပေမဲ့ ဟိုကောင် လေးက ဟောဟောရမ်းရမ်းထဲက ဖြစ်ရင် ဘယ်လိုလုပ် မလဲ၊ ခုခေတ်လူငယ်လေးတွေက ရဲပါဘိသန့်"





"စိတ်ပူပေမဲ့လည်း ဘယ်လိုလုပ်မလဲ သန့်ရဲ့၊ ကိုယ်နဲ့မဆိုင် တာကြီး ဝင်စွက်ဖက်ပြန်တော့လည်း ကောင်းမလား၊ ကိုယ်လည်း ဘာမှတတ်နိုင်တဲ့ကိစ္စ မဟုတ်ဘူး"

"အန်တီချစ်ကလည်း တတ်တော့ တတ်နိုင်ပါတယ်"

"ဘာများ တတ်နိုင်နေပြန်လဲ သန့်ရယ်၊ ကိုယ်လည်းအဖျား ကြီးနဲ့ နေကောင်းတာလည်းမဟုတ်"

"သန့်ဟိုဘက်အိမ် ကူးသွားရင်ကော ..."

"ဟဲ့ ... ကောင်းပါ့မလားဟဲ့၊ စောင့်ကြည့်လိုက်ပါဦး"

"သန့်ရဲ့သမီးသာဆိုရင်တော့ အိမ်မှာ တစ်ယောက်တည်း ရှိနေတုန်း သူ့ရည်းစားကောင်လေး လာလည်ပြီးနှစ်ယောက် တည်း အတူတူ အချိန်ကြာ ရှိနေမှာကို မကြိုက်ပါဘူး၊ လက်သင့်မခံနိုင်ပါဘူး အန်တီချစ်ရယ် ... စိတ်ပူပါ တယ်"

"ဒါပေမဲ့ ညည်းသမီး မဟုတ်တော့လည်း စွက်ဖက်လို့ ဘယ်ရပါ့မလဲ သန့်ရဲ့"

"ဒီတိုင်း နေလိုက်ဖို့လည်း မဟုတ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... သန့် ... သန့်၊ ညည်းမလည်း ဟိုဘက်က
မိသားစုကို အတော်သံယောဇဉ်ကြီး မေတ္တာထားနေမိပြီ
ညည်းသဘောပါပဲအေ့၊ ဒါပေမဲ့ ကိုယ့်မေတ္တာစေတနာ
တစ်ဖက်သားက နားလည်ရင် ကောင်းတယ်၊ နားမလည်
ရင် စေတနာက ဝေဒနာဖြစ်တတ်တယ်အေ့"

"ဝေဒနာဖြစ်ခါမှ ဖြစ်ရော၊ ကိုယ့်စေတနာကို မသိရင်လည်း
သန့် ဝမ်းမနည်းပါဘူး၊ ဒီကောင်လေးကို ကိုယ်ကအကြောင်း
သိတာလည်း မဟုတ်ဘူး၊ မတော် မကောင်းတဲ့ အကျင့်
အကြံ အပြုအမူရှိတဲ့ သူမျိုးဆိုရင် ဘယ့်နှယ်လုပ်မလဲ
အန်တီချစ်"

ဤသို့လျှင် တူဝရီးနှစ်ယောက် ပြတင်းပေါက်
တမျှော်မျှော်နှင့် အခြေအတင် ပြောဆိုကြပြီးတဲ့နောက် သန့်မှာ
နာရီတကြည့်ကြည့်နှင့် ဆယ့်ငါးမိနစ်လောက် ရှိတဲ့အခါမှာတော့
ထိုင်မနေနိုင်တော့ဘဲ တကြွကြွဖြစ်လာကာ ...

"မဖြစ်ဘူး၊ သန့် မကြိုက်ဘူး၊ ကူးသွားလိုက်ဦးမယ်"

"ညည်းမလဲ ဆရာမဉာဏ်ကို နေရာတိုင်း မဖျောက်နိုင်
ဟိုက ညည်းထင်သလိုပဲ ဖြစ်ပါပြီတဲ့၊ ရက်ရမ်းရမ်းပြီ
ညည်းကို ..."





"အို ... သန့် ထင်တာမဟုတ်ပါဘူး၊ ဂျီးကို မထင်ပါဘူး၊
ဒါပေမဲ့ ကိုယ်က ဂျီးတို့နဲ့ လူရင်းလေ၊ ဟိုသူစိမ်းကောင်
လေးကိုတော့ အပြည့်အဝ မယုံနိုင်ဘူး၊ ကိုယ့်ကို ရန်တွေ့
လွှတ်လည်း ခံယုံပဲ၊ သူတို့အဖေ ဦးရန်ရှင်းကို ကိုယ်ချင်း
စာ တွေးကြည့်ပေးပြီး ပူတယ် အန်တီချစ်ရယ်"

ဤသို့ပြောဆိုပြီး ခပ်သုတ်သုတ် ထွက်သွားတဲ့
အပျိုကြီးတူမကို အန်တီချစ်မှာ အငိုင်သားနှင့် မတားသာဘဲ ရင်
ဆလေးလေး မျှော်ကြည့်ရင်းပဲ ကျန်ရစ်ခဲ့တာ ဖြစ်ပါသည်။ ဦးရန်ရှင်း
နှင့်တကွ သူ့သားသမီးသုံးယောက်အပေါ် သန့် တစ်ယောက်
လိုတာထက် ပိုနက်ရှိုင်း၊ ပိုလျှံစွာ မိသားစုလိုကို မေတ္တာထားနေ
မိရှာပြီ ဆိုတာကိုလည်း အန်တီချစ်က ရိပ်မိနေပါပြီ။

ဤသို့ ရောက်လာရတာဖြစ်တဲ့ သန့်က အနည်းငယ်
ဆော့ ရှိုးတိုးရှန့်တန့် ဖြစ်ကာ ...

"ဒေါ်ဖွားပုံရော၊ တို့ နေကောင်းပါတယ်၊ ဘာမှမဖြစ်
ဘူး"

"ဒေါ်ဖွားပုံ ဈေးသွားတယ် အန်တီ၊ ဝယ်စရာတွေများလို့
ကြာမှာ၊ ဆန်တွေ ဆီတွေပါ၊ တခြားကုန်ခြောက်တစ်လ
စာတွေလည်း မှာလိုက်တော့ ဆိုက်ကားတောင် ငှားပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာရမှာ၊ နည်းနည်း ကြာဦးမှာ၊ အန်တီ ဘာပြောစေ ရှိလို့လဲ"

"သြော် ... ဟိုဟာပါ"

ဒေါ်သန့်လေးဆွေက ဖိနပ်ချွတ်ကာ အိမ်ထဲဝင်လာ ပါသည်။ သူ့အရိပ်အကဲကိုကြည့်ကာ ကျီးပင် သူ ဘာဖြစ်နေ လိမ့်လို့ အံ့အားသင့်လာရသည်။

"ဘာလဲ အန်တီ"

"သြော် ... ဒေါ်ဖွားပုံ တစ်လစာဈေးဝယ်ထွက်ရင် တို့လည်း မှာလိုက်စရာလေးတွေရှိလို့၊ အဲဒါ"

ကျီးသည် သန့်ကို မျက်ခုံးတွန့်လေးနှင့် ကြည့်နေမိ သည်။ မနက်က အန်တီချစ် ဈေးသွားတာလည်း တွေ့သား၊ ဟိုဘက်အိမ်မှာ ဒေါ်သန့်လေးဆွေက ဈေးသွားနည်းပြီး အန်တီချစ် က ပိုသွားလေ့ရှိသည်။

"အန်တီ ဝယ်ခိုင်းချင်တာရှိရင် ဒေါ်ဖွားပုံ ပြန်လာတော့ နောက်တစ်ခေါက် လွှတ်ဝယ်ခိုင်းပေးမယ်လေ၊ အန်တီချစ် ကော ... မရှိဘူးလား၊ မသွားပေးချင်လို့ မေးတာမဟုတ် ဘူးနော်၊ ကျီးက အန်တီ့ကိုကြည့်ပြီး အံ့သြနေလို့ပါ၊ နေ ကော ကောင်းရဲ့လား အန်တီ၊ ထိုင်ဦးလေ"





ဒေါ်သန့်လေးဆွေက ညှော်ခန်းစားပွဲမှာပဲ တစ်နေရာ ကာ ထိုင်ချလိုက်ပါသည်။

"အန်တီ ကြည့်ရတာ တစ်မျိုးကြီးပဲ၊ နေကောကောင်းရဲ့ လားဟင်၊ မောနေတာလား"

"နေကောင်းပါတယ် ကျီး"

ကျီးက သန့်ကို ခဏစိုက်ကြည့်နေပြီးမှ ...

"အန်တီ ကော်ဖီသောက်မလား၊ ကျီး ဖျော်လိုက်မယ်"

"အင်း ... အင်း ...၊ ဖျော်လိုက်"

ကျီးက သန့်ကို ယောင်တောင် ပေါင်တောင်လေး ကြည့်ကာ ထမင်းစားခန်းဘက် ဝင်သွားပါသည်။ ထွင့်မြတ်လေး င့် ဒေါ်သန့်လေးဆွေ မျက်လုံးချင်း ဆိုင်သွားရတာမို့ သန့်က န်မပျက်နှင့် ...

"ဒီနေ့ အလုပ်မသွားရဘူးလား ကိုလေး"

"သွားရတယ် အန်တီ၊ အိမ်အတွင်းပြင်နေတဲ့ အိမ်တစ် အိမ်ဆီကနေ ခဏ လစ်ထွက်လာတာ၊ ဒီနဲ့ သိပ်မဝေးဘူး လေ၊ ခဏနေမှပြန်သွားကြည့်မယ်၊ အစ်ကိုဖော်ရော"

"သူလည်း မြို့ထဲ ခဏသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ... ဂျီးကို တစ်ခုခုများ စကားပြောစရာရှိလို့ ကျွန်တော် ရှိနေလို့ဆိုရင်၊ ကျွန်တော်က ခဏနေပြန်မှာ"

"မရှိပါဘူး၊ ပြောစရာ မရှိပါဘူး"

"အန်တီ့ကို ကြည့်ရတာ တစ်ခုခု ထူးခြားထူးဆန်းနေ ပါ"

သန့်က ထွင့်မြတ်လေးကို ကြည့်ရင်း ...

"မင်းတို့လူငယ်လေးတွေ ပွင့်လင်းသားပဲ၊ အန်တီလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် ကိုလေး၊ အိမ်မှာလူကြီး တုန်း ကိုလေး တစ်ယောက်တည်း ရောက်လာ မသင့်တော်တာနဲ့ အန်တီ ဒီအခါ ကူးလာခဲ့တာပဲ"

"ဗျာ"

လေးမှာ ပွင့်လင်းလှတဲ့ သန့်ကြောင့် ဖျားသွားရ သည်။

"ဟုတ်တယ်၊ ခုနပဲ ဒေါ်ဖွားပုံလည်း အပြင်သွားတာတွေ့ လိုက်ရတယ်၊ ဂျီးတစ်ယောက်တည်း မဟုတ်လားကွယ် ကိုယ်က အားကနေ မြင်တွေ့နေရတဲ့ လူကြီးသူမို့ ဂျီး ကို စောင့်ရှောက်ချင်တဲ့စိတ် သက်သက်ပါ၊ အထင်သေး





သဘောထား ရည်ရွယ်ချက် မပါပါဘူး၊ ခြံကျယ်တစ်ခုထဲ က အိမ်ကြီးတစ်လုံးထဲ သမီးရည်းစားနှစ်ယောက်တည်း ရှိနေတာ မသင့်တော်ဘူးပေါ့၊ ဒီအချိန်မှာ တခြားဧည့်သည် တွေ ဘာတွေ ရောက်လာရင်လည်း တစ်မျိုးတစ်မည် အမြင်မတော်စရာ ဖြစ်တာပေါ့၊ ခုနေ ဧည့်သည်လာရင် တောင် အန်တီရှိနေတာ သင့်တော်တယ်၊ ဂရုစိုက်ရတယ် မဟုတ်လား"

လေးသည် ဒေါ်သန့်လေးဆွေကို အထူးတဆန်းလို အားတသင့် ပါးစပ်အဟောင်းသားဟ၍ ကြည့်နေမိသည်။ သော ကြားရင်တော့ အထင်သေးရကောင်းလား ဘာလားနှင့် တ်ဆိုးမလား မသိပေ။ လေးကတော့ စိတ်မဆိုးမိပါ။ ဒေါ်သန့် သေးဆွေကိုသာ အံ့သြထူးဆန်းနေမိသည်။ တော်ရုံနှင့်လူမှန်းခံ၊ ကျာန္မာပြောင်တိုက်ပြီး ရောက်လာမှာ မဟုတ်ပေ။ ဒီလို ဖွင့်ပြော မှာလည်း မဟုတ်ပေ။

"အန်တီ ရှင်းရှင်းပြောလိုက်တော့ ကိုလေး အောင့်သက် သက် ဖြစ်သွားမယ် ထင်တယ်၊ မုန်းချင်လည်းမုန်း၊ အန်တီက ဂျီးအတွက်ပဲ ကြည့်လိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း … ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ ခဏေ
အံ့သြသွားမိတာပါ၊ ခါတိုင်းလည်း ကျွန်တော် လာရင်
ဒေါ်ဖွားပုံ အမြဲရှိပါတယ်၊ ခုလည်း သူ မရှိတာ ကျွန်တော်
မသိပါဘူး၊ များသောအားဖြင့်လည်း ကျွန်တော်က ညနေ
ဘက်တွေ စနေ တနင်္ဂနွေတွေ လာဖြစ်တာ များတာပါ
အန်တီ့ရဲ့ ဂျီးအပေါ်ထားတဲ့ စောင့်ရှောက်စိတ်ကို ကျွန်တော်
နားလည်ပါတယ်။ ကျေးဇူးလည်း တင်ပါတယ် အန်တီ

ဒါပေမဲ့ ကျွန်တော့်ကို စိတ်ချပါ၊ ကျွန်တော်က
ကျွန်တော့်ချစ်သူ ဂျီးကို တန်ဖိုးထားတဲ့သူမျိုးပါ အန်တီ
ကျွန်တော်တို့ လူငယ်တွေပေမဲ့ အသိစိတ်ဓာတ်နဲ့ စည်းကမ်း
သိက္ခာ ရှိပါတယ်၊ အန်တီ့ကိုတော့ တကယ်ကျေးဇူးတင်
ပါတယ်၊ အန်တီဟာ အရေးကြုံရင်၊ လိုအပ်တယ်ထင်ရင်
ဂျီးကို စောင့်ရှောက်မဲ့ စေတနာထားမဲ့သူဆိုတာ ကျွန်တော်
သေချာနားလည်သွားပါတယ်၊ တခြားသူနဲ့ဆိုရင်လည်း
အန်တီ ဒီလိုပဲ စောင့်ရှောက်မှာပဲဆိုတာ သိလိုက်ရတာပေါ့"

သန့်ဂျ တကယ်စိတ်ထဲကပေါ်ပေါ် ပြောနေတဲ့ လေး
ရဲ့စကားကြောင့် မျက်နှာလေး ကြည်လင်ဝင်းပလာသည်။





"အန်တီဖွားဖွားကြီးနဲ့ မဟုတ်လား"

"ဟုတ်တယ် ကိုလေး"

"ကျွန်တော်လည်း ပြန်လိုက်တော့မယ် အန်တီ၊ ဒီရောက်
ပြီးမှတော့ စကားကောင်းနေသေးတာနဲ့ ဘယ်သူမှ မရှိ
မှန်းသိပေမဲ့လည်း မပြန်ဖြစ်တာပါ၊ နဂိုကတည်းကလည်း
ကျွန်တော် နာရီဝက်လောက်ပဲ အချိန်ရတာကို လုထွက်လာ
တာ အန်တီ"

ဂျီးက ကော်ဖီနှစ်ခွက်နှင့် ထွက်လာသည်။

"အန်တီ သောက်ပါ၊ လေးလည်း သောက်"

"သောက်ပြီးရင် ကိုယ်လည်း သွားလိုက်တော့မယ်"

"ဟင် … ရုတ်တရက်ကြီး၊ လေးကလည်း"

"အစကတည်းက တွေ့ချင်လို့ ခဏလေး ပြေးထွက်လာ
တာလို့ ပြောသားပဲ"

"ကြွ … ကြွ …၊ အန်တီ ဈေးမှာ လိုအပ်တာက အရေး
ကြီးတဲ့ပစ္စည်းများလား အန်တီ၊ သူ့ကို ဝယ်ခိုင်းလည်း
ရပါတယ်၊ ခဏပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဂျီးသည် သူ ဘယ်လိုပင် မလိုတမာ ဖြစ်ရ
အမျိုးသမီးဆိုဆို၊ သန့်အပေါ် ဆက်ဆံတိုင်း အလိုအလျော
လေးစားသမှုပုံစံ ဝင်ရသည်။ ပစ်ပစ်ခါခါ ပြောဆိုဆက်ဆံ
စိတ်ကူးလို့ကို မရခဲ့။

"ရမါတယ်၊ တခြားလည်း မဟုတ်ပါဘူး၊ ပါရာစီတမော
များ ရှိလား ဂျီး"

"ဩော် … ဒါလား၊ ရှိပါတယ် အန်တီရဲ့၊ ဟိုဘက်
ဖုန်းဆက်လိုက်ရင်တောင် ရပါတယ်၊ ကိုယ်တိုင် ကူး
နေသေးတယ် အန်တီရယ်၊ ပင်ပန်းလိုက်တာ"

ဂျီး စကားမှာ စေတနာပါ၍ သန့်က စိတ်ချမ်းသာ
စွာ ပြုံးလိုက်မိပါသည်။

* * *





၁

အဲဒီတစ်နေ့က နဝဒေးရေကူးကန်ကို ဖော်ဦးဆွေ
ပါလာခဲ့သည်။ သွားခေါ်လာတဲ့ လေးကို ဂျီးက မျက်စောင်း
ထိုးလို့ မဆုံးနိုင်ပေ။ ရေကူးကန်ကျတော့ ဖော်ဦးဆွေက လူကြီး
ကန်၊ ကိုကို ညီညီတို့က ကလေးကန်ထဲ အသီးသီး ဆင်းသွားကြ
သော့မှပင် ဂျီးသည် လေးကို ဆိတ်၍ ဆိတ်၍ ဆွဲသည်။

"လေး … ရှင် ဘာလဲ၊ အဲဒီလူကြီးကို သိပ်ချစ်နေတယ်
ဟုတ်လား"

"ခင်ဖို့ကောင်းတယ်ကွ ဂျီးရ"

"ယောက်ဖလေး ဘာလေးများရော မတော်ချင်ဘူးလား …
ဟင်၊ အစ်မတွေ သုံးယောက်တောင် ရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းကြီးသားက သူ့အလှည့်ကျတော့ မျက်နှာ ရှုံ့တုံ့တုံ့ နီတိတ် ဖြစ်သွားရင်း ...

"ကိုယ့်အစ်မတွေက ယောက်ျားယူမှာ မဟုတ်ပါဘူး"

"လေးက နားချပေါ့"

"ကျွတ် ... ဂျီးကကွာ"

"ဘာ ဂျီးကကွာလဲ၊ သူ့အလှည့်ကျတော့ မျက်နှာက ဖြူနေလိုက်တာ၊ နှာခေါင်းက ပွစိပွစိနဲ့ ရှက်ကိုးရှက်ကန်းတွေ ဖြစ်လို့၊ သူများအဖေကျ ယောက်ဖရအောင် လိုက်အကောက်ကြံနေတယ်၊ သူကျ ယောက်ဖမရချင်ဘူး"

"ဒါတော့ ဂျီးအဖေနဲ့ကိစ္စက ကိုယ် ဘာမှအကောက်မကြံရပါဘူးကွာ၊ သူ့ဟာသူကို လိုက်ဖက်အပ်စပ်နေတာပါ ဘာဆိုင်လဲ၊ ကိုယ်က လုပ်ကြံချင်ရင် အန်တီသန့်နဲ့ပဲ နီးစပ်အောင် လှော်မှာပေါ့၊ အစ်ကိုဖော်ကြီးက ဘာဆိုင်လို့လဲ"

"အဲဒီ အစ်ကိုဖော်ကြီးကိုး အခု ဒက်ဒီ့ကို အစ်ကိုကြီး အစ်ကိုကြီးနဲ့ အရမ်းကို ဓာတ်ကျနေတာပဲ"

"အဟဲဟဲ"

"ရယ်မနေပါနဲ့"





"ဂျီးရယ် ... ဒေါ်သန့်လေးဆွေက အင်မတန်တော်တဲ့ မိန်းမတစ်ယောက်ပါ၊ ဂျီးတို့မိသားစုအပေါ်လည်း သူ သံယောဇဉ် ရှိတယ်"

"အဲဒါကို ပြောတာလေ၊ ဘာကြောင့် သံယောဇဉ်လာရှိနေရတာလဲ"

"ကိုကို ညီညီကို သူ အတော်ချစ်တာကို ထည့်စဉ်းစားဦး ဂျီး"

"အပြင်ကနေ ဆရာမတစ်ယောက် အနေနဲ့ပဲ ချစ်နေပေါ့၊ သူများအဖေကို ယူစရာကိုမလိုဘူး၊ သူတို့က နီးစပ်ဖို့များ လာပြီထင်တယ်၊ ရေစက်ကို ပွါနေပြီ"

"ဘယ်လိုရေစက် ပါတာလဲ"

"ကဲ ... ဟိုတစ်ရက်ကဆို၊ ဒက်ဒီကလည်း မိတ်ဆွေတစ်ယောက် ဆေးရုံတက်တာ လူနာသတင်းမေး သွားတယ်၊ သူကလည်း သူ့ကျောင်းက ဆရာမတစ်ယောက် ဆေးရုံတက်တာ လူနာသတင်းမေးသွားသတဲ့၊ မဟာမြိုင်မှာ ဒီလူနာနှစ်ယောက်က အခန်းချင်းကပ်ရက် သွားဖြစ်နေသတဲ့ ... ကဲ၊ မတိုက်ဆိုင်လွန်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဟဲဟဲ ... သူတို့ ညာပြောမယ် မထင်ပါဘူး ရိုး တကယ် မတော်တဆ သွားဆုံတာ နေမှာပါ"

"ဟုတ်ပါတယ်၊ ယုံပါတယ်၊ အဲလို မတော်တဆ သွား တွေ့တဲ့ တိုက်ဆိုင်တဲ့ ကံကြမ္မာ၊ အခြေအနေပေးမှု အံ့အားသင့်တာပါ၊ အဲလို သွားဆုံပြီး အပြန်ကျ ဒက်ဒီကားနဲ့ အတူပြန်လာကြပြန်တာပေါ့၊ အန်တီသန့် ကားမပါဘူး၊ အစ်ကိုဇော်ကြီး ကားယူသွားလို့၊ ဒီ ဒက်ဒီက ခေါ်ရော၊ လမ်းမှာ ဘယ်တွေ ဘာတွေများ ဝ ကြဦးမလဲ မသိဘူးနော်"

"အန်ကယ်က မပြောဘူးလား"

"ဟင့်အင်း ...၊ ဆုံတာနဲ့ ကားကြုံအတူပြန်လာတာ ပြောတယ်၊ ဘယ်ဝင်တယ်တော့ မပြောဘူး"

"မဝင်ဘူး နေမှာပေါ့"

"ဟင့်အင်း ... ဝင်တယ်နေမှာ၊ ဒက်ဒီ မျက်နှာကြီး ဝင်းအိပြီး ပီတိတွေဟုန်လို့၊ ပြီးတော့ ညစာကို မစားသေး ဘူး၊ မဆာသေးဘူးဆိုပြီး တစ်ယောက်တည်း နောက်ကျ မှ စားတယ်"





"ဝင်တော့လည်း ဘာဖြစ်သေးလဲ"

"ဒက်ဒီ ဘယ်တုန်းက ဒီလိုရှိဖူးလို့လဲ"

"အခုကျတော့ သူလည်း နှလုံးသားရဲ့ စေ့ဆော်မှုလေး ဘာလေး ရှိမှာပေါ့"

"မရှိရဘူး"

"ဗုဒ္ဓေါ ... ဂျီးရယ်၊ တင်းမာလိုက်တာ"

"မီးကို မလောင်ခင်က တားရမယ် လေးရဲ့၊ ဂျီး ဘာလုပ် ရင် ကောင်းမလဲ ... ပြောဦး၊ လေး ... ကိုယ့်လူ သူ့ဘက် သားတော့ လုပ်မယ်မကြံနဲ့"

"ပြဿနာပဲ၊ ဂျီးက ဘာလုပ်လို့ ရမှာလဲ၊ တစ်ခုခုလုပ်လို့ လည်း ဘယ်ကောင်းမလဲ၊ ကိုယ်လုပ်ချင်တာတစ်ခုပဲ မကြည့် နဲ့လေ ဂျီး၊ တစ်ဖက်သားဘက်က ခံစားချက်လည်း ထည့် တွက်ပါဦး"

"အမယ်လေး ... ဒေါ်သန့် ကိုယ်တိုင်ကိုက သူလုပ်ချင် ရာလုပ်တဲ့ တိုက်ပ်မျိုးပါ၊ တစ်ဖက်ကို ထည့်မတွက်ပါဘူး၊ ဟိုတလောကဆိုရင် လေး မှတ်မိလား၊ လေး နေ့လယ်ဘက် ဂျီးဆီ ရောက်နေတုန်း ဒေါ်ဖွားပုံကြီးကလည်း မရှိဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com



သူ ဖျားဖျားကြီးနဲ့ ဒီဘက်ကူးလာပြီး ဟိုလိုလို ဒီလိုလို ပါရာစီတမောလ် တောင်းသွားတာ မှတ်မိလား”

“အင်း ...”

“အဲဒါ အလကား၊ ဂျိုးက အအ,မှ မဟုတ်တာ လေးရဲ့ သူ ဒီဘက်ကို တမင်ကူးလာတာ၊ တွေ့ရာအကြောင်းပြ လိုက်တာပါ၊ ဒီဘက်အိမ်မှာ ဂျိုး တစ်ယောက်ပဲရှိတယ် ဘယ်သူမှ မရှိဘူးဆိုပြီး လေး ရောက်လာတော့ တမင် သူ လာတာ”

လေးက ဂျိုးကို အံ့အားတသင့် ကြည့်နေရင်းမှ ပြုံး စိစိဖြစ်လာကာ ...

“သေချာလှချည်လား ဂျိုးရ”

“ဂျိုး သူ့စိတ်သူ့သဘော ... သူ့အရိပ်အကဲကို သိတယ် ခုလိုလာတယ် ဆိုတာလည်း တကယ်တော့ ဂျိုးကို သူစောင့် ရှောက်တဲ့သဘော သက်ဝင်ပါတယ်၊ ဂျိုး နားလည်တယ်”

“ဂျိုးနားလည်ရင် ကျေးဇူးတင်ပေါ့”

“ဘာလို့ စောင့်ရှောက်ချင်နေရတာလဲဆိုပြီး စိတ်တောင် တိုသေးတယ်”





“ဒါပေမဲ့ အဲဒီနေ့က ဂျိုး ကြည့်ရတာ ဘာမှမသိသလို ဟန်မပျက်ဝါပဲလား”

“ဩော် ... ဂျိုးတို့ တစ်ခုခုဖြစ်ပြရင် မကြိုက်တာ ဖော်ပြ ရင်၊ ဂျိုးကပဲ လေးနဲ့ နှစ်ယောက်တည်း ချိန်းတွေ့ချင်တဲ့ သူလိုလို ဖြစ်သွားမှာပေါ့၊ သူ ရောက်လာတာ သက်သက် အနှောင့်အယှက် လာပေးတာပဲဆိုပြီး မကျေနပ်တဲ့သဘော ရောက်သွားမှာပေါ့၊ အဲသလို မကျေနပ်တဲ့ သဘောမျိုးတော့ ဂျိုး မဖြစ်ပါဘူး၊ ဒါပေမဲ့ ဒါကို လေးသိရင် လေးလာတာ ကို သူက စိတ်မချလက်မချ ရောက်လာတာပါဆိုပြီး လေး သိက္ခာကျသလိုလို ခံစားရမှာစိုးလို့ ဂျိုးက ပြောတာ ...

သူ စောင့်ရှောက်တာကို ပူပန်စိုးရိမ်တာကို သဘော ပေါက်တယ်၊ ကျေးဇူးတင်ထိုက်တဲ့ အရာမှန်းလည်း နား လည်တယ်၊ ဒါပေမဲ့ အဲသလို သူပဲ စောင့်ရှောက်ဖို့ လိုအပ်သလို သူ့စိတ်မှာ ဖြစ်နေတာကို ဂျိုး မကြိုက်ပါ ဘူး”

ဂျိုး မျက်နှာမှုန်မှုန်လေးကို လေးကကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုမကြိုက်ရင် ဂျီးပဲ စိတ်ပင်ပန်းနေမှာပေါ့၊ သူ့မှာ စောင့်ရှောက်တဲ့စိတ်က အလိုအလျောက် သူ့ရင်ထဲ ရှိ ပြီပဲဟာ"

"သူက, လေး လာတာကို ပူပူပန်ပန်နဲ့ ကူးလာတာ လေ စိတ်မဆိုးဘူးလား"

"ဟင့်အင်း၊ ကိုယ် အဲဒီနေ့ကတည်းက သိပါတယ် ဂျီးရဲ့"

"ဟင် ... လေးလည်း ရိပ်မိသာယ်ပေါ့"

"မရိပ်မိပါဘူး၊ ကိုယ်က ယောကျ်ားမို့ ထင်ပါရဲ့၊ ဂျီးတို့ မိန်းမတွေလောက်လည်း သူလုပ်တာ ဘာသဘောလဲ ဘာလဲ ညာလဲ၊ ဒီလောက်ကြီး မဆန်းစစ်မိပါဘူး၊ သူ့ပုံ ထူးခြားတယ်လို့တော့ ထင်မိပါတယ်၊ ဒါပေမဲ့ သူ ဘာ ကြောင့်လာတယ်ဆိုတာ သူကိုယ်တိုင်ကပဲ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောတာ"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ် ဂျီးရဲ့၊ သူပြောတော့လည်း ကိုယ့်စိတ်မဆိုး ပါဘူး၊ ဒီအမျိုးသမီးဟာ ဂျီး တစ်ယောက်တည်းရှိတုန်း





ငါ တစ်ယောက်တည်း ရောက်လာတာကို ပူပန်စောင့်ရှောက် တယ်ဆိုကတည်းက တခြား ဘယ်သူ ရောက်လာလာ ဒီလိုပဲ စောင့်ရှောက်ကြည့်ရှုမဲ့သူမျိုးပဲဆိုတာ သိလိုက်ရတော့ သူ့ကို သဘောတောင်ကျသေး ...

တော်ရုံလူ အမှန်းခံပြီး ဒီလို ဘယ်လာလုပ်မလဲ၊ မုန်းရင်လည်း မုန်းကွာ၊ ငါက စိတ်ကောင်းနဲ့ စောင့်ရှောက် တာဆိုပြီး ဘယ်သူ ဘာထင်ထင် ဂရုမစိုက်တဲ့စိတ်မျိုး ရှိလို့သာ ဒီဘက်ကို သူ ရောက်လာတာ၊ အဲဒီကတည်းက သူဟာ စိတ်ချလက်ချရှိအပ်တဲ့ အုပ်ထိန်းသူမျိုး ဖြစ်နိုင်တာ ပေါ်လွင်နေတယ်"

"အို ... လေးကလည်း လိုရာဆွဲပြောနေတာပဲ"

"ကိုယ်က ဘာကိုလိုလို့ လိုရာဆွဲပြောရမှာလဲ"

"လေး လိုချင်တာ၊ လေး ပြောချင်တာ ဒါပဲလေ၊ ဒေါ်သန့်လေးဆွေဟာ အုပ်ထိန်းသူကောင်းမျိုးပါ၊ ဂျီးတို့ မောင်နှမတွေအပေါ် စိတ်စေတနာရှိတယ်၊ ဒါပဲမဟုတ် လား"

"အဲဒါ အမှန်ပဲ ဂျီးရဲ့"

www.burmeseclassic.com



ဂ “ဟုတ်တယ်၊ မှန်တာကို လက်ခံတယ်၊ ဂျိုးလည်း နလပိန်းတုံး မဟုတ်ဘူး၊ သူကောင်းတာ သိတယ်၊ ဒါကြောင့် သူ့ကို မကြိုက်ပေမဲ့ လေးလေးစားစားပဲ ဆက်ဆံနေတာပေါ့၊ သူကောင်းတာကို သိပေမဲ့ ကောင်းနေတိုင်း ဂျိုး ဒက်ဒီကို မပေးနိုင်ပါဘူး နမြော့တယ်”

လေးက ဂျိုးရဲ့ကလေးဆန်ဆန် အပြောကို ရယ်ပါတော့သည်။

“အဖေကို တော်တော်တိုပါလား ဂျိုးရယ်”

“တိုတယ်”

“ဂျိုး သေချာစဉ်းစားပါ၊ ဂျိုးဒက်ဒီကို ဂျိုးချစ်တာဟာ ကိုယ့်အတွက်လား၊ သူ့အတွက်လား၊ ဂျိုးပဲ ချစ်မယ်၊ ဂျိုးပဲ ပိုင်မယ်ဆိုတာ အတ္တသဘော ပါမနေဘူးလား၊ အန်ကယ့်ပျော်ရွှင်ပြည့်စုံမှုကို ထည့်တွက်မှ အန်ကယ့်ကို တကယ်ချစ်ရာ ကျမှာမဟုတ်လား ဂျိုး”

ဂျိုးကတော့ ခေါင်းမာမာပင်။ ထိုနေ့က ရေကူးကန်မှာ နှစ်နာရီနီးပါး ကြာသည်။ အဲဒီကပြန်တော့ ကိုကိုနှင့်ညီညီက





နေ့စားချင်သည်ဆို၍ ကားကို အိမ်တန်းမပြန်ဘဲ စမ်းချောင်းဒေမှာကွင်းနောက်ဘက်ဆီ ဆက်မောင်းလာခဲ့ကြသည်။

အဲဒီလမ်းက ညနေစောင်းမှာ အင်မတန် လူရှုပ်ကားရှုပ်သောလမ်းဖြစ်ရာ လေးက ကားတွေ လူတွေ ဆိုက်ကားတွေ ရှောင်ရင်း ဖြည်းဖြည်းပဲ ဘီးလှိမ့်မောင်းလာသည်။ လေးက ကားကို အာရုံစိုက်နေကာ လေးရဲ့ဘေးက ဖော်ဦးဆွေကလည်း သူ့သူငယ်ချင်းရဲ့ စီးပွားရေးလုပ်ငန်းတစ်ခုအကြောင်းကို လေးကို တရစပ် လှည့်ပြောနေသည်ဖြစ်တဲ့အတွက် သူတို့နှစ်ဦး မြင်မမြင်တော့ ဂျိုး မသိ။

ဂျိုး မြင်လိုက်ရသည်မှာကား ရှေ့ခပ်လှမ်းလှမ်းက ဆိုင်တစ်ဆိုင်ထဲက ထွက်လာကာ ပလက်ဖောင်းကို ဖြတ်ပြီး ကားပေါ်လှမ်းတက်သွားကြတဲ့ ဒက်ဒီနှင့် ဒေါ်သန့်လေးဆွေကိုပင်။

ဂျိုးသည် မျက်လုံးတွေပင် ပြာသွားသည်။ နေအလင်းရောင် ဝင်သွားပြီဖြစ်ကာ မီးရောင်တွေနှင့်သာ မြင်သာထင်သာဖြစ်ရတဲ့ အချိန်မို့ ဂျိုး မျက်စိပဲ မှားသလား၊ မှားပါစေလို့ ဆုတောင်းသော်လည်း မမှားပါ။ ဒက်ဒီမှဒက်ဒီ။ ဒေါ်သန့်မှ ဒေါ်သန့်။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီဟာ ဟိုးတလောကမှ ဂျီး ဝယ်လာပေး

အဖြူပေါ်အနက်စင်း သေးသေးကန့်လန့် စပို့ရှပ်နှင့်။ သူတို့ထွ

လာတဲ့ဆိုင်ဟာပင် ဂျီးတို့ အခုသွားဖို့ ဦးတည်ရည်ရွယ်ထား

ဆိုင်ပဲ ဖြစ်သည်။

ဂျီးတို့အိမ်က ထွက်တယ်ဆိုတာနှင့် ဒက်ဒီတို့လည်း

ထွက်ကြလေသလား။ ဘယ်လိုများ ဖြစ်တာလဲ ဒက်ဒီရယ်။ ဂျီး

အလစ်ကိုချောင်းပြီး ချိန်းထွက်ကြတဲ့ အနေအထားတောင် ဖြစ်

နေပြီလား။ ဂျီးသည် တွေးရင်း တန့်နဲ့ ဝမ်းနည်းလာသည်။

ကိုကိုနှင့် ညီညီကတော့ သူတို့ချင်း ငြင်းခုန်ပြောဆိုနေရတာနှင့်

ဘာကိုမှ မြင်လိုက်ပုံ မပေါ်။

တစ်ကားလုံးမှာ ဂျီး တစ်ယောက်သာ ရုတ်တရက်

ပြောင်းလဲဝိုင်တွေ မျက်နှာပျက်ယွင်းသွားတာ ဖြစ်သည်။ ဒက်ဒီ

ကားက ထွက်သွားခဲ့ပြီ။ ကားပါကင်နေရာရချိန်မှာ ကားပေါ်က

ဆင်း၊ စားသောက်ဆိုင်ထဲ ဝင်လာပြီး ငါးယောက်သား စားသော

စရာ မှာစဉ်မှာ ချောကလက်ရေခဲမုန့်တစ်ခွက်မှာပြီး တို့တိတို့နှ

စိတ်မပါ လက်မပါသာ စားနေမိပါသည်။





မျက်နှာချင်းဆိုင်ကျနေတဲ့ ဖော်ဦးဆွေကိုလည်း

သားလွတ် မုန်းနေမိကာ သူပြောတဲ့ စကားတွေကို တမင်တကာ

ကို ခွတိုက်ဆန့်ကျင် ငြင်းခုန်နေမိသည်။ သူက ဒါကောင်းတယ်

ဆိုရင် မကောင်းပါဘူး။ သူက ဒီကိစ္စဟာ ဒီလိုဆိုရင် ကိုယ်က

ဟိုလို။ ကြာတော့ ဖော်ဦးဆွေရော လေးပါ သတိပြုမိလာသည်။

"ကိုလေးရေ ... မင်းရဲ့ဂျီးနဲ့ ငါတော့ ဒီနေ့အဖို့ အိုင်ဒီယာ

တွေ အရမ်းဆန့်ကျင်ဘက် ဖြစ်နေပြီ၊ ဟား ဟား"

"လူတိုင်းက အိုင်ဒီယာတူနေရင် ဘယ်ဖြစ်မလဲ အစ်ကို

ဖော်ကြီးရ၊ ဆန့်ကျင်ဘက်တွေရှိမှ တိုးတက်တာ၊ ဂျီးက

သူများကို ဆန့်ကျင်ရတာပဲ ကြိုက်တယ်"

"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ၊ အရင်ကတည်းကလား၊ ခုမှ

ကောက်ကာငင်ခါ ဆန့်ကျင်ရတာ ကြိုက်သွားတာလား"

"ခုမှ"

"ဟောဗျာ၊ ရှင်းလှချည်လား၊ ကျုပ်လည်း ဘာများလုပ်မိ

လို့လဲ ဂျီးရယ်၊ ခုမှ စကားတစ်ခွန်းနှစ်ခွန်း ပြောမိပါသေး

တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဂျီးသည် ခင်မင်စရာလည်းကောင်း၊ သဘော... ကောင်းတဲ့ ကိုဇော်ကြီးကို အားနာသွားမိကာ ...

"အလကားပါ ကိုဇော်ကြီးရယ်၊ ဂျီးကိုက အကျင့်ပုပ်... ပါ၊ စိတ်အခန့်မသင့်တာ တစ်ခုဖြစ်သွားရင် နီးတဲ့... ခွတိုက်ပြီး ရမ်းမိတတ်တယ်၊ ကိုဇော်ကြီးကို ဆန့်ကျင်... တာ မဟုတ်ပါဘူး"

"ဟုတ်တယ်၊ ဟုတ်တယ်၊ သူက ဒီလိုပဲ အစ်ကို... ကျွန်တော်ဆို မဆီမဆိုင် ခဏ ခဏ အရမ်းခံရ... မည်းမည်းမြင်ရာ ပတ်ရမ်းတော့တာပဲ၊ ကဲ ... အခု ဘာ... စိတ်မကြည်ပြန်ဘူးလဲ"

ဂျီးသည် ကိုဇော်ကြီးကိုလည်း အားနာရသော... မပြောဘဲလည်း မနေနိုင်ကာ ...

"ဒက်ဒီ့ကားကို တွေ့လိုက်တယ်"

"တွေ့တော့ ဘာဖြစ်လဲ"

"ကားထဲမှာ မိန်းမတစ်ယောက်ပါတယ်"

"လုပ်ပြီ၊ ဟုတ်ကော ဟုတ်လို့လား၊ ကိုယ်လည်း... လိုက်ပါလား"



"ဟုတ်တယ်၊ နောက်ဘက်ကမို့ သဲသဲကွဲကွဲ မမြင်လိုက်ပေမဲ့ ဘေးခုံမှာ မိန်းမတစ်ယောက်ပါတာ သေချာတယ်"

...လေးက ဂျီးကို အကဲခတ်ကြည့်နေပါသည်။ ကိုဇော်... ...ဆွကတော့ ဤကိစ္စမျိုး၌ ပါဝင်ပြောဆိုရလောက်အောင် ဂျီး... ...မရင်းနှီး၍ ဘာမှ မပြောပါ။ ဂျီးကလည်း ဒီလောက်ပြော... ...ရလျှင် ကျေနပ်ပြီ။ ဒီလောက်ဆို ကိုဇော်ကြီးဟာ ဂျီးသည် ...အဖေကို တိုသူဖြစ်ကြောင်း ရိပ်မိသွားနိုင်ပြီ။ တော်ပြီပေါ့။

အိမ်ရောက်လို့ သူ့အစ်မကလည်း ရှိသားလို့၊ ...တာ ဦးရန်ရှင်းနှင့် အပြင်ကို လိုက်သွားတဲ့ အကြောင်းများ ...ပြဖြစ်ခဲ့လို့ သူ သိခွင့်ရရင်လည်း သူ့အစ်မကို သူ သတိပေး... ...ာင်း ပေးလိမ့်မည်။

"တစ်ခါတလေလည်း အလုပ်ကိစ္စ၊ လူမှုရေးကိစ္စ ရှိဦးမှာပေါ့ ဂျီးရာ"

"ရုံးပိတ်ရက်လေ၊ အလုပ်ကိစ္စကတော့ မရှိဘူး၊ လူမှုရေးကိစ္စ ဆိုရင်တော့ မပြောတတ်ဘူးပေါ့၊ ဒါပေမဲ့ ဂျီးတို့ထွက်လာတော့ ဒက်ဒီ အိမ်မှာကျန်ခဲ့တာပဲဟာ၊ ခုမှ ကောက်ပေါ်လာတဲ့ကိစ္စ ဖြစ်မယ်"

www.burmeseclassic.com



ဂျီးသည် အိမ်အမြန်ပြန်ချင်နေကာ ကိုကိုတို့ ညီညီ
ကို မြန်မြန်စားဖို့ လောဆော်နေပါသည်။ အိမ်ကျရင် ဒက်ဒီ
ပြောမလဲ သိချင်သည်။

အိမ်ပြန်ရောက်တဲ့အခါ ဒက်ဒီဟာ စိတ်တွေလန်း
ဆန်းကြည်လင်နေသလို၊ မီးဖိုထဲဝင်ပြီး ဒေါ်ဖွားပုံကြီးနှင့် နှ
ယောက်အတူ ချက်ပြုတ်နေတာ တွေ့ရသည်။ ဂျီးသည် မီးဖို
ဝင်သွားရင်း ...

"ဒက်ဒီ ဘာလုပ်နေတာလဲ"

"ဒက်ဒီ ဂျီးတို့မောင်နှမတွေစားဖို့ ဂဏန်းသတ္တုထုပ်
မီးဖုတ်ပေးနေတာ"

"ဟင် ... တစ်ခါမှ မကြားဖူးဘူး၊ ဘာလဲ ဒက်ဒီ"

"ဂဏန်းကို သတ္တုစက္ကူနဲ့ထုပ်ပြီး ကင်တာလေ သိ
ကောင်းတယ်၊ ဒက်ဒီ ကောင်းကောင်းကြီးနယ်ပြီးမှ အရသာ
ရှိရှိ ကင်ပေးထားတာ"

"ဂဏန်း ဘယ်ကရလဲ ဒက်ဒီ"

"ဒက်ဒီ စမ်းချောင်းဘက်က ဝယ်လာတာ၊ ခုနက ဒေါ်သန်
လေးဆွေရဲ့ ကိစ္စတစ်ခု ဒက်ဒီလိုက်ပို့ပေးတယ် ဂျီးရဲ့





ကိစ္စက ကိုဖော့်ကိစ္စပါ၊ သဘောက ဆင်းလာတဲ့သူတစ်
ယောက်က ကိုဖော့်ဖို့ လူကြုံပစ္စည်းပါလို့ ဖုန်းဆက်တာ၊
ဒီလူကနယ်ကမို့ ခဏနေရင် ညရထားနဲ့ သူ့နယ်သွားတော့
မှာလေ၊ လူကြုံထုပ် အမြန်လာယူပါဆိုတာနဲ့ ဆရာမက
ကိုဖော်များ ဒီဘက်အိမ်မှာ ရှိနေလားလို့ ဖုန်းလှမ်းဆက်
တာ"

ဂျီးက ဒက်ဒီ့မျက်နှာကို ငေးကြည့် နားထောင်နေ
သည်။ ဒက်ဒီ စိတ်ချမ်းမြေ့နေတာ မျက်နှာမှာ ပေါ်လွင်နေပါသည်။

"ဒက်ဒီကလည်း ကိုဖော် ဂျီးတို့နဲ့ ပါသွားတယ်လို့၊ ဒါနဲ့
ဒက်ဒီပဲ လိုက်ပို့ပေးလိုက်တာ"

"သူ့ဟာသူ ကားမောင်းသွားလဲ ရသားနဲ့"

"မှောင်တော့မှာလည်းဖြစ်၊ သူလည်း စမ်းချောင်းကို မကျွမ်း
ကျင်တော့ ဘယ်လမ်း ဘယ်နားမှန်းမသိ၊ မေးစမ်းသွား
ရမှာ ဖြစ်နေလို့ ဒက်ဒီက လိုက်ပို့ပေးပါ့မယ်လို့ ကမ်းလှမ်း
လိုက်တာပါ"

"အပြန်ကျတော့ ဒက်ဒီတို့ ပဒ္မာကွင်း နောက်ဘက်ထဲ
မှာ တစ်ခုခု စားကြတယ် မဟုတ်လား"



www.burmeseclassic.com

ဒက်ဒီက ဂျီးကို တအံ့တသြကြည့်သည်။ နောက်မှ

"ဟုတ်တယ် ... ဒက်ဒီတို့ အအေးဝင်သောက်တယ်၊ အဲဒီ ကနေ ကားနဲ့ထွက်လာတော့ အဲဒီနားတစ်ဝိုက်က ညဘက် ခင်းရောင်းနေတဲ့ ဈေးလေးမှာ ဂဏန်းတွေ ခြင်းတောင်း ကြီးတစ်လုံးနဲ့ ရောင်းနေတာတွေ့တော့၊ အရှင်တွေလည်း ဖြစ်တာနဲ့ ဒက်ဒီ ဝယ်လာပေးတာလေ၊ ဂျီးတို့က ဂဏန်း ကြိုက်ကြတယ် မဟုတ်လား၊ ဂျီး ... ဒက်ဒီတို့ အဲဒီဘက် ရောက်တာ ဘယ်လိုသိလဲ"

"ဂျီး လှမ်းတွေ့လိုက်တာပါ ဒက်ဒီ"

"ကိုဇော်ကော တွေ့သေးလား"

"ဟင့်အင်း ... ဒါပေမဲ့ ဂျီး မျက်နှာပျက်နေလို့ လေးက မေးတော့ ဒက်ဒီကို မိန်းမတစ်ယောက်နဲ့ တွေ့လိုက်လို့လို့ ဂျီး ပြောလိုက်တယ်၊ သူ့ကို တွေ့ပေမဲ့ သူဆိုတာတော့ ဂျီး မပြောဘူး"

ဒက်ဒီက ဘာမှမပြောတော့ပေ။

❋ ❋ ❋





# ၉

ဒေါ်ဖွားပုံကြီး အလုပ်ထွက်ကာ သူ့မြို့ရွာ ပြန်သွား အတွက် ဂျီးမှာ ချာလပတ်ယမ်းရပါသည်။ ဒေါ်ဖွားပုံကြီးဟာ ရင်ကတည်းက အဆစ်အမြစ်တွေ မကြာခဏ ကိုက်ခဲနာကျင် တတ်ပါသည်။ ဂျီးတို့အိမ်မှာ လေးနှစ်ကျော်ပြီမို့ မိုးတွင်းအေးပြီ ရင် ဒေါ်ဖွားပုံကြီး ကိုက်ခဲနာကျင်တတ်တာကို သိနေပါသည်။

ဒါပေမဲ့ ကိုက်ခဲလိုက်၊ ခဏနဲ့ ပျောက်သွားလိုက်။ ဆေးပူလေးလိမ်း၊ အကိုက်ခဲပျောက်ဆေးလေး စားနှင့် ဖြစ်လိုက် ပျောက်လိုက်မို့ ပေါ့ပေါ့ပဲ သဘောထားခဲ့ကြပေမဲ့ ဒီနှစ်မိုးတွင်း တော့ ဒေါ်ဖွားပုံကြီးခမျာ နာကျင်ကိုက်ခဲနေချိန်က များနေပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



အဆစ်အမြစ်လေးတွေယောင်၊ လက်ချောင်းလေးတွေယောင်၊ ဖောင်းဖောင်းကားကားလေးတွေ ဖြစ်လာတတ်တဲ့ ခြေဆစ်လက်ဆစ် လက်ချောင်း ခြေချောင်းလေးတွေကြောင့် ဘာမှ ကောင်းကောင်းမလုပ်နိုင်ခြင်းဟာ ခါတိုင်းလို အလွယ်ပျောက်မသွားဘဲ အချိန်ကြာရှည်လာတော့ ရောဂါရှာဖွေကုသလို့ရအောင် ဂျီးနှင့်အတူ ဆရာဝန်သွားပြကြပါသည်။

ဒီတော့မှ ဒေါ်ဖွားပုံကြီးမှာ အဆစ်အမြစ်ယောင်လေးဘက်နာရောဂါ ရှိနေတာ သိလာရပါသည်။ ဟိုးငယ်ငယ်ကတည်းက ရှိခဲ့ပုံရပြီး မသိခဲ့ မကုခဲ့ရတော့ ခုတော့ လေးဖက်နာပိုးတွေက အတော်များပြားကာ နေပြီ။ နှစ်ရှည်ဆွဲပြီး ဆေးစားဆေးကုရမည်။ ဒီတော့ ဒေါ်ဖွားပုံက အားငယ်လာသည်။ ရန်ကုန်မှာ မနေချင်တော့။

သူ့ဆွေမျိုး အနီးစပ်ဆုံး သူ့အစ်မရင်းနှင့် သူ့တူရင်းတို့ရှိရာကိုသာ ပြန်လိုသည်။ ဆေးကုရမည်ဆိုလည်း ရန်ကုန်မှာ အင်္ဂလိပ်ဆေးနှင့် သူက မကုချင်။ ဗမာဆေးလေးပဲ ကုချင်သည်။ အခုက,ကတော့ သေသေချာချာ အလုပ်မလုပ်ကိုင်နိုင်တဲ့ သူ့ကိုယ်သူလည်း အနားယူချင်သည်။ ရောဂါတစ်ခုရယ်လို့ နာ





မည်တပ်ပြီး ရှိနေတော့လည်း တောသူတောင်သားပီပီ အစိုးရိမ်ကြီးကာ အားငယ်လေသည်။ သူ့ဆွေသူ့မျိုးနားပဲ နီးနီးနားနား နေလိုပြီ။

တားဖို့လည်း မသင့်တာမို့ ဂျီးတို့က ဒေါ်ဖွားပုံကို ဆေးဖိုးဝါးခလည်း အနည်းငယ် ထပ်မံထောက်ပံ့လိုက်ကာ ပြန်ခွင့်ပြုလိုက်ရပါသည်။ ဒေါ်ဖွားပုံ မရှိတော့ ဂျီး အတော်ပျာလောင်ခတ်သွားသည်။ အိမ်မှာ ခုလို လူပြတ်သွားတယ်ဆိုတာ ရှားပါသည်။ ကိုကို ညီညီ ငယ်စဉ်ကဆို တစ်ပြိုင်နက်မှာ နှစ်ယောက်သည်း ထားခဲ့သည်။

အိမ်မှာနေတဲ့သူ အဆင်မပြေလို့ လဲလှယ်မည်ဆိုလည်း သူတို့ကို ခေါ်လာပေးနေကျ ပွဲစားတွေနှင့် ဆက်သွယ်ကာ တစ်ယောက်ရယူပြီးမှ ရှိနှင့်တဲ့တစ်ယောက်ကို ပြန်ပို့နေကျ။ ဒီတော့ လူပြတ်သည်ဆိုလျှင် တစ်နေ့ခင်းပိုင်း၊ တစ်ညနေပိုင်း၊ နေ့တစ်ဝက်။ ဤမျှလောက်ပင်။

ခုဟာက ကျန်းမာရေးကြောင့် ပြန်တာဖြစ်၍ ရန်ကုန်မှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ လုပ်နေသည့် သူ့တူဝမ်းကွဲက ပြန်ပို့ပေးသည့် ရက်မှာပင် လွှတ်လိုက်ရပါသည်။ အဲဒီရက်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သိတဲ့ ပွဲစားနှစ်ယောက် သုံးယောက်ကို ဆက်သွယ်သွားကြည့်သော်လည်း ချက်ချင်းထည့်ပေးလိုက်နိုင်စရာလူက အသင့်မရှိ။ ရန်ကုန်တက်ကာ အလုပ်လုပ်ကြတဲ့သူတွေ များလာအောင် တောရွာတွေမှာလည်း အလုပ်လုပ်မည့်သူ မကျန်သလောက်ဖြစ်နေပုံရပါသည်။

ဒေါ်ဖွားပုံ မရှိတဲ့ သုံး,လေးရက်မှာ ကြီး ချာလပတ်တွေ ယမ်းနေတာပင်။ ကလေးနှစ်ယောက် ဝေယျာဝစ္စလည်းရှိတာမို့ ဟင်းကို တစ်မျိုးပဲ ချက်နိုင်သည်။ လျှော်စရာအဝတ်တွေကို အရင်ကတော့ အထည်ကြီးမှ စက်ထဲထည့်ကာ၊ တော်ရုံအဝတ်တွေတော့ လက်နှင့်လျှော်တာကိုပဲ သဘောကျ၍ လက်နှင့်လျှော်နေကျ။ ခုတော့ ရှိသမျှအဝတ် စက်ထဲပစ်ထည့်။

မီးပူတိုက်စရာတွေ ပုံနေကာ၊ မတိုက်မဖြစ်တဲ့ ကိုကိုညီညီတို့ ကျောင်းဝတ်စုံများ၊ ဒက်ဒီ့ယူနီဖောင်းများလောက်ပဲ ဆွဲယူတိုက်ဖြစ်သည်။ အဆောတလျင် ဝတ်စရာမလိုတဲ့ အရေးမကြီး အဝတ်တွေဟာ တစ်ထုပ်ကြီးများနေပြီ။

အိမ်တစ်အိမ်မှာ တောက်တိုမယ်ရ ဝေယျာဝစ္စအသေးတွေက မိုများတာဖြစ်ရာ၊ ဒါတွေ ကောက်လုပ်နေရတာကြောင့်





အလုပ်ကြီးတချို့ကို မျက်နှာလွှဲ။ ကိုကိုနဲ့ ညီညီက ရှေ့ကဖွ၊ နောက်ကနေ လိုက်ရှင်းလို့ မဆုံးနိုင်။ သုံး,လေးရက် ကြာလျှင် ဒက်ဒီက ....

"ကြီး ...၊ ကြီးကိုကြည့်ရတာ ဖိုသီဖတ်သီနဲ့ မနိုင်မနင်းဖြစ်နေပြီ၊ ဒက်ဒီ စိတ်မချမ်းသာဘူး၊ ဒေါ်နေကျ ပွဲစားဆီလူမရှိသေးရင် တခြားရတဲ့ဆီကသာ တစ်ယောက်ယောက်ရှာခေါ်တော့မယ်"

ဒီလိုနှင့် ကြီး သူငယ်ချင်းတစ်ယောက်ပြောတဲ့ ပွဲစားလိပ်စာတစ်ခုကိုလိုက်ကာ အသင့်ရှိနေတဲ့ မိန်းကလေးတစ်ယောက်ကို စိတ်တိုင်းမကျတကျနှင့်ပင် ခေါ်လာရပါသည်။

အသက်နှစ်ဆယ်လောက်၊ အသားညိုမည်းမည်း၊ ရုပ်က ကလန်ကဆန်နိုင်ချင်တဲ့ ထိုမိန်းကလေးဟာ သူများအိမ်မှာ အလုပ် လုပ်မဲ့သူသာဆိုသည်၊ ပိပိပြားပြား အပိုးကျိုးကျိုးတော့ မဟုတ်။ ဂျင်းဘောင်းဘီနှင့် နှုတ်ခမ်းနီက ဆိုးထားတာ ရဲနေသေးသည်။ သူ့ဂျင်းဘောင်းဘီဟာလည်း အရင်အိမ်ရှင်ကပေးသလား၊ ဘာထုပ်ထည်လား မဆိုနိုင်၊ ခပ်ဟောင်းဟောင်းနှင့် ကျပ်သပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျီးက အိမ်ရောက်တော့ ထဘီဝတ်ဖို့ ခြေ
တော့ ...

"ကျွန်မက ငယ်ငယ်ကတည်းက အောင်းဘီပဲဝ
တာ"တဲ့။ တကယ့်ဟာနှင့် တွေ့နေပါသည်။ လေဘေး,ဘောထ
ည်တို့နှင့်တူသော ဂါဝန်တို့ အောင်းဘီအရှည်,စကတ်တို့လည်း
သူ့မှာ အတော်ပါတာ တွေ့ရသည်။ လေးကပင် ထိုညနေမှာ
အိမ်လာတော့ ...

"ဂျီးတို့အိမ်ကဟာက ဘယ်လိုဟာလဲ"

မျက်စိထဲတွင် ဘာကအချိုးမပြေနေမှန်း မသိ
ထိုကောင်မလေးဟာ ထမင်းဟင်းတော့ ချက်တတ်သည်။ သို့သေ
ညစ်ပတ်သည်။ မျက်စိ ဂနာမငြိမ်။ စိတ်ပျက်ပျက်နှင့်ပင် မပြ
မနေ ခေါ်ထားရင်းက တစ်ပတ်တိတိကြာတဲ့အခါ အိမ်ကပျော
သွားပါသည်။ လက်ရေးတွန့်တွန့် စာလုံးပေါင်းညံ့ညံ့နှင့် စာ
တစ်စောင်လည်း ထားခဲ့သေးရဲ့။

"မမဂျီး ...

ကျွန်မ ပြန်သွားပါပြီ။ ကျွန်မကို လိုက်မရှာပါနဲ့
ကျွန်မမှာ ချစ်သူ ရှိပါတယ် ပြောရက်နဲ့ ဈေးနားက ဆိုင်





ကားဂိတ်ကလူ၊ အခွေငှားဆိုင်ကလူ၊ အအေးဆိုင်ကလူတွေ
က အတင်းချစ်ရေးဆိုကြတဲ့အတွက် ကျွန်မ စိတ်ညစ်ပြီး
ပြန်သွားရခြင်း ဖြစ်ပါသည်"

သူ့စာဖတ်ပြီး ရယ်ရမလို၊ ငိုရမလို။ တစ်ပတ်အတွင်း
မှာ တစ်ရက်က ဂျီးနှင့်၊ နောက်တစ်ရက်ခြားသုံးခါ၊ သူ့တစ်
ယောက်တည်း ဈေးကိုလွှတ်မိပါသည်။ လေးကြိမ်အတွင်း ဒီ
လောက်တောင် လူချစ်လူခင် များသွားသလား။ စိတ်ညစ်ရလောက်
အောင်ကို ဝိုင်းချစ်ကြသတဲ့လား။

လေးကတော့ စာကိုဖတ်ကာ ...

"ဂေါက်ပဲ"တဲ့။

သူ့အကြောင်းပြချက်ကလည်း မဖြစ်နိုင်။ မနေနိုင်
သည်။ မနေနိုင်ဘူးပြောရင် ပြန်လွှတ်မှာပေါ့။ ခုလိုထွက်ပြေးသွား
မျိုးက ဘာအလုပ်နည်း။ ညနေပိုင်းရောက်မှ အတွေးပေါက်ကာ
သေတ္တာ၍ ပစ္စည်းတွေ စစ်ဆေးကြည့်တော့ ဂျီးရဲ့အဝတ်အစားတွေ
အတော်များများ ပျောက်ဆုံးနေသည်။ ဒေါက်ဖိနပ်ပင် ပါသွားသေး
သည်။ ကိုကိုညီညီတို့ရဲ့ လက်နှိပ်ဂိမ်းကလေး၊ ဒက်ဒီခေါင်းလိမ်း
ဆီဘူးကအစ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျီးသည် စိတ်ပျက်လက်ပျက်နှင့် လေးနှင့် သူ့ပွဲစားဆီလိုက်တော့ ပွဲစားကလည်း သူ့ထံမလာတော့။ မှတ် တွေ ဘာတွေလဲ ရှိတာမဟုတ်။ ထောက်ခံစာနှင့် လာတာဖြစ် ဘယ်ကိုလိုက်လို့ လိုက်ရမှန်းလည်း မသိ။ ပွဲစားက သူ့ ဆန်ဆန် ပိန်မသာ လိန်မသာတစ်ယောက် အတင်းထပ်ထည် သည်မှာ သူ ပွဲခငွေ မအမ်းနိုင်၍ ဖြစ်သည်။

ပွဲခငွေလည်း ပြန်မလိုချင်။ အဲဒီတစ်ယောက် လည်း မလိုချင်တော့ပေ။

"တော်ပြီ ဒက်ဒီ၊ ဂျီး အပင်ပန်းခံနိုင်တယ်၊ အဲဒီလို ရှုပ်တော့ မခံနိုင်ဘူး၊ လကုန်ရင် အရင်ပွဲစားက လူ ပြောထားတာပဲ၊ အဲဒါပဲ စောင့်လိုက်မယ်၊ ဒီကြားထဲ အောင်နေမယ်"

ခုမှ လဆန်းဆယ်ရက်လောက် ရှိသေး၍ ဒက်ဒီ သိပ်သဘောမတူချင်သော်လည်း သူလည်း တခြားမစီစဉ်တ လေးရဲ့မေမေတို့ကလည်း သူတို့တတ်သမျှ မှတ်သမျှ လူရှိ စားပေးကြပါသည်။ သူတို့အိမ်မှာက အနှစ်နှစ်ဆယ်လော





ပြီဖြစ်၍ တစ်သက်လုံးနေမည့် မိန်းမတစ်ယောက်မျိုး ကံကောင်း ပိုင်ဆိုင်ထားရတာဖြစ်ရာ သူတို့လည်း သိပ်တော့ပွဲစားအဆက် စပ်မသိ။

ဒီလိုနှင့် ဂျီး ချာလပတ်ပြန်ယမ်းနေပြီး သုံး,လေး က်ရှိလျှင် တစ်မနက်မှာ တစ်ဖက်အိမ်က ချိုင့်ကြီးတစ်ချိုင့် ရောက်လာပါသည်။ ပေးပို့သူက ကိုဇော်ဦးဆွေ။

"ကိုဇော်ကြီး ဒါကဘာလဲ"

"ဒါ ဟင်းတွေ၊ ညည်းတို့ လူမရခင် မနက်စာ ညစာ ဟင်းချက်ပို့ပေးမယ်ဆိုပြီး မမ ပို့ခိုင်းလိုက်တာ၊ ညည်း ထမင်းပဲချက်ပြီး တခြားကိစ္စပဲ လုပ်ပေါ့ ဂျီးရဲ့"

"ဟင် ... မဟုတ်တာ၊ တစ်ရက်ကိစ္စ၊ နှစ်ရက်ကိစ္စမှမဟုတ် တာ၊ ကိုဇော်ကြီးကလည်း၊ မလုပ်နဲ့ ... မလုပ်ပါနဲ့"

"ဩော် ... အားနာပါးနာ သဘောထားမနေစမ်းပါနဲ့၊ ရော့ ... ယူ။ ဒါ တစ်ဦးဒုက္ခရောက်တုန်း မပြေလည်တုန်း နောက်တစ်ဦးက ကူညီတာ၊ မိတ်ဆွေရင်းချာ ဝတ္တရားပါ ဟာ"



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေရင်းချာတဲ့။ ဒက်ဒီကတော့ အားနာ
မဆို၊ ကျေးဇူးတင်စကားသာ ရွှန်းရွှန်းဝေဆိုသည်။ ဂျီးသည်
ဒက်ဒီ့ကိုတစ်လှည့် ကိုဖော်ကြီးကိုတစ်လှည့် ကြည့်ကာ ငိုင်
သည်။ အတိုင်အဖောက်ညီညီနှင့် ရင်းနှီးချစ်ခင်နေလိုက်ကြ
ဒက်ဒီ ကျေနပ်နှစ်သိမ့်နေတာလည်း အသိသာကြီး။

ဒက်ဒီ့စကားထဲ ပါလာသည်မှာ ဤသို့ ပို
အကြောင်း၊ ဒေါ်သန့်က ဒက်ဒီ့ဆီ ဖုန်းဆက်ပြီးပြီ။ ဒက်ဒီနှ
ဒေါ်သန့် ဒီလိုပဲ ဖုန်းပြောကြမြဲလား။ ဂျီးသည် ဒေါ်သန့်လေး
ရဲ့ အကူအညီကို လုံးဝမှ မယူချင်သမဲ့၊ ပြောရခက်လှသည်
ကိုဖော်ကြီးကလည်း သူ့အစ်ခ ဤမျှ စေတနာပိုပိုထားမှုအပေါ်
သဘောတူထပ်မှုပင်။

ကိုဖော်ကြီးကတော့ ရိုးရိုးသားသား သဘော
ကောင်းသူ ဖြစ်ပါသည်။ ဒေါ်သန့်လေးဆွေကိုတော့ သဘော
ကောင်းတာသက်သက်လို့လည်း မယုံကြည်နိုင်၊ ရိုးရိုးသားသား
လည်း ဘယ်လိုမှ မယူဆချင်ဘဲ ရှိသည်။ ဟင်းတွေက ဖွယ်ဖွယ်
ရာရာ။ လူပိုမရှိတဲ့ သူတို့အိမ်မှာ ဒေါ်သန့်လေးဆွေပဲ ချက်ပြု
သည်လို့ သိရသည်။ အန်တီချစ်က ဘေးကကူညီရုံ။





သူ့လက်ရာက ဆိုင်လက်ရာအလား ဖြစ်သည်။
လုပ်နေတဲ့ ထမင်းချိုင့်ဟာ ညနေတစ်ခေါက်စာမှာ ငါးပိရည်
ရာကလေးပင် ပါလိုက်ပါသေးသည်။

ဒက်ဒီမှာ တပြုံးပြုံးနှင့် မြိန်ယှက်နေသည်။ ကိုကို
သိမှာ ခေါင်းပင် မဖော်။ ဒေါ်ဖွားပုံရဲ့ ပေါ့ရှတ်ရှတ် ဖြူဖတ်
ဟင်းလက်ရာတွေနှင့်က တခြားစီကိုး။ ဂျီးရဲ့ အဆီအနှစ်
ဆီထဲချည်း ထည့်ကြော်ပစ်တဲ့ ငါးကြော်၊ ကြက်ကြော်၊
ကြော်၊ အမဲကြော်တွေနှင့်ကလည်း ကွာလှတာကိုး။ သူ့ဟင်း
က လုလည်းလု၊ မွှေးလည်းကြိုင်၊ ပါးစပ်ထဲ ထည့်တာနှင့်
အိမြမြ အရသာရှိလှသည်။

"ဆရာမ ချက်တာ ကောင်းတယ်၊ အဖွားပုံ ချက်တာ
မကောင်းဘူး၊ ဟို မမ ချက်တာလည်း မကောင်းဘူး"

ကိုကိုက ဆိုလျှင် ဂျီးကငေါက်ခနဲ ...

"ငါချက်တာကော"

"အဲ ... အဲ ... ဂျီး ... ဂျီးချက်တာလည်း ကောင်းတယ်"

ကြောက်ကြောက်နှင့် ဖြေမှန်းသိ၍ ဂျီးမှာ ကျိတ်ပြီး
ရပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမကို ... ဟိုလေ ... ဂျပန်ဆိုင်က ငါးကင်တဲ့
မျိုး လုပ်ပေးပါလို့ ပြောမယ်"

"ဟဲ့ ... အဲဒါ နင်တို့ဆရာမဟဲ့၊ နင်တို့စားဖို့မှူး မဟုတ်
ဘူး သိရဲ့လား၊ ကြိုက်ရာ မှာစားလို့ ရတယ်များမှတ်နေ
လား"

"ဆရာမက ကြိုက်တာပြောတဲ့ ... ကျီးရဲ့"

"သူက ပြောဆိုတိုင်း နင်တို့က ပြောရမလား"

"ဆရာမက ပြောတယ် ကျီး ... သိလား၊ ဘာပဲလိုအပ်အပ်
လုပ်ချင်တာရှိရှိ၊ ဆရာမကို ပြောနိုင်တယ်တဲ့၊ ဆရာမ
အားလုံးပြောတဲ့၊ ကိုကိုတို့ ညီညီတို့အတွက် ကောင်းတာ
မကောင်းတာ သင့်တော်တာ မတော်တာတွေ ဆရာမခွဲခြား
ပေးမယ်တဲ့"

"အခု ဟင်းချက်ပေးတာကျတော့လေ၊ ညီညီတို့ မပြော
လည်း ဆရာမက ချက်ပေးရမဲ့ အတူတူ ညီညီတို့ စားချင်
တာကို ပြောရင်၊ ချက်ပေးရကျိုး ပိုနပ်တယ်တဲ့၊ တကယ်
ပြောနိုင်းတာ ကျီးရဲ့။ အဲဒါကြောင့် ညီညီက ငါးကင်တယ်
စားချင်တယ်လို့ ပြောမှာပေါ့"





"ကိုကိုကတော့ ဝက်ပဲပြားမို့ စားမယ်၊ ဟိုးတစ်နေ့က
ဆရာမထမင်းချိုင့်ထဲက ယူစားတာ ကောင်းတယ်၊ အဲဒီနေ့
က ကျီး ထည့်ပေးတဲ့ ထမင်းဘူးထဲမှာ ငါးကြော်ကြီးက
အရိုးပါတယ်၊ ကိုကို မထွင်တတ်လို့ ဆရာမကိုပဲ ကျွေး
လိုက်တယ်"

ကျီးသည် မျက်လုံးပြူး အံ့ကြိတ်ကာ မောင်နှစ်ကောင်
ကို စိုက်ကြည့်ရင်း ဝမ်းတွေနည်းလာပါသည်။ ဒါဖြင့် ကျီးကြော်
ထားလိုက်တဲ့ ငါးကြော်ကို ဒေါ်သန့်လေးဆွဲ စားသွားတာပေါ့။
သူလိုဟင်းချက်ကောင်းတဲ့ သူကတော့ ကျီးကို ကဲ့ရဲ့တော့မှာပင်။
ဒီ ... ကဲ့ရဲ့လည်း ကျီးက ဂရုမစိုက်ပါ။ ကျီး ဂရုစိုက်တာက ဒက်ဒီ
တာ ကိုကိုညီညီရောဟာ ဒေါ်သန့်ကို အထင်ကြီး သဘောကျ
စ်သက်ကာ လိုလိုအပ်အပ် ဖြစ်နေကြပြီ ဆိုတာကိုပင်။

ကျီးလည်း ကျီးတတ်စွမ်းသမျှတော့ လုပ်ပေးတာပဲ။
ကျီးတတ်သလောက် အစွမ်းကုန်ပဲလေ။ မခိုမကပ်ခဲ့ပါဘူး။ သူတို့
အတွက် ကျီးဘဝ အစိတ်အပိုင်း အားလုံးကို ပေးထားခဲ့ပါတယ်။
ဒါတောင် မလုံလောက်ဘဲ လစ်လပ်တဲ့ ကွက်လပ်ထဲ သူတို့က
ဒေါ်သန့်ကို ဖြည့်စွက်ချင်ကြတယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ငှငှကြီး အံကြိတ်ထိုင်ကာ မျက်ရည်ပေါက်ကြီး ပေါင်ပေါ် ရင်ဘတ်ပေါ် တပေါက်ပေါက် ပြုတ်ကျလာတဲ့ ဂျီး ဒက်ဒီက သက်ပြင်းတစ်ရှိုက်နှင့်ကြည့်ကာ နေရာမှ ထလာ နောက်မှနေ၍ ပခုံးလေးကို လာဖက်ပါသည်။

"ဂျီး ... သမီး၊ ဒီလိုမဖြစ်နဲ့လေ၊ မောင်လေးတွေ ဘယ် ကောင်းမလဲ သမီးရယ်၊ သူတို့ ဘာမှားလဲ လန့်ကုန်မှာ"

ကိုကိုနှင့် ညီညီသည် ဂျီး ဘာကြောင့် ငိုလဲ မလည်ဘဲ မျက်လုံးဝိုင်းလေးတွေနှင့် ဂျီးကို တအံ့တသြ ကြည့် ကြသည်။

"မမှားပါဘူး၊ ဘယ်သူမှ မမှားဘူး၊ ဂျီးပဲ မှားတာ အားလုံးဟာ ဂျီးအမှားချည်းပဲပေါ့နော်"

"ဘယ်ဟုတ်မလဲ ဂျီးရယ်၊ ဂျီးဟာ ဘယ်တုန်းကမှ မှား ခဲ့ပါဘူး၊ ဘာအမှားမှ မရှိတဲ့ စင်းလုံးချော သမီးကော အစ်မကောင်းပါ"

"ဂျီး ... ဂျီး ... တတ်နိုင်သလောက် အားလုံးအစွမ်း လုပ်ပေးတာပဲ ဒက်ဒီ၊ သူက ဘာကြောင့် အားလုံးရဲ့နှ မှုကို ဂျီးဆီက လုယူသွားနိုင်တာလဲ"





"ဂျီးဆီက လုမယူပါဘူး ဂျီး၊ ဒက်ဒီတို့သားအဖတွေရဲ့ ပထမဆုံး အရေးအပါဆုံးလူဟာ ဂျီးပေါ့၊ သူက ဂျီးရဲ့နောက် မှာပါ၊ သူ့စေတနာ သူ့မေတ္တာအလျောက် သူက အရေး ပါလာပေမဲ့ သူက ဂျီးလို မရှိမဖြစ် မဟုတ်ပါဘူး ဂျီး ရယ်"

"ဟင့်အင်း ... ဟင့်အင်း ... ဒက်ဒီ ဂျီး စိတ်ချမ်းသာ အောင် ချော့တာပါ၊ ဂျီးချက်တဲ့ဟင်း စားရတာ ဒက်ဒီ ခံတွင်းမတွေ့ပါဘူး၊ ဂျီးသိတယ်၊ ဒါပဲရှိလို့ ဒါစားရတဲ့ သဘော၊ သူ ချက်တာကို ဒက်ဒီ စားလို့ကောင်းတာ၊ ခံတွင်းကိုတွေ့တာ၊ ကြိုက်ကိုကြိုက်နေတာ"

"ဒါတော့ သမီးရယ်၊ ဒက်ဒီ မလိမ်ပါဘူး၊ စားလို့ကောင်း တဲ့ဟာကိုတော့ ခံတွင်းတွေ့မိတာပေါ့ ဂျီးရယ်"

"အဲဒါကို ဂျီး ဝမ်းနည်းတာပေါ့၊ ဒက်ဒီ သူ့ကိုလည်း ချစ် နေပြီမဟုတ်လား၊ ဂျီးက အဖျက်သမားပေါ့နော်"

ဂျီးသည် ဝမ်းနည်းပြီးရင်း ဝမ်းနည်းကာ ရှိုက်ကြီး တငင် ငိုနေမိပါသည်။

"သန့်လေးဆွေဟာ ဒက်ဒီတို့ဘဝထဲမှာ အခုမှပေါ်လာတဲ့ သူပါ ဂျီး၊ သူ့မရှိဘဲ ဒက်ဒီတို့ ပျော်ပျော်ရွှင်ရွှင် နေလာ



www.burmeseclassic.com

www.burmeseclassic.com



ကြတာ တစ်သက်လုံးပဲ၊ ဒက်ဒီ မညာပါဘူးကွယ်၊ အမှန်ကို ပြောရရင် ဂျီး ပြောတာ မှန်တယ်၊ သူ့ကို ဒက်ဒီ မေတ္တာသက်ဝင်တယ်၊ ဒါပေမဲ့ ဒက်ဒီ့အပြုအမူကြောင့် ဂျီး အကြီးအကျယ် စိတ်ဆင်းရဲနေမယ်ဆိုရင် ဒါကို ဒက်ဒီ လုပ်ပါ့မလား"

ဂျီးသည် ပိုလို့တောင် ဝမ်းနည်းလာသည်။

"ဒက်ဒီ သူ့ကို ဖွင့်ပြောပြီးပြီလား"

"ဒက်ဒီ ဖွင့်ပြောထားတယ်၊ ဒါပေမဲ့ ..."

ဂျီးသည် ဒက်ဒီ့ကို တအားပိတ်ပိတ်ထု၍ ငိုကာ ရှိုက်ကာ ...

"ဒက်ဒီ မကောင်းဘူး၊ ဒက်ဒီ မကောင်းဘူး"

"နားထောင်ဦး ဂျီး၊ ဒက်ဒီ သူ့ကို ပြောကတည်းက ရင်ထဲက မေတ္တာနဲ့ သံယောဇဉ်ကို မထိန်းချုပ်နိုင်လို့ ဖွင့်ပြောဖြစ်တယ်ဆိုတာ ပြောတယ်၊ ဂျီးဟာ ဒီမိသားစုအပေါ် သံယောဇဉ်ကြီးလွန်းလို့ ခွဲသွားဖို့ နောက်ဆံတင်းလွန်းလို့ ကိုလေးကိုတောင် လက်မထပ်ဘဲ ထားတာကိုလည်း ပြောပြတယ်၊ သမီးဖြစ်သူက မိသားစုကို ဒီလောက်တန်ဖိုးထားနေချိန်မှာ၊ မက်မောနေချိန်မှာ၊ ဒက်ဒီက အပြစ်ရှိသလို





ဖြစ်မဲ့ အခြေအနေမျိုးလည်း ဂျီးအတွက် မဖန်တီးရက်တာကိုပါ ပွင့်ပွင့်လင်းလင်း ပြောပြပါတယ်"

"သူက ဘာတဲ့လဲ"

"သူက ဂျီးကို သူနားလည်ပါတယ်တဲ့၊ ဂျီး စိတ်ထိခိုက်မှာမျိုး မလုပ်ပါနဲ့လို့ ဒက်ဒီ့ကို တားပါတယ်"

"ဒက်ဒီကိုကော သူက ချစ်တယ်တဲ့လား"

"ဒက်ဒီ့စကားမှာကိုက ရှေ့တိုးဖို့ ပြင်ထားတဲ့ ခြေလှမ်းတွေ သူ မတွေ့ရဘဲနဲ့၊ သူ ဘယ်လိုလုပ်ပြီး အဖြေပေးထွက်မလဲ ဂျီး၊ ဒါပေမဲ့ ချစ်တယ် ဆိုတာမျိုးသာ ခေါင်းမညိတ်ပေမဲ့ သူ ပြောပါတယ်၊ သူ့ဘဝတစ်လျှောက် တစ်ခါမှ မမျှော်လင့်တဲ့ ထင်မထားတဲ့ ခံစားချက်မျိုး သူ ခံစားရတာပါတဲ့၊ သူ့ဟာနဲ့သူ အခိုင်အမာ အဆင်ပြေ သာယာနေတဲ့ မိသားစုတစ်ခုအပေါ် သူ ဒီလောက် သံယောဇဉ်နက်ရှိုင်းသွားလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူးတဲ့၊ အကြောင်းပြချက် တစ်စုံတစ်ရာ မရှိဘဲနဲ့ ဒီမိသားစုအပေါ် သူ သံယောဇဉ် တွယ်မိတာပါလို့ ပြောပါတယ် ...

အခြေအနေက ဒါပါပဲ၊ အဲဒီနောက်မှာ သူလည်း သူ့စေတနာ သူ့မေတ္တာအလျှောက် သူ တတ်နိုင်တာလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ကူညီပံ့ပိုးစောင့်ရှောက်တယ်၊ ဒက်ဒီတို့အဖို့
အဆင်ပြေတယ်၊ ဒါဟာ ဘာများ ဆိုးဝါးနေတဲ့
မျိုးမို့လဲ ဂျိုး၊ သူ့အပေါ် နှစ်လိုမှု ချစ်ခင်မှုတွေဟာ
တို့ ကိုကိုညီညီတို့က ဂျိုးဆီက နုတ်ယူပြီး သူ့ကို
မဟုတ်ဘူး၊ သီးသန့်စီပါ"

"ဂျိုးက ဒက်ဒီတို့ချစ်ခြင်းကိုခွဲမဲ့ စိတ်ပုပ်မကြီး၊ လူ
မာမကြီး ဖြစ်နေတာပေါ့"

"ဪ-... ဂျိုးရယ်၊ ပြောရခက်လိုက်တာကွယ်၊
ရော သန့်ရောဟာ ဂျိုးကို နားလည်တယ်၊ ကရုဏာသ
တယ်၊ ဂျိုးကို အပြစ်မြင်တဲ့သူ လောကမှာ ဘယ်သူမှ
ဘူး ဂျိုး၊ ဒါကို သဘောပေါက်ပါ"

ဂျိုးသည် ဝမ်းလည်းနည်း၊ ငိုလည်းငို။ ကိုယ့်ကို
ကိုယ် မှားသလားလည်း တွေးမိ။ မမှားဘူးလည်း ဖွတ်ထင်
ကိုယ်ဟာ တစ်ကိုယ်ကောင်းစိတ်တွေ အတ္တစိတ်တွေနဲ့ ပူလော
နေသလား စဉ်းစား။ ဒက်ဒီတို့နှင့် ပတ်သက်ပြီး အတ္တကြီး
ချစ်မိရင်တောင် ဂျိုးဟာ တစ်ကိုယ်ကောင်းဆန်တဲ့သူတော့ မဟု
ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ထင်မိပြန်။ ဂျိုး တစ်ကိုယ်ကောင်းမ
လို့သာ လေးကို ခုထိ လက်မထပ်တာပေါ့။





ဒက်ဒီက ရှေ့မဆက် ရှေ့မတိုးပါဘူးဆိုမှ ခက်သည်။ ဒက်ဒီက သူ့သဘောနဲ့သူပဲဆိုပြီး ဖွတ်ရှေ့တိုးရင်မှ ဂျိုးက ဒက်ဒီ့ကို တားမြစ်လို့၊ ပိတ်ပင်လို့၊ စကားနာထိုးလို့ ရဦးမည်။ ခုတော့ ဘာလုပ်ရမှန်းကို မသိ။ သူတို့ရဲ့ရင်ထဲမှာက အချစ်တွေ၊ မေတ္တာတွေ၊ သံယောဇဉ်တွေ၊ မြတ်နိုးမှုတွေ၊ လိုအပ်မှုတွေနှင့်။ ဒါတွေကို ရင်ဝယ်ပိုက်ပြီး ရပ်တန်းက ရပ်နေကြတဲ့ သူတို့ကို ဂျိုးက ဘာများပြောနိုင်ပါမည်တည်း။

ဂျိုး ရင်ထဲ ဝမ်းနည်းနေတာပဲ ရှိသည်။ ဒက်ဒီ့ကိုလည်း သနားသည်။ ဒါပေမဲ့ ဒက်ဒီရယ်၊ ဒီလောက် နှစ်ပေါင်းများစွာ ကိုကိုညီညီတို့ တစ်သက် ဒက်ဒီ အေးအေးဆေးဆေးလေးပဲ နေခဲ့နိုင်ပါရက်နဲ့ ခုမှ ဘယ်လိုဖြစ်သွားတာလဲ။ ဒေါ်သန့်ကပဲ အစွမ်းထက်လို့လား။ ဒါကိုပဲ မှုးစာတို့ ဘာတို့လို့ ခေါ်တာလား။

"ဂျိုး ဘယ်တော့မှ ဒီအတွက် စိတ်မဆင်းရဲနဲ့၊ ဒက်ဒီ... ကိုကို ညီညီတို့မှာ မရှိမဖြစ်တာက ဂျိုးပါ၊ ဂျိုးကိုပဲ ချစ်ခင်အားကိုးနေကြတာပါ"

ဂျိုးရင်ထဲ ဝမ်းနည်းစိတ်သာ ဆို့နင့်နေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ဒေါ်သန့်လေးဆွေ နေ့စဉ် ဟင်းချိုင့်ပို့ပေးနေတာ ဆယ့်နှစ်ရက်ရှိသောနေ့တွင် ဂျီးတို့ အလုပ်သမား ရပါသည်။ ဂျီး စိတ်တွင် ပေါ့သွားကာ ပွဲစားဖုန်းဆက်သည်နှင့် ချက်ချင်းပဲ ကိုယ်တိုင်ကားမောင်းသွားကာ ခေါ်ခဲ့သည်။ သုံးယောက်ထဲက ရွေးရ၍ အသက်သုံးဆယ်ကျော် ရုပ်ကြမ်းကြမ်း၊ ခပ်ရိုးရိုးလုပ် တတ်ကိုင်တတ်ရှိတဲ့ မခိုင် ဆိုတဲ့ အမျိုးသမီးကို ခေါ်လာပါသည်။

ကိုကို ညီညီတို့ ပြန်ရောက်ကာ ရေမိုးချိုး ခဏနားပြီး ဟိုဘက်အိမ် စာသင်ဖို့ ကူးမည်အလုပ်တွင် ...

"ကိုကိုနဲ့ညီညီ ... ဆရာမကို ပြောပြ၊ လူရပြီလို့။ ညနေကစပြီး ထမင်းချိုင့် ပို့မပေးနဲ့တော့လို့ နော်"



"ဟုတ်ကဲ့"

ဂျီး ကိုယ်တိုင်ကိုယ်ကျလည်း ကျေးဇူးတင်စကားနှင့် အတူသွားရပါဦးမည်။ ဒီတိုင်း မသွားချင်။ သူ့အတွက် လက်ဆောင်ပစ္စည်း တစ်ခုခု ပေးချင်သေးသည်၊ ကိုကိုတို့ ကျောင်းအပ်တုန်းက စားကြီးပါတိတ်ပေးမရတဲ့ ဒေါ်သန့်လေးဆွေက အခုကော ယူပါ့မလား။ ဂျီးကတော့ မခိုင်ကိုခေါ်ကာ ဈေးမဝယ်ရတာကြာကြာကို အတိုးချပြီး တစ်ပတ်စာလောက် အားပါးတရဝယ်လာခဲ့သည်။

ဒက်ဒီ ရုံးကပြန်လာမှ မခိုင်ကို တွေ့လျှင် အံ့အားသင့်နေပါသည်။

"ဒီညနေတော့ မခိုင် လက်ရာ ဒက်ဒီ"

"ဒေါ်သန့်လေးဆွေကိုကော ပြောပြီးပြီလား"

"ကိုကို ညီညီနဲ့တော့ အရင်မှာလိုက်တယ် ဒက်ဒီ၊ ဂျီး ကျေးဇူးတင်စကားလည်း သွားပြောဦးမှာပါ၊ အဲဒါအပြင် ဂျီး သူ့ကို လက်ဆောင်တစ်ခုခုလည်း ပေးချင်တယ်၊ လူလေးယောက်စာ မနက်စာ ညစာ ဆယ့်နှစ်ရက်တွေးတာ

www.burmeseclassic.com



နည်းတဲ့ကုန်ကျစရိတ် မဟုတ်ဘူး၊ အဲဒါ သူက အရင်တန်း လိုပဲ မယူဘူး လုပ်နေဦးမှာလား မသိဘူး”

“ဂျီး နားလည်အောင် ပြောကြည့်ပေါ့”

ဂျီးက နှုတ်ခမ်းလေး ထော်ရှုရင်း ...

“ဒက်ဒီ ပေးရင်တော့ ယူမှာထင်တယ်၊ ဒါပေမဲ့ ဒက်ဒီ မပေးပါနဲ့၊ ဒက်ဒီက သူ့ကို လက်ဆောင်ပေးတော့ တစ် မျိုးကြီးပဲ၊ ဂျီးဘာသာပဲ ပေးမယ်”

“ဂျီး သဘောဗျာ”

ကိုကိုနှင့် ညီညီ ပြန်မလာခင် ဂျီးက ဟိုဘက်အိမ် ကို ကူးသွားလိုက်ပါသည်။ စာသင်တဲ့ သီးသန့်အခန်းထဲမှာ စားပွဲလေးထောင့်ပုံအပု ခပ်ကြီးကြီးကိုချကာ စာသင်နေတာဖြစ် သည်။ အန့်တီချစ်ကို နှုတ်ဆက်ပြီး ဂျီးက စာသင်ခန်းထဲ ဝင် လာပါသည်။

ဒေါ်သန့်လေးဆွေက ညီညို့စာအုပ်ကို စစ်ဆေးအမှတ် ခြစ်နေရာမှ တစ်ချက်မော့ကြည့်ရင်း ...

“လူရှုပ်ပြီဆို ဂျီး”





“ဟုတ်ကဲ့ အန်တီ၊ အန်တီ ချက်ပြုတ်နေတာ မအုပ်မိမှာ စိုးလို့ ကိုကိုတို့နဲ့ အရင်ပြောလိုက်တာပါ”

“မအုပ်မိဘူး ဂျီးရဲ့၊ ဟင်း ဟင်း ... တို့က အိမ်ပေါ်ရောက်၊ ဆွဲခြင်းချပြီးတာနဲ့ မီးဖိုထဲ အရင်တန်းဝင်လိုက်တာ၊ အိုးတွေ တင်ထားလိုက်ပြီးမှ ကိုကိုတို့ ရောက်လာတော့ တွက်ဖို့ ပုစ္ဆာပေးထားပြီး ရေဝင်ချိုးတာလေ ...

ကိုကို ညီညီက ရောက်ရောက်ချင်း ပြောကြပါတယ်၊ ဒါပေမဲ့ တို့က ချက်ပြီးပြီ ဖြစ်နေတယ်၊ ကိစ္စမရှိပါဘူး၊ လူသစ်ကရော ချက်ပြီးပြီလား”

“ဟုတ်ကဲ့ ... သူ့ကို ခေါ်လာပြီးတာနဲ့ ဈေးသွားပြီး တန်း ချက်ခိုင်းလိုက်တယ်”

“ချက်တတ်လား”

“မဆိုးပါဘူး အန့်တီသန့်”

“ဒေါ်ဖွားပုံထက် သာမယ်ထင်တယ် ... အဟင်း”

“ဒေါ်ဖွားပုံထက်ကော၊ ဂျီးထက်ကော သာပါတယ်၊ အန့်တီ ကိုတော့ မီမယ်မထင်ပါဘူး အန့်တီ၊ အန့်တီကတော့ အရသာရော အမြင်ရော အစပ်အဟပ်ပါ စီစဉ်တတ်တယ်ပါ”



www.burmeseclassic.com

www.burmeseclassic.com



"မြှောက်များနေတာလား ဂျီးရယ်"

"မမြှောက်ပါဘူး အန်တီ၊ ကိုကိုနဲ့ ညီညီဆို ဆယ့်နှစ်ရာ
အတွင်း နှစ်ပေါင်စီ တက်လာတယ်၊ ဒက်ဒီ့ကိုသာ ချိန်
မကြည့်မိလို့ ဘယ်နှပေါင်လောက်တက်လည်း မသိဘူး
အန်တီ"

သန့်လေးဆွေသည် သဘောတကျ ဟက်ဟက်ပက်
ပက်နှင့် ဟန်ဆောင်ခြင်းကင်းစွာပင် ရယ်ချလိုက်ပါသည်။ ရယ်
ရင်းလည်း ကိုကိုနှင့် ညီညီ့ ခေါင်းလေးတွေကို ပုတ်လိုက် ပွတ်
သပ်လိုက်ပါသေးသည်။

"ဟုတ်လား၊ မင်းတို့ကလည်း နှစ်ပေါင်တောင်တက်ရ
သလား၊ ဒီလောက်တောင်ပဲလားကွယ် ... ဟင်းဟင်းဟင်း"

ကိုကိုကော ညီညီပါ သွားကျိုးပေါ်အောင် တဟားဟား
တဟားဟား လိုက်ရယ်ကြပါသည်။ သူတို့သုံးယောက်ကို ဂျီးက
ငေးစိုက်ကြည့်နေမိသည်။ ကိုကိုနှင့် ညီညီဟာ သူတို့ဆရာမကို
အင်မတန် ရင်းနှီးချစ်ခင်ကြတဲ့ပုံ ရပါသည်။ စာသင်ရင်း "ဆရာမ
ဟိုနေ့က အုန်းထန်းလျက်ကျန်သေးလား"၊ "ဆရာမ မကျည်းဖျော်
ရည် သောက်မယ်" ဆိုတာတွေကို ထောက်၍ သူတို့ဆရာမဟာ
သူတို့ကို ဘယ်လောက်အလိုလိုက် ခွင့်လွှတ်သလဲ သိသာသည်။





သို့သော် ... ကိုကိုနှင့် ညီညီသည် အကြောက်စောာ
သွားပေ။ "ဆရာမ ဆူလိမ့်မယ်"၊ "ဆရာမ မကြိုက်ဘူးကွ"
ဆိုတဲ့ စကားမျိုးတွေလည်း သူတို့ထံမှ လှိုင်လှိုင်ကြားရမြဲပင်။

"အန်တီ့ကို သိပ်ကျေးဇူးတင်ပါတယ်"

သန့်က အရယ်ရှိန် တဖြည်းဖြည်း ရပ်သွားရင်း ...

"ရပါတယ် ဂျီးရယ်၊ ခင်ရာဆွေမျိုးပေါ့၊ အမိက ဒီကလေး
နှစ်ယောက် သံယောဇဉ်ပဲကွယ်၊ လိုအပ်တုန်း ကူညီဝိုင်း
ဝန်းရတာပါ"

ဟုတ်ရဲ့လား ဆရာမရယ်။ ဒီကလေးနှစ်ယောက်
သံယောဇဉ်ဆိုတာလေ။ ကလေးအဖေ သံယောဇဉ်ကော မပါတော့
ဘူးလား။

"အန်တီ"

"ဟင်"

"ဒီတစ်ခါတော့ ဂျီး လက်ဆောင်ပေးချင်တာကို လက်ခံ
ပါနော်"

သန့်က ဂျီးကို ပြုံးကြည့်နေပါသည်။

"အန်တီက ဟိုးတစ်ခါ ပါတိတ်ဝယ်ပေးတုန်းက ငြင်းထား
လို့၊ အခု သေချာအောင် အရင်ပြောရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဂျီးရဲ့ အကြောင်းပြချက် တစ်ခုခုကြောင့် မဟုတ်ဘ
လက်ဆောင်ကမှ လက်ခံဖို့ စိတ်သန့်စရာ ဖြစ်ပါတယ်ဗျ
ဒါကြောင့် ပေးတယ်၊ ဟိုဟာကြောင့် ပေးတယ်ဆိုတာ
အတုံ့အလှည့် ဆန်ပါတယ်"

"အတုံ့အလှည့် ဆိုတာကလည်း ရှိထိုက်ပါတယ် အန်
မရှိသင့်တဲ့ အရာမှ မဟုတ်တာ"

"ဒါပေမဲ့ ဂျီးတို့ကို ဟင်းချိုင့်ပို့ပေးလို့ ပြန်ပေးတဲ့လက်ဆော
လို့ သိနေပြီး လက်ခံရမှာ စိတ်ထဲ မသိုးမသန့် ရှိလှပါတ
ဂျီးရယ်၊ အန်တီ သက်သက် စေတနာနဲ့ ကူညီတာ
ကလေးနှစ်ယောက် ဝေယျာဝစ္စတာဝန်နဲ့ ဂျီး ချာလပတ်ယ
နေတာ သိနေမြင်နေမှတော့ မဆီမဆိုင် ကြည့်မနေရက်
ဘူး"

"အဲဒီ စေတနာကိုလည်း တန်ဖိုးမဖြတ်ပါဘူး အန်
ဒါပေမဲ့ အန်တီ ဒီလောက် ဖွယ်ဖွယ်ရာရာ အမျိုးစုံ ဆ
နှစ်ရက်တိတိ ချက်ပို့တဲ့ ငွေကြေးတန်ဖိုးကတော့ မနည်
မနော ကုန်ကျမှာပါ၊ ဂျီးက ကျေးဇူးတင်လို့ လက်ဆော
လေးအနေနဲ့ ဝယ်ပေးချင်တာပါ၊ အန်တီတို့ကို တခြ





တစ်နည်းနည်းနဲ့ ဂျီးတို့က ပြန်ကူညီပေးလို့ရတာ မရှိဘူး
မဟုတ်လား"

သန့်လေးဆွေက ခဏ တိတ်ဆိတ်ကာ စဉ်းစားနေပြီး

...

"လက်ဆောင်ပေးမယ် ဆိုရင်လည်း အန်တီလိုချင်တဲ့
လက်ဆောင်မျိုးလေးရမှ၊ အန်တီ့အတွက် ကျေးဇူးဆပ်ခံရာ
ရောက်မှာ"

ဂျီးသည် ရင်ထဲပူသလိုလိုဖြစ်ကာ အာခေါင်တွေ
ဆောင် ရုတ်တရက်ခြောက်လာပြီး ဒေါ်သန့်လေးဆွေကို မရဲတရဲ
အကဲခတ် စိုက်ကြည့်နေမိသည်။ သူကတော့ ဟန်မပျက် ပြုံးလို့
ပင် ရှိနေသည်။ သူလိုချင်တာက ဘာတဲ့လဲ။ ဒက်ဒီလား။ ဟင့်
အင်း ... ဒါတော့ ..."

ဂျီးက စိတ်ကိုတင်းပြီး အရေးမကြီးဟန်ဖြင့် ...

"အန်တီ လိုချင်တာက ဘာများဖြစ်မလဲဟင်"

ဒေါ်သန့်လေးဆွေက ဂျီးကို ပြုံးကာကြည့်လိုက်ပါ
သည်။ ဂျီးရဲ့ အနည်းငယ် မှုပျက်ယွင်းသော သွင်ပြင်ကို ရယ်
သွမ်းသွေးချင်တာလားပင် ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ဘာလိုချင်တယ်ဆိုတာကို စဉ်းစားလိုက်ဦး မယ် ဂျီးရယ်၊ အန်တီ စဉ်းစားလို့ရတဲ့ အခါကျတော့ ဂျီးကို ပြောမယ်၊ အဲဒီကျမှ ဂျီးပေးပေါ့"

ဂျီးက သက်ပြင်းတစ်ချက်ကို ချလိုက်မိပါသည်။ ရင်ထဲ နည်းနည်းပေါ့ပါးသွားသယောင် ဖြစ်ရကာ အပြောကောင်းတဲ့ ဒေါ်သန့်ကို နှုတ်ခမ်းလေးစုပြီး ပြုံးပြလိုက်မိသည်။ သူ့ကိုခင်မင်တဲ့စိတ်နှင့် ပခုံးချင်း တွန်းတိုက်လိုက်ချင်စိတ်ကို တိတ်တိတ်လေး ချိုးနှိမ်ဖျက်ဆီးလိုက်ပါသည်။

❋ ❋ ❋

ဒက်ဒီ ဗိုက်အောင့်နေတာ နှစ်ရက် သုံးရက်ရှိပြီမို့ ဒီနေ့တော့ ဆေးခန်းသွားဖို့၊ လေးက တိုကင်ယူပေးထားပါသည်။ ပြသရမည့် ဓမ်းဗိုက်ပိုင်းသမားတော်ကြီးဟာ လေးရဲ့ဦးလေးအရင်းပင်။ ဒါကြောင့် လေးပဲ ဆက်သွယ်တိုကင်ယူထားသည်။

ညနေ ဆေးခန်းချိန်ကျတော့လည်း လေးပဲလာခေါ်ပေးပါသည်။





"ဂျီး လိုက်မနေနဲ့တော့၊ အိမ်မှာလည်း ကလေးတွေနဲ့ဟာ၊ ကိုယ်လည်း ပါတာပဲ၊ ကိုယ် အခန်းထဲထိ လိုက်ဝင်ပြမယ်၊ စိတ်ချ"

"အင်းပါ … စိတ်ချပါတယ်၊ ဒက်ဒီ … ဂျီး မလိုက်လို့ ရရဲ့လား"

"ဘာလို့ မရရမှာလဲ သမီးရဲ့၊ နေခဲ့၊ ကိုလေး တစ်ယောက်လုံး ပါနေတာပဲဟာ၊ လူတွေအများကြီးလည်း ရှုပ်တယ်၊ သမီးပါ လိုက်ရင်လည်း ကိုလေးကိုတော့ အခန်းထဲ ခေါ်ကိုခေါ်သွင်းရဦးမှာ၊ ဒါမှ မိတ်ဆက်လို့ ကောင်းမှာပေါ့၊ နေခဲ့တာပဲ ကောင်းတယ်"

ဒက်ဒီနှင့် လေး နှစ်ယောက်ပဲ ဆေးခန်းသွားကြပါသည်။ လူနာများတဲ့ သမားတော်ကြီး ဖြစ်၍ အချိန်အတော်ကြာသည်။ မိုးချုပ်မှပဲ လေးနှင့် ဒက်ဒီတို့ ပြန်ရောက်လာပါသည်။

"ဘာတဲ့လဲ ဒက်ဒီ၊ ဘာတဲ့လဲ လေး"

"အသည်းရောင်နေတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဒါဆို ဒက်ဒီ စားတာသောက်တာတွေ အ
ကြီး ဆင်ခြင်ရမှာပေါ့၊ ဒက်ဒီက ဗိုက်အောင့်ကြီးနဲ့
ထမင်းဟင်းတွေပဲ စားနေတာ၊ ဒါကြောင့် ပိုများရောင်
ပြီလား မသိဘူး၊ ဒက်ဒီ ခွင့်လည်းယူတော့နော်၊ ဒါ"

"ခွင့်ယူဖို့ကတော့ ကြည့်ရပါဦးမယ် ဂျီးရယ်"

"တခြား ဘာပြောသေးလဲ လေး"

"သွေး၊ ဆီး၊ အိတ်စ်ရေး၊ အာလ်ထရာဆောင်းဒ် အ
ရိုက်လိုက်စစ်လိုက်တယ်၊ အာလ်ထရာဆောင်းကတော့
ချင်း ရီဇာ့လ်ထ် ရတာပေါ့၊ အိတ်စ်ရေးပါ စောင့်ယူ
တယ်၊ အဲဒီနှစ်ခုတော့ ဦးလေးကို ပြန်ပြခဲ့တယ်၊ ကျန်
တွေကတော့ အဖြေတွေ နက်ဖြန်မှ ရွေးလို့ရမယ်၊ ဒါ
ရွေးမနေနဲ့တော့တဲ့။ သုံးရက်နေရင် ပြန်ချိန်းထား
အဲဒီနေ့ကျမှ အဖြေတွေလည်းရွေး၊ တစ်ခါတည်း ပြ
လိုက်တာပေါ့"

"အာလ်ထရာဆောင်းဒ်နဲ့ အိတ်စ်ရေးက ဘာတဲ့လဲ"

"ခုနပြောသလိုပဲလေ၊ အသည်းရောင်နေတယ်ပေါ့"

"မနားခိုင်းဘူးလား လေး"





"နားခိုင်းတယ်"

"တွေ့လား ဒက်ဒီ၊ ဒက်ဒီက ရုံးအလုပ်ကို သိပ်နောက်ဆံ
တင်းမနေပါနဲ့၊ ကိုယ်နေကောင်းမှ အလုပ်လည်းကောင်း
ကောင်း လုပ်နိုင်တာ၊ နေကောင်းအောင် အရင်လုပ်ပေါ့"

"ဟုတ်ပါတယ် အန်ကယ်ရဲ့၊ ဦးလေးကလည်း ဆေးစာ
ရေးပေးနိုင်ပါတယ်၊ အသည်းရောင်တာက ဘာပဲဖြစ်ဖြစ်
ငြိမ်ငြိမ်လေးနေရင် မြန်မြန်သက်သာတာပေါ့"

"နက်ဖြန်မှာကို အစည်းအဝေး ရှိသေးတယ်ကွ၊ ဒီတစ်ပတ်
ပြီးရင်တော့ ရှေ့အပတ်ထဲ နည်းနည်းနားတာပေါ့၊ ရုံးတက်
ရက်ကလည်း နက်ဖြန် သန်ဘက်ခါ နှစ်ရက်ပဲ ကျန်တာပါ၊
ပြီးရင် စနေ တနင်္ဂနွေပဲဟာ"

"မပေါ့ပါနဲ့ ဒက်ဒီရယ်၊ ဒက်ဒီ့ကို ကျန်းမာရေး ထိခိုက်မခံ
နိုင်ပါဘူး၊ ဂျီးတို့မှာ ဒက်ဒီတစ်ယောက်တည်း ရှိတာ"

ဂျီးရဲ့ ငိုမဲ့မဲ့ မျက်နှာလေးကို လေးက ကြည့်ရင်း ...

"ဟုတ်ပါတယ် အန်ကယ်ရယ်၊ အရှင်းကောင်းတဲ့အထိ
အနားယူပါ၊ အန်ကယ် ပြောဖူးတယ်လေ၊ ဟိုးငယ်ငယ်က
လည်း နှစ်ခါ သုံးခါ အသည်းရောင်ဖူးတယ်ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



မကြာမကြာ အသည်းရောင်နေရင်လည်း မကောင်းဘူး။ အသည်းမှာ ဒဏ်ဖြစ်တယ်တဲ့”

တစ်ရက် နှစ်ရက် ရုံးကခွင့်ယူလို့ မရသေးဘူးဆိုသော ဒက်ဒီ့အတွက် ဂျီးက မြူစွမ်နှင့် စွတ်ပြုတ်ပျော့ပျော့လေး ထည့်ပေးကာ အသီးအနှံ လတ်လတ်ဆတ်ဆတ်ကိုလည်း ရုံးခြင်းထဲ ထည့်ပေးလိုက်ပါသည်။ ဒက်ဒီ့ရုံးအကူ ကောင်လေးကို နေ့လယ်ကျ ဒက်ဒီ့ကို အစာကျွေးလျှင် စွပ်ပြုတ်မြူစွမ်ကို ပြန်နွှေး၍ အသီးကို လတ်လတ်ဆတ်ဆတ် သန့်သန့်ကလေး ဖျော်ပြီးတိုက်ဖို့ ဖုန်းဆက်မှာရသည်။

ဆေးတိုက်ဖို့လည်းပဲ ထိုကောင်လေးကို သေချာလှမ်း၍ ဖုန်းနှင့် ရှင်းပြပြီး အချိန်ကိုလည်း လှမ်းသတိပေးရသည်။ ဒက်ဒီ့ထံ လေးရဲ့မိဘတွေကလည်း သတင်းမေး လာကြပါသည်။ လေးအမေက ဒူးခေါင်းတွင် အရွတ်ပေါက်ပြီသော ဝေဒနာနှင့် ဒူးနာနေကာ တော်ရုံတန်ရုံ အပြင်မထွက်တာမို့ ဂျီးက ပြန်အားနာရသည်။

“အန်တီရယ်၊ သတင်းမေးလာနေရသေးတယ်၊ ကိုယ်လည်း ကောင်းကောင်းသွားနိုင်တာ မဟုတ်ဘဲနဲ့”





“ဘယ်ဟုတ်မလဲ၊ တစ်ယောက်နဲ့ တစ်ယောက် ဒီလိုပဲ သတင်းမေးရ၊ အားပေးဖေးမရမှာပေါ့၊ ကိုယ့်လူရင်းတွေ ဒါပဲရှိတာ၊ အသက်တွေက ကြီးလာပြီ မဟုတ်လား၊ တစ်ယောက်ကိုတစ်ယောက် ဒီလိုပဲ ကြည့်ရှုရစိုက်ရမယ်”

“အစ်မကြီး ဒူးနာတာ ဂျီး ပြောလို့ သိပေမဲ့၊ ကျွန်တော်ကတော့ ပျက်ကွက်တယ်ဗျာ၊ သတင်းမေး မရောက်နိုင်ဘူး”

“ဩော် ... ဒါတော့ ဝန်ထမ်းကိုး ဦးရန်ရှင်းရယ်၊ အလုပ်တာဝန်က ရှိတာကိုး၊ အလုပ်ကပြန်လည်း နားနားနေနေလေး မိသားစုနဲ့ နေရဦးမှာပေါ့၊ အစ်မတို့ကတော့ ကိုယ့်အိမ်ကိုယ်နေပြီး အားလပ်နေတဲ့သူပါ ...

ဒါတောင် မနေ့ကတည်းက ကိုလေးအဖေက သွားရအောင်ဟော့၊ သွားရအောင်ဟော့ လုပ်နေတာ၊ မနေ့ညနေက မိုးရွာတော့ မိုးကအေးတော့ ဒူး ပိုနာပြန်ရော၊ အဲဒါနဲ့ ဒီနေ့မှ ရောက်တယ်၊ တစ်နေကုန် သတိနဲ့နေတာ၊ ဒူးနာမလာအောင်လို့၊ လာချင်လို့လေ”

“အခုလျှောက်တော့ နာလား အစ်မကြီး”



www.burmeseclassic.com

www.burmeseclassic.com



"အမြဲနာတာပဲ ဦးရန်ရှင်းရဲ့၊ လေကားတွေ ဘာတွေ တက်ရင် ဒူးကို ပိုအားပြုရတယ် မဟုတ်လား၊ ပိုနာတယ် ဒါကြောင့် အိမ်မှာ အပေါ်ထပ်ခန်းကနေ၊ အောက်ထပ်ကို ပြောင်းနေရတယ်၊ လုံးဝမလှုပ်မရှား မသွားမလာလို့လည်း မကောင်းဘူးရှင့်၊ ဆေးလူး ဆေးသောက်ပေါ့ ဦးရန်ရှင်းရယ်"

"ကျွန်တော့်ရုံးက မိတ်ဆွေတစ်ယောက်တော့ လေ့ကျင့်ခန်းလေးလုပ်ရင်း လုပ်ရင်း ပြန်သက်သာသွားတယ် အစ်မကြီးရဲ့"

"လုပ်တယ် ... လုပ်တယ်၊ ဆရာဝန်ပြောထားတဲ့ လေ့ကျင့်ခန်း လုပ်ပါတယ်၊ တစ်ခါတလေလည်း နည်းနည်းသက်သာနေတယ်၊ တစ်ခါတလေလည်း ဆိုးတယ်ပေါ့၊ အသက်တွေကလည်း ကြီးပြီလေ၊ ခဏနေရင် ခြောက်ဆယ်ပြည့်လာတော့မယ်၊ ဦးရန်ရှင်းကတော့ ငယ်ပါသေးတယ်"

လေးရဲ့ ဖေဖေကပါ ဝင်၍ ...

"ကျွန်တော်တို့ကတော့ ကြီးပြီဗျို့၊ မိန်းမနဲ့ ကျွန်တော်က အသက်တူတူပဲဗျ၊ တစ်နှစ်တည်းဖွားပဲ၊ ကျွန်တော်က





တစ်လပဲ ကြီးတယ်။ ကျွန်တော်လည်း ဒီတစ်ခေါက် ပြန်ထွက်ပြီးရင် သုံးနှစ်လောက်တော့ နေလိုက်မယ်လို့၊ ပြီးရင်နားတော့မယ်"

"အစ်ကိုကြီးက ကျန်းမာရေးတော့ ကောင်းတယ်မဟုတ်လား"

"ကျွန်တော်က သွေးတိုး၊ ကိုယ့်ကိုယ်ကိုယ် အစားအသောက်ဆင်ခြင်ထားတာဗျ၊ ကျန်တာတော့ ဘာမှမရှိသေးပါဘူး၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သွေးတိုးသမားဆိုတာ သတိနဲ့တော့ နေရထိုင်ရတယ်၊ အဲဒါကြောင့် အိမ်မှာ မိန်းမနဲ့တောင် ပြောနေဖြစ်တယ်၊ ကိုလေးတို့ မင်္ဂလာကိစ္စလေးများ စီစဉ်ဖို့ အစီအစဉ် မရှိကြသေးဘူးလားလို့လေ ... ဟား ဟား ဟား"

ဂျိုးက လေးကို မျက်လုံးဝင့်ကာ ကြည့်လိုက်ပါသည်။ လေးက သူ မတိုက်တွန်းထားရပါဘူးဆိုတဲ့ဟန် မျက်လုံးပြူးပြ၍ ဂျိုးက မျက်စောင်းထိုးလိုက်ပါသည်။

ဦးရန်ရှင်းမှာ မမျှော်လင့်ဘဲ ထိုစကားကြားလိုက်ရ၍ အမ်းတမ်းတမ်း ဖြစ်သွားပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့၊ ကလေးတွေကို မိဘတွေနှစ်ဖက်လုံးက လည်း ကျေကျေနပ်နပ် ရှိပြီးသားပဲလေ၊ ကျွန်တော်ကတော့ ကိုးရဲ့မိခင်လည်း မရှိတော့ ဘာမှ သိပ်မပြောတတ်ပါဘူး၊ ကိုးတို့ လေးတို့ အစ်မကြီးတို့သာ တိုင်ပင်ကြပါ"

"ဘာပဲဖြစ်ဖြစ် ငယ်သေးတာပဲ ပြောရင်လည်း ရသေးတဲ့ အရွယ်တွေပေါ့လေ၊ ကျွန်တော်တို့ကတော့ လောတာလည်း မဟုတ်ပါဘူး၊ ကိုလေး အစ်မတွေကလည်း အပျိုကြီးဇာ တာတွေဗျ ... ဟား ဟား၊ သမီးသုံးယောက်ရှိတာ ဘယ် သူမှ အိမ်ထောင်ရေး စိတ်မဝင်စားဘူး၊ သူတို့ဟာသူတို့ မရှာဖွေတော့ အမေလုပ်တဲ့သူကတော့ ဟိုဒီကဒီက စပ်ကြ ဟပ်ကြတာလေး နားချပါသေးတယ် ...

မစွံပါဘူးဗျာ၊ အိမ်ထောင်ရေးကိုကို စိတ်မဝင်စား တာတဲ့၊ ဒါနဲ့ ဒီသားတစ်ယောက်ပဲ ပစ်မှတ်ရှိနေဘော့ သူ့အမေကတော့ ကလေးတွေလည်း မေတ္တာရှိကြတာ ကြာပြီဖြစ်တဲ့တူတူ၊ မြန်မြန်လေး ထိမ်းမြားပေးချင်တဲ့ ဆန္ဒပေါ့"





"ခုခေတ်က ဖြစ်တာရှော ပျက်တာရှော သိပ်မြန် သိပ်လွယ် တာ ဦးရန်ရှင်းရဲ့၊ ကျွန်မက တခြားမိန်းကလေးတွေလည်း ကြည့်မရပါဘူး၊ ကိုးတစ်ယောက်ကိုပဲ သမီးလေးလို ချစ် နိုင်တာ၊ တွဲလာတာကြာပြီး မတော်တဆ လွဲသွားမှာမျိုး လည်း သိပ်နမြောတာပဲ"

"မေမေကလည်း ဘာလွဲစရာရှိလဲ"

"ဟဲ့ ... လေးရဲ့၊ မေမေက သဘောပြောပြတာပါ၊ မင်း တို့လည်း လက်ထပ်ကြမှာပဲဟာ၊ ခုအချိန်က သင့်ပါတယ်၊ ကျွန်မက ဦးရန်ရှင်းရယ်၊ နောက်နှစ်ဆန်း သူ့အဖေ ပြန် ထွက်မသွားခင်ကို ဖြစ်စေချင်တာ၊ နို့မို့ရင် သူ့အဖေသွား တာနဲ့ နောက်သုံးနှစ်ကျော်က ကြာသွားဦးမှာ"

"ဟုတ်ပါတယ်၊ ဒါပေါ့ဗျာ၊ အခုချိန်က အစ်ကိုကြီးလည်း ရှိနေတုန်းကိုး၊ အဆင်ပြေပါတယ်"

"ကိုးကလည်း အဖေနဲ့ မောင်တွေကို သိပ်သံယောဇဉ်ကြီး၊ နောက်ဆံတင်းတာ ကျွန်မတို့ သိပါတယ်၊ အဲဒါကြောင့် လက်ထပ်ပြီးလည်း ကိုးက အိမ်ကမခွာချင်ရင် ဒီမှာပဲနေပါ လို့၊ ကျွန်မတို့ သဘောတူ ခွင့်ပြုပါတယ်၊ ဟိုနေနေ ဒီနေနေ သီးသန့်နေနေ ဒါကဘာမှအကြောင်းမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးရန်ရှင်းသည်လည်း ဒီကိစ္စဟာ ဂျီးခေါင်းခါထား
သေးလို့ ဆိုင်းငံ့နေတာသာ ဖြစ်မှန်း သိနေတဲ့သူပီပီ ...

"ဟုတ်သားပဲ ဂျီး၊ ပြီးရင် ... ဒက်ဒီတို့နဲ့ပဲ တူတူနေ
ပေါ့"

ဂျီးက မှုန်မှုန်လေး ခေါင်းငုံ့ထားပါသည်။

"ဂျီးခများ ကျွန်တော်တို့ သားအဖတွေကို အတော်စိတ်ခ
တာ အစ်မကြီးရဲ့၊ ဒါပေမဲ့ ကျွန်တော်လည်း ရှင်းပြဖူးပါ
တယ်၊ ဒီအကြောင်းပြချက်က နောင်ကို တော်တော်နဲ့လည်း
ပြီးသွားမဲ့ကိစ္စမျိုးမှ မဟုတ်ဘဲလို့၊ ကျွန်တော်တို့တွေကို
မခွဲခွာချင်လို့ အိမ်ထောင်မပြုသေးဘူးဆိုရင် သဘော
ကျွန်တော့်တစ်သက်လုံးလို ဖြစ်မနေပေဘူးလား"

"ဒါပေါ့ ဦးရန်ရှင်းရယ်"

"သမီးကညာ အခါမလင့်စေနဲ့ ဆိုတာလည်း ရှိပါတယ်
ကိုလေးကိုဆိုလည်း သူတို့ သူငယ်ချင်းဘဝကတည်းက
မျက်စိအောက်မှာတင် လူကောင်းသူကောင်းလေးအဖြစ်
ကြီးပြင်းလာတာ တောက်လျှောက် မြင်လာရတာပါ
ကိုလေးကိုလည်း သဘောကျပြီးသားပါ၊ အစ်မကြီးတို့က
ဂျီးနဲ့ပဲ သဘောတူတယ် ဆိုသလိုပဲ၊ ကျွန်တော်ကလည်း





ကိုလေးနဲ့ပဲ သဘောတူပါတယ်၊ အချိန်တွေဆွဲပြီး ခုန
အစ်မကြီး ပြောသလို လွဲသွားတာမျိုး ဖြစ်ရင်လည်း မိန်း
ကလေးဘက်က ပိုနစ်နာတာပါ၊ လက်ထပ်ကြမဲ့ ချစ်သူ
တွေမှန်း တချို့တလေ သိထားကြပြီးမှ လွဲသွားရင် ကိုယ်
ပဲ ရည်းစားပျက် ဖြစ်ပါတယ် ...

ကျွန်တော့်အဖို့ကတော့ အစ်မကြီးတို့ စီစဉ်ချင်တာ
ကို သဘောတူပါတယ်၊ ကန့်ကွက်ဖို့ မရှိပါဘူး၊ သမီးဂျီး
ကလည်း မရေရာတဲ့ မခိုင်လုံတဲ့ ကိစ္စတွေနဲ့တော့ အချိန်
ဆွဲမနေပါနဲ့"

တစ်ယောက်တစ်မျိုးနှင့် လူကြီးသုံးယောက် ပြော
ဆိုနေကြတဲ့အခိုက် ဂျီးက မဆီမဆိုင် လေးကိုပဲ မျက်စောင်း
တထိုးထိုး လုပ်နေပါသည်။ အတော်ကြီးကြာ ပြောဆိုကြပြီးတဲ့
အခါမှာတော့ ဂျီးက ကိစ္စပြတ်အောင် ...

"ဟုတ်ကဲ့ ... ဂျီး သေချာစဉ်းစားလိုက်ပါဦးမယ်"

လူကြီးတွေကိုတော့ ရိုရိုသေသေပြောပြီး သူတို့ပြန်
ကြတဲ့အခါ တံခါးဝလိုက်ပို့ရင်း နောက်ဆုံးက လေးကိုကပ်၍ ...

"ရှင် မှတ်ထားနော် လေး၊ ဂျီး မကြိုက်တာကို လူကြီး
အားကိုးနဲ့ ဒက်ဒီဆီအထိ လာပြောတယ်၊ ဒက်ဒီ နေမ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေတာတောင် မထောက်၊ သတင်းမေးသလိုလိုနဲ့ ညှပ်ပူးညှပ်ပိတ် ညှပ်ပြောကြတာ၊ ရှင်နဲ့ လုံးဝမခေါ်ဘူး"

"ဒီလိုပြောမယ်လို့ ကိုယ် ကြိုမသိပါဘူး ဂျီးရာ၊ ကိုယ်ခေါ်ခိုင်းတာလည်း မဟုတ်ရပါဘူး၊ သူတို့ဟာသူတို့"

"အို ... ဂျီးတို့အိမ်ကျ အဲဒီစကားမျိုး လုံးဝမပြောပါနဲ့လို့ ကြိုပိတ်မထားတာကိုက လေး အပြစ်"

"ဟောဗျာ"

"သွား ... သွား၊ ပြန်"

ဂျီးက အတင်းတွန်းလွှတ်ကာ ယောက်္ခမလောင်းကြီးနှစ်ယောက်ကိုပဲ လက်ပြ၍ လေးကို မကြည့်တော့ပေ။ လေးတို့မိသားစု ပြန်သည်နှင့် အန်တီချစ်နှင့် ဒေါ်သန့် ရောက်လာပြန်ပါသည်။ အစ်ကိုဇော်ကြီးကတော့ ဆေးခန်းသွားပြသည့် ညဘက်ကတည်းက လာမေးပြီးသား။

"ဟိုဘက်က ကြည့်နေတာ၊ ညှော်သည်ကားပြန်မှ လာကြတာ၊ ဦးရန်ရှင်းတော့ ပင်ပန်းနေမလား မသိဘူး၊ ပင်ပန်းရင် ဝင်နား၊ အားမနာနဲ့နော်၊ အသည်းရောင်တယ်ဆိုတော့ သတင်းလေးတော့ မေးချင်သေးတာနဲ့"





အန်တီချစ်က ရွှန်းရွှန်းဝေ ဆိုပါသည်။ ဒေါ်သန့်လေးကတော့ တိတ်တိတ်ဆိတ်ဆိတ်ပင် ထိုင်ကာ ဦးရန်ရှင်းကို နာအဆာရှာတဲ့အလား စေ့စေ့စပ်စပ် ကြည့်နေပါသည်။

"ကျွန်တော် ဘာမှမဖြစ်ပါဘူး အစ်မကြီးရဲ့၊ လူကောင်းလိုပါပဲ၊ သတင်းမေးတဲ့သူနဲ့ ဘာနဲ့၊ ဟဲ ဟဲ ... စည်ကားနေလိုက်တာ၊ အသည်းရောင်တယ် ဆိုတာလေးကလွဲရင် ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ မိုက်ထဲက နာတာတာအောင့်တောင့်တောင့် ရှိတာလေးကလည်း နည်းနည်းပါ"

"သွေးတွေ ဘာတွေလည်း စစ်မှာပေါ့နော်"

"ဟုတ်ကဲ့ သန့်၊ စစ်ထားပါတယ်၊ နက်ဖြန် Result ရွေးရင်း ပြန်ပြရမယ်"

"လုပ်တယ်ဆို တစ်လက်စတည်း အစုံစစ်ထားလိုက်တာကောင်းပါတယ် ဦးရန်ရှင်း၊ ဘာမှမရှိရင် စိတ်ရှင်းရတာပေါ့"

"ဟုတ်ကဲ့ ... Scan ရိုက်တာ တစ်ခုကလွဲရင် စုံစုံလေးပဲ စစ်ဆေးထားပါတယ် သန့်"

တသန့်သန့်နှင့်။ ဒက်ဒီတစ်ယောက်လည်း ဘယ်တုန်းက "ဆရာမ"မှ "သန့်"သို့ အခေါ်ပြောင်းသွားသလဲ ဂျီးပင် မသိလိုက်။



www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန်ကျမှ ကိုလေးပဲ ဆေးခန်းထပ်လိုက်ပြပေးမယ်"

"ခုနပြန်သွားကြတာ ကိုလေးတို့ မဟုတ်လား ကျီး"

ဂျီးကို ဦးတည်မေး၍ ဂျီးက ခေါင်းညိတ်ပြလိုက်ပါသည်။

"ကိုလေးက ဂျီးတို့အပေါ် တာဝန်ကျေ၊ သိတတ်ပြီး စေတနာလည်း ထားတယ်နော်"

"ဟင့်အင်း … ဂျီး သူ့ကို စိတ်တိုနေတာ၊ ဖြတ်ပစ်လိုက်ချင်တာ"

ဟိုဘက်မှာ ဒက်ဒီနှင့် အန်တီချစ် စကားပြောနေ၍ ဂျီးက ဒေါ်သန့်ကို တိုးတိုးရှု့မဲ့ ပြောပြတာ ဖြစ်သည်။ သန့်က ဂြိုးရယ်ရင်း …

"ဘာဖြစ်လို့လဲ ဂျီးရယ်"

"လူကို လက်ထပ်ဖို့ ပူဆာလွန်းလို့လေ၊ အခုကြည့် — သူ့အဖေကပါ ဂျီးအဖေကို ပြောသွားတယ်၊ လက်မထပ်ပါဘူး ဆိုနေမှ၊ ဂျီး လက်ထပ်သွားရင် ဒက်ဒီက လစ်လည်သွားတဲ့ ကွက်ယပ်တစ်ခုမှာ တစ်ခုခု ဖြည့်လိုက်ရင် ဘယ်လိုလုပ်မလဲ"

သန့် နှုတ်ဆိတ်သွား၍ ဂျီးက ရှေ့တိုးကာ —





"ဂျီးက ဒက်ဒီ့ကို မိန်းမထပ်ယူမှာ သိပ်ကြောက်တာ၊ ဂျီးလည်း ချစ်သူနဲ့ မယူရရင် နေပါစေ"

"အင်း … ကိုလေး ခမျာတော့ သူချစ်တဲ့သူကို လက်ထပ်ချင်မှာပေါ့ ဂျီးရယ်၊ ဂျီး ဒက်ဒီကလည်း ဂျီးမကြိုက်တာကို လုပ်မှာမဟုတ်ပါဘူး၊ ဂျီးဒက်ဒီက ဖခင်ကောင်းလည်း ဖြစ်တယ်လေ၊ ဆင်ခြင်တုံတရားနဲ့ ပြည့်စုံတဲ့ ဖခင်ကောင်းတစ်ယောက်ဟာ သူ့နှလုံးသားရေးကို ဦးစားပေးမှာ မဟုတ်ပါဘူး"

ဂျီးနှင့် သန့်လေးဆွေ တစ်ယောက်ကို တစ်ယောက် မျက်လုံးချင်းဆိုင်၍ ကြည့်နေကြပါသည်။ ဂျီး မျက်ဝန်းတွေကတော့ ဒေါ်သန့်လောက် အေးချမ်းတောက်ပမယ် မထင်ဘူး။

"ဂျီးဒက်ဒီက နှလုံးသားကို ဦးစားပေးပါစေဦး၊ တစ်ဖက်က မိန်းမကကော၊ ကလေးသုံးယောက် တစ်ယောက်တစ်ပေါက်နဲ့ လူမျိုးကို ယူဦးမှ"

ဒေါ်သန့် နှက်လိုက်တာကို သိသိနှင့် ဂျီး ခံလိုက်ရပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"ဦးလေးက အန်ကယ့်ကို ဆေးရုံတက်ပြီး နားချင်နားပါ[illegible] လို့ ပြောတယ်၊ အန်ကယ်ကတော့ တခြား Treatmen[illegible] တွေယူဖို့ မလိုဘူး၊ ဆေးသောက်ရုံပဲဆိုရင် အိမ်မှာပဲ နား[illegible] ချင်တယ်လို့ ပြောတယ်၊ နားရင်လည်း ဘာဆို ဘာအလုပ်[illegible] မလုပ်ဘဲ ဘာ Stress မှ မရှိအောင် အပြည့်အဝ နား[illegible] မယ်၊ ဆရာဝန်လည်း ဆက်ပြစရာရှိတယ်"

ဂျီးက လေးကို မခေါ်ဘူး လုပ်ထားတာမို့ လေးပြော[illegible] တာကို နားတော့ထောင်သည်။ ခပ်တင်းတင်းနှင့် ဘာမှပြန်မပြော[illegible] လေးသည် ဂျီးရဲ့ဟန်ပန်မှုရာကို အမြတ်ကတတ်သော်လည်း ကိုယ်က[illegible]





[illegible]ူ့လို နှုတ်ပိတ်နေပြီး ဘာမှမပြောဘဲ ပြန်သွားလို့မရတဲ့သူမို့ [illegible]ပြောနေရပါသည်။

ကိုယ်ကလည်း ဆေးခန်းလိုက်ပြပေးရသေး၊ ဂျီးက [illegible]ပ်တင်းတင်း လုပ်နေ၍ အောင့်သက်သက် ဖြစ်နေရသည်။ သူ့ [illegible]ကို အပြစ်ယူသည့် အကြောင်းရင်းကလည်း ကြည့်ဦး။ ချစ်သူကို [illegible]က်ထပ်ချင်မိ၍။

တောက်လျှောက် ဒီကိစ္စအတွက် အလျှော့ပေး [illegible]ာတဲ့ လေးသည် ဒီတစ်ကြိမ်တော့ ဂျီးကို နားရင်းအုပ်အုပ်ပစ် [illegible]ျင်လာအောင် အမြင်ကတတ်နေမိပါသည်။ ကိုယ်က ချစ်လွန်းအား [illegible]ကြီး အလျှော့ပေးလွန်းအားကြီး၍ ဂျီးဟာ သူ့ကို သိပ်ဗိုလ်ကျ [illegible]နိုင်ယူတာပါပဲ။

"ဒက်ဒီ့ကို ဆရာဝန်ကြီးက ဘာပြောသေးလဲ"

"ဒက်ဒီ့ကိုတော့ ဘာမှသေချာမပြောပါဘူး၊ နားရမယ်ဆို တာလောက်ပဲ၊ ကိုလေးနဲ့သာ တူဝရီးစကားတွေပြောဆို နေကြတာပဲ၊ ကိုလေး ပိုသိတယ် ဂျီးရဲ့၊ အပြင်ထွက်လာ ကြပြီးမှ ဆေးဝယ်နေတုန်း ကိုလေးကို တစ်ခေါက်ပြန် ခေါ်ပြီး ပြောသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဂျီးက ထိုစကားကြောင့် စိတ်ထဲ မတင်မကျဖြစ်သည်။ ဘာတွေ ခေါ်ပြောပါလိမ့်။ ဒက်ဒီဟာ အပျော့နှင့် အချိုသောက် လေးရက်လောက် နေလိုက်ဟာ မျက်နှာတောင် ချောင်ကျသွားခဲ့သည်။ လောလောဆယ် ခပ်ပျက်ပျက်နှင့် နွမ်းနေသော ဒက်ဒီ့မျက်နှာကို ကြည့်ကာ …

"ဒက်ဒီ … ခုလည်း သိပ်နာနေတာပဲလားဟင်"

"အင်း … အပြင်သွားနေရလို့ ပြန်အောင့်နေတာ နေဦး ဒက်ဒီ လှဲနေလိုက်ဦးမယ်"

ဒက်ဒီ့ကိုတွဲ၍ ဒက်ဒီ့ အိပ်ခန်းထဲ ခုတင်ပေါ်အသာ တင်ပေးခဲ့ပြီးလျှင် ဂျီးက အောက်ထပ်ပြန်ဆင်းလာသည်။ ခုနက ခပ်တင်းတင်း လုပ်ထားတဲ့ လေးကို သိချင်တာရှိတော့ မျက်နှာ ကြော လျှော့ရလျက် …

"ဆရာဝန်က ဘာပြောသေးလဲ လေး"

"ခုနက ပြောပြီးပြီလေ"

"လေး မပြောမိဘဲ ကျန်တာရှိမလားလို့ပေါ့၊ လေးကို လေးဦးလေးက နောက်တစ်ခေါက် သတ်သတ်ထပ်ခေါ်ပြီး ပြောသေးတယ်ဆို၊ အဲဒါ ဘာပြောတာလဲ"





"ဘာမှ မဟုတ်ပါဘူး"

"လေးနော်"

လေးက နှုတ်ဆိတ်၍ ငြိမ်သက်နေသည်။

"လေးကို ကြည့်ရတာ ပြောစရာ ရှိနေသလိုပဲ၊ ဂျီးကိုပြောနော် လေး"

လေးက ဂျီးကို တစ်ချက်လှည့်ကြည့်လိုက်ရင်း …

"ဘာဖြစ်လို့ အဲဒီလို ထင်နေတာလဲ"

"မသိဘူး၊ ဂျီး ဒက်ဒီ့ကို စိတ်ပူနေပြီ၊ စိတ်ထဲမှာ တစ်မျိုးတစ်မည်ကို ထင်နေတယ်၊ ဒက်ဒီက ဆေးတွေသောက်နေတာပဲ လေးငါးရက်ရှိပြီ၊ သက်လည်းမသက်သာဘူး၊ ဒီနေ့ဆို ပိုတောင်နာနေသလိုပဲ၊ အဲဒါ ရှေ့ရက်တွေက ဒက်ဒီက မနားဘူး မနားဘူးနဲ့ လုပ်နေတာကိုး၊ အခုကော လေးဦးလေးက ခွင့်ဘယ်လောက် ရေးပေးမှာလဲ"

"အန်ကယ် နားချင်သလောက် ရေးပေးမှာပဲ"

"ဘယ်လောက် နားသင့်တယ်ဆိုတာ ဆရာဝန်က ပိုသိမှာပေါ့လေးရဲ့"

"ကြာကြာနားလေ ကောင်းလေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … လေးပြောတာ ဘာအဓိပ္ပာယ်လဲ၊ ဘယ်လို
လဲ"

ဂျီးသည် ကတုန်ကယင် အလန့်တကြားပင် ဖြ
သွားကာ လေးရဲ့ပေါင်ကိုပင် စိတ်လိုက်မာန်ပါ နှစ်ချက်လော
ထုပစ်လိုက်မိသည်။

"ဂျီး … မင်း အဲသလို စိတ်ကြမ်း ကိုယ်ကြမ်း လုပ်နေ
မင်းကို ကိုယ် ဘာမှ မပြောပြတော့ဘူး၊ တစ်ခုခုဆို
လည်း ဂျီးက ဟန်ဆောင်ပန်ဆောင်လေး ဘာမှမထိန်း
အဲဒါကြောင့် မင်းကို ဘာမှ မပြောချင်တာ၊ မင်းဖြ
မင်းလုပ်ပုံကြည့်ပြီး အန်ကယ်ပါ စိတ်ဓာတ်ကျမှာတော
စိုးရတယ်"

ဂျီးသည် လက်ဖျားတွေ အေးစက်ကာ မျက်လုံးဝိုင်း
ကြီးနှင့် လေးကို စိုက်ကြည့်နေမိလျက် နှလုံးသားကတော
ဗောက်ဗက် ဗောက်ဗက်နှင့် မြည်မတတ် ခုန်လှုပ်နေသည်။ မျ
ရည်တွေ လည်လာကာ တုန်ယင်သော အသံလေးနှင့် …

"လေး … လေး … ဂျီး အေးအေးဆေးဆေး နေပါမယ်
ဂျီးကို ဒက်ဒီအကြောင်း ပြောပြပါ၊ လေးက ဒက်ဒီကို





မပြောရဘူးဆိုရင် ဂျီး မသိအောင် ထားပါ့မယ်၊ ဒက်ဒီ
စိုးရိမ်ရတယ်ပေါ့နော်၊ အသည်းကင်ဆာလားဟင် လေး"

လေးသည် ဒီလိုဆိုတော့လည်း ဂျီးကို သနားသွားမိ
ပါသည်။ အမြင်ကတ်ချင်ပေမဲ့ သူ့ရဲ့ ဒီတစ်ယောက်တည်းသော
အဖေ တစ်ခုခုဖြစ်မှာ အစိုးရိမ်ပိုလွန်း၊ ပူပန်လွန်းတဲ့ ဂျီးရဲ့အမူ
အရာက လေး စိတ်ကို ပျော့ညွတ်ကရုဏာသက်စေသည်။

"တကယ့် အဆိုးမှ စ,ထင်တော့တာပဲ၊ အသည်းကင်ဆာ
တော့ မဟုတ်သေးပါဘူး ဂျီးရယ်"

"ဒါဖြင့် ဘာလဲ"

"အန်ကယ့် အသည်းမှာ Scar (အနာရွတ်)လေးတွေလည်း
ရှိနေတယ်၊ အဲဒါကတော့ ဟိုးအရင်က ဝမ်းကိုက်ပိုးတွေ
ဘာတွေ အသည်းကို ရောက်ထားဖူးရင် ရှိတတ်တယ်၊
ဒီဟာလေးတွေက ကြီးလာရင် အဖုအကြိတ်လည်း ဖြစ်သွား
နိုင်တယ်၊ ဖြစ်သွားရင်လည်း ကင်ဆာဖြစ်ပြီလို့တော့ တစ်
ထစ်ချ မပြောနိုင်ပါဘူး၊ ပြီးတော့ အန်ကယ်က အသည်း
ခြောက်ချင်သလို အနေအထားလည်း ကြုံတွေ့နေရတယ်၊
နေဦး … နားထောင်၊ အသည်းဆရာဝန်ကြီးနဲ့ပြပြီး အမြ



www.burmeseclassic.com

www.burmeseclassic.com



တမ်း စမ်းသပ်စစ်ဆေး၊ အသည်းနဲ့ပတ်သက်တဲ့ဆေးတွေ သောက်သွားဖို့ရှိတယ်"

"ဒက်ဒီ ... ဒက်ဒီက အရက်လည်း မသောက်ဘဲနဲ့"

"အရက်သောက်မှ အသည်းခြောက်တာ မဟုတ်ဘူး၊ တခြား အသည်းကို ခြောက်စေတဲ့အရာတွေ အများကြီး၊ ဥပမာ ငရုတ်သီးမှာပါတဲ့ မှို၊ အန်ကယ်က ငရုတ်သီးအစပ်တော့ သိပ်စားတယ်လေ၊ အဲဒီ ငရုတ်သီးခြောက်တွေမှာ မှိုတစ်မျိုး ပါနေတတ်တယ်၊ အခန့်မသင့်ရင် အဲဒီမှိုကြောင့်လည်း အသည်းမှာ ရောဂါရတတ်တယ်"

"ဟုတ်တယ် ... ဒက်ဒီက ဟင်းချက်ရင် အတောင့်ပွထောင်းပြီး ငရုတ်ရောင်ဆီပြန်မှ ကြိုက်တာ၊ မဖြစ်ဘူး၊ မခိုင် ... မခိုင်ရေ"

"ရှင်"

မခိုင် အနားရောက်လာလျှင် ...

"မခိုင် ... နက်ဖြန်ကစပြီး ငရုတ်သီးအတောင့်ပွတွေ ဟင်းထဲထောင်းထည့်ပြီး မချက်နဲ့တော့၊ ဟင်းကို အဖြူထည့် အချိုပဲချက်မယ်၊ သဘောပေါက်လား"





"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

လေးက ဂျီးကို သက်ပြင်းတစ်ချက်နှင့် ကြည့်ရင်း ...

"ဘာမှလဲ ရေရေရာရာ ဟုတ်သေးတာ မဟုတ်ဘဲနဲ့ အန်ကယ် အလန့်တကြားဖြစ်ပြီး၊ ငါပဲ ကင်ဆာလောက် အထိ ဖြစ်နေပြီလားဆိုတာမျိုး စိတ်ဖွဲ စိတ်ဓာတ်ကျမသွားစေနဲ့ ဂျီး၊ ဂျီးကို ပြောကိုမပြောချင်ဘူး၊ ဒါပေမဲ့ ဂျီးကလွဲရင်လည်း ဒီမိသားစုထဲမှာ ပြောစရာလူက မရှိ၊ ဂျီးသိရင် ပျာယာခတ်တတ်လွန်းလို့"

"လေး ... လေး ... ဂျီးကို ထိန်ချန်ထားတာ ရှိသေးလား"

"ကဲ ... ကြည့်၊ စိတ်ကို အေးအေးငြိမ်ငြိမ် ထားစမ်းပါ ဂျီးရဲ့၊ ဂျီး ပူပန်ပြာနှမ်းနေရင် အန်ကယ် စိတ်ဆင်းရဲမယ်၊ တစ်မျိုးထင်မယ်"

"ပူစရာပဲလေ လေးရဲ့၊ ပူစရာပဲဟာ၊ ဒက်ဒီ့အဖေ ဂျီးတို့ အဘိုးက အသည်းကင်ဆာနဲ့သေတာ၊ အဲဒီအသည်းကင်ဆာဟာ မျိုးရိုးလိုက်တယ်လို့ ကြားဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မျိုးရိုးလိုက်တယ်တော့ မဟုတ်ပါဘူး ဂျီးရယ်၊ ဦးလေး ပြောပြလိုက်ပါတယ်၊ မျိုးရိုးထဲ ဥပမာ မိဘမှာ ဒီလိုဖြစ် ထားရင် သားသမီးမှာ ဖြစ်ဖို့ Chance ပိုရှိတယ်၊ ဖြစ်ကို ဖြစ်လာမယ် မဟုတ်ပါဘူး"

"ဒါပေမဲ့ အခု မသင်္ကာစရာ ဖြစ်လာပြီလေ၊ လေး ... ဂျီး စိတ်ပူလိုက်တာလေးရယ်၊ ဖေဖေ့ အထက်လူကြီးလည်း အသည်းခြောက်တာ သုံးနှစ်ကျော်လား ခံတယ် သေရော ဂျီး စိုးရိမ်လိုက်တာ၊ ဂျီး ကြောက်လိုက်တာလေးရဲ့"

"ဒါက ဟိုလူက အသည်းခြောက်နေပြီး ဘယ်လိုနေထိုင် စားသောက်သွားတယ်ဆိုတဲ့ Life Style က ရှိသေးတယ် လေ"

ဂျီးသည် မျက်ရည်တွေ ကျလာကာ ...

"လေး ...၊ လေး အဖေနဲ့ အမေ့ကို ပြောပြဦးနော်၊ ဒက်ဒီ ကို လာဂရုစိုက်ပါဦးလို့၊ ဖေးမပါဦးလို့၊ တခြားလည်း ဂျီးမှာ အားကိုးစရာလည်း မရှိဘူး လေးရယ်"

ပြောပုံလေးမှာ ကြင်နာသနားစရာမို့ လေး အသည်း နှလုံးတွေ ပျော့ညွတ်သွားရပါသည်။





"ဂျီး လုပ်ပုံနဲ့တော့ တစ်ယောက်တစ်ပေါက်နဲ့ အားလုံး လျှောက်သိပြီး အန်ကယ်ပါသိပြီး စိုးရိမ်တကြီး ဖြစ်တော့ မှာပဲကွာ"

"ဘာမှ မဖြစ်နိုင်ရင် ဒက်ဒီ့ကို လေးက မသိစေချင်တာမျိုး ဘယ်ဖြစ်မလဲ၊ တစ်ခုခုမို့သာ မသိစေချင်တာ"

"ခက်ပါလား ဂျီးရယ်၊ ဂျီးလည်း ဟိုလူပြော၊ ဒီလူ့ရင်ဖွင့် လုပ်မနေနဲ့၊ လူတွေက တကယ့်အရှိထက် ပိုထင်ပြီး တော်ကြာ ဟုတ်လည်း မဟုတ်သေးဘဲနဲ့ အန်ကယ့်နား ထဲ ကင်ဆာဖြစ်သလောက်ကြီး သတင်းပြန်ပေါက်သွားဦး မယ်၊ မလိုလားအပ်တာတွေ ဖြစ်လာမယ်၊ ဖေဖေတို့ကို တောင် ဒီကပြန်မှ ပြောရမှာ၊ ပြီးတော့ ဂျီးက အလကား ငိုယိုမျက်ရည်ကျမနေနဲ့လေ၊ အဲဒါကြောင့် ပြန်လာကတည်း က လမ်းမှာ စဉ်းစားလာတာ၊ ဘာမှလဲ သေချာမဟုတ်သေး ဘဲနဲ့ သတိပေးလိုက်တာ ရှင်းပြလိုက်တာလောက်ကို ဂျီး ကို ပြန်မပြောသေးဘဲထားရင် ကောင်းမလားလို့၊ တော် ကြာ ငါ့အပြစ် ဖြစ်နေပါဦးမယ်ဆိုပြီး မပြောမဖြစ်လို့ ပြောရတာ၊ ဆရာဝန်ညွှန်ကြားတာတွေ၊ ဘယ်လိုနေထိုင်



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ရမှာ ဆေးသောက်ရမှာတွေ သေချာရေးပေး နိုင်းခဲ့လို့ ဦးလေး ရေးပေးထားတယ်၊ ဒီဆေးစာအုပ်ထဲမှာ အသည်းအထူးကုပါရဂူနဲ့လည်း ရက်ချိန်းယူထားတယ် ဆက်ပြမယ်”

“လေး … ဂျီးကို မပြောဘဲ ချန်ထားတာ ရှိသေးလား ဟင်”

လေးက ဂျီးကိုကြည့်ကာ သက်ပြင်းတစ်ချက်ကြီး ဟင်းခနဲ ဆွဲချလိုက်မိပါသည်။ ဂျီးသည် တခဏငြိမ်သက်ကာ မျက်ရည်လေး လည်တည်တည် ဝဲတဲတဲ ဖြစ်နေပြီး …

“တကယ်တမ်းကျ ဂျီးတို့မှာ ဆွေမျိုးရင်းထဲက အားကိုးစရာ တိုင်ပင်စရာလည်း ဟန်ဟန်ပန်ပန်မရှိဘူး၊ ဒက်ဒီ့ ဝမ်းကွဲထဲက အစ်ကိုအစ်မတွေကလည်း ဒက်ဒီ့လောက်တောင် ပညာဗဟုသုတ ပြည့်ဝတာ မပါဘူး၊ ဆေးပညာဗဟုသုတလည်း သိပ်ရှိကြတာ မဟုတ်ဘူး၊ တကယ်ကို အားကိုးအားထား တိုင်ပင်ရင်ဖွင့်လို့ မရတာ၊ ဂျီး အခု စဉ်းစားလိုက်တော့လေ၊ ဂျီး ခေါင်းထဲဝင်လာတာ ဘယ်သူလဲ သိလား”

လေးက ဂျီးကို ငြိမ်ပြီးတော့ပဲ ကြည့်နေသည်။





“ဂျီးလေ … ဒေါ်သန့်လေးဆွေကိုပဲ မြင်ယောင်လာတယ်၊ ပညာဗဟုသုတရှိမယ်၊ စေတနာမေတ္တာလည်း ရှိမယ်၊ အားကိုးမယ်ဆိုရင် အားကိုးလို့ရတဲ့ တော်တဲ့ အမျိုးသမီး တစ်ယောက်လည်း ဖြစ်တယ်”

❋ ❋ ❋

ဂျီးသည် အိမ်ဘေးဝရံတာငယ်လေးမှာ ထွက်ပြီး ဆားမီးတိုင်နှင့် စာအုပ်တစ်အုပ် ထိုင်ဖတ်နေတဲ့ ဒေါ်သန့်လေးဆွေကို တိတ်တဆိတ် ကြည့်နေမိပါသည်။ မိုးဖွဲဖွဲထဲ လာရ၍ ထီးတစ်ချောင်းနှင့်။ ဇီဇဝါပန်းခြံနံဘေး မှောင်ရိပ်ထဲ ခြေလှမ်းရပ်ပြီး သူ့ကို ခဏစိုက်ကြည့်နေမိ၏။

တိုက်ဘေးဝရံတာငယ်လေးဟာ အတွင်းဘက်ကို ဟိုက်၍ ခပ်ကျယ်ကျယ်။ ညှော်ခန်းနံဘေးက ထွက်လျှင်ရောက်သည်။ မိုးမပက်လှပေမဲ့ လေတိုက်ရင်တော့ မိုးမှုန်မိုးမွှားလေးတွေပါတဲ့ လေက စွတ်စိုစေနိုင်မည်။ ဒေါ်သန့်လေးဆွေကတော့ စာအုပ်ကိုသာ တစိုက်မတ်မတ် စိတ်ဝင်တစားနဲ့ ငုံ့ဖတ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်သေးသေးလေး မေးတင်ထားတဲ့ နှာတံရှိုးဟာ သွယ်သွယ်ကလေး ဆင်းလာပြီး ထိပ်ဖျား၌ လုံးဝန်းဝန်းလေး အနည်းငယ်ကော့နေသည်။ လေးက ဒေါ်သန့်လေးဆွေရဲ့ နှာခေါင်းလေးကို ဟိုတုန်းက ရုပ်ရှင်မင်းသမီး 'နက်တာလီဝုဒ်'ရဲ့ နှာခေါင်းလေးတဲ့။

"လေးက အဲဒီမင်းသမီး ကြည့်ဖူးလို့လား'ဆိုတော့_

"ကားဟောင်းတစ်ကားနှစ်ကားတော့ ပြန်ကြည့်ဖူးတယ်လေကွာ၊ နက်တာလီဝုဒ်က အဲဒီနှာခေါင်းလေးလှတာ နာမည်ကြီးပဲဟာ၊ စာထဲမှာ ဖတ်ဖူးထားတာပဲဟာ"

သူ ဘေးမှာထားတဲ့ မီးတိုင်ဟာ မီးလုံးအနီရောင်မဟုတ်ဘဲ မီးချောင်းငယ်လေးတွေ တပ်ဆင်ထားတဲ့ မတ်တတ်မီးတိုင်မျိုးဖြစ်ရာ အလင်းရောင်ဖြူဖြူက သူ့ပါးတစ်ခြမ်းကို ဟပ်နေသည်။ သူ့ကို သဘောမကျ မလိုတမာတဲ့ကြားက အမြဲလေးစားအထင်ကြီးမိကာ နှစ်လိုတဲ့ အတွေးပဲ တွေးမိမြဲဖြစ်သော ဂျီးသည် ခုလည်းပဲ တစ်ခြမ်းလင်းထဲ သူ လှပနေပြန်ပုံကို ပန်းချီဆွဲရင်း အင်မတန် လှပသက်ဝင်တဲ့ ပန်းချီကားတစ်ချပ်ရဦးမှာပဲလို့ တွေးနေမိပြန်သည်။





ဂျီးရဲ့ ထီးက နောက်နားက ဇီဇဝါချုံကို ရိုက်ခတ်မိကာ ဇီဇဝါချုံ လှုပ်ရှားသံမြည်သွားတဲ့အခါ ဒေါ်သန့်လေးဆွေက မော့ကြည့်လာပါသည်။ စာကြည့်မျက်မှန်လေးကို ဆွဲမ,ကာ ဖူးထိပ်ပေါ် တင်လိုက်ရင်း ...

"ဘယ်သူလဲကွ"

ဆရာမလေသံ အပြည့်ပင်။

"ဟော့ ... ဟိုမှာရပ်နေတာ ဘယ်သူလဲ"

"ဂျီးပါ"

ဂျီးက စိတ်မပါလက်မပါ ဖြေလိုက်လျှင် ...

"ဟောတော်၊ ဂျီး ဘာရပ်လုပ်နေတာလဲ မိုးထဲမှာ၊ လာလေ"

"အန်တီ စာဖတ်နေတာကို ခဏကြည့်နေတာပါ"

ဂျီးက ထိုဝရံတာငယ်လေးမှာလည်း လှေကားတစ်ထစ်နှင့် ဝရံတာထဲ ဝင်ဖို့ သံပန်းဖွင့်တံခါးလေးပါတာမို့ အဲဒီကိုပဲ လျှောက်လာကာ သံပန်းတံခါးငယ်လေး တွန်း၍ ဝင်ပြီး ထီးကို ပိတ်လိုက်ပါသည်။

"ဒီမှာပဲ ထိုင်မလား၊ ခုံသွားယူလိုက်မယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကို ဘေးကစားပွဲငယ်ပေါ် ချရစ်ခဲ့၍ သန့်စင်ခန်းဘက်ဝင်သွားပါသည်။ ပြန်ထွက်လာလျှင် သူထိုင်နေတဲ့ ခုံပုံစံအတိုင်း ဘဲဥပုံ ကြိမ်ခုံခပ်သေးသေးလေးတစ်ခု မ,သယ်လာကာ ကျီးအတွက် ချပေးလိုက်၏။ ကျီးက စားပွဲငယ်ပေါ်မှ စာအုပ်ကို မျက်တောင်စိုက်ပြီး ငေးကြည့်နေသည်။

အသည်းရောဂါအထူးကုဆရာဝန်ကြီးတစ်ယောက်နှင့် တွေ့ဆုံမေးမြန်းထားသည့် သိကောင်းစရာအမေးအဖြေများစာအုပ် ဖြစ်သည်။

ဒေါ်သန့်လေးဆွေက သူ့ခုံမှာ သူ ပြန်ဝင်ထိုင်လိုက်ပြီးမှ ...

“ထိုင်လေ ကျီး”

ကျီးက ဘာမှ မပြောဘဲ ထိုင်ချလိုက်ပါသည်။

“သိချင်တာလေးတွေရှိလို့ နည်းနည်းဖတ်ကြည့်နေတာ ဆောင်ရန် ရှောင်ရန်တွေကော၊ ဘယ်အနေအထားက ဘာဖြစ်နိုင်တယ်၊ ဘီပိုးဆိုတာ ဘာ၊ စီပိုးဆိုတာ ဘာ အဲဒါတွေပေါ့၊ ပြီးရင် ကျီးကို လာပြောပြထားမလို့ပဲ”

“ကျီးလည်း ဖတ်ချင်ပါတယ် အန်တီ”





“ဟုတ်တယ်၊ ဖတ်ထားရင် ပိုကောင်းတာပေါ့”

“အန်တီနဲ့ လေးနဲ့ တွေ့တယ်လို့ လေး ပြောတယ်”

“ဟုတ်တယ်၊ မနေ့က တနင်္ဂနွေမနက်ပိုင်း အန်တီ စစ်တီးမားထဲ သွားရင်း လေးနဲ့ တွေ့သေးတယ်”

“အန်တီ့ကို လေး ဘာပြောသေးလဲဟင်”

“ဘာကို ပြောတာလဲ ကျီး”

“ဒက်ဒီ့အကြောင်း”

“အင်း ... အန်တီကလည်း လေးကို တွေ့တာနဲ့ ဦးရန်ရှင်း အကြောင်းပဲ မေးကြည့်တာပဲ၊ ကိုဇော်ဆီကလည်း ကြားပေမဲ့ လေးကကျတော့ ကိုယ်တိုင် ဆရာဝန် လိုက်လိုက်ပြထားတော့ ပိုအစုံသိတာပေါ့”

“လေးက ဘာတဲ့လဲဟင်”

“ကျီး စိုးရိမ်နေတာ လေး ပြောပြပါတယ်၊ သူ ပြောပြတာထက်ကို ထိန်ချန်တာတွေ ရှိဦးမလားလို့ ကျီး စိုးရိမ်ပူပန်နေတယ်တဲ့၊ စိတ်မပူပါနဲ့ ကျီး၊ ကျီး ဒက်ဒီ အသည်းကို ဂရုစိုက်စောင့်ရှောက်ပြီး သတိထားနေထိုင်သွားရမှာပဲ ရှိပါတယ်၊ လောလောဆယ် အသက်အန္တရာယ်ပါ စိုးရိမ်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမားမား ရောဂါအဆောက်အဦကြီးရယ်လို့ ဖြစ်မေ

နေသေးပါဘူး”

“ဒါပေမဲ့ တစ်ချိန်ချိန်မှာတော့ ဖြစ်ရင်လည်း ဖြစ်လာနိုင်

ချေရှိတဲ့ ...”

သန့်က ပြုံးလိုက်ရင်း ...

“လူတိုင်းဟာ တစ်ချိန်ချိန်မှာ တစ်ခုခုဖြစ်လာနိုင်ချေရှိတဲ့ သူချည်းပါပဲ ကိုး၊ တစ်ချိန်ချိန်မှာ ဖြစ်လာမယ် ဖြစ်မလာ ဘူးဆိုတာ ဘယ်သူမှ ကြိုသိနိုင်တာမှ မဟုတ်တာ၊ အခုလို ဉ်းရန်ရှင်း တစ်ကိုယ်လုံး Check-up လုပ်ဖြစ်တော့ သွေးထဲ ဘာရှိနေတယ်၊ ဘယ်ဟာလေး ဘာဖြစ်နေတယ်၊ ဘယ်ဟာ က အပ်ပါးလစ်မစ် ရောက်နေတယ်ဆိုတာတွေ သိခွင့်ရတော့ တစ်ချိန်ချိန်မှာ မဆင်ခြင်ရင် ဘယ်ရောဂါမျိုး ထိုးနှက်လာနိုင် တယ်ဆိုတာ ကြိုခန့်မှန်းနိုင်တော့ အင်မတန် ကံကောင်း ပါတယ် ...

အမှန်က လူတိုင်းလိုလိုပဲ အသက်အရွယ်လေး ရလာရင် တစ်နှစ်တစ်ကြိမ် နှစ်နှစ်တစ်ကြိမ်ဆိုသလို Check-up လုပ်ကြည့်နေသင့်တာပါ၊ လုပ်မထားမိတဲ့ လုပ်ခွင့်မကြုံ





ခဲ့တဲ့လူတစ်ယောက်လည်း အချိန်မရွေး တစ်ခုခု ထ,ဖြစ်နိုင် တာပဲ ကိုး၊ ပြောရမယ်ဆိုရင် တို့လည်း တစ်ခုခုဖြစ်နိုင် တယ်၊ ကိုးလည်း တစ်ခုခုဖြစ်နိုင်တယ်၊ ဒီအတွက် ပူပန်ဆင်းရဲ နေရင် ဘယ်လိုလုပ် သက်သာရာရပါ့မလဲ ကိုးရဲ့၊ စိတ်ညစ် နေရမှာပေါ့” ။

“ဒါဖြင့် ဒက်ဒီက အခု ဘာရောဂါမှ ကြီးကြီးမားမား တကယ်ရှိမနေသေးတာ သေချာတယ်ပေါ့နော် အန်တီ”

“အသည်းတော့ သိပ်မကောင်းဘူးပေါ့လေ၊ အလွန်တရာ ကျန်းမာလတ်ဆတ်တဲ့ အသည်းတော့ မဟုတ်ဘူးပေါ့၊ ချို့ယွင်းချက်လေးတွေ ရှိတယ်၊ ဒါပေမဲ့ ဒါဟာ ထိုင်စိုးရိမ် နေစရာတော့ မဟုတ်သေးဘူး”

“ကိုးဆိုလိုတာက ဒက်ဒီမှာ ဘယ်နှနှစ်ပဲခံတော့မယ်၊ ဘယ် လောက်ထိပဲ သက်တမ်းရှည်တော့မယ်ဆိုတဲ့ ...”

သန့်မှာ မျက်မှောင်ကုတ်ကာ ...

“ကြဲကြဲဖန်ဖန် ကိုးရယ်၊ ဒီလို အခြေအနေမျိုးမှ မဟုတ်ဘဲ နဲ့”

“ဒါဆိုရင် ...”



www.burmeseclassic.com

www.burmeseclassic.com



ကျီးက သန့်လေးဆွေကို စေ့စေ့စူးစူး တောက်ထ မျက်လုံးတွေနှင့် ကြည့်ကာ ...

"ဒက်ဒီကို အန်တီ လက်ထပ်နိုင်မလားဟင်"

သန့်သည် ဆတ်ခနဲ လန့်ကာ ကျီးကို သရဲသဘ အလား အထိတ်တလန့် ပြူးစိုက်ကြည့်နေမိပါသည်။ ကျီးအသံက တိုးတိုးကလေး။ အရဲစွန့်၍ ပြောလိုက်ဟန်လည်း ရှိသည်။ ပြော ပြီးတဲ့နောက် သူ့ဟာနှင့်သူ မျက်နှာမထားတတ်သလို မျက်လုံး တွေက ဟိုကြည့်ဒီကြည့်နှင့် စိတ်မတည်ငြိမ်ဘဲရှိသည်။

"ကျီး ဘာပြောလိုက်တာလဲ၊ တို့နားမလည်လို့ပါ"

"ဒက်ဒီ့ကို အန်တီ လက်ထပ်ပါလားလို့ပါ"

"အလန့်တကြား ရှိလိုက်တာ ကျီးရယ်၊ အံ့အားကို သင့်သွား တာပဲ"

သန့်သည်လည်း ရှက်ယောင်ပြေးနှင့် ပါးပြင်ရဲ ရဲလာသည်။

"ကျီး ဒီရက်ပိုင်းမှာ အများကြီးပဲလျှောက်တွေးမိတယ် အန်တီ၊ အများကြီးဆို အများကြီးပါပဲ၊ အရှေ့ကိုလည်း အများကြီး မျှော်တွေးတယ်၊ အနောက်ကိုလည်း အ ကြီး ပြန်ငဲ့ကြည့်မိတယ်"





သန့်လေးဆွေက ကျီးကို စိုက်ကြည့်နေသည်။

"ဒက်ဒီက ကင်ဆာလိုဟာမျိုး မပြောကောင်းပြောကောင်း ဖြစ်ခဲ့ပြီ၊ နှစ်ပိုင်းလောက်ပဲ ခံမယ်ဆိုရင်လို့ စဉ်းစားမိတော့ အဲဒီတစ်ညလုံး ကျီး ငိုလိုက်ရတာ၊ အိပ်လို့လည်း မပျော် တော့ပါဘူး၊ ဒက်ဒီဟာ မာမိနဲ့ ဆယ်ငါးနှစ်ကျော်ကျော် လေး ပေါင်းသင်းခဲ့ရတယ်၊ ဒက်ဒီနဲ့ မာမီက တစ်ယောက် ကိုတစ်ယောက် လေးစားတွယ်တာပါတယ်၊ ကျီးတစ်သက် တစ်ခါမှလည်း ခိုက်ရန်မဖြစ်ခဲ့ဖူးကြဘူး၊ အိမ်ထောင်ရေး သာယာပါတယ်၊ ဒါပေမဲ့ ဒက်ဒီနဲ့ မာမီကို လူကြီးတွေ ပေးစားခဲ့ကြတာ၊ လက်မထပ်ခင် နှစ်လလောက်မှ စ,မြင်ဖူး ကြပြီး အစီအစဉ်တွေလုပ်ရင်း လေးငါးခါပဲ ဆုံစည်းဖူးကြ ပြီး လက်ထပ်ခဲ့ကြရတာ ...

နှစ်ယောက်လုံးက နူးညံ့တယ်၊ စိတ်သဘော ငြိမ်းချမ်း တယ်၊ ချစ်သူတွေလည်း မရှိခဲ့ကြတော့ ကိုယ့်အိမ်ထောင် ဖက်ကိုလည်း သံယောဇဉ်ပုံနှစ်လိုက်ကြတယ်ဆိုတော့ ဘာပြဿနာမှ မရှိခဲ့ပေမဲ့ နှစ်ယောက်လုံးဟာ နှလုံးသား က အလိုအလျောက် လှုပ်ရှားပွင့်အန်တောင့်တတဲ့ ချစ်ခြင်း မျိုး မခံစားခဲ့ကြရပါဘူး ...

www.burmeseclassic.com



ဆယ့်ငါးနှစ်ပေါင်းပြီး မာမီ ဆုံးသွားတော့ ဒက်ဒီ ဟာ အပျိုပေါက်သမီး ဂျီးနဲ့ အမိမဲ့တဲ့ ဝမ်းကကျွတ်ကာစ ကလေးအမြွှာနဲ့၊ ဂျီးက ဘယ်လောက်သိတတ်ခဲ့တယ်ဆိုဆို ကလေးတွေကို သူနာပြုနဲ့ နာနီနဲ့ ဘယ်လိုစိတ်ချရတယ် ဆိုဆို ဒက်ဒီရဲ့ ဆိတ်သုန်းသွားတဲ့ဘဝ ခံစားခဲ့ရမဲ့ ခံစား ချက်တွေ၊ ပူပင်သောကတွေကို ဂျီး တစ်ကြိမ်မှ မတွေး ခဲ့မိဘူး ...

ဂျီး တွေးမိတာက ဂျီးဟာ ငယ်ငယ်လေးနဲ့ အိမ်ရှင်မ ကြီးလို အုပ်ချုပ်တယ်၊ စီမံခန့်ခွဲတယ်၊ ဒက်ဒီ ရုံးသွားခါနီး ယူနီဖောင်းကို ကော့နေအောင် မီးပူတိုက်ပြီးသား အသင့် နေ့စဉ် ရှိနေစေခဲ့တယ်၊ ဂျီး ဘယ်လိုပေးဆပ်ခဲ့ တာဝန် ကျေခဲ့တယ်၊ ဒါကိုပဲ တစ်ချိန်လုံး တွေးနေခဲ့တယ်"

သန့်က မျက်ရည်တလည်လည်နှင့် မျက်ဝန်းလေး တွေ အရောင်လက်ကာ လှိုက်လှိုက်လှဲလှဲ ပြောနေသော ဂျီးကို ငေးစိုက်ကြည့်ရင်း တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထ, ပူနွေးကာ ပီတိ တစ်ဝက်၊ ကရုဏာ တစ်ဝက်နှင့် ရင်ထဲ လှုပ်ရှားနေပါ သည်။





"ဒက်ဒီ့အဖို့ နေထိုင်စားသောက်ရေးတွေမှာ လိုလေသေးမရှိ ခဲ့တာ မှန်ပေမဲ့ ဒက်ဒီ့အတွက် သာယာကြည်နူးစရာဆိုတာ ရှာတွေးကြည့်လိုက်တော့ ဘာမှ မတွေ့ရဘူး၊ ဒက်ဒီဟာ အထီးကျန်ဆန်လှပါတယ်၊ ဒါကို ဒီအတိုင်း ဂျီး မမြင်နိုင် ပေမဲ့ ဒက်ဒီသာ သေရဖို့ရှိရင် ဆိုတာ တွေးကြည့်တော့မှ ဒက်ဒီ့ဘဝကို စိုပြည်စေချင်လာမိတယ်၊ သာသာယာယာ ကြည်နူးစရာတွေ ရှိလာစေချင်မိတယ်၊ အဓိပ္ပာယ်ရှိတဲ့ ပြည့်စုံတဲ့ ဘဝမျိုး ဒက်ဒီ ပိုင်ဆိုင်ရစေချင်တဲ့ အသိမျိုး ဟာ ဒက်ဒီ့ကိုများ ဆုံးရှုံးသွားရမလားလို့ တွေးမိမှ ဂျီးမှာ ပေါ်ပေါက်လာတာပါ ...

ဒက်ဒီ့မှာ အချစ်တစ်ခု ပေါက်ဖွားပြီး၊ ဒက်ဒီ အိမ် ထောင်ပြုသွားမယ်ဆိုတဲ့ အဖြစ်မျိုးဟာ ဒက်ဒီ့ကို ဂျီးတို့ ဆုံးရှုံးလိုက်ရတာမှ မဟုတ်ဘဲဆိုတာ အခုမှ ဂျီး တွေးမိလာ တာပါ၊ ဒက်ဒီ့ကို စိတ်ချမ်းသာစေချင်တယ်၊ အလိုအလျောက် ပေါက်ဖွားလာတဲ့ အချစ်တစ်ခုကို ဒက်ဒီ ပိုင်ဆိုင်ခံစား ရစေချင်လာမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သန့်က ဂျီးရဲ့ အေးစက်နေတဲ့ လက်ဖဝါးလေးတွေကို လှမ်းဆွဲကာ ဆုပ်နယ်မိရင်း ...

"ဂျီးဟာ အဖေကို အင်မတန် ချစ်မြတ်နိုးနိုင်တဲ့ သမီးတစ်ယောက်ပဲ၊ ချစ်ပုံချစ်နည်းသာ အပြောင်းအလဲရှိသွားမယ်၊ အရင်ကအတည်းက အဖေကို သိပ်ချစ်တဲ့ သမီးရယ်လို့တို့ သတ်မှတ်ပြီးသားပါ"

"ဂျီးကိုဂျီး ချစ်တာကို လျှော့ပြီး ဒက်ဒီ့ကို သီးသန့်ချစ်တာ ဒက်ဒီ စိတ်ချမ်းသာပျော်ရွှင်မှုမျိုးကို လိုလားတာတွေ ဂျီးမှာ ပိုလာတယ်၊ ဒက်ဒီ လေးဆယ့်ကိုး ပြည့်တော့မယ်၊ မကြာခင် ငါးဆယ်တွင်းဝင်မယ်၊ ဒက်ဒီ ရှေ့လျှောက်တစ်သက်လုံး ဒီအတိုင်းချည်းပဲ ဝေါင်းစင်းစင်းနဲ့ သမီးလုပ်သူ စိတ်တိုင်းကျအောင် နေသွားရတော့မှာလား ...

ဒက်ဒီ ပျော်ပါစေလို့ ဆန္ဒပြင်းပျတဲ့အခါ ဒက်ဒီ့ကို နေထိုင်မကောင်းဖြစ်နေမှာ စိုးရိမ်စရာ ရှိနေမှာ ပိုပူပန်လာတယ်၊ ဂျီးက စေတနာမေတ္တာသက်သက်နဲ့ ဒက်ဒီ့ကို ပျော်စေချင်တာဟာ ရောဂါသည် ဖြစ်လာမှ သူတစ်ပါးလက်ထိုးအပ်မယ်ဆိုတဲ့ အနေအထားမျိုး ဖြစ်သွားမှာ သိပ်စိုးရိမ်ဝမ်းနည်းမိတယ် ...





ဒါကြောင့် ဒက်ဒီ့မှာ ဘာရောဂါမှ မရှိပါစေနဲ့၊ ဒက်ဒီ အသက်အရှည်ကြီး နောက်ထပ် နေရပါစေဦးလို့ ဘုရားမှာ ဆုတောင်းလိုက်ရတာ ရှူးနေတာပါပဲ အန်တီ၊ ဒက်ဒီ့တစ်သက်မှာ အန်တီ့တစ်ယောက်ကိုပဲ ချစ်မိပူးတာပါ၊ အဲဒီအချစ်ကို ဒက်ဒီ့ဆီမှာ ဆက်ရှင်သန်နေစေချင်ပါတယ်၊ အန်တီ့ကို ဂျီး အနေနဲ့ တစ်စုံတရာ ဖန်တီးစီစဉ်ခွင့် မရှိတာ သိပေမဲ့ ဒက်ဒီ့ကို လက်ခံစေချင်တဲ့ ဆန္ဒကတော့ ရင်ထဲမှာ အလုံးအရင်းပါပဲ အန်တီ၊ ဂျီးဆိုတဲ့ မိန်းကလေးဟာ အဖေကို အင်မတန်တိုတယ်လို့ အားလုံး သိထားကြတာမို့ ဒီအတိုင်း ဆက်ထင်နေမှာ စိုးလို့ပါ ...

အန်တီ့ဆီ လာဖို့ ဂျီး ကြိုးစားနေတာ သုံးလေးရက်ရှိပါပြီ၊ ဒီနေ့တော့ အန်တီ စိတ်ဆိုးလည်းဆိုး၊ ဂျီး ပြောချင်တာတော့ ပြောပြမယ်ဆိုပြီး ထွက်လာတာပါ၊ ဒီရောက်တော့ အန်တီ ဖတ်နေတဲ့ စာအုပ်ကို တွေ့လိုက်ရတော့ ဂျီး ရင်ထဲမှာ နင့်သွားတာပဲ အန်တီ၊ အန်တီ့ကို ဂျီး ဘာကြောင့် ယုံကြည်တယ် လေးစားတယ် အားကိုးမိတယ် ဆိုတာ အဲဒါ အဖြေပဲ၊ အန်တီ့မှာ ဒက်ဒီ့အတွက် ... ညီညီ အတွက် ဂျီးတို့ မိသားစုအတွက် လုံခြုံစိတ်ချ...

www.burmeseclassic.com



စရာဖြစ်တဲ့ အရင်းအချာစိတ်က ရင်ထဲ ရှိနေပြီးသားပါ သူ့အလိုလို ရှိနေတာပါ။ ဂျီးတို့ မိသားစု လွယ်လွယ်နဲ့ မရနိုင်တဲ့ အရာမျိုးပါ”

သန့်သည် ဂျီးစကားများကြောင့် ဝမ်းနည်းလှိုက်လှဲ လို့ပင် လာခဲ့ပါသည်။ သန့်လေးဆွေရဲ့ တစ်သက်တာမှာ ဘယ်သူ့ကိုမှ မဖြစ်ခဲ့ဖူးတဲ့ နှလုံးသားလှုပ်ရှားခံစားရတဲ့ ချစ်မေတ္တာဟာ ဦးရန်ရှင်း အပေါ်ကိုမှ သူ့အလိုလို ပေါက်ဖွားဖိတ်အံခဲ့မိတာပါ။ သို့ပေမဲ့ ဒီအရွယ်ထိ လုံခြုံစွာ စောင့်စည်းခဲ့တဲ့ ဣန္ဒြေသိက္ခာကိုတော့ ဂျီးရဲ့ မလိုလားအပ်မှုကြောင့် နိမ့်ပါးကျဆင်းသွားရခြင်းမျိုး မဖြစ်စေရဘူးလို့ သန့် ဆုံးဖြတ်ပြီးသား။

တစ်ဖက်သားသမီး မျက်ရည်ပေါက်ကြီးငယ် ကျစေရပြီးမှတော့ လူတစ်ယောက်ကို မရယူလိုပါဘူး။ မရယူလို့လည်း ဘာမှမဖြစ်ပါဘူး။ သူတို့အသက်ရွယ်မျိုးမှာ ပေါက်ဖွားလာတဲ့ အချစ်ဆိုတာမျိုးကို ဘယ်သူမှ မသိလိုက်ရဘဲ မျိုသိပ်မြှုပ်နှံပစ်လိုက်ဖို့ လိုအပ်ရင်တောင် မြှုပ်နှံပစ်ရမှာပါပဲ။

ဒီသဘောထားနှင့် နေလာခဲ့သူမို့ ဂျီးထံမှ ဒီစကားတွေ ကြားရတဲ့အခါ ဝမ်းနည်းဝမ်းသာ လှိုက်လှဲဆို့နင့်ရခြင်းကြောင့် ရင်ထဲ နင့်လို့ပင် လာခဲ့သည်။





“အန်တီ့ကို ဂျီး ပြောချင်တာကလေ၊ ကလေးသုံးယောက် တစ်ယောက်တစ်ပေါက်နဲ့ လူမျိုးကို ကျေးဇူးပြုပြီး စဉ်းစား လက်ခံပေးပါလို့”

ဂျီး စကားကြောင့် သန့်က မျက်ရည်လည်လည်နှင့် ကြားက ပြုံးမိသွားရပါသေးသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"ဒက်ဒီ့ကို ကန်တော့ပါတယ်"

ပြောပြောဆိုဆို ဦးချကန်တော့လိုက်ကြတဲ့ အုပ်စုကို ဦးရန်ရှင်းက ပြုံးရင်း တတွတ်တွတ် ဆုပေးနေပါသည်။ ပြီးလျှင် ...

"ကိုလေး လာကန်တော့တာနဲ့ ဒက်ဒီ့သားသမီးတွေပါ ပေါင်းပြီး ဦးချလိုက်ကြတာပေါ့လေ"

"အမယ် ... ဒက်ဒီနော်၊ ဒါက သူ ကန်တော့ဖို့ ယူလာတဲ့ အထုပ်၊ ဒီဘက်က အထုပ်က ဂျီးတို့ ကန်တော့တာပါနော်၊ ဂျီးက ဝယ်ထားပြီးနေပါပြီ၊ လေးက လပြည့်နေ့ သူလာ ကန်တော့မယ်ဆိုလို့ သူနဲ့စောင့်ပြီး ပေါင်းကန်တော့တာ ပါ"



"သြော် ... အေး ... အေး၊ ဒက်ဒီကစ,တာပါ ဂျီးရဲ့၊ ကိုလေးအဖေအမေကိုကော သွားကန်တော့ပြီးပြီလား"

"ဂျီး မနေ့က သွားကန်တော့တယ်လေ ဒက်ဒီ၊ မနေ့က တခြားအမျိုးတွေလည်း လှည့်ပတ်ကန်တော့ပြီးပြီ၊ ခဏနေ ရင် ဟိုဘက်အိမ်ကိုလည်း သွားကန်တော့မယ် ဒက်ဒီ"

"ကိုကိုတို့ရော ပါလား"

"သြော် ... ပါတာပေါ့ ကိုကိုရဲ့၊ ကိုကို ညီညီက အစ်ကိုပဲ ဟာ၊ ကိုယ့်ဆရာမအိမ်ပဲဟာ ပါတာပေါ့"

ဒက်ဒီ့ အပြုံးမျက်နှာကို ဂျီးက အောက်မှာ ကျုံ့ကျုံ့ ထိုင်မပျက်နှင့်ပဲ မော့ကြည့်ကာ ...

"ဒက်ဒီ့ကိုလည်း ဂျီး တစ်ခုပြောပြရဦးမယ်"

"ပြောလေ သမီး"

"ဂျီး သူ့ကို လက်ထပ်တော့မယ်လို့ ခေါင်းညိတ်လိုက်ပြီ ဒက်ဒီ"

"ဟုတ်လား၊ မင်္ဂလာရှိတာပေါ့၊ ကောင်းတာပေါ့ ဂျီးရယ်၊ ဒက်ဒီလည်း စိတ်ချလက်ချ ရှိတာပေါ့၊ ဝမ်းသာပါတယ် သမီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... ဒက်ဒီက ဘာကို စိတ်ချချင်တာလဲ၊ စိတ်ချရရင် ဘာလုပ်မလို့လဲ"

"ရော့် ... ဘာမှမလုပ်ရပါဘူး သမီးရယ်၊ စိတ်ချသွားတယ်ဆိုတာပဲ ပြောတာပါ၊ အစကတည်းက သဲဘောတူပြီးသားပဲ၊ တင့်တောင့်တင့်တယ်လေး ဖြစ်သွားတော့မယ်ဆိုတော့ ဒက်ဒီ ဝမ်းသာတာပေါ့၊ အဲဒါကို ပြောတာပါ၊ သီတင်းပဲကျွတ်ပြီ၊ ခုမှ စီစဉ်ရင် ဟိုတယ်ဒိတ်တွေ ဘာတွေ အဆင်ပြေပါ့မလား သမီး၊ ရက်ကောင်းရှိပါ့မလား "

"ဟိုတယ်ရက်က ကြိုက်တဲ့ရက်မရရင်၊ သူ့မေမေက သူတို့ခြံထဲမှာပဲ ညွှေ့ခံရင်လည်း ရတယ်တဲ့၊ ဒိတ်မရလို့ဆိုပြီး ဂျီး ထပ်ရွှေ့မှာကို ကြောက်နေကြတယ် ဒက်ဒီ"

"ဟား ဟား ...၊ အေး ... ခြံထဲလည်း ကောင်းသားပဲ၊ ကိုလေးတို့ ခြံကြီးက မြက်ခင်းကြီး အကျယ်ကြီးဟာပဲ၊ ခြံလည်းလှတယ်"

"သူ့မေမေက သူ့မြက်ခင်းပေါ် နင်းလျှောက်တာတောင် သိပ်ကြိုက်ချင်တာ မဟုတ်ဘူး ဒက်ဒီ၊ ရွှေလို တယုတယ





ဥထားတာ၊ ဂျီး ဟိုရွှေ့ဒီရွှေ့ ရက်ရွှေ့မှာ ကြောက်လွန်းလို့သာ နှမြောမြောနဲ့ သူ့မြက်ခင်းကြီးပေါ် ကျင်းပခွင့်ပြုရမှာ"

ဒက်ဒီက ရယ်မောနေပါသည်။

"ဒက်ဒီ"

"အင်း"

"ဒက်ဒီ့ကို နောက်တစ်ခု ပြောစရာ ရှိသေးတယ်"

"အေး ... ပြောလေ၊ ဘာကျန်သေးလဲ ဂျီး"

"ဟိုးတလောက အန်တီသန့်ဆီကို ဂျီး ရောက်တယ်"

"အင်း"

"အန့်တို့ကို ပြောခဲ့တယ်"

"ဘာပြောခဲ့တာလဲ"

"ဂျီးတို့ဒက်ဒီ ကလေးသုံးယောက် အဖေကြီးကို လက်ခံစဉ်းစားပေးပါလို့"

ဦးရန်ရှင်း မျက်နှာမှာ နီမြန်းမြန်းကြီး ဖြစ်သွားရကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဂျိုး၊ သမီး တော်တော်ဆိုးပါလား၊ လူကြီးကို ဘာလို့ ဒီလိုကြီး သွားပြောရတာလဲ၊ ကောက်ကာငင်ကာကြီး သမီး ဒီလိုလာပြောတော့ သူက ..."

"စိတ်မပူပါနဲ့ ဒက်ဒီ၊ သူနဲ့ ဂျိုးနဲ့ကြားမှာ စကားလက်ဆုံလေးတွေ ရှိခဲ့ပါတယ်၊ ကောက်ကာ ငင်ကာ ဆိုတဲ့ သဘောလည်း မသက်ရောက်ပါဘူး၊ ပြီးတော့ ဂျိုးက သူ့ကို တကယ့်ကို လိုလိုလားလား လေးစားခင်မင်စိတ်နဲ့ လာပြောတာဆိုတာကိုလည်း သူ နားလည်ပါတယ်၊ ဘယ်သူမှ မတိုက်တွန်းဘဲ ဂျိုးကိုယ်တိုင်ကိုက သူ့ကို ဒက်ဒီရဲ့ ရှေ့လျှောက်ဘဝအဖော်မွန်တစ်ယောက်အဖြစ် ရှိစေချင်လာတာပါ ဒက်ဒီ"

"ဒါပေမဲ့ သမီးရယ်၊ ဂျိုးနဲ့ ဘာဆိုင်လို့လဲ"

"ဂျိုးနဲ့ဆိုင်တာပေါ့၊ ဂျိုး သဘောတူမှာ မဟုတ်ဘူးဆိုပြီး ဒက်ဒီလည်း ရှေ့မတိုးတာ၊ သူကလည်း ဂျိုးကို မလိုလားဘူးလို့ပဲ ထင်နေတာ၊ အဲဒီသဘောထားတွေဟာ ပြောင်းလဲသွားပြီဆိုတာ သူ သိအောင် ဂျိုး ပြောပြလိုက်တာ၊ လူကြီးတစ်ယောက်ကို မလေးမစား တက်ပြောတဲ့သဘောနဲ့လည်း မဟုတ်ဘူး ..."





ဒက်ဒီ့ ကျန်းမာရေးကို ဂျိုး စိုးရိမ်မိတော့မှ ဒက်ဒီ့ဘဝကိုလည်း သာသာယာယာ ပြည့်ပြည့်စုံစုံလေး ရှိစေချင်လာတယ်၊ တစ်ယောက်ယောက်ကို ကိုယ်ကချစ်တယ်ဆိုတာ အဲဒီလူသား စိတ်ချမ်းသာရေးကိုသာ ရှေ့ရှုတယ်ဆိုတာလည်း ဂျိုး နားလည်လာတယ်၊ ဂျိုးကိုယ်တိုင် အန်တီ့ကို လိုလိုချင်ချင် အမေတော်ချင်လာလို့ ဒီစကားကို ပြောခဲ့တာပါ၊ ဂျိုး သူ့ဆီရောက်သွားတဲ့ အချိန်မှာ သူက အသည်းရောဂါတွေနဲ့ ပတ်သက်တဲ့ ပညာပေးဆောင်းပါးစာအုပ်တစ်အုပ်ကို ဖတ်နေတယ်၊ ဂျိုး ရင်ထဲမှာ ဘယ်လိုခံစားရမှန်း မသိဘဲ အန်တီ့ကို အရမ်း ချစ်လည်းချစ်သွားလို့ပါ ဒက်ဒီ"

ဦးရန်ရှင်း မျက်နှာဟာ ပြုံးတစ်ဝက် မဲ့တစ်ဝက် အီလည်လည် ဖြစ်နေပါသည်။ စိတ်ထဲဝမ်းသာပီတိ ဖြစ်မိပေမဲ့ အဖေ့ကိစ္စကို သမီးတစ်ယောက်ကဝင်ပြီး ပြောဆိုလိုက်တဲ့အတွက် တစ်ဖက်မိန်းမသားမှာ နားလည်မှု လွဲစရာပဲ ဖြစ်သွားမလားလည်း စိုးရိမ်နေပါသေးသည်။

"သမီးစကားက သူ့အတွက် အဆင်ပြေပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ဂျိး နားလည်မှု ရှိသွားပါပြီ ဒက်ဒီ"

"ဒါပေမဲ့ ဒီစကားကြောင့်ပဲများလား၊ ခုတလော သူ့ဘ
က အသံတိတ်နေပါလား ဂျိးရဲ့"

"အဲဒါကြောင့် အခု ဒက်ဒီကို ဂျိး ပြောတာပေါ့၊ ဂျိးဆို
မီးနီကြီးက စိမ်းသွားပေမဲ့ ဒက်ဒီက ဘာစကားမှ ထပ်
မလာရင် သူ့မှာ ဘယ်နှယ်လုပ် ဘာဆက်လုပ်လို့ရမှာလဲ
အဲဒါကြောင့် ဒက်ဒီက နည်းနည်း ပြန်လှုပ်ရှားဦးမှပေါ့"

"ဂျိးတစ်ယောက်ကတော့ လူရှုပ်ပဲဟော့ ကိုလေးရေ"

ဒက်ဒီက ရှက်ကိုးရှက်ကန်းနှင့် ထ,သွားပါတော့
သည်။

ဂျိးရယ်၊ လေးရယ်၊ ကလေးနှစ်ယောက်ရယ်သာ
ဟိုဘက်အိမ်ကို ကန်တော့ဖို့ အထုပ်ဆွဲပြီး ထွက်လာခဲ့ကြသည်။

"လေး နေရင် နေခဲ့လေ၊ ဟိုကျ ကိုကို ညီညီတင် မဟုတ်
ဘူး၊ ဂျိးလည်း ထိုင်ကန်တော့မှာ၊ တော်ကြာ လေးလာ
သားကနေ ကိုးလိုးကန့်လန့်နဲ့ မကန်တော့မကောင်း
ကန်တော့မကောင်း ဖြစ်နေရဦးမယ်"





"ကန်တော့လို့တော့ မကောင်းဘဲ မရှိတော့ပါဘူး၊ နောင်
ဆို သူက ကိုယ့်ရဲ့ Step ယောက္ခမ ဖြစ်ရင် ဖြစ်လာတော့
မှာဆိုတော့ ခုကတည်းက ရိုရိုသေသေလေးပေါ့ကွာ ...
ဟား ဟား"

အိမ်တံခါးဝတွင် အန်တီချစ် တစ်ယောက် ဝရန်တာ
လက်ရမ်းတွေပေါ်နှင့် အိမ်ပတ်ပတ်လည် ဖယောင်းတိုင်လေးတွေ
မီးညှိထွန်းစိုက်နေတာ တွေ့ရသည်။ ကိုကိုနှင့် ညီညီမှာ သူလည်း
ထွန်းချင်တယ်၊ ငါလည်းထွန်းချင်တယ် ဖြစ်ကာ ခုန်တဆွဆွ
မြူးထူးနေသည်။

အိမ်မှာတော့ ဘုရား တရား သံဃာ မိဘ ဆရာ
ဆိုပြီး ဂျိးက မီးပုံးငါးလုံးသာ ချိတ်ဆွဲထွန်းညှိထားတာမို့
သူတို့ သိပ်မပျော်ရ။

"ခဏနေရင် ကိုကိုနဲ့ ညီညီကို လှမ်းခေါ်ပြီးပေးမလို့၊
မင်းတို့ဆရာမက မင်းတို့ဖို့ လက်တွန်းအရုပ်မီးပုံးလေးနှစ်ခု
ဝယ်ထားတယ်ကွယ့်၊ တွန်းရင် လည်နေတာလေးတွေ၊
နေဦး ... အဘွားယူပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ညီညီကတော့ အန်တီချစ်ကို ဘွားဘွားချစ် ဟု ခေါ်ကြပါသည်။ ဂျီးတို့ကသာ ဒေါ်သန့်လေးဆွေ ခေါ်သည့် အန်တီချစ် လိုက်ခေါ်တာ။ ဂျီးတို့နှင့်ကျတော့လည်း အသွားအရွယ် မကျ။ ကိုကို ညီညီတို့သည် ဒီအိမ်မှာတော့ တစ်စက်မှ ကြောက် လန့်အားနာမှု မရှိတဲ့ လူရင်းလေးတွေ လို ဖြစ်နေသူတွေပီပီ တွန်းလှည်းမီးပုံးယူဖို့ အန်တီချစ် နောက်ကို အပြေးလိုက်ကြသည်။

"အန်တီသန့်ရော ... အန်တီချစ်"

"သန့် အခန်းထဲမှာ၊ သိပ်နေမကောင်းချင်ဘူးဆိုပြီး လှဲနေ တယ်ကွယ်၊ ခေါ်ပေးမယ်"

"အန်တီချစ်ရော၊ အန်တီသန့်ကိုရော ကန်တော့မလို့ လာ တာ အန်တီချစ်"

"ဩော် ... အထုပ်နဲ့ အပိုးနဲ့ လာနေသေးတယ်ကွယ်၊ လက်အုပ်ချီ ဦးချရင် လုံလောက်ပါတယ် ဂျီးရယ်"

အန်တီချစ်က ထမင်းစားခန်းထောင့်မှာ ထောင်ထား သည့် ဝါးခြမ်းရိုးတံတပ်၊ ဆီစိမ်စက္ကူနီလေးတွေနှင့် မီးပုံးတွန်း လှည်းလေး နှစ်လုံးကို ယူပေးလိုက်လျှင် ကိုကိုနှင့် ညီညီမှာ ဝမ်းသာအားရ ခြံထဲဆင်းပြေးသွားကြပါသည်။





"ကိုကို ... ညီညီ ... ခြံထဲပဲ တွန်းနော်၊ ခဏနေရင် ဆရာမကို လာကန်တော့ဦး၊ ဂျီး လှမ်းခေါ်လိုက်မယ်၊ ကြားလား"

"ဟုတ်ကဲ့ ဂျီး"

အန်တီ ချစ်က သန့်ကို သွားခေါ်ပါသည်။ အခန်း ထဲက ထွက်လာသော သန့်က ဆံပင်ကို ကလစ်နှင့် ပြင်ညှပ် ရင်း ...

"ဂျီးတို့ လာကန်တော့တယ်ဆို၊ ကိုလေးလည်း ပါတာကိုး"

"ဟုတ်ကဲ့ ...၊ ဟို ... နောင်လည်း ... ဟို ..."

ဂျီးက လေးကို တံတောင်နှင့် တစ်ချက်တွက်ရင်း ...

"အန်တီ နေမကောင်းဘူးဆို"

"ကောင်းပါတယ်၊ ခေါင်းနည်းနည်းအုံနေတာ၊ ခုတလော ခေါင်းကိုက်ကိုက်နေတယ် ဂျီးရယ်"

"ဆေးသောက်ထားလား အန်တီ"

"သောက်ထားပါတယ်"

"ခေါင်းက ဒီလိုပဲ ကိုက်တတ်နေကျလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုက်တတ်တယ် ဂျီးရဲ့၊ တစ်ခါတစ်ခါ ခေါင်းကိုက်ရင် သုံးလေးရက် မပျောက်ဘူး၊ ခုနောက်ပိုင်းနှစ်မှာ ဗိုစိလာတာ၊ တစ်ခါတလေများ ခေါင်းကိုက်လွန်းလို့ မျက်ရည်ကျလုနီးပါးပဲ"

"ဆရာဝန်ရော မပြဘူးလား အန်တီရယ်"

"ပထမတော့ ခေါင်းကိုက်တာလောက်ပဲဆိုပြီး ပေါ့ပေါ့နေတာပေါ့၊ ခုတော့ ရက်ကြာလာပြီ ဂျီးရဲ့၊ ပြရမယ်၊ ဂျီးဒက်ဒီကိုတောင် ဘယ်လိုနေသလဲ၊ ဗိုက်နာဗိုက်အောင့်သေးလား ဖုန်းဆက်သတင်းမေးမလို့ဘဲ၊ ကိုယ့်ဟာနဲ့ကိုယ် ခေါင်းကိုက်နေတာနဲ့ပဲ ဖုန်းတောင်မဆက်ဖြစ်ဘူး"

"ဒက်ဒီ သက်သာပါတယ်၊ ဗိုက်တောင် မအောင့်တော့ဘူး အန်တီ၊ အသည်းအားဆေးတွေလည်း သောက်နေတော့ ဆေးနဲ့တည့်တဲ့ သဘောပေါ့၊ နေကောင်းတော့ စားချင်သောက်ချင်စိတ်က ဟိုဟာလေး ဒီဟာလေးနဲ့ တောင့်တလာလို့ ဂျီးမှာ ကြည့်ကျက်ကျွေးနေရတယ်"

"ဆိတွေ ဘာတွေသာရှောင်"





"ဟုတ်ကဲ့ အန်တီ၊ အန်တီ သတင်းမေးမနေနဲ့တော့၊ အန်တီ့ကိုပဲ သတင်းမေးလိုက်တော့လို့ ဒက်ဒီ့ကို ပြောလိုက်မယ်"

သန့်က မျက်လွှာချပြီး ပြုံးကာနေသည်။

"လေးလည်းရောက်တုန်း ကန်တော့ဖို့ ခေါ်လာတာ အန်တီ"

"အို ... ကိုလေးပါ အဆစ်ဝင်ကန်တော့နေရမလို ဖြစ်နေပြီ၊ ပြီးတော့ ဘာတွေယဲ ဂျီးရယ်၊ အထုပ်တွေ ပုံးတွေ မနည်းပါဘူး၊ ဖယောင်းတိုင် တစ်ထုပ်လောက်နဲ့ အထိမ်းအမှတ်ပြုပြီး ကန်တော့ရင် ပြီးတာပါပဲကွယ်"

"အဲသလိုကြီး ဖြစ်ကတတ်ဆန်းတော့ မကန်တော့ချင်ပါဘူး၊ အန်တီကလည်း"

"စိတ်ရင်းသာ အဓိကပါ ဂျီးရဲ့"

"သူက သူ့စိတ်ရင်းထဲက မပါရင် ဘာမှလုပ်တာမဟုတ်ဘူး အန်တီ"

"အဟင်းဟင်း ... ကိုလေးက အကြောင်းသိပေါ့"

"ဟုတ်ကဲ့"

"ခုလို သီတင်းကျွတ် ကန်တော့မဲ့အစား၊ အန်တီ့ကို အထိမ်းအမှတ်တစ်ခုနဲ့ ကျွေးမှာကို စားချင်တယ်ကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဒေါသန့်လေးဆွေက တသောသော တလှင်လှင်လေး ရယ်နေ၍ လေးက သဘောပေါက်ကာ ...

"စားရမှာ အန်တီ၊ ဘယ်မှာလဲသာ မသိသေးတာ၊ ဟိုတယ်မှာလည်း ဖြစ်ချင်ဖြစ်မယ်၊ အိမ်မှာလည်းပဲ ဖြစ်ချင်ဖြစ်မယ်၊ ဟိုတယ်ရက်က ခုမှစယူရမှာဆိုတော့ သီတင်းကျွတ်ချိန်ကြီး ကျပ်နေမှာလေ၊ မေမေတို့က သူ့ စိတ်ပြောင်းသွားမှာစိုးလို့ ရက်ကောင်းတာ ရွေးပြီးရင် ဟိုတယ်မရလည်း ခြံထဲမှာပဲတဲ့၊ အရွေ့တော့ မခံတော့ဘူး"

"တကယ်ပေါ့၊ ဝမ်းသာပါတယ် ဂျီးရယ်၊ ကိုလေးကိုလည်း ကွန်ဂရက်ကျူလေးရှင်း၊ ဒီမင်္ဂလာသတင်းကို မျှော်နေတာကွယ့်"

"မင်္ဂလာသတင်းကို ဂျီးတို့ကလည်း မျှော်ပါတယ်နော် ... လေး ... နော်"

လေးက အားနာပါးနာ ရယ်မောလျှင် သန့်မျက်နှာလေးက ပန်းသွေးရင့် စိုတောက်လာသည်။

* * *





မင်္ဂလာပွဲအတွက် ဂျီးရော လေးတို့မိသားစုရော ပြေးလွှားလှုပ်ရှား အလုပ်များနေကြပါသည်။ ဂျီးတို့ဘက်မှာတော့ ဆောင်ရွက်နိုင်သူဟာ ဂျီးတစ်ယောက်တည်း။ လေးတို့ဘက်ကတော့ လေးရဲ့အမေ၊ အစ်မသုံးယောက်၊ အားလုံး တက်ကြွပျော်ရွှင်နေကြပါသည်။ ရှာရဖွေရ၊ ဝယ်ရခြမ်းရ၊ ချုပ်ရအပ်ရ၊ ဆက်သွယ်ရ စီစဉ်ရ ပြောရဆိုရ ဖိတ်ရကြားရ။

ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကာ ဒက်ဒီကိုပင် မေ့နေသည်။ ဂျီး သတိထားမိတဲ့အချိန်မှာ ...၊ တစ်ရက် ဂျီးနှင့်လေး မိတ်ဆွေသင်္ဂဟစာရင်း ထိုင်ရေးချနေကြတုန်း ဖြစ်သည်။ ဆောမှာရှိနေတဲ့ ဒက်ဒီမျက်နှာ ညှိုးနေတာမြင်လျှင် ...

"ဒက်ဒီ နေမကောင်းဘူးလားဟင်"

"ကောင်းတယ် ဂျီး၊ ဒက်ဒီ ဘာမှမဖြစ်ဘူး"

"တကယ်နော် ဒက်ဒီ၊ မျက်နှာညှိုးလို့ ဗိုက်အောင့်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်လည်း ဘာမှမဖြစ်ဘူး၊ ဂျိုး ထင်လို့ပါ၊ ကဲ … စာရင်း ဆက်ပါဦး၊ မေ့ကျန်ရစ်တာရှိရင် မကောင်းဘူး၊ သေချာ စဉ်းစား"

ဂျိုးသည် စဉ်းစားလိုက် လူစာရင်းချရေးလိုက်လုပ်ရင်း …

"အင်း … တကယ်က ဂျိုးတို့က နောက်မှဖြစ်သင့်တယ်"

ဂျိုး စကားကြောင့် ဒက်ဒီ မျက်နှာမကောင်း ဖြစ်သွားကာ …

"ဂျိုးတစ်ယောက် မွေးဖောက်လာပြန်ပြီ၊ ကိုယ့်အလုပ် ကိုယ်လုပ်စမ်းပါ ဂျိုးရာ"

"စာရင်းက ဘယ်တော့ ရေးရေးပါ ဒက်ဒီကလည်း၊ ဂျိုး က တကယ်ပြောနေတာ၊ ဒက်ဒီနဲ့ အန်တီကိစ္စ အရင်ဖြစ် မြောက်ရင် ကောင်းမှာ၊ ဒါမှ ဂျိုးရဲ့ နောက်မှာလည်း မိဘ နေရာမှာ စုံတွဲဖြစ်နိုင်တာပေါ့"

ဒက်ဒီက မျက်နှာပျက်ပျက်နှင့် …

"ခုဟာက ဟိုတယ်မှ ပွဲထုတ်မှာမှ မဟုတ်တာ သမီး၊ ကိုလေးတို့ ခြံထဲပဲ၊ ညှော်ခံပွဲသဘောပဲမို့ မိဘတွေက စီတန်းလိုက်လျှောက်နေဖို့လည်း မလိုပါဘူး"





"ဒါပေမဲ့ ညှော်ခံတော့ ဒါ ဂျိုးဘက်က မိဘဆိုပြီး အတွဲတွဲ စုံတွဲပြလို့ ရတာပေါ့"

"အရာအားလုံးဟာ ဂျိုး ဖြစ်စေချင်သလို ဖြစ်ရမှာလို့ သမီး ယူဆမထားနဲ့ဂျိုး၊ ဂျိုးက ဒီလိုဆန္ဒရှိပေမဲ့ အခြေအနေ တွေ ဆိုတာ အမျိုးမျိုးရှိတယ်၊ ဒီလိုပဲ ဖြစ်ရမယ်လို့ အပိုင် တွက်မထားနဲ့"

ဒက်ဒီက မျက်နှာပျက်ပျက်နှင့် နေရာက ထ,ထွက် သွားဖို့ပြင်လျှင် ဂျိုးက တအံ့တဩ မော့ကြည့်ကာ …

"ဘာဖြစ်လို့လဲ ဒက်ဒီ၊ ဘာဖြစ်လို့လဲ"

ဒက်ဒီက သမက်လောင်းလည်း ရှိနေ၍ ဘာမှမပြော ပါ။

"စာရင်းလုပ်ပါ သမီးရဲ့၊ ဘာမှ မဖြစ်ပါဘူး"

"ဒက်ဒီ … အန်တီက ဘာပြောလို့လဲ၊ အန်တီက ဒက်ဒီ ကို ငြင်းလို့လား၊ ဟုတ်လားဟင်၊ ဒါပဲရှိတယ်၊ ဒက်ဒီ လည်း မျက်နှာပျက်နေတယ်၊ ပြောပါ ဒက်ဒီရဲ့"

ဒက်ဒီက မကြားယောင်ပြုကာ အပေါ်ထပ်ကို ခပ် ဖြည်းဖြည်း တက်သွားပါတော့သည်။ ဂျိုးက လေးကို ဆတ်ခနဲ ကြည့်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"လေး … ဒက်ဒီ ဘာပြောသွားတာလဲ"

"ဘယ်သိမလဲ ဂျိုးရဲ့၊ ကိုယ်လည်း စဉ်းစားနေတာ"

"အန်တီ … ဒက်ဒီ့ကို ငြင်းလိုက်လား မသိဘူး"

"အင်း … အဲဒါပဲ ထင်စရာရှိတာပဲ၊ ကိုယ်လည်း အဲလိုပဲ တွေးလိုက်မိတယ်"

"ဟယ် … အန်တီက ဘာလို့ငြင်းတာလဲ၊ ရက်စက်လိုက်တာ၊ ဂျိုးတို့အားလုံး သူ့ကို လိုအပ်စွာနဲ့ ချစ်ခင်ကြတာ သူသိရက်နဲ့"

"တခြားတစ်မျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့ ဂျိုးရာ၊ ကိုယ်တို့က ဒီလိုတွေးထင်လိုက်မိတာကိုး၊ ဒါ မှန်ချင်မှ မှန်မှာပေါ့"

"ဒက်ဒီက မဖြေလည်းမဖြေဘူး၊ မဖြေတာ ဟုတ်လို့နေမှာပဲ၊ လေးရှိလို့ ဒီစကားပြောရ မျက်နှာပူလို့ မဖြေတာနေမှာ၊ အန်တီ့ကို မေးကြည့်မယ်"

"ကောင်းပါ့မလား ဂျိုးရာ"

"ဘာလို့ မကောင်းရမှာလဲ၊ ဂျိုးတို့မသိတဲ့ကိစ္စမှ မဟုတ်တာ၊ ဒက်ဒီ သူ့ကို ထပ်တောင်းဆိုထားတာ အားလုံးသိကြမှန်း သူလည်း သိတာပဲ"





"သုံ့သွားမေးတော့ အားနာစရာကြီးများ ဖြစ်နေမလားလို့ ဂျိုးရ"

"အို … ဂျိုး သိချင်လို့ မေးတာပဲဟာ"

တဖွတ်ထိုးမလေး ဂျိုးဟာ တယ်လီဖုန်းရှိရာ ယောက်ယက်ခတ် ပြေးသွားနေပါပြီ။ လေးကလည်း သိချင်ချင်ပဲမို့ ဂျိုးကိုမတား။ ဂျိုးသည် တယ်လီဖုန်းကိုကိုင်ကာ တတောက်တောက် နှိပ်နေပါပြီ။

လေးက ထိုင်ရာမှထ,ကာ စိတ်ဝင်တစားနှင့် ဂျိုးအနား လာရပ်နေပါသည်။

"ဟယ်လို … ဂျိုးပါ အန်တီချစ်၊ အန်တီသန့်နဲ့ ပြောချင်လို့ပါ"

ပြီးလျှင် ဂျိုးက စောင့်နေပုံနှင့် ခဏ တိတ်နေသည်။ ဂျိုးသည် အောက်နှုတ်ခမ်းလေးကိုက်ကာ စိတ်လှုပ်ရှားနေပါသည်။

"ဟယ်လို"

"ဟယ်လို … အန်တီလား၊ ဂျိုးပါ"

"ပြောပါ ဂျိုး"

"အန်တီ … ဒက်ဒီ့ကို … ဒက်ဒီကို ငြင်းလိုက်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သန့်ဘက်မှ အသံတုန်တုန်နှင့် ...

"ဘာကို ပြောနေတာလဲ ဂျီးရဲ့"

"အန်တီ ... ဂျီး ပြောတာ အန်တီ သိပါတယ်၊ ဂျီးဘာကို မေးလဲ အန်တီ သိပါတယ်"

"ဟုတ်တယ် ဂျီး၊ ဦးရန်ရှင်းကို အန်တီငြင်းလိုက်ပါတယ်"

တစ်ဖက်က အသံသည် မှုမမှန်ဘဲ တုန်လှုပ်မှု ပါနေ ပါသည်။ ဂျီးသည် အတော်ခံစားသွားရပြီး မခံရပ်နိုင်လေးနှင့် ...

"အန်တီ ... ဒက်ဒီကို ဘာလို့ ငြင်းရတာလဲ"

"တို့မှာ ငြင်းပိုင်ခွင့် ရှိပါတယ် ဂျီး"

"သိပါတယ် အန်တီ၊ ငြင်းပိုင်ခွင့်ရှိတာ ဂျီး သိပါတယ်၊ ဒါပေမဲ့ ဒက်ဒီ၊ ကိုကို၊ ညီညီ၊ ဂျီး အားလုံး အန်တီ့ကို လိုလားချစ်ခင်တယ်ဆိုတာ အန်တီ သိပါတယ်၊ ငြင်းမယ်လို့လည်း မထင်ခဲ့မိပါဘူး၊ အန်တီ ဒက်ဒီအပေါ် ရက်စက်ရာ မကျဘူးလားဟင်၊ ဘာဖြစ်လို့ ငြင်းရတာလဲ အန်တီ၊ ဂျီး သိပါရစေ"





ဂျီး အသံငွေလေး တုန်ယင်လာသလို တစ်ဖက်မှလည်း အသံတုန်လာကာ ...

"မဖြစ်နိုင်လို့ပါ ဂျီး၊ ဒါပဲကွယ်၊ မဖြစ်နိုင်ဘူးလို့ပဲ ဂျီး လက်ခံလိုက်ပါ"

တစ်ဖက်က ဂွပ်ခနဲ တယ်လီဖုန်း ချသွားသံက ဂျီးကို ပူလောင်သွားစေသည်။ ဂျီးသည် မယုံကြည်နိုင်သလို ငူငူကြီး ရပ်ကာ မျက်နှာကြီးတည်တည်နှင့် နားမလည်နိုင်ဘဲ ရှိတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

သီတင်းကျွတ် ကျောင်းတစ်ပိတ်လုံးတော့ ကိုကို ညီညီကို ဟိုဘက်အိမ် စာလာမသင်ဖို့ပြောပြီး ကျူရှင်ပါ ပိတ်ထားပြီးသား။ ကျောင်းပြန်ဖွင့်တဲ့ရက်ကစပြီး သန့် ကျောင်းကားထွက်မစီး၊ ကျောင်းမတက်တာကို တွေ့ရသည်။ ကိုကို ညီညီကို ကျောင်းကားစီးဖို့ ခြံထိပ်လိုက်ပို့ရင်း ခြံထဲမှာတွေ့ရတဲ့ အန်တီချစ်ကို ဂျိး မေးမိသည်။

"အန်တီ နေမကောင်းလို့လား အန်တီချစ်"

"အေးကွယ်၊ ဂျိုးတို့ကို ဒီနေ့ပဲ လာပြောမယ်လို့၊ သန့်က အလုပ်ထွက်စာတင်ထားတယ် ဂျိုး၊ ကိုကိုတို့ ညီညီတို့ကို





အိမ်မှာစာသင်ဖို့တောင် နောက်ထပ် ဆရာမတစ်ယောက် သူ ရှာပေးထားတယ်၊ အဲဒီကိစ္စတွေ ဒီနေ့ပဲ လာပြောဖို့ပဲ"

ဂျိုးမှာ တအံ့တဩနှင့် ...

"ဟင် ... အလုပ်လည်း ထွက်မယ်၊ ကိုကို ညီညီကိုတောင် စာမသင်တော့ဘူး ဟုတ်လား၊ အန်တီ ဘယ်လိုဖြစ်တာလဲ၊ ဂျိုးဘို့ကို ဘာတွေ ဒီလောက် ခါးခါးသီးသီး ဖြစ်သွားတာလဲဟင်၊ အခု ဂျိုး လာခဲ့မယ်၊ အန်တီနဲ့ တွေ့ပါရစေ အန်တီချစ်"

"သန့် မရှိဘူးကွယ့်၊ မနေ့ကတည်းကပဲ သူ့သူငယ်ချင်း တစ်ယောက်အိမ် သွားနေတယ်၊ လောလောဆယ် သူဟို မှာ ခဏနေမယ်တဲ့"

"အဲဒါကကော ဘာအတွက်လဲ၊ အံ့ဩစရာကြီးပါလား အန်တီချစ်"

"အေး ... သန့် ဘာဖြစ်နေတယ်၊ အန်တီချစ်လည်း သေချာမသိဘူး ဂျိုး၊ တစ်ခုခုဖြစ်နေတာတော့ အမှန်ပဲ၊ သူ့သူငယ်ချင်း ဆိုတာကတော့ ငယ်သူငယ်ချင်းပဲ၊ ဟိုးငယ်ငယ်ကတည်းက စာမေးပွဲရှိရင် သွားအိပ်၊ အလှူပွဲ



www.burmeseclassic.com

www.burmeseclassic.com



လမ်းရှိရင် သွားအိပ်၊ အဲသလို ညီအစ်မလို ချစ်ခင်တဲ့ သူငယ်ချင်းရင်းပဲ၊ အဲဒီ ကြူကြူတို့အိမ် သွားနေလိုက်ဦး မယ်လို့ပဲ ပြောဘာပဲ၊ အန်တီချစ်ဟောင် မေးမကောင်းလို့၊ ဂျိုးတို့နဲ့များ ဘာဖြစ်ကြသေးလဲ မေးချင်တာ"

"ဂျိုးတို့နဲ့ ဘာမှမဖြစ်ပါလား အန်တီချစ်၊ တစ်ခုပဲရှိပါ တယ်၊ အန်တီချစ်လည်း ရိပ်ရင်ရိပ်မိမှာပါ၊ ဂျိုးတို့မောင်နှမ သုံးယောက်က အန်တီသန့်ကို အမေအစား လိုချင်ကြပါ တယ်၊ ဒက်ဒီကလည်း အန်တီ့ကို မေတ္တာရှိတယ်၊ သီတင်း ကျွတ်ကျောင်းပိတ်ရက်အတွင်းတုန်းက ဒီကိစ္စ ဂျိုးကလည်း ပူဆာ၊ ဒက်ဒီလည်း ဖွင့်ပြောတယ် ထင်ပါတယ်၊ အန်တီ က ငြင်းတယ်"

"သူ ဂျိုးတို့ကို သံယောဇဉ် တော်တော်ရှိတာကွယ့်"

"အခုဟာက အလုပ်ကထွက်၊ ကလေးတွေနဲ့ပါ အဆက် ဖြတ်၊ အိမ်ချင်းကပ်ရက်တောင် မနေတော့ဘဲ ဟခြားသွား ရှောင်နေတယ်ဆိုတာ မထူးခြားလွန်းဘူးလားဟင် အန်တီ ချစ်၊ ဒီလောက်ကြီး မတွေ့မမြင်ကြဘဲ နေကြရအောင်အထိ ဘာများ အကြောင်းရှိလို့လဲ၊ အန်တီဂျိုးတို့ကို ရှောင်တာ





ပါ၊ ဂျိုး ဘာမှစဉ်းစားမရတော့ဘူး၊ ဂျိုးတို့ ဘာရှာမှာ မိလို့ အန်တီဒီလောက် ခါးသီးသွားတာလဲဟင်"

ဂျိုးသည် စိတ်ထိခိုက်ကာ အသံကလေးများပင် တုန် လာသည်။

"အန်တီ တစ်ခုခုကို အတော်စိတ်ဆိုးသွားလို့လား၊ ဂျိုး ကတော့ ဒက်ဒီ့ကို အန်တီငြင်းလိုက်တာကို ပူပူနွေးနွေးမို့ ခဏထားထားတာ၊ သွေးအေးလောက်ရင် အန်တီ့ကို ဂျိုး ထပ်ပြီး တောင်းဆိုဦးမလို့၊ ဘာလို့ ငြင်းရတာလဲဆိုတာ သိအောင် ပူဆာမေးဦးမလို့ပါ၊ အခုတော့ အန်တီက စိမ်း ကားလိုက်တာ၊ ဂျိုးတို့ကို စိမ်းကားလိုက်တာ အန်တီချစ်ရယ်၊ ဂျိုးတို့ဘာမှလဲ မလုပ်မိပါဘူး"

အန်တီချစ်လည်း ငိုင်တွေတွေနှင့် စဉ်းစားရခက်နေ တဲ့ပုံပင်။ အန်တီချစ် တကယ်မသိတာ မျက်နှာပေါ်တွင် သိသာ သည်။ အန်တီချစ်ဟာ ရိုးအအကြီး ဖြစ်ပါသည်။

"ဂျိုးက နောက်လဆန်း ဂျိုးတို့လက်မှတ်ထိုးတဲ့နေ့ကျရင် အန်တီ့ကို ဂျိုးဘက်က သက်သေဆိုပြီး ရအောင်ခေါ်မယ် လို့ မျှော်မှန်းထားတယ်၊ အန်တီက ဂျိုးတို့ကို အဆက်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ရက်တယ်၊ ဂျီး စဉ်းစားလို့ မရတော့ဘူး၊ အစ်ကိုဖော်ကြီး ကော”

“ကိုဖော်က အခုတော့ အပြင်သွားနေတယ်၊ ဒီမှာပဲနေတယ် လေ၊ ဂျီး တွေ့ချင်မေးကြည့်ချင်ရင် ညဘက်မှ ရှိမယ်”

ဂျီးသည် အိမ်ထဲသို့ ခပ်ဆောင့်ဆောင့်လေး ပြန်လျှောက်ဝင်လာပြီး အခံရခက်တဲ့ အသံတုန်တုန်လေးနှင့် ဒက်ဒီကို ပြောပြလိုက်ပါသေးသည်။ ဒက်ဒီလည်း နားမလည်နိုင်လောက်အောင် ကြောင်ငေးနေသည်။ ကျောင်းထွက်တဲ့အထိ အိမ်ပြောင်းနေတဲ့အထိ ဖြစ်ရအောင် ဘာပြဿနာများ ဖြစ်မိတာမို့လဲ။

အတန်ကြာမှ ဒက်ဒီက သက်ပြင်းတစ်ချက် ချကာ ...

“ဒါပေမဲ့ ဂျီး၊ သူ ဘယ်လိုသဘောထားပြီး ဘာလုပ်လုပ်ဒါ သူ့အခွင့်အရေးပါ၊ ဒါကို ဒက်ဒီတို့ဘက်က ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲဆိုတာမျိုး သူ့ကို အနှောင့်အယှက်သွားမပေးပါနဲ့တော့၊ နေပါစေ၊ ရှောင်ပါတယ်ဆိုတာ သေချာနေမှ ကိုယ်က လိုက်ရှာတွေ့နေရင် သူ့မှာ ပိုအနှောင့်အယှက် ဖြစ်ပါတယ်၊ Let it be သမီး၊ ထားလိုက်ပါ”





“ကိုဖော်ကြီးကကော ဘာမှ ထူးခြားတာ မပြောဘူးလား ဒက်ဒီ”

“ကိုဖော်နဲ့လည်း ဒက်ဒီ မတွေ့ပါဘူး”

ဂျီးသည် နေလို့မရအောင် မခံမရပ်နိုင် ဖြစ်နေသည်။ မခံမရပ်နိုင် ဖြစ်တယ်ဆိုတာ ဒေါသဖြစ်တာကို ဆိုလိုတာမဟုတ်။ ဘယ်လိုမှ လက်သင့်မခံနိုင်တာကိုသာ ဆိုလိုတာပင်။ လေးကိုလည်း တဖျစ်တောက်တောက် ပြောမဆုံး။ အန်တီချစ်ထံ ကိုဖော်ကြီးထံ လိပ်စာမေး၍ ရှိတဲ့နေရာကို လိုက်တွေ့လို့ရသော်လည်း ဒက်ဒီ တားမြစ်စကားကြောင့် ဘာဆက်လုပ်ရကောင်းမလဲ မတွေးနိုင်ဘဲ ရှိသည်။ ဒက်ဒီဟာလည်း ဂျီးကိုသာ တားမဲ့တားသော်လည်း နားမလည်နိုင်ခြင်းနှင့် အတော်စိတ်မကောင်း ဖြစ်နေပုံရသည်။

ကျောင်းအဆင်း တစ်ရက်မှာတော့ ကျောင်းကားပေါ်မှာ ဆရာမတစ်ယောက် ပါလာကာ အန်တီချစ်နဲ့အတူ ဂျီးတို့အိမ်ဘက် ရောက်လာပါသည်။ ကိုကို ညီညီတို့ လေးတန်းကဆရာမတစ်ယောက်ပါပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း လာရတာ တစ်မျိုးကြီးတော့ ဖြစ်သား၊ ကျောင်းသားရဲ့ အုပ်ထိန်းသူနဲ့မှ မသိတာ၊ မမသန့်က ကိုကိုနဲ့ ညီညီကို ဒီနှစ်ကုန် အထိတော့ သူ့အစား ခဏ ကူညီသင်ပေးပါဆိုလို့ ကူညီတဲ့သဘောသက်သက်နဲ့ ခေါင်း ညိတ်လိုက်တာပါ၊ ဒါပေမဲ့ အခုက ကလေးတွေရဲ့ အုပ်ထိန်းသူတွေရဲ့ ..."

"အို ... ဆရာမရယ်၊ အန်တီက လွှဲပေးတဲ့ ဆရာမနဲ့ ဂျိုးတို့က ဝမ်းသာအားရ သင်မှာပါ၊ ဆရာမကိုလည်း ခုလို အစားဝင် ကူညီပေးတာ ကျေးဇူးတင်ပါတယ်။ ဂျိုးတစ်ခုပဲ သိပါရစေ၊ အန်တီက ကျောင်းမှာဘယ်လိုထွက်စာတင်တာမျိုးလဲဟင်"

"မမသန့်ကတော့ ဆေးစာနဲ့ ပူးတွဲပြီး ထွက်စာတင်တာပဲ၊ ကျန်းမာရေးအရ အလုပ်ထွက်သင့် အနားယူသင့်ကြောင်း သက်ဆိုင်ရာဆရာဝန် ထောက်ခံချက်လက်မှတ်နဲ့ပေါ့၊ ထွက်စာမကျမချင်းတော့ ဆေးခွင့်ပေါ့ ညီမရယ်"

"အန်တီက ကျန်းမာရေး ဘာဖြစ်လို့လဲဟင်"





"ကျောင်းတွေ ပြန်ဖွင့်တဲ့ရက်က ကျောင်းမတက်ခင်မှာ အပြင်ကနေ ကိုယ်တိုင်လာတယ်လေ၊ ဆရာမကြီးဆီ စာလာတင်တယ်၊ သွားနိုင် လာနိုင်နဲ့၊ မျက်မြင်တော့ ဘာမှ ဖြစ်ပုံတော့ မရဘူးပေါ့၊ ဆေးစာနဲ့ ထွက်စာတင်တာမျိုး တွေကလည်း ဒီလိုပဲ ရှိတတ်တာမျိုးပဲလေ၊ ဆေးစာထဲက ရောဂါကတော့ တကယ်လား၊ အကြောင်းပြချက်လား ကျွန်မတို့လည်း မသိဘူးပေါ့လေ၊ ဦးနှောက်နဲ့ အာရုံကြော ဆိုင်ရာ တစ်ခုခုပဲ"

ဂျိုးရဲ့ အကြောအခြင်များ တောင့်တင်း အေးခဲသွားသလို ခံစားလိုက်ရပါသည်။ အန်တီချစ် ကိုယ်တိုင် ဘာမှမသိတာ သေချာတဲ့အတွက် ဂျိုးသည် "ထိုညမှာ ဟိုဘက်အိမ်ကိုကူး၍ ကိုဇော်ကြီး ပြန်အလာကို စောင့်သည်။ လေးပါ အိမ်ရောက်နေ၍ လေးလည်း အဖော်ခေါ်သည်။ အန်တီချစ်မှာ ဂျိုးတို့ အလေးအနက် ပူပန်စိုးရိမ်နေမှ သူပါ ထိတ်လန့်လာပုံရသည်။

"သန့်က အဲသလိုပဲ၊ မမြို့တစ်နဲ့၊ ဟိုတုန်းကတည်းက ဒီတိုင်း၊ ပျော်စရာ စိတ်ချမ်းသာစရာသာ ဘေးလူသိရတာ၊ စိတ်ညစ်စရာများဆို တစ်ယောက်တည်းကျိတ်ပြီး မြိုခံနေတာ၊ ငါ့ကို ဘာမှလဲ မပြောဘူး၊ ငါသိရင် ဟိုဘက်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ပြောမိမှာပဲဆိုပြီး မပြောတာ နေမယ်၊ ဆေးစာက အကြောင်းပြချက် သက်သက်ပဲ ဖြစ်ပါစေကွယ်၊ ဂျိုးတို့ရဲ့ ကိုဇော်တော့ သိရင်သိမှာ၊ သူလည်း မိုးလင်းထွက်သွား၊ မိုးချုပ်မှ ပြန်လာနဲ့၊ ခုမှ စိတ်ပူလာပြီအေ"

ညရှစ်နာရီကျော်မှ ကိုဇော်ဦးဆွေ ပြန်ရောက်လာပါသည်။

ဂျိုးနဲ့လေးကို မြင်လျှင် ဘာကြောင့် ရောက်နေသည်ကိုလည်း တန်းကာ ရိပ်မိသည်။

"အစ်ကိုဇော်ကြီး၊ ဂျိုးကို အမှန်တိုင်း ပြောနော်၊ အန့်တီ ဘာဖြစ်နေလဲ၊ နေမကောင်းဘူးလား၊ ဂျိုးကို ပြောပါ ကိုကြီးဇော်ရယ်"

"ဒီလိုကြီး သူစိမ်းဆန်ဆန် ရေငုံထားလို့ ဖြစ်မလား ကိုဇော်ကြီးရာ၊ ဂျိုးတစ်ယောက်လည်း တစ်ညနေလုံး ငိုမလို ရယ်မလိုနဲ့၊ အန်ကယ်လည်း တအားစိတ်ပူနေပြီ၊ ကိုဇော်ကြီး မပြောလို့လည်း မရဘူးနော်၊ ဘာမှမပြောရင်တော့ ကျွန်တော်လည်း မနက်ဖြန်မနက်ကစ,ပြီး ဘယ်မှမသွားဘဲ ကိုဇော်ကြီး သွားရာနောက်က ရှဲဒိုးတကောက်ကောက် လိုက်နေမယ်"





"အေးပါကွာ၊ ဒီလိုကြီး မပြောမဆို လုပ်စရာအကြောင်း မရှိပါဘူးလို့ ငါလည်း မမကို ပြောသားပဲ၊ သူက သူဒီလို အပြတ်ဖြတ်သွားရင် ဂျိုးတို့လည်း စိတ်ခုမယ်၊ ပြီးရင် အဆက်ပြတ်သွားမယ် ယူဆနေတာကိုး၊ သူ့အကြောင်းသိ ရင် သူ့ကို ပူပန်သောကဖွားနေကြမှာပဲတဲ့၊ ဂျိုးတို့လည်း မင်္ဂလာကိစ္စ တက်သုတ်ရိုက် စီစဉ်နေကြတာ၊ သူကတစ် မှောင့်နဲ့၊ စိတ်ညစ်စရာကို မမျှဝေချင်ဘူးဆိုတဲ့ သဘော ထားပေါ့ကွာ၊ သိယောဇဉ်တွေ တဖြည်းဖြည်း တင်းကျပ် ခိုင်မြဲလာတော့ ပူလောင်စရာရှိရင် ပိုဆိုးတယ်တဲ့၊ သူလည်း သူ့ဟာသူ အဝေးမှာနေပြီး သံယောဇဉ်ဖြတ်တယ်၊ ဒီဘက် ကလည်း အချိန်တန်ရင် ပြတ်ပေါ့၊ သူက အဲသလိုတွေး တယ်၊ ဒါပေမဲ့ အဲသလို လုံးဝဖုံးဖိထားလို့ လုံမလားလို့ ငါက မေးပါသေးတယ်၊ မမက သူမတော်တဆ သေသွား ရင်သာ နာရေးကြော်ငြာတွေ့ပြီး သိပစေတော့တဲ့လေ၊ အဲဒါဆိုရင် တစ်ကြိမ်ပဲ တစ်ထိုင်တည်း ခံစားကြရလိမ့် မယ်တဲ့၊ ကြားထဲမှာ သူ့အတွက် စိတ်သောကတွေနဲ့ ထိ ခိုက်ခံစားမနေစေချင်တာပဲ"

"ဘာဖြစ်လို့ အန့်တီက သေရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဂျီးက မျက်ရည်စက်လက်နှင့် ရှုံ့ရှုံ့ဝါးဝါး အော်ဟစ်သည်။

"သူက သူ့ကိုယ်သူ သေမှာပဲပဲ ထင်နေတယ်"

"အန်တီ ဘာဖြစ်နေတာလဲ ကိုဖော်ကြီး"

"သူ့ဦးနှောက်ကို ရိုက်ကြည့်လိုက်တော့ ခေါင်းထဲမှာ အကြိတ်လေးတွေ အကြိတ်လေးတွေ အတော်များများပဲ ဂျီး၊ တစ်ခုတည်း မဟုတ်ဘူး၊ ရှေ့ခြမ်းမှာလည်းရှိတယ်၊ နောက်ခြမ်းမှာရောပဲ၊ ခွဲစိတ်ရင် ရှေ့ခြမ်းနဖူးပိုင်းနေရာက လွယ်ကူပေမဲ့ နောက်စေ့ဘက်ကို ခွဲရင်တော့ အတော်လေး risk ယူရမဲ့သဘော ရှိတယ်၊ သူ့ဗဟုသုတနဲ့သူ ခွဲစိတ်ရင်း မအောင်မြင်တာ၊ အသက်ဆုံးရှုံးတာမျိုးလည်း ကြားဖူးထားတာရှိတော့ သူ ကြောက်လည်း ကြောက်ရှာတယ်၊ အတော်လည်း စိတ်ထိခိုက်ရှာတယ် ...

အခု ဆေးရုံတင်ထားတယ် ဦးနှောက်နဲ့ အာရုံကြော ဆေးရုံကြီးမှာပဲ၊ တစ်ရက်နေ့မှာ ရှေ့ခြမ်းပထမတစ်ကြိမ် ခွဲစိတ်မယ် ဂျီး၊ ဆေးရုံမှာတော့ နေရဦးမှာပဲ၊ အချိန်ယူပြီးမှ နောက်ဘက်ခြမ်းကို တစ်ကြိမ် ..."





ဂျီးသည် ရှိုက်ကာ ရှိုက်ကာနှင့် မကျေမနပ် ဒေါသတကြီး စိတ်လိုက်မာန်ပါ ငိုကြွေးနေပါသည်။ ကံကြမ္မာကို မကျေနပ်။ ပြေလည်ဖြောင့်ဖြူးရမဲ့ လမ်းခရီးတစ်ကြောင်းကို ညစ်ပတ်ယုတ်မာစွာ ကမောက်ကမပြုရက်တဲ့ ကံကြမ္မာကြီးကို ဘယ်လိုမှ ခွင့်မလွှတ်နိုင်အောင် ဒေါသကြီးနေလေသည်။

❋ ❋ ❋

စာချုပ်မှာ လက်မှတ်ငုံ့ထိုးတော့မည့် ဂျီးလက်ကလေးက လေးရဲ့ မိုဘိုင်းလ်ဖုန်းမြည်သံကြောင့် တုံ့ခနဲရပ်သွားသည်။ ဖုန်းသံကြောင့် လေးအဖေနှင့် အမေကလည်း စိတ်အနှောင့်အယှက်ဖြစ်သွားသလို အိမ်ကိုပင့်ဖိတ်ထားတဲ့ တရားသူကြီးဟာလည်း သဘောမကျပါ။ သူတို့သဘောကတော့ ဒီအချိန်မျိုးမှာ ဖုန်းပိတ်ထားရမည်။

"လေး ... နားထောင်လေ၊ နားထောင်လေ၊ ကိုဖော်ကြီးက ဆက်ခိုင်းထားတယ်လေ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လေးက ဂျီးကို ငဲ့ကြည့်သည်။ ဂျီးက လက်မှတ်ခ ထိုးရသေး။ ဒီအချိန်မှာ သတင်းဆိုး တစ်ခုခုများ (ဖွဟဲ့ ... လွဲပါစေ) ဝင်လာလျှင် ပြဿနာပင်။ မနေ့က ညနေထိ ဆေးရုံမှာ အန်တီ သတိမရသေးတာကို သွားစောင့်ကြည့်နေခဲ့ကြသည်။ မနေ့က မနက်ပိုင်းက အန်တီ့ကို ဦးခေါင်းရှေ့ပိုင်း ခွဲစိတ်သည်။ ပိုက်တွေ ဒရစ်ပ်တွေ တန်းလန်းနှင့် ဆံပင်အားလုံး အပြောင်ရိတ်ကာ ဦးခေါင်းမှာ ပတ်တီးနှင့် အန်ဟိုသဏ္ဌာန်ကြောင့် ဂျီးမှာ မျက်ရည်ကျလို့ နေတော့သည်။ ဒီနေ့ နှစ်ရက်နေ့၊ လက်မှတ်ရေးကို လက်ထပ်ပွဲရှိတာကြောင့်သာ ပြန်ခဲ့ကြရသည်။ ဂျီးမှာ နောက်ဆံတငင်ငင်။

"လေး ... ဖုန်းနားထောင်လေ လေး"

"အင်းပါ ဂျီးရယ်"

လေးက ယောက္ခမကြီးကို တစ်ချက်ကြည့်လျှင် ယောက္ခမကြီးရဲ့ မျက်နှာဟာလည်း စိုးထိတ်သော ဓာတ်ခုနှင့် ထက်သန်နေသည်။

"ဟယ်လို ...၊ ဟုတ်ကဲ့ ကိုဇော်ကြီး၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... လက်မှတ်ထိုးတုန်း၊ မပြီးသေးဘူး၊ ဟုတ်ကဲ့"



လေးက ဖုန်းကို ပိတ်လိုက်သည်။ ဂျီးကိုတစ်လှည့် ယောက္ခမကြီးကိုတစ်လှည့်ကြည့်ကာ ဖုန်လှုပ်သောအသံနှင့် ...

"အန်တီ သတိရပြီ၊ အခြေအနေ အိုကေတဲ့"

"ဟေး ..."

လက်သီးလက်မောင်း ဆန့်တန်းအော်ဟစ်လိုက်တဲ့ သတို့သမီးကို တရားသူကြီးက စိတ်ပျက်သလိုကြည့်သည်။ ဂျီး မုံစံကလည်း ပဝါနှစ်စပင် လွင့်စင်သွားအောင် အားပါးတရကြီး။ ဂျီးက ယောက္ခမကြီးစုံတွဲဘက် "အဟဲဟဲ"နှင့် မျက်နှာချိုသွေးကာ ကြည့်ရင်း ပဝါစ,ကို ပြန်သိမ်းခြုံကာ ...

"ဒက်ဒီ ... ဒီကပြီးရင် ဝင်းသွားမယ်နော်"

"အင်း ... ဂျီး အဝတ်အစားလေး ဘာလေးလဲပြီး"

"အို ... အဝတ်အစားက ဘာအရေးကြီးလို့လဲ ဒက်ဒီက လည်း"

ဒက်ဒီ့မျက်နှာကလည်း သွေးရောင်လျှမ်းကာ ရွှင်ကြည်နေပါသည်။

"အင်းပါ ... အင်းပါ ... ကဲ ... သမီး လက်မှတ်လေး"

"လေးလည်း လိုက်ခဲ့နော်၊ တစ်ခါတည်း တန်းသွားရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ဂျီးရယ်"

"ဖေဖေနဲ့ မေမေ၊ ကန်တော့နော် ... ကန်တော့၊ ဂျီးတအား ဝမ်းသာသွားလို့ပါနော်၊ ဂျီး ... ဂျီး"

ဂျီးသည် မများပြားလှတဲ့ လှူရင်းသွေ့သည်တစ်စုရှေ့တွင် မျက်ရည်လေး တလည်လည်နှင့်။ လှပသော ဓာပဝါကို မျက်ရည်တို့ကာသုတ်ဖို့ အသုံးပြုလိုက်သေးသည်။

"ကဲ ... ကဲ ... သမီး၊ ထိုး ... ထိုး၊ လက်မှတ်အရင်ထိုး"

တရားသူကြီးက အသံခပ်အောင်အောင်ကြီးနှင့် အမိန့်ပေးသလို ပြောလိုက်မှ ဂျီးက ဘောလ်ပဲင်လေးကို ပြန်ကောက်ကိုင်ကာ စာချုပ်လှလှနှစ်စောင်စလုံးမှာ တရှုပ်ရှုပ်နှင့် ဝမ်းသာအားရ လက်မှတ်ရေးထိုးလိုက်ပါသည်။

❀ ❀ ❀

လမင်းမိုမို



BURMESE CLASSIC .com

www.burmeseclassic.com